


www.burmeseclassic.com
BURMESE CLASSIC .com
ဆုမြတ်မွန်မွန်
ပုဂံသူရဲ့ မှူမိုင်လှု
L လင်း
www.burmeseclassic.com

www.burmeseclassic.com







ဆုမြတ်မွန်မွန်


# ပုဂံသူရဲ့ မူပိုင်လူ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## ၁

ရှင်မင်းသည် ဒန်းလေးပေါ်တွင် တွေတွေငေးငေးလေး ထိုင်နေရင်းမှ Kiss Me Quick ပန်းလေးတွေကို အကြောင်းမဲ့စွာ ငေးမောနေမိသည်။ ဒွိဟစိတ်ဖြင့် ရှင်မင်းရင်ထဲမှာ ဝေခွဲမရခြင်းများစွာ ရှိနေသည်။ ဒီအချိန်မှာ သူငယ်ချင်းတစ်ယောက်ယောက်နဲ့ ဖုန်းပြောရင် ကောင်းမလား။ ရှင်မင်းရဲ့အတွေးမဆုံးခင်မှာပဲ လူခေါ်ဘဲလ်သံကို ကြားလိုက်ရသဖြင့် အာရုံပျက်သွားကာ တံခါးသွားဖွင့်လိုက်လျှင် ဝမ်းသာစရာ တွေ့မြင်လိုက်ရသည်။

“ဟယ် ... ချောစု”

“အေး ... အံ့သြသွားလား”

www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်း ဖုန်းမဆက် ဘာမဆက်နဲ့ဟယ်"

ချောစု လက်ထဲမှာ ပါလာသော မာလာဟင်းနှင့် ငါးကင်ရနံ့က ဝေ့ခနဲလွင့်ပျံ့ပြီးလာသည်။ အဲဒီလို အလိုက်သိသော ချောစုပါပေ။

"ဩော် ... နင် ရှိနေတယ်ဆိုတာ ငါ သေချာပေါက် သိနေတယ်လေ။ ဒီမှာ ငါ မာလာဟင်းနဲ့ ငါးကင်ဝယ်လာတယ်။ စားရင်း စကားပြောကြတာပေါ့"

အင်း ... ဒီလိုမှပဲ ရှင်မင်းလည်း စိတ်သက်သာရာရတော့မည်။ မဟုတ်လျှင် တစ်ယောက်တည်း ဒွိဟအတွေးတွေနှင့် ပိတ်မိသည်မှာ ဆိုးလှပါသည်။ ရှင်မင်းနှင့် ချောစုမှာ ထမင်းစားခန်းထဲတွင် နေရာယူမိကြသည်။

ရှင်မင်းက ရေခဲသေတ္တာထဲမှ အအေးနှစ်ဘူးကို ယူလာကာ ချပေးရင်းမှ ...

"ငါ့စိတ်တွေ မွန်းကျပ်ရှုပ်ထွေးနေတယ်ဟယ်"

"သိနေတယ်လေ၊ ဟောဒီ ငါးကင်စပ်စပ်အိအိလေးကိုသာ စားလိုက်၊ ပွင့်ထွက်ပြီး ခေါင်းတွေ ရှင်းသွားမယ်"

ပြောလည်းပြော ကိုယ်တိုင်လည်း တူတစ်ချောင်းနှင့် ငါးကင်ကို ဖဲ့ခွဲစားနေသော ချောစုကိုကြည့်ကာ ရှင်မင်းက ပြုံးမိသည်။ ချောစုက "စားလေ"ဟု ထပ်ပြောမှသာ ရှင်မင်းက မာလာဟင်းကို တစ်ဇွန်းနှိုက်စားဖြစ်သည်။



"ကဲ ... ပြောစမ်းပါဦး၊ ဘာတွေများ မွန်းကျပ်ရှုပ်ထွေးနေတာလဲ"

"အင်း ... ဒီလိုပါပဲ"

"ဘာဒီလိုပါပဲလဲ။ မိုးသုကိစ္စမှ ဟုတ်ရဲ့လား"

ချောစုက နင် ဘယ်လိုလုပ်သိ ဟူသော ပုံစံမျိုးဖြင့် မျက်လုံးလေးဝင့်ကြည့်လိုက်လျှင် ကိုယ့်ငါးကင်ကို ကိုယ့်ဟာကိုယ် ပြန်အားပေးနေသော ချောစုက မျက်ခုံးတစ်ချက်ပင့်ပြကာ ...

"သိနေတယ်လေ ... နင့်မှာ တိုင်ပတ်စရာဆိုလို့ မိုးသုပဲ ရှိတာမှလား၊ ကဲ ... ဘာတွေဖြစ်နေလဲ ပြောပြ"

ပြောပြ ဆိုတော့မှပဲ ရှင်မင်းဟာ မိုးသုရဲ့ပုံစံကို မျက်လုံးထဲမှာ မြင်ယောင်လာသည်။ ကိုရီးယားမင်းသားတွေလို မသိမသာ ကောက်ထားသော ဆံပင်ဖွာရရာနဲ့ မိုးသုဟာ ဂျစ်ကန်ကန်ပုံစံလေးနဲ့ ခပ်မိုက်မိုက်ကောင်လေးတစ်ယောက်ဖြစ်သည်။ ရုပ်ချောသည်ဟု မပြောနိုင်သော်လည်း နဖပ်ချောမောနေပါတယ် ဆိုတဲ့ ကောင်လေးတွေထက်တောင် ပေါပြူလာဖြစ်လွန်းနေတာ သူ့ Style ကြောင့်ပဲ ဖြစ်ပါမည်။

www.burmeseclassic.com

www.burmeseclassic.com



အကွက်စိပ် ရှပ်ကော်လာအင်္ကျီ လက်ပြက်တွေကို ဂျင်း(န်)တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ရင်း စီးကရက်ခဲထားတတ်သော မိုးသုပဟာ ရှင်မင်းကို ချစ်ခွင့်တောင်းထားသူလည်းဖြစ်သည်။ ဒီလို ကြွေချင်စရာ ကောင်လေးကိုလည်း ရှင်မင်းက မကြွေဘဲ မနေပါ။ ဒါပေမဲ့ ...

"ဟဲ့ ... ပြောပါဆို၊ ဘာငိုင်နေပြန်ပြီလဲ"

ရှင်မင်းရဲ့အတွေးက ရပ်တန့်သွားရကာ ချောစုကို ငေးကြည့်ရင်းမှ ...

"နင်လည်း သိသားပဲဟာ။ ငါက ချစ်သူထားပြီဆိုလည်း အဲဒီလူကို ဘဝလက်တွဲဖော် အထိပါ စဉ်းစားရွေးချယ်ချင်တာလေ"

ချောစုက ရယ်ချင်စိတ်ဖြင့် အင်း ... ထောက်လိုက်သည်။ ဒီခေတ်ထဲမှာ အဲလိုအတွေးမျိုး ကိုယ်က ထားဦးတော့ တစ်ဖက်ယောက်ျားလေးက ထားမှာလားဟု တွေးနေမိတာဖြစ်သည်။

"သူက ကျန်တာတော့ ပြောစရာမရှိဘူး။ ဒါပေမဲ့ သူ့ ပရော်ဖက်ရှင်နယ်ကိုတော့ ငါ သဘောမကျဘူး ...

ဒါကြောင့် စိတ်ရှုပ်နေရတာ"





"ဘာလုပ်လို့လဲဟယ်"

"နင် သိတာပဲ။ သူက ကျောင်းတောင် အဝေးသင်ပဲတက်ပြီး ဒါရိုက်တာသင်တန်းပဲ သွားတက်နေတာလေ။ ပြီးရင် ကင်မရာတစ်လုံးနဲ့ လျှောက်ရိုက်နေတာ။ နောက်ကျရင်လည်း ကိုရီးယားမှာ ဒါရိုက်တာသင်တန်းကျောင်း ထပ်ပြီးသွားတက်ဦးမှာဆိုပဲ"

"အေးလေ ... အဲဒါ ဘာဖြစ်လဲ။ အဲဒါ ကောင်းတာပဲ မဟုတ်ဘူးလား ...

အလေလိုက်နေတာမှ မဟုတ်တာ"

"နင်ကလည်းဟာ သူ့ရည်မှန်းချက်ကြီးက မရေရာ မသေချာလေ။ ဒါရိုက်တာပညာကို ဝါသနာပါတာ ငါ လက်ခံတယ်။ သူ ရှစ်တန်းလောက်တည်းက သူ့ဦးလေး ရွှတင်တွေ လျှောက်လိုက်နေတာပဲ ...

ဒါပေမဲ့ ဒီနိုင်ငံမှာ အခုလို ဗီဒီယိုရုပ်ရှင်တွေ ဈေးကွက်ဝင်ပုံစံမျိုးရိုက်ဖို့လည်း စိတ်ဝင်စားတာ မဟုတ်ဘူး။ တစ်နှစ်နေမှ တစ်ကား နှစ်ကားလောက် ရိုက်မယ်။ International ကို တိုးမယ်။ အဲလိုမျိုး ...



www.burmeseclassic.com

www.burmeseclassic.com



သူက Documentary တွေ လျှောက်ရိုက်ချင်တာလေ။ ဗီဒီယိုရုပ်ရှင်က စိတ်ကူးပေါက်မှ ရိုက်မယ်ဆိုတာမျိုး။ ပြောရရင် လက်တွေ့ဘဝနဲ့ ကွာဟနေတယ်လေ"

"ငါ ပေါက်ပြီ။ ဒါနဲ့ပဲ နင့်က သူ့ကို အဖြေပေးဖို့အရေး တွန့်ဆုတ်နေတယ် ဆိုပါတော့"

"အင်းပေါ့။ ပြီးတော့မှ ညှိမရ ပြုရမဆိုရင် သူနဲ့ ငါနဲ့ ပြတ်သွားရင်လည်း ငါပဲ နစ်နာရမှာ မဟုတ်လား"

"ဟား ... ဟား ... ဟား"

ရုတ်တရက်ကြီး ထရယ်သော ချောစုရယ်သံကြောင့် ရှင်မင်းပင်လျှင် ကြောင်သွားရသည်။

"ဟဲ့ ... ဘာရယ်တာလဲ"

"ရယ်တာပေါ့၊ ဒီခေတ်ထဲမှာ ရည်းစားထားတာမပြောနဲ့ အဲဒီထက်ဆိုးတဲ့ ဟိုဒင်း ဟိုဟာကိစ္စတွေမှာတောင် အလွယ်တကူ ဖြစ်ပျက်နေကြတာ' ...

ရည်းစားလေး ထားတာကို အဲလောက် ဦးနှောက်ခြောက်မနေစမ်းပါနဲ့ဟာ"

"ဟင် ... နင်ကလည်း။ ငါ့ဘက်က ကူပေး စဉ်းစားပေးမယ်တော့ မရှိဘူး။ မြှောက်ပေးနေတယ်"





"မြှောက်ပေးတာ မဟုတ်ဘူး။ တစ်ခါ တစ်ခါကျရင် ခေတ်ရေစီးကြောင်းတွေထဲမှာ အလိုက်သင့် စီးမျောတာ အကောင်းဆုံးပဲလေ ...

မဟုတ်ရင် ကိုယ်ပဲ ပင်ပန်းတာပေါ့။ အခုလည်း နင် သူ့ကိုချစ်တယ်ဆိုရင် သူကလည်း ချစ်နေတယ်။ တခြားပြဿနာလည်း ကြီးကြီးမားမား မရှိဘူးဆိုရင် လက်ခံလို့ရတာပဲ"

"ဟူး"

သူငယ်ချင်း အရင်းကြီးဖြစ်သော ချောစုကတောင် ဤသို့ ဤနှယ် ပြောဆိုနေလျှင် ရှင်မင်းက လေပူတစ်ချက်ကို မှုတ်ထုတ်မိသည်။ ငါးကင်တစ်ဖဲ့ကို တူနှင့်ညှပ်စားရင်းမှ ...

"အခုလည်း ကျေးဇူးရှင်က ပုဂံ သွားဦးမတဲ့"

"ပုဂံ ! ... ဘာသွားလုပ်မှာလဲ"

"Documentary သွားရိုက်မှာ ဆိုပဲ။ ဓာတ်ပုံတွေလည်း ရိုက်မယ်ပေါ့"

"အင်း ... အဲဒါ ဘာဖြစ်လဲ။ မကောင်းဘူးလား"

"မသိပါဘူးဟာ။ သူ့ပုံစံက အနုပညာသမား သိပ်စစ်လွန်းနေတော့ ငါနဲ့ အဆင်ပြေနိုင်ပါ့မလားလို့ပါ ...



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း ခရီးသွားမှာကို ဘယ်လောက်ကြာမယ် ဘယ်တော့ပြန်လာမယ် ဘာမှမပြောနိုင်ဘူး။ သူ နေချင်သလိုနေပြီး မျောလွင့်နေတဲ့တိမ် လုပ်မယ့်ပုံစံပဲ”

“အင်း ... အဲဒါတော့ ငါလည်း မပြောတတ်ဘူး အစ်မရယ်။ နင့်စိတ်နဲ့ နင့်ခန္ဓာ နင့်သဘောအတိုင်းပဲပေါ့”

ချောစုက စိတ်ကုန်သွားဟန်ဖြင့် ဘာမှဆက်မပြောတော့ဘဲ တခြားစကားတွေကို အာရုံလွှဲသွားသည်။ ရှင်မင်းသည် စားပွဲပေါ်လက်ထောက်ရင်း ဒီတိုင်းလေး နေတာပဲ ကောင်းပါမည်ဟု တွေးနေမိခဲ့ပါသည်။

✱ ❤ ✱





## ၂

“မင်းထွန်း ဖြစ်ဖြစ် ခေါ်သွားပါလား သားရယ်။ ဒါမှ လက်တိုလက်တောင်းလေးဖြစ်ဖြစ် ခိုင်းလို့ရတာပေါ့”

အဝတ်အစားတွေ ထည့်နေသော သူ့နံဘေးသို့ သူ့အမေကလာပြောလျှင် သူက အင်္ကျီတစ်ထည်ကို ခေါက်နေရင်းမှ ချစ်စရာမေမေကိုမော့ပြီး ပြုံးပြမိသည်။ အသက်နှင့်ရင်းပြီး ကျေးဇူးဆပ်တာတောင် ကျေဖွယ်မရှိသော ကျေးဇူးမေတ္တာများကို သူ့မိဘတွေက ပေးခဲ့သည်။

သူ့မိဘတွေရဲ့မိတ်ဆွေတွေ၊ ထိုသူတွေရဲ့သားသမီးတွေ ဆရာဝန်၊ အင်ဂျင်နီယာ၊ စီးပွားရေးလုပ်ငန်းတွေကြားမှာ မိဘဆန္ဒအရ ပျော်မွေ့နေချိန်တွင် သူက ကိုယ်ဝါသနာပါရာကို



www.burmeseclassic.com

www.burmeseclassic.com



သာ ရွေးချယ်ခဲ့သည်။ ဒါကိုလည်း မိဘတွေက မငြိုငြင်သည့်အပြင် သူ့ဝါသနာကို အပြည့်အဝ ထောက်ပံ့ပေးခဲ့သည်။ ဒါကြောင့် သူ့အလုပ်တွေကို စိတ်လွတ်ကိုယ်လွတ် စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် လုပ်နိုင်ခဲ့သည်။

"မခေါ်တော့ပါဘူး မေမေရာ။ သားက နေချင်သလောက်နေမှာဆိုတော့ သူတို့က ဘာအလုပ်မှ ရှိတာလဲ မဟုတ်ဘဲနဲ့ ကြာတော့ ပျင်းလာမှာပေါ့ ...

ပြီးတော့ ကိုယ့်ဟာကိုယ် လွတ်လွတ်လပ်လပ်ပဲ သွားချင်တယ်"

"ဒါပေမဲ့ သားရယ်၊ လမ်းခရီးမှာကျတော့ တစ်ယောက်တည်း ဖြစ်နေမှာပေါ့"

"စိတ်မပူပါနဲ့ မေမေရာ။ ခါတိုင်းလည်း သား ရခိုင်တို့၊ ရှမ်းပြည်နယ်ဘက်တို့ကို တစ်ယောက်တည်း သွားနေတာပဲ ...

သားအတွက် အဖော်မလိုပါဘူး။ မေမေတို့ သားအပေါ်မှာထားတဲ့ မေတ္တာဓာတ်တွေက ဘယ်နေရာကိုပဲ ရောက်ရောက် သားကို လုံခြုံနေစေပါတယ်"





"အမယ်လေး ... စကားတတ်လိုက်တဲ့ သားလေးတော်။ ဟုတ်ပါပြီ ... ဒါဆိုလည်း ကားကိုတော့ ကြွခိုင်ရေးသေချာစစ်သွား ...

ကဲ ... ပြီးရင်လည်း ထွက်ခဲ့။ မပြီးသေးလည်းပဲ ခဏရပ်ထားပြီးထွက်ခဲ့။ သား ဖေဖေက နို့သောက်ရင်း စကားပြောမလို့ စောင့်နေတယ်"

"ဟုတ်ကဲ့ မေမေ"

သူ့အမေက အရင်ထွက်သွားနှင့်လျှင် သူက အဝတ်အစားထည့်တာကို လက်စသတ်လိုက်သည်။ ပုဂံကို သူ ရောက်သွားမယ့်အချိန်က မိုးတွင်းလောက်ဆိုတော့ သိပ်ထူတာမျိုးတွေ သိပ်ပါးတာမျိုးတွေ မလိုအပ်ဘဲ ချည်သားအင်္ကျီ၊ တီရှပ်၊ သရီးကွာတားဘောင်းဘီ၊ ဂျင်းပန်အရှည် နှစ်ထည်လောက်၊ နောက်သူ ဘယ်သွားသွား စောင်သွားလေ့ရှိသော လည်ကတုံးရှပ်အဖြူနှင့် ရခိုင်ပုဆိုးအနက်ရောင် စတာတွေကိုထည့်သည်။

တခြား တစ်ကိုယ်ရေ တစ်ကာယ အသုံးအဆောင်တွေကတော့ နောက်မှပဲ ထည့်တော့မည်။ အပေါ်ထပ်ဘုရားခန်းဘေးကအခန်းဟာ သူတို့မိသားစုရဲ့ Family Room ဖြစ်တာကြောင့် မိသားစုတွေ တီဗီကြည့်၊ နွားနို့သောက် စကားစမြည်ပြော



www.burmeseclassic.com

www.burmeseclassic.com



ရာ အခန်းဖြစ်သည်။ ညမအိပ်ခင် နွားနို့အတူသောက်ကြတာ လည်း သူ့ ငယ်ငယ်လေးတည်းက လိုက်နာခဲ့ရသော မိသားစု စည်းကမ်း ဖြစ်ပါသည်။

"ဟိုင်း ... မေမေ"

ဆိုဖာပေါ်မှာ မှီလျှော့ဖြေထိုင်နေသော မေမေက သူ ဝင်လာပြီး နှုတ်ဆက်သောအခါ လက်တစ်ဖက် ထောင်ပြသည်။

"ထည့်လို့ပြီးပြီလားကွ ငါ့သား"

"ပြီးသလောက်တော့ ရှိပြီ မေမေ။ တိုလီမုတ်စလေးတွေ နည်းနည်းပါးပါးပဲ ကျန်တော့တာပါ"

"အင်း ... ခရီးသွားတာ အဓိက မှာချင်တာကတော့ ကျန်းမာရေးဂရုစိုက်ဖို့ပါပဲ။ သား နေရာဒေသအသစ်ဆိုတော့ စားတာ သောက်တာ ဂရုစိုက်ကွ ...

Side effect သိပ်မဖြစ်တဲ့ဟာမျိုးတွေပဲ အရင်စား"

"ဟုတ်ကဲ့ မေမေ၊ စိတ်ချပါ"

"အေး ... အဲဒါတွေထက် အရေးကြီးတာ ပြောရရင်တော့ သား ဟိုမှာနေဖို့ ထိုင်ဖို့ မေမေ စီစဉ်ထားပြီးပြီ ဆိုတာပဲ"

"ဟင် ... ဟုတ်လား။ ဘယ်ဟိုတယ်လဲ မေမေ"





သူ့စကားကို မေမေနဲ့မေမေက သဘောတကျ ရယ်မောကြသည်။ သူကတော့ နားမလည်သဖြင့် မျက်မှောင်ကြုတ်ပြီး ပြုံးမိကာ နို့ကို တစ်ငုံမော့မိသည်။

"ဟိုတယ်ထက် အဆင့်မြင့်တဲ့ နေရာပေါ့ သားရဲ့"

သူ့အမေက ဝင်ပြောသည်။ သူက မေမေ့ကိုမော့ကြည့်မိကာ ...

"ဘယ်နေရာမျိုးမို့လဲ မေမေ။ သားက ရော River View ဟိုတယ်မှာ တည်းဖို့စိတ်ကူးထားတာ။ Booking တော့ မလုပ်ရသေးပါဘူး ...

ဒီအချိန်က တိုးလည်း သိပ်မကျသေးတာနဲ့။ ရောက်တော့မှပဲ ကြည့်ပြီးငှားတော့မလို့လေ"

"အင်း ... ဟိုတယ်မှာ မတည်းပါနဲ့ သားရယ်။ အခု သား တည်းရမယ့် နေရာကလည်း ဧရာဝတီမြစ်ကမ်းနဲ့ နီးပါတယ်။ ပြီးတော့ ယွန်းထည်တွေလုပ်တဲ့ နေရာမှာ သား နေရမှာ ...

နောက် ... သူတို့က လက်မှုပစ္စည်းလေးတွေ ယွန်းထည်တွေ ပုဂံအမှတ်တရပစ္စည်းတွေ ရောင်းတဲ့ဆိုင်ကြီး လည်း ဖွင့်ထားတယ်၊ ဒီတော့ သားရဲ့ ပုဂံခရီး၊ သား



www.burmeseclassic.com

www.burmeseclassic.com



ရိုက်မယ့် Documentary အတွက် သူတို့က ကောင်းကောင်းကြီး အကူအညီပေးနိုင်မှာပါ"

သူ့အဖေက စကားဆုံးလျှင် လိပ်စာကတ်လေးတစ်ခုအား သူ့ကို ကမ်းပေးလေသည်။ ရွှေအိုရောင် လိပ်စာကတ်လေးပေါ်တွင် ရေးထားတာက MYANMAR'S POEM တဲ့။ ယွန်းထည်၊ ကြိမ်ထည်၊ ဗေဒါရိုး စသဖြင့် လက်မှုပစ္စည်းများ ရောင်းချသော ဆိုင်ကြီးဖြစ်သည်။ နောက်ဘက်မှာတော့ ဆိုင်ရှင်တွေရဲ့နာမည်ကို ရေးထားပါသည်။

"ဦးအောင်တိုး ... ဒေါ်မြမြရွှေ"

သူ့နှုတ်ခမ်းက အသံထွက်ပြီး ရေရွတ်မိလျှင် သူ့အဖေက ခေါင်းတစ်ချက်ဆတ်ကာ ...

"ဟုတ်တယ် သား။ သူတို့က ဖေဖေ့မိတ်ဆွေတွေပေါ့။ ဖေဖေ မကွေးဘက်မှာ တာဝန်ကျတုန်းကလည်း သူတို့နဲ့ တော်တော်လေးကို ရင်းနှီးခဲ့တာပေါ့။ နှစ်ယောက်လုံး စိတ်သဘောထား ပြည့်ဝပြီး အရမ်းဖော်ရွေကူညီတတ်ကြတယ် ...

သား လာမယ်ဆိုတော့လည်း ဝမ်းသာအားရ ဖြစ်နေကြတာလေ။ ဖေဖေတို့ကိုလည်း လာလည်ဖို့ ခဏ





ခဏ ဖိတ်ပေမယ့် နောက်ပိုင်းတော့ ဖေဖေလည်း အလုပ်ရှုပ်လွန်းတာနဲ့ မသွားဖြစ်တော့တာပေါ့ ...

အဲဒါ သား လာမယ်ဆိုရင် သူတို့အိမ်မှာပဲ ဆက်ဆက်တည်းဖို့ တတွင်တွင် တောင်းဆိုတယ်၊ ဒီတော့ ..."

"ဖေဖေရယ် ... သူတို့စေတနာကိုတော့ သား အသိမှတ်ပြုပါတယ်။ ဒါပေမဲ့ တစ်ရက် နှစ်ရက် ကိစ္စမဟုတ်တော့ အခက်ခဲတွေ ဖြစ်မယ်ထင်တယ် ...

သားက ပြီးတော့ လွတ်လွတ်လပ်လပ် နေချင်တာလေ"

"အင်း ... ဒါတွေလည်း ဖေဖေက ပြောပြပါတယ်။ သူတို့က သူတို့နဲ့တစ်အိမ်တည်း မထားပါဘူးတဲ့လေ ...

သူတို့ ဝိုင်းကြီးက အကျယ်ကြီးဆိုတော့ ဧည့်သည်ဘာညာလာရင်တည်းဖို့ ခိုဖို့ အိမ်လေးတစ်လုံး သပ်သပ်ဆောက်ထားတာ ရှိတယ်တဲ့။ အဲဒီမှာ သားကို စိတ်ကြိုက်လွတ်လွတ်လပ်လပ် နေလို့ရအောင် စီစဉ်ပေးမယ်တဲ့လေ"

သူက ဘာပြောရမှန်းမသိဘဲ ပြုံးနေလျှင် သူ့အမေကလည်း သူ့ကိုပြုံးပြီး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားရယ် ... တကယ်တော့ ဟိုးအရင်ထဲက သားဖေဖေက သူတို့ကို ဆောင်မကူညီဖူးတော့ သူတို့က အရမ်းကျေးဇူးဆပ်ချင်တာလေ။ အညာသူ အညာသားတွေပီပီ သူတစ်ထူးရဲ့ကျေးဇူးကို တအားသိတတ်ပြီး အမြဲတမ်း ကျေးဇူးဆပ်ချင်နေတဲ့သူတွေဆိုတော့ အကူအညီပေးဖို့တောင် တောင်းတောင်းပန်ပန် ကမ်းလှမ်းနေတဲ့ သဘောပေါ့ ...

သားဘက်ကိုလည်း နားလည်ပါတယ်။ သားလည်း ဟိုတယ်မှာပဲနေရတာ ပိုတော့ ကြိုက်မှာပေါ့"

အဲဒီလိုပြောလိုက်တော့လည်း သူက မိဘတွေရော၊ တစ်ဖက်က မမြင်ဖူးသေးသည့် ပုဂံအိမ်ရှင်တွေရောကို အားနာသွားသည်။ အထူးသဖြင့် သူ့မိဘတွေကို အားနာတာက ပိုပါသည်။ သူ့ကို ဘယ်တော့မှ အမိန့်မပေးတတ်ဘဲ သူ့ဆန္ဒကိုသာ အလေးထားတတ်သော မိဘတွေကို သူ အမြဲတမ်း လေးစားတာက ပိုပါသည်။

"ဟိုတယ်မှာတော့ ဘယ်သူ့မျက်နှာမှ မကြည့်ရဘူးပေါ့လေ။ ဒါပေမဲ့ ကိုယ့်ကို နွေးနွေးထွေးထွေး ကြိုဆိုချင်တဲ့ မြို့ခံတွေရှိတယ်ဆိုတာကလည်း တစ်မျိုးဝမ်းသာစရာ ကောင်းပါတယ် ...





ဟုတ်ကဲ့ ဖေဖေ။ သား သူတို့ဆီမှာပဲ တည်းပါ့မယ်။ သားအတွက်နဲ့ သူတို့မှာ အရမ်းဝန်ထုပ်ဝန်ပိုး ဖြစ်ရတယ်ဆိုရင်တော့လည်း သား အဲ့ခါကျမှပဲ ဟိုတယ်ပြောင်းလိုက်ပါ့မယ်"

"ကောင်းတာပေါ့ သားရယ်။ သူတို့သိရင် သိပ်ဝမ်းသာကြမှာ။ ဒါဆို မေမေ ဖုန်းဆက်လိုက်တော့မယ်နော် သား"

"ဆက်ရင်လည်း ဆက်ပေါ့ မေမေ။ ရပါတယ် ဒါပေမဲ့ သားအတွက် ထမင်းပွဲတွေ ဘာတွေ ကြိုစီစဉ်မှာမို့လို့ ဘယ်အချိန်ရောက်မလဲ ဆိုတာတော့ မပြောပါနဲ့ ...

သားလည်း လမ်းမှာ အေးအေးဆေးဆေး မောင်းသွားမှာမို့လို့"

"အေး ... အေး ... သားလေး။ ဖုန်းတော့ အမြဲဖွင့်ထားနော်"

"စိတ်ချပါ မေမေရဲ့၊ သား ဖုန်းလည်းဆက်ပါ့မယ်။ မတ်ချိလည်းပို့မယ် ... ဟဲ ဟဲ"

သူ့မိဘတွေနှင့် နို့အတူသောက်ကာ ထွေရာလေးပါးစကားတွေပြောရင်း နည်းနည်းညဉ့်နက်တော့မှပဲ လက်ကျန်ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



တွေထည့်ဖို့ ထွက်လာခဲ့သည်။ ဒါပေမဲ့လည်း ပစ္စည်းမထည့်သေးဘဲ သူ သတိရတာတစ်ခုကို အရင်လုပ်ပါသည်။ သူ့ရဲ့ဖုန်းကို ကောက်ယူကာ သူ့အခန်းဘေးက ဝရန်တာကို ထွက်လာခဲ့သည်။

ညလေပြည်အောက်တွင် နီယွန်မီးရောင်များမှတစ်ဆင့် မြင်နေရသော အိမ်များမှာ တိတ်ဆိတ်ငြိမ်သက်နေကြသည်။ သစ်ပင်သစ်ရွက်များပေါ်သို့ အလင်းရောင်က ဖြာကျနေသောကြောင့် သစ်ရွက်တွေက လက်လက်ဖြာနေကြသည်။ သူက ညအလှကို ရှုစားရင်းမှ ရှင်မင်းထံကို ဖုန်းခေါ်လိုက်သည်။ တောလာအွပ်ရဲ့သီချင်းတစ်ပိုင်းတစ်စလေးကို နားထောင်ပြီးနောက် ရှင်မင်းက ဖုန်းဖွင့်ကိုင်သည်။

"အင်း ... မိုးသု၊ ပြော"

ရှင်မင်း အသံက အမြဲတမ်း ချိုမယောင်နှင့် ဆတ်ဆတ်ကလေး ဖြစ်နေတတ်တာလည်း သူမရဲ့ထူးခြားမှုတစ်ခုပဲ ဖြစ်ပါလိမ့်မည်။

"ဘာလုပ်နေလဲ ရှင်မင်း"

"စာဖတ်နေတာ"

ရှင်မင်းက စီးပွားရေးတက္ကသိုလ်က ဘွဲ့ရထားပြီး ဖြစ်သော်လည်း UK က MBA ကို Distance တက်နေသူဖြစ်





သည်။ ဒီအတွက် စာတွေလည်း အမြဲဖတ်နေရသူ ဖြစ်ပါသည်။ ပညာကိုတော့ အင်မတန်အလေးထားကာ အစဉ်အမြဲ ကြိုးစားနေသူလေး ဖြစ်သည်။

"အင်း ... စာပဲ ဖတ်နေတော့မှာလား။ ရည်းစားစာလေး ဘာလေးရော မဖတ်တော့ဘူးလား"

"ဟား ... ဘယ်ကရည်းစားစာကို ဖတ်ရမှာလဲ"

"ကိုယ်ပေးတဲ့ ရည်းစားစာပေါ့၊ ရှင်မင်း ဖတ်ချင်ရင် ကိုယ်ပေးမှာပေါ့။ on paper နဲ့ပေးမှာနော်။ အရမ်းတန်ဖိုးရှိတယ်"

"အောင်မယ်လေးဟဲ့ ... ဖြစ်ရသေးတယ်။ ဘာဖြစ်လို့ တန်ဖိုးရှိရမှာလဲ၊ ဖောင်တိန်အကောင်းစားနဲ့ ရေးထားတာမို့လို့လား"

"မဟုတ်ဘူးလေ၊ ဒီခေတ်ထဲမှာ စာရွက်ပေါ် ဘောပင်နဲ့ စာရေးပေးတာ အရမ်းရှားသွားပြီ။ အားလုံးက g-mail ကနေ စာပို့မလား၊ Facebook ကနေ Message ပို့မလား ...

မြန်မာလို စပါယ်ရှယ်ရေးပြီး ပို့လို့ရတယ်။ ဒါပေမဲ့ စာရွက်လေးပေါ်မှာရေးပြီး စာအိတ်ထဲ ထည့်ပေးတဲ့ အစဉ်အလာကတော့ အရမ်းရှားသွားပြီ။ ဒါကြောင့်"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီ။ အဲလောက် ရှင်းပြမနေပါနဲ့"

"အင်း ... ရှင်မင်းကို ကိုယ် မေးလ်နဲ့သီချင်းလေးတစ်ပုဒ် ပို့ပေးထားတယ်"

"ဘာသီချင်းလဲ"

"မင်းအတွက်(၃)အခွေထဲက သီချင်းလေးပါ။ သည်းခံပြီးတော့ စောင့်နိုင်မယ်ဆိုရင် ဆိုတဲ့ သီချင်းလေ"

"အင်း ... သိတယ်။ အံမယ် ... ဘာလဲ။ အဲ့သီချင်းထဲမှာ ပါတယ်လေ။ ငါ ချစ်တော့ ချစ်နေတယ်။ ပိုင်ဆိုင်ခွင့်တော့ မပေးချင်ဘူးဆိုတာ ပါတယ် မဟုတ်လား။ ဘာလဲ ... ရှင်က ကျုပ်က ချစ်တော့ ချစ်နေပြီ။ တမင်ကြိုးရှည်ရှည်နဲ့ လှန်ထားတယ်လို့ ထင်နေတာလား"

ရှင်မင်းရဲ့ရန်တွေ့သံကြောင့် သူက တိုးဖွဖွရယ်မိသည်။ စိတ်ထဲကတော့ အဲဒီလိုများ ဖြစ်နေလား မသိဘူးနော်ဟုလည်း တွေးနေမိလေသည်။ ရှင်မင်းဟာ သူ့အပေါ်ကို ကြင်နာသလို ရှိသော်လည်း ဘာ့ကြောင့်များ အဖြေပေးဖို့ကိစ္စကို အချိန်ဆွဲသလို ဖြစ်နေလဲဆိုတာ သူ မစဉ်းစားတတ်တော့ပါချေ။

"မထင်ပါဘူး။ မချစ်သေးဘူးပဲ ထင်ပါတယ်"

"အံမယ်"





"ဟုတ်တယ်လေ။ ကိုယ် ကြားဖူးတာ တစ်ခုရှိတယ်။ အချစ်နဲ့ ချောင်းဆိုးတာဟာ အောင့်ထားလို့ မရဘူးတဲ့ ...

ရှင်မင်းသာ ကိုယ့်ကို တကယ်ချစ်ရိုးမှန်ရင် ဒီလောက်ထိ နေ့,နေစရာ အကြောင်းမရှိဘူးလို့ မြင်တယ်။ အရမ်းချစ်နေရင် ချက်ချင်းကို အဖြေပေးမိမှာပဲ မဟုတ်လား"

သူ့စကားကို ရှင်မင်းမှာ ချက်ချင်းမဖြေနိုင်ဘဲ အီးအဲ ဖြစ်နေရသည်။ သူကလည်း မဖြေချင်တဲ့သူကို ဆက်မေးမနေတော့ဘဲ လိုရင်းကိုသာ ပြောလိုက်ပါသည်။

"ရှင်မင်းကိုတော့ ကိုယ်ပြောဖူးပါတယ်။ အခုကတော့ နှုတ်ဆက်တာပေါ့။ ကိုယ် မနက်ဖြန် ပုဂံသွားတော့မယ် ရှင်မင်း"

"သြော် ... ဟုတ်လား"

ထွက်လာသော ရှင်မင်းရဲ့အသံက သိပ်ပြီးဟက်ဟက်ပက်ပက် မရှိလှပါ။ တကယ်ဆို ဒီလိုအချိန်မှာ ပုဂံလိုဒေသကို ခရီးထွက်မည့်သူအတွက် အားကျပျော်ရွှင်သော စကားများ ရောက်လာသင့်သည် မဟုတ်ပါလား။

"အင်း ... နည်းနည်းတော့ ကြာမယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ရှင်မင်း အသံက စကားလုံးကိုတောင် ရွေးတာနဲ့ သည့်ပုံ။ ခဏနေတော့မှ အသံထွက်လာသည်။

"မိုးသု"

"အင်း ... ပြောလေ ရှင်မင်း"

"မိုးသု ဘဝမှာ ဒီအလုပ်ကိုပဲ ဖောက်ချလုပ်ဖို့ စိတ်ကူး ထားတာလားဟင်"

"ဘာလဲ ... ရှင်မင်း။ အဲဒါက ရှင်မင်း အဖြေပေးမယ့် ကိစ္စနဲ့ ဆက်စပ်နေလို့လား"

သူ့မေးခွန်းကို ရှင်မင်းက ချက်ချင်းပြန်မဖြေနိုင်ပါ။ မဖြေတော့လည်း သူကပဲ ဖြေစရာရှိတာကို ဦးစားပေး ဖြေဖြစ် သည်။

"ကိုယ်က ဒီအလုပ်ကိုပဲ ဝါသနာပါတယ်လေ ရှင်မင်း၊ ဒါတွေ လုပ်နေရရင် စိတ်ချမ်းသာတယ်၊ ပျော်ရွှင်တယ် ...

ဘဝမှာ ကိုယ် ဝါသနာပါပြီး စိတ်ချမ်းသာ ပျော်ရွှင် ရတဲ့အလုပ်ကို လုပ်ခွင့်ရတယ် ဆိုတာ ဘယ်လောက် ကံကောင်းသလဲ"





သေချာတာကတော့ ဝါသနာပါသော အလုပ်ကို ဦးစားပေး လုပ်နေတယ်ဆိုသော်ငြားလည်း လက်ရှိမှာ သူ့မိဘ တွေက နောင်ရေးအတွက် စီမံပေးထားသော အရှိန်ရလည်ပတ် နေသည့် လုပ်ငန်းများကိုလည်း အချိန်ရရင် ရသလို လေ့လာလုပ် ကိုင်နေသည် ဆိုတာကိုတော့ ထည့်မပြောဖြစ်တော့ပါ။

"အင်း ... ဟုတ်ပါတယ်၊ ထားပါတော့လေ (ရှင်မင်းက စိတ်ကိုပြောင်းလိုက်ကာ အသံကလည်း အနည်းငယ်သွက် လာသလိုဖြင့် ...)

"ဒါနဲ့ ပုဂံကို တစ်ယောက်တည်း သွားမှာလား"

"ဟုတ်တယ်။ တစ်ယောက်တည်းပဲ"

"ကိုယ့်ဟာကိုယ် ကားမောင်းသွားမှာလား"

"အင်း ... ဟုတ်တယ်၊ ရှင်မင်းလည်း စိတ်ဝင်စားရင် လိုက်လည်လေ။ အခုမဟုတ်တောင် ပြီးတော့ သူငယ်ချင်း တွေနဲ့ လိုက်လည်လို့ ရတာပဲ ...

ဒီအချိန်ဆို ပုဂံက အရမ်းသာယာပြီး အရမ်းလှတာ။ ပုပ္ပားဆိုတာကတော့ ပြောမနေနဲ့တော့။ နွေရာသီတောင် ကန္တာရထဲက အိုအေစစ်လို့ တင်စားကြတာလေ။ ခုချိန် ကျတော့ မြင်မြင်သမျှ စိမ်းစိုမှိုင်းညို့နေတော့တာ"



www.burmeseclassic.com

www.burmeseclassic.com



သူက ပုဂံ ပုပ္ပားအကြောင်း တခုတ်တရ ပြောပေမယ့် တစ်ဖက်က စိတ်ပါပုံလည်းမရ၊ စိတ်ဝင်စားပုံလည်း မရချေ။ အင်း ... အဲ လိုက်ပြီး ခဏနေတော့မှ ...

"ဒါဆို မိုးသုက ခရီးတွေ ထွက်ရတာ အရမ်းဝါသနာပါတာပေါ့"

"ဟုတ်တယ်၊ ကိုယ်က ခရီးသွားရင် အဲဒီက ဒေသခံတွေရဲ့ လူနေမှုဓလေ့စရိုက်လေးတွေ လေ့လာရတာ အရမ်းဝါသနာပါတယ်။ နယ်ဘက်ကလူတွေက အရမ်းရိုးသားပွင့်လင်းကြတယ်လေ"

"အင်း"

တစ်ယောက်က ရွှန်းရွှန်းဝေနေသလောက် တစ်ယောက်က အင်း အဲ ဆိုသောအခါ စကားပြောရတာ ပျင်းခြောက်ခြောက် နိုင်လာသည်။ သူ့စကားတွေကို ရှင်မင်းက စိတ်ဝင်စားပုံလည်း မပေါ်သဖြင့် သူက ဆက်လက်မနှောင့်ယှက်တော့ဖို့ ဆုံးဖြတ်လိုက်သည်။

"ရှင်မင်း စာဖတ်နေတာဆိုလည်း ဆက်ဖတ်လေ။ ကိုယ့်ကြောင့် အနှောင့်အယှက်ဖြစ်နေဦးမယ် ...





ကိုယ်က အထွေထူး မရှိပါဘူး။ ခရီးသွားမှာမို့ နှုတ်ဆက်တဲ့သဘောပါပဲ။ ဘာမှာဦးမလဲ ရှင်မင်း"

"အင်း ... အထွေအထူးတော့လည်း မှာစရာ မရှိပါဘူး"

တစ်မြို့ တစ်ရွာ သွားမယ့်လူကို ကျန်းမာရေးဂရုစိုက်ဖို့တောင် မမှာတော့ဘူးလားလို့ မေးချင်စိတ်လည်း မရှိတော့ပါ။

သူမ သဘောအတိုင်းသာပါပဲ။

"အိုခေလေ ... ဒါဆို ကိုယ် ဖုန်းချလိုက်တော့မယ်။ ဂွတ်နိုက် ရှင်မင်း"

"အင်း ... ဂွတ်နိုက်"

ရှင်မင်းက အသာအယာ ဖုန်းချလို့သွားလျှင် သူသည် ဘာမှမတတ်နိုင်လျှင် လုပ်သည့်ထုံးစံလို ပခုံးတွန့်မိသည်။ အဲဒီနောက် ရှည်ရှည်ဝေးဝေး သိပ်စဉ်းစားချိန် မရဘဲ ကျန်ရှိပစ္စည်းစာရင်းတွေ ထည့်ရပါသည်။

အရေးကြီးတာတွေက ကင်မရာ၊ ဖုန်း၊ ဖုန်းအားသွင်းသည့်ကြိုး၊ မှတ်ပုံတင်၊ သူ့ရဲ့ Laptop ၊ Stick စသဖြင့် ... စသဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



သူ အမြဲသုံးစွဲနေကြဖြစ်သော L'oreal hydrafresh နေလောင်ကာ လိမ်းလေး၊ ဂျယ်၊ Roll on ၊ Polo ရေမွှေး၊ After Shave စသဖြင့် စသဖြင့် ပစ္စည်းတွေကြားထဲမှာ နှစ်မျောရင်း ပုဂံခရီးစဉ်အတွက် ရင်ခုန်ပျော်ရွှင်နေခဲ့သည်။

❋ ❤ ❋





## ၃

"ထမင်းစားမယ်ဗျို့"

ယွန်းရဲ့ အော်သံအဆုံးတွင် ဒေါ်ကြက်တောက သောက်ရေတစ်ခွက်ကိုင်ကာ အပြေးရောက်လာသည်။ ရေခဲသေတ္တာထဲက ထုတ်လာသော ရေခဲရေ မဟုတ်ဘဲ အညာသဲအိုးထဲက သဘာဝရေအေးအေးကို ငွေခွက်ဖြင့် ထည့်လာခြင်းဖြစ်သည်။ ယွန်းက အိမ်ရှေ့ရှိ တန်းလျားပေါ်တွင် ဒူးတစ်ဖက်ထောင်ကာ ခြေနှံတစ်ဖက်က တံပျဉ်ခွေထိုင်တာကြောင့် သက်သောင့်သက်သာ ရှိသည်။

"ဘာဟင်းနဲ့ စားမလဲ ယွန်းကလေး"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... အပိုတွေ လာပြီ။ စပြီ ... ရှိတာနဲ့ စားမှာပေါ့ဗျ။ ဘာလဲ ... ကျုပ်က Sedona က ငါးမန်းတောင်ပင်းချို့ စားချင်တယ်ဆိုရင်လည်း ကျွေးမလို့လား"

ယွန်းရဲ့အငေါ်တူးစကားကို ဒေါ်ကြက်တောဏာ တစ်သက်လုံးက ထိန်းကျောင်းလာသူပီပီ နာပုံမပေါ်ဘဲ ပန်းနဲ့ပေါက်တဲ့အလား တဟာစ်ဟာစ် ရယ်မောကာ ...

"ကျွေးမှာပေါ့အေ"

ယွန်းက ထောင်ထားသော ဒူးပေါ်သို့ လက်တစ်ဖက်ကို တန်းလန်းချ တင်ရင်းမှ ...

"လာပြီ။ တော်ကီလ်တွေကတော့ အကြွေဖယားခင်းပြီ ... ဟင်။ ပြီးရင် အမေဆူရင် ကျုပ်ဘက်က ဘယ်တော့မှ မပါဘူး"

"ပါ,ပါတယ် အပုရယ်" (အပု = အညာဘက်တွင် မိန်းကလေးများအား ချစ်စနိုးခေါ်တတ်သော မလေ့နာမည်)

အပု အမေကလည်း ဝိတ်ကြီးတတ်တာကိုး။ ကဲပါ ... အခု အပုအတွက် ပုစွန်တုပ်ကြီးနှစ်ကောင်တောင် ဖယ်ထားတယ်။ နော် ... အပု စားလိုက်။ အဲဒါ အပုကို ဒေါ်ကြက်တော ဘယ်လောက်ချစ်တယ်ဆိုတဲ့ သက်သေပဲတော်"





ယွန်းက အဲဒီစကားကြောင့် ဟက်ခနဲ ရယ်မောမိသည်။ ပြီးတော့မှ တစ်စုံတစ်ခုကို တွေးမိဟန်ဖြင့် ...

"နေပါဦး။ ပုစွန်တုပ်ကြီးနှစ်ကောင် ဖယ်ထားတယ်ဆိုတော့ ကျန်တာက ဘာလုပ်ဖို့တုန်း"

"သြော် ... အပု မသိဘူးနဲ့တူတယ်။ ဒီနေ့ မြို့က ဧည့်သည်တစ်ယောက် လာမယ်တဲ့လေ။ ဒါကြောင့် ဒေါ်ကြီးလည်း တစ်မနက်လုံး ဖွယ်ဖွယ်ရာရာ ချက်ပြုတ်နေရတာ။ ခုမှ ပြီးသာပဲအေ"

ဒေါ်ကြက်တောရဲ့စကားတွေကို နားထောင်ပြီး ယွန်းရဲ့မျက်ခုံးတွေက အောက်ဘက်သို့ ပိုပြီးငိုက်စိုက်ကျလာသည်။ ဘယ်သူလာမှာမို့လို့ပါလိမ့်။ တစ်နိုင်ငံလုံးက မိတ်ဆွေအပေါင်းကို ခင်ရာဆွေမျိုးလို သဘောထားပြီး ဘယ်သူပဲ ပုဂ္ဂိုလ်ဦးကို လာလာ၊ အိမ်မှာပဲ တည်းစေသော မိဘနှစ်ပါးအကြောင်းကို သိသော်လည်း ဒီတစ်ခါတော့ ယွန်းရှေ့မှာ ဘာမှမပြောသည်မို့ ထူးဆန်းနေရသည်။

"ဟုတ်လား"

ပါးစပ်ကြီးနှင့် အပြည့်ပြောသော ယွန်းရဲ့ ဟုတ်လား ဟူသောစကားကို ဒေါ်ကြက်တောကလည်း ခေါင်းကိုဆတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com

ညိတ်ကာ "ဟုတ်တာပေါ့"ဟု ပြန်ဖြေသည်။ ယွန်းက ခေါင်းကို တဆတ်ဆတ်ညိတ်ကာ ခပ်ရေးရေးပြုံးရင်း ...

"ကဲ ... ဒါဆိုလည်း စားမယ်ဗျာ။ လာ ... ခူးပေး"

"ခူးပေးမယ်တော်"

ယွန်းက ထမင်းစားပွဲမှာ သွားထိုင်လိုက်တာနှင့် ဒေါ်ကြက်တောက ယွန်း စားဖို့ရာ ထမင်းပွဲကို အမြန်ဖန်တီးပေးသည်။

တစ်သက်လုံးက အညာစာတွေကို စားခဲ့သော်လည်း ဘယ်တော့မှ အညာစာကိုမမုန်း၊ မရိုးသော ယွန်းအတွက် နွားနို့ခဲချက်၊ မန်ကျီးရွက်ချဉ်ရည်ဟင်း၊ ဆူးပုပ်ရွက်နှင့် ဘဲဥကြော်ပြီးတော့ အထူးဟင်းလျာဆိုသော် ပုစွန်တုပ်ကြီးများမို့ ယွန်းက လျှာသပ်မိပြီး ပခုံးတွန့်မိသည်။

"ပုစွန်တုပ်ကြီးတွေက နည်းတာ မဟုတ်ဘူးပဲ။ ညောင်ဦးဈေးထဲမှာ ဒီလောက်ကြီးတဲ့ ပုစွန်တုပ်ကြီးမျိုး ရှိလို့လား ဒေါ်ကြက်တောရဲ့"

"ရှိပါဘူးအေ။ ဒါ အပု အမေ ရန်ကုန်ကို လှမ်းမှာထားတာ။ ဒီမနက် ကားနဲ့ရောက်လာတာ။ မြင့်ကျော် ရေခဲဘူးနဲ့ လာပို့သလေ"





ယွန်းရဲ့မိဘတွေက ပုပ္ပား-ရန်ကုန်၊ ရန်ကုန်-ပုပ္ပား၊ ပုဂံ-ညောင်ဦးနှင့် ရန်ကုန် ပြေးဆွဲသော Express အဝေးပြေးကားလုပ်ငန်းကိုပါ လုပ်ကိုင်သည်မို့ စိတ်ကူးပေါက်ရင် ဖေါက်သလို ယွန်းသည်လည်း ရန်ကုန်သို့ တက်လိုက်သွားနေကြဖြစ်သည်။ ဒီ့အတွက် ရန်ကုန်သည် ယွန်းနဲ့မစိမ်းသလို ရန်ကုန်က ရှော့ပင်းမောလ်၊ နာမည်ကြီးစားသောက်ဆိုင်များနှင့် Branded ပစ္စည်းများသည်လည်း အသားတကျ ကျွမ်းဝင်မှုရှိသည်။

"ဒေါ်ကြက်တောရဲ့ပုစွန်တုပ်ဆီပြန်က feel က ဟင်းထက်တောင် မိုက်သေးတယ်။ အလန်း ... အလန်း"

Rapper ပုံစံမျိုးဖြင့် အလန်း အလန်း ဟူသောစကားကို ဘာမှန်းညာမှန်းမသိပေမယ့် ကောင်းတယ် ဆိုတာကိုသိသော ဒေါ်ကြက်တောက ငွေသွားတွေပေါ်အောင် တဟဲဟဲဖြင့် သဘောတွေကျနေသည်။ ယွန်းက ပုစွန်တုပ်ကြီးနှစ်ကောင်ကို တစ်ခဏနှင့် အပြတ်ရှင်းကာ ဟင်းပန်းကန်ကို ဒေါ်ကြက်တောရဲ့မျက်နှာတည့်တည့်နားသို့ ထိုးပေးလိုက်သည်။

"ဘာတုံး အပုရဲ့"

"ဟင်းလေ ... မဝသေးဘူး။ တစ်တုံးလောက် ထပ်ထည့်ပေးဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... အပုရဲ့။ နှစ်ကောင်ဆို အီအောင်စားပါလေ့ဟယ်။ ဟိုမှာ ဟင်းပွဲလှအောင် ငါးကောင် အံကိုက်ပဲ အပုရဲ့"

"ညှော်သည်က ဘယ်နှယောက်တုန်း"

"တစ်ယောက်တည်းလို့တော့ ပြောတာပဲ"

"တစ်ယောက်တည်းများဗျာ၊ လေးကောင်လုံး စားပါလေ့။ သွား ... ကျုပ် နောက်ထပ်တစ်ကောင် စားမယ်"

"ခက်တာပဲတော်"

"မခက်ပါဘူး၊ ဘာဖြစ်မှာ ကျနေတာပဲ တခြားဟင်းတွေလည်း ကျွေးဦးမှာမဟုတ်လား။ ကဲ ... ကြာတယ် ဒေါ်ကြက်တောရာ၊ ပုစွန်လေးတစ်ကောင် ထပ်စားဖို့အရေး ရှိခိုးဦးတည့် လျှောက်နေရမှာလား"

"မဟုတ်ပါဘူး အပုရယ်။ ကဲ ... ကဲ ... ပြီးရော။ ပြီးမှ မမြွေနဲ့ ညည်းနဲ့ ညည်းတို့သားအမိချင်း ရှင်းကြပေတော့"

"ရသယ် ... ဖြစ်သယ်"

ယွန်းက ဒေါ်ကြက်တောရဲ့လေသံအတိုင်း တုပပြောကာ ယူလာပေးသော ပုစွန်တုပ်တစ်ကောင်ကို ထပ်ရှင်းလိုက်သည်။ ပုသိမ်ပေါ်ဆန်းမွှေးကို ပုစွန်တုပ်သုံးကောင်နှင့် အုပ်ထည့်လိုက်သောဗိုက်မှာ တော်တော်တင်းသွားလေသည်။ ဒါပေမဲ့ အချိုလေးမှ မတည်းရလျှင် မနေနိုင်သူပီပီ သီးမွှေးငှက်ပျောသီးတစ်လုံးနှင့် အုန်းထန်းလျက်နှစ်ခဲလောက် ဟဲပြီးချိန်ဝယ် ချစ်သမီးခင်မွှေးကျေးဇူးရှင် ရောက်လာသည်။





ထိုအချိန်ဝယ် ယွန်းမှာ အိမ်ထောင့်ရှိ တနောင်းရိပ်အောက်တွင် ပက်လက်ကုလားထိုင်တစ်လုံး၊ ဂျာနယ်တစ်စောင်၊ တောင်လေဖြူးဖြူးဖြင့် အိပ်၍မပျော်တပျော်ရှိသည့်အခါဝယ် ...

"ဟဲ့ ... မိယွန်း"

"ဟာမ် ? ... အီရတ်နဲ့ အီရန်"

"ဘာ အီရတ်နဲ့ အီရန်လဲ။ ညည်းတော့လေ တော်တော်ကို ဝတ်တာကျတယ် သိလား"

"ဟာဗျာ။ အမေတို့ကလည်း ဘလိုင်;ကြီး လာကောနေပြန်ပြီ။ ဘာလဲ လောကစည်းစိမ် ပျက်လိုက်တာ"

"ပျက်ပေါ့။ ပုစွန်ထုပ်သုံးကောင်ကို မတရားသဖြင့် စားသောက်ပြီး လာပြီး ဆက်ရက်မင်းစည်းစိမ် ခံနေတယ်ပေါ့ ဟုတ်လား ..."

ညည်းဟာလေ ဘာမှအလိုက်ကန်းဆိုးကို နားမလည်ဘူး။ ညှော်သည်လာမှာမို့ ချက်ထားတယ်ဆိုတာ သိရက်နဲ့ မဆန့်မပြဲ သုံးကောင်တောင် စားပစ်တယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အမေတို့ကလည်းဗျာ။ ဟိုမှာ လေးကောင်တောင် ကျန်သေးတာပဲ"

"ဟဲ့ ... ဘာလေးကောင်လဲ။ ဟင်းပွဲ ဘယ်လိုလုပ်လှမလဲဟဲ့။ တခြားဟင်းတွေလည်း အများကြီး ရှိတာပဲ။ ပြီးတော့ ဒေါ်ကြက်တောလည်း ညည်းကို နှစ်ကောင်တောင် ဖယ်ပေးထားတာပဲလေ ...

နှစ်ကောင်ဆို စားပါလေ့။ ဝ,ပါလေ့ ... ဟင်း"

အမေက မကျေမနပ် မြည်တွန်တောက်တီးနေပေမယ့် ကိုယ်လုပ်ချင်တာလုပ်ပြီးသွားသော ယွန်းတို့ကတော့ ဒီဘက်နားကဝင် ဟိုဘက်နားက ထွက်ပြီးသားပင်။ မျက်လုံးတွေက ထမင်းဆိပ် ပုစွန်တုပ်ဆိပ်တက်ကာ ချက်ချင်းပဲ မှေးမှေး မှေးမှေး ပြန်ဖြစ်သွားသည်။

"ဟဲ့ ... ပြောနေရင်းနဲ့ ငိုက်နေပြန်ပြီ။ ဒီကောင်မလေးဟာ တကယ် ... တကယ်။ သမီးလေးတစ်ယောက် မွေးထားပါတယ်၊ မိုင်းကောင်းကျောက်ဖိနဲ့ ပီပီပြားပြားကို မရှိဘူး ...

ဘယ်လောက်ဆုံးမ ဆုံးမ ဘယ်လောက်ပဲပြောပြော မိန်းကလေးပီပီသသကို ရှိမလာဘူး။ ခြေလှမ်းကားတား



ကားတား တလွှားလွှားနဲ့ ရှာရိုးကိုးပေါက် လျှောက်သွားတဲ့ ပေါက်ကျော်မပဲ လုပ်နေ"

"ဟာဗျာ ...။ အမေရာ မပြီးသေးဘူးလားဗျာ။ နားငြီးလာပြီ"

ယွန်းက စိတ်ပျက်လက်ပျက်နှင့် ထအော်လိုက်လျှင် ဟန်ကြီးပန်ကြီးနှင့် ပြောနေသော အမေက အရှိန်ပျက်သွားပြီး ဒေါသလည်း ထွက်သွားပုံရသည်။ ယွန်း ပေါင်ပေါ်တွင် တင်ထားသော ဂျာနယ်ကိုဆွဲကာ ကောက်ရိုက်တော့လျှင် ယွန်းမှာ နတ်စည်းစိမ်ပျက်လျက် ထွက်ပြေးရတော့သည်။

အဲဒီအချိန်မှာ တိုးရစ်တွေကို မြည်းလှည်းတစ်စီးဖြင့် လိုက်ပို့လေသော အဖေ့တပည့်ကျော် ချစ်ရင်ထူးရဲ့ မြင်းလှည်းက ဝင်လာတာမို့ ယွန်းဟာ မြင်းလှည်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။ နောက်က ပြေးလိုက်လာသော ယွန်းရဲ့အမေဟာ ဒီမြင်ကွင်းကိုမြင်လျှင် ရင်ဘတ်ဖိပြီးအော်သည်။ ကြည့်ဦးလေ ... သမီးမိန်းကလေး အပျိုလေးတဲ့။ ညောင်ဦးဒေသထွက်ချည်သားဘောင်းဘီ (ရှမ်းဘောင်းဘီလို အပွကြီး)ကို ဝတ်ဆင်ထားပြီး မြင်းလှည်းပေါ်သို့ လွှားခနဲ ခုန်တက်သွားပုံမှာ တကယ်ကို ယောကျ်ားလေးတစ်ယောက်အတိုင်း။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပဲ ယဉ်ကျေးသိမ်မွေ့ဖို့ ဆုံးမပေးပေစေ။ ဒီကောင်မလေးဟာ နဂိုဗီဇကိုက အဲဒီလို ပါလာတာပဲ ဖြစ်မည် ထင်ပါသည်။ မိခင်ဖြစ်သူက ရတက်မအေး ကျန်ခဲ့ပေမယ့် ယွန်းကတော့ မြင်းလှည်းပေါ်မှာ လိုက်ပါလာပြီး ခပ်လှမ်းလှမ်းပဲ ရောက်သေး ချစ်ရင်ထူးကို နှင်ချတော့သည်။

"ဟဲ့ ... ချစ်ရင်ထူးကောင်"

"ဗျာ ... အဲ ... ဟာ ... မမလေးကလည်း ဘာချစ်ရင်ထူးကောင်လဲ၊ ကျွန်တော့်နာမည် ချစ်ရင်ထူးပါ။ ကောင် မပါ,ပါဘူး"

"ပါပါ မပါပါဟော့။ နင့်အမေ မထည့်ပေမယ့် ငါ ထည့်တယ်။ တကတဲ နာမည့်နယ် မှည့်တတ်ပလေ ...

တန်ရာ တန်ရာ မမှည့်ဘူး"

"ဟာဗျာ မမလေးကလည်း။ သူများကိုဆို ပြောလိုက်ရင် နှစ်ပြားမတန်။ ဒါကြောင့် ဒေါ်လေးမြက အမြဲရိုက်နေတာ"

"အောင်မယ် ... အောင်မယ်။ နင်လိုကောင်ကများ ငါ့ကို ခံပက်လို့။ မြင်းလှည်းပေါ်က တွန်းချလိုက်လို့ တစ်ခါတည်း ဇက်ကျိုးပြီး သေသွားမယ် ...

သွား ... နင် ဆင်းနေခဲ့တော့"





"ဗျာ ... ဘာ ... ဘယ်ကို ဆင်းနေခဲ့ရမှာလဲ"

"နင့်ဟာနင် ဆင်းချင်တဲ့ နေရာကိုဆင်းပေါ့။ အခုပဲ ဆင်းတော့။ သွား ... သွား ... ဆင်းစမ်း"

လူကို နွေးမောင်းသလို မောင်းချနေသော မမလေး ယွန်းကြောင့် ချစ်ရင်ထူးက စိတ်ညစ်စွာ ခေါင်းကုတ်မိသည်။ ဒီမမလေးဟာ ဘယ်လိုဗီဇနှင့် မွေးလာသလဲတော့ မသိပါ။ ဦးလေးတိုးနှင့် ဒေါ်လေးမြတို့ သဘောကောင်း အပြောကောင်းသလောက် သူ့တို့ရဲ့သမီးကတော့ ဆိုးလိုက်တာမှ တာတေလန်နေသည်။ မိန်းကလေးတန်မဲ့ ဆိုးပုံဆိုးနည်းကလည်း ယောကျ်ားလေးတစ်ယောက်လို ဆိုးတာဖြစ်သည်။

"မမလေး ... ညိုတုတ်ကို အစာကျွေးရဦးမယ်၊ ရေလည်း တိုက်ရဦးမယ်၊ သူ ဆာနေလောက်ပြီ"

"အံမယ်လေး ... လျှာရှည်လိုက်တာ။ ငါ့ဘာသာကျွေးမယ်။ ကဲ ... နင်သာ မြန်မြန်ဆင်းတော့ ... သွား"

ဖွတ်ကို တွန်းချနေသည်မို့ ချစ်ရင်ထူးမှာ မြင်းလှည်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ရသည်။ ကြာပွတ်ကို ရှမ်းခနဲအသံပေးရင်း "ဟဲ့ ... မြင်းမ"ဟု အော်လိုက်သံကြောင့် မြင်းမလေးက တစ်ဟုန်ထိုးပြေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညနေကျရင် Sun Set ကြည့်ဖို့ တိုးတွေကို ငှားထားသေးတယ်"

ချစ်ရင်ထူး အော်ပြောလိုက်သော်လည်း ယွန်းကတော့ ကြားလား မကြားလား မသိတော့ချေ။ မြင်းလှည်းကျော့ကို ဒုံးပျံကျည်ဖူး ခွစီးသည့်အလား ဒုန်းစိုင်းလို့ သွားလေသည်။ ချစ်ရင်ထူးမှာ ခေါင်းခါယမ်းရင်း ကျန်ရစ်ခဲ့ရသည်။

မြင်းလှည်းမောင်းလာသော ယွန်းမှာ ချစ်ရင်ထူး၏ မြက်ဦးထုပ်ဝိုင်းကြီးကို ကောက်ဆောင်းရင်း ချစ်ရင်ထူးရဲ့ဘုရားပွဲက ဝယ်ထားသော ထောင့်ငါးရာတန် Ray Ban မျက်မှန်ကို ကောက်တပ်လိုက်သေးသည်။ ကဲ ... ဘယ်လိုရွေးရပါ့။ မြင်းမကလည်း အစာမစားရသေးဘူးဆိုတော့ အစာကျွေးလို့ရနိုင်မည့် ဘုရားကြီး ဘုရားကြားပဲ ခေါ်သွားရဦးတော့မည်။

မြင်းမကို စားကျက်လွှတ်ထားရင် ယွန်းသည်လည်း ဘုရားရိပ်မှာ တစ်ရေးလောက် အိပ်ဦးမည်ဟူသော စိတ်ကူးနှင့် ဖြစ်သည်။

ထမင်းကို ဗိုက်တင်းအောင် စားထားပြီး ထမင်းလုံးမှ ပြန်မစီရလျှင် နေမကောင်း ဖြစ်တတ်သည်မို့ ယွန်းက မြင်း





မလေးကို မြက်ခင်းစပ်တစ်ခုအနား ရပ်ပေးထားလိုက်မြီး ကိုယ်တိုင်ကတော့ မြင်းလှည်းပေါ်တွင် မျက်နှာပေါ်ဦးထုပ်အုပ်ပြီး အိပ်သည်။ တစ်နာရီလောက် အိပ်တတ်သော မျက်လုံးများမှာ သူ့အချိန်ပြည့်သောအခါ နိုးလာသည်။

"ဝါး ... ဘယ်အချိန်တောင် ရှိပါပြီလိမ့်။ ပြန်ဦးမှပဲ"

လူရော မြင်းရော ကောင်းကောင်းအနားရသွားပြီမို့ ယွန်းက မြင်းလှည်းလေးကို ခွာသံတခွပ်ခွပ် ပေးစေပြီး ခပ်သော့သော့နှင်လာခဲ့သည်။

မိန်းကလေးတစ်ယောက် ဖြစ်ခဲ့ပေမယ့်လည်း ခက်တာက ယွန်းဟာ မိန်းကလေးတွေ တတ်အပ်တဲ့ပညာတွေဆိုလျှင် စိတ်မဝင်စား ဘာမှမတတ်ဘဲ မြင်းလှည်းမောင်းတာကအစ ကျွမ်းကျင်နေတတ်ပြီး စက်ဘီး၊ ဆိုင်ကယ်၊ ကားမောင်း ဆိုတာတွေကတော့ ပြောမနေပါနဲ့တော့။

ယွန်းသည် လေလေးတချွန်ချွန်ဖြင့် မြင်းလှည်းလေးကို တခွပ်ခွပ်မောင်းလာခဲ့သည်။ ထိုစဉ် ရှေ့မှာမြင်လိုက်ရတာက မြင်းလှည်းကို လက်ပြတားနေသော လူတစ်ယောက်ဖြစ်သည်။ ဝိုင်အနီရောင် ကယ်လ်ဒီးနားစက်ရပ်ကားကို နောက်မှာရပ်ထား



www.burmeseclassic.com

www.burmeseclassic.com



လျက် မြင်းလှည်းတားနေသည်မှာ ဘာသဘောပါလိမ့်။ ဘာပဲဖြစ်ဖြစ် ထူးထူးဆန်းဆန်းဆိုလျှင် စိတ်ဝင်စားတတ်သော ယွန်းက မြင်းလှည်းကို ရပ်တန့်စေလိုက်သည်။

မြင်လိုက်တာနှင့်ကို ခရီးသွားတစ်ယောက်မှန်း သိသာစေသော လူငယ်အား "ဘာလဲ"ဟူသော သဘောဖြင့် မေးဆတ်ပြလိုက်သည်။

"မြင်းလှည်း ငှားချင်လို့ပါ"

"ဘယ်ကိုလဲ"

ထိုလူငယ်က ယွန်းကို တစ်ချက်အကဲခတ်သလို ကြည့်သည်။ မျက်မှန်မချွတ် မြက်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားသော ယွန်းကို မျက်နှာလွှဲလိုက်ပြီးမှ ကားဘက်သို့ မသိမသာ ဝေ့ဝဲပြလျက် ...

"ကားက ဆိုက်ကုန်သွားလို့။ ဆီဝယ်လို့ ရမယ့်နေရာကို ပို့ပေးပါ"

"ရတယ် ... တက်"

"ဝေးလား"

"ဝေးပါဘူးဗျာ"





သူက ကားတံခါးတွေကို ရီမုတ်ဖြင့် လှမ်းပိတ်ကာ မြင်းလှည်းပေါ်သို့တက်သည်။ သူ တက်ပြီးတာနှင့် ယွန်းက မြင်းလှည်းကို အသော့နှင်သည်။ ခဏနေတော့ သူကပဲစကားစလာသည်။

"မြင်းကပါဘက်ကို ဘယ်ကနေ သွားရတာလဲဗျ ... ဟင်"

"အခု ထွက်လာခဲ့တဲ့ နေရာကနေ တန်းတန်းပဲ ရှေ့ဆက်သွားရင် မြင်းကပါရပ်ကို ရောက်ပြီ"

"ဩော် ... ဟုတ်လား။ သင့်ခ်ယူ"

ယွန်းက နောက်ကြည့်မှန်ထဲမှနေ လူစိမ်းကို အကဲခတ်မိသည်။ ရပ်ဝေးဒေသ တစ်နေရာက လာခဲ့သူဖြစ်သည်ဟု ယူဆရသော်လည်း သူ့ပုံစံက အဲကွန်းဖွင့်ထားသောကားကို သက်သောင့်သက်သာနှင့် မောင်းလာရလို့လားတော့ မသိချေ။ ခပ်တိုတိုဆံပင်မှာ ဂျယ်လ်နှင့် မထောင့်တထောင့်ရှိပြီး လူပုံစံကလည်း လန်းလန်းဆန်းဆန်း လတ်လတ်ဆတ်ဆတ်ပင်။

ဒီလူဟာ ဟိုတယ်ကောင်းကောင်းမှာ တည်းနိုင်လောက်တဲ့ပုံစံနဲ့ မြင်းကပါရပ်ကို ဘာများသွားလုပ်မလို့ပါလိမ့်၊ လုပ်မလို့ ... ပါ ... လိမ့် ...။ ? ? ... ဟင် ... ဒီလူဟာ ယွန်း



www.burmeseclassic.com

www.burmeseclassic.com



တို့အိမ်ကို ရောက်လာမည်ဆိုသော ဒြေသည်မဟုတ်နိုင်ဘူးလား။ ယွန်းက ကိုယ့်အာရုံကိုယ် သဘောကျမိကာ မျက်နှုံးပင့်မိသည်။

"မောင်ရင်က မြင်းကပါဘက်ကို ယွန်းထည်ဝယ်ဖို့လား"

"ဘာရယ်"

မောင်ရင် ဟူသော ယွန်းရဲ့ခေါ်သံကို သူ နားဆန်းသွားဟန် ရှိပါသည်။ သူ ကြားသော်လည်း ယွန်းက ထပ်ပြောလိုက်ပါသည်။

"ဩော် ... မြင်းကပါဘက် သီးသန့်သွားတယ် ဆိုတော့ ယွန်းကုန်သည်လား ယွန်းဝယ်ဖို့အတွက်လားလို့ မေးတာပါ"

"မဟုတ်ပါဘူး"

သူက ဆက်မပြောတော့ချေ။ လမ်းဘေးဝဲယာက ပုဂံရှုခင်းကို ငေးမောဟန်ဖြင့် စကားစကိုဖြတ်သည်။ ဟွန့် ... ကြီးကျယ်လိုက်တာ။ မပြောချင်လည်းနေတော့။ ယွန်းက ဆက်မမေးတော့ဘဲ ခတ်ဆိတ်ရောင်းသည့်ဆိုင်ရှေ့မှာ မြင်းလှည်းရပ်ပေးလိုက်သည်။ သူက မိုလာပုံးတစ်ပုံးဖြင့် ဆင်းဝယ်လာ ပြန်တက်လာသည်။ ပြီးတော့ သူ့ကို ကားရပ်ထားခဲ့ရာ နေရာသို့ ပြန်လိုက်ပို့ရလေသည်။





ခဏနေတော့ ဘာစိတ်ကူးပေါက်သည်မသိ။ သူ့ဆီမှ စကားသံ ထွက်လာသည်။

"မင်း မြင်းလှည်းက အော်ဒါတွေ ဘာတွေ လိုက်လား"

"လိုက်တော့ လိုက်ပါတယ်"

"လိုက်တယ်ဆိုလည်း လိုက်တယ်ပေါ့။ လိုက်တော့ လိုက်ပါတယ်ဆိုတာက ဘာအဓိပ္ပာယ်လဲ"

"ကျုပ်တို့က တိုးတွေကို လိုက်ပို့ပေးတာ များတယ်"

"ကျုပ်တို့ဆိုတော့ ဘာလဲ ... မင်းတို့က မြင်းလှည်းကိုဏ်းလား"

သူ့စကားကြောင့် ယွန်းက ဟက်ခနဲ ရယ်မိသည်။ ဘာမှတော့ ပြန်မပြောတော့ပါ။ သူ ကြီးကျယ်သလို ကိုယ်လည်း နည်းနည်းလောက်တော့ ကြီးကျယ်လိုက်ဦးမည်ပေါ့။

"မင်းက တိုးတွေမှ လိုက်တာလား"

"ဒီလိုလည်း မဟုတ်ပါဘူး။ စိတ်ကူးပေါက်သလိုပေါ့"

ယွန်းရဲ့အဖြေစကားကို သူက မြင်ပြင်းကတ်သွားဟန်တူသည်။ ဆက်မမေးတော့ချေ။ ယွန်းကလည်း ဘာမှထပ်မပြောတော့။ ထို့နောက် မနီးမဝေးမှာရပ်ထားခဲ့သော သူ့ရဲ့ကား



www.burmeseclassic.com

www.burmeseclassic.com



အနားသို့ ပြန်ရောက်လာသည်။ ယွန်းက မြင်းလှည်းကို ရပ်ပေးလိုက်လျှင် သူက ဖျတ်ခနဲ ခုန်ဆင်းကာ ...

"ဘယ်လောက်ပေးရမလဲ"

"FOC"

"ဘာရယ်"

"မောင်ရင် ဘာရယ်နေတာလဲ၊ ဒါပါနဲ့ဆို မှတ်မိသလောက်တော့ နှစ်ခါရှိသလိုပဲ"

သူက ကိုရီးယားကားတွေထဲက မင်းသားတွေလို နှာခေါင်းထဲမှ လေထွက်ရုံ ဟက်ခနဲ မြည်သံပြုကာ မျက်နှာကိုလည်း ဘေးဘက်သို့ လှည့်လိုက်သေးသည်။

"မင်း မြင်းလှည်းမောင်းသမား မဟုတ်ဘူးလား။ မင်း မြင်းလှည်းကို ငါ ငှားခဲ့တယ်လေ။ အဲဒီအတွက် ..."

သူ့စကား မဆုံးခင် ယွန်းက လက်ကာပြလိုက်သည်။

"ကျုပ်က ပရော်ဖက်ရှင်နယ် မြင်းလှည်းသမား မဟုတ်ဘူး။ ဒီအတွက် မြင်းလှည်းငှားခ ပေးစရာ မလိုဘူး။ အိုခေ ? "





သူက ယွန်းကို စူးစိုက်ကြည့်သည်။ မျက်မှန်တပ်ထားသောကြောင့် ယွန်းရဲ့မျက်လုံးတွေကို မြင်ရမည် မဟုတ်ပါ။ သူ ကြည့်တာကို ထိုင်စောင့်မနေနိုင်သော ယွန်းက ပခုံးတစ်ချက်တွန့်ပြပြီးနောက် မြင်းရဲ့ဇက်ကြိုးကို ဆောင့်ဆွဲကာ မြင်းလှည်းကို လှည့်လိုက်သည်။ ပြီးတော့ ထွက်လာခဲ့ရာ လှည့်မကြည့်ပေမယ့် သူ ကြည့်နေမယ်ဆိုတာ ရိပ်မိနေခဲ့ပါသည်။

* ❤ *



www.burmeseclassic.com

www.burmeseclassic.com



## ၄

လွန်ခဲ့သော နှစ်ပေါင်းထောင်ကျော်ခန့်က ပုဂံမြေသည် စိမ်းစိုလှပစွာဖြင့် သူ့ကို ကြိုနေခဲ့သည်။ မိုးဦးကျစမို့ အညာဒေသလေးသည် ခြောက်သွေ့ပူအိုက်မနေဘဲ အေးမြသော မိုးလေငွေ့ငွေ့ဖြင့် လန်းဆန်းလတ်ဆတ်နေပေသည်။ ပုဂံမြေသို့ လာရာ ခရီးတစ်လျှောက်တွင် ဘာအခက်အခဲမှ မရှိခဲ့။ လမ်းခရီးတစ်လျှောက်လုံး အဆင်ပြေချောမွေ့ခဲ့သည်။

ပုဂံသို့ရောက်တော့မှပဲ ကားဆိပ်ပြတ်တာနှင့် ကြုံရပြီး ဆီထည့်ဖို့လည်း အခက်အခဲ မရှိခဲ့ပါ။ မြင်းလှည်းတစ်စီးက အလကားပဲတင်းတောင် အကူအညီပေးခဲ့ပြီး ပါးစပ်ပါ ရွာရောက်၊ ဟိုမေးဒီမေးဖြင့် သူ့အဖေ၏မိတ်ဆွေ Myanmar's Poem House သို့ ရောက်ခဲ့လေသည်။





သူရောက်သွားသောအခါ ထင်ထားတာထက်တောင် ဟက်ဟက်ပက်ပက် လှိုက်လှိုက်လှဲလှဲ ဖော်ဖော်ရွေရွေ ကြိုဆိုခဲ့ကြလေသည်။ အညာဒေသရဲ့ချစ်စဖွယ် ဓလေ့စရိုက်ပဲ ဖြစ်ပါမည်။

"မင်္ဂလာပါ အန်ကယ်၊ ကျွန်တော် မင်းမိုးသုပါ"

"အေး ... အေး ... မင်္ဂလာပါ သား။ ဦးတို့လည်း သားကို မျှော်နေတာ သား၊ ဒေါ်လေးကဆို တစ်မနက်လုံး မရောက်သေးဘူးလား၊ မရောက်သေးဘူးလားနဲ့ တဖွဖွ ပြောနေတာ"

"ဟုတ်ကဲ့ ... အန်တီ။ တွေ့ရတာ ဝမ်းသာပါတယ်"

သူက ဦးအောင်တိုးရဲ့ဇနီး ဒေါ်မြမြရွှေကိုပါ တလေးတစား နှုတ်ဆက်လိုက်သည်။

ဒေါ်မြမြရွှေက သူ့ကို ချစ်ခင်သဘောကျသော မျက်လုံးများဖြင့် နွေးနွေးထွေးထွေးကြည့်ကာ ...

"မမပုလဲရဲ့သားလေးက အံ့ချောလေးပဲနော်။ ဖအေဆီက အရပ်အမောင်းနဲ့ အမေဆီက မျက်နှာကျ၊ အသားအရေမျိုး ရထားတော့ တကယ် သားချောကလေး ရထားတာပဲ"

"အမာင်း ... သင့်ခ်ိယူပါ အန်တီ"



www.burmeseclassic.com

www.burmeseclassic.com

သူ့စကားကြောင့် ထိုအန်တီက မျက်ခုံးတပင့်ပင့် ဖြစ်သွားသည်။ အင်း ... သူတို့က မြန်မာဆန်တဲ့သူတွေဆိုတော့ သူ့ရဲ့အသားတကျ အသုံးအနှုန်းတွေကို နားနှင့် သယ်ဖာတမဖြစ်နိုင်သေးဘူးဟု ထင်ပါသည်။ ဦးတို့ ဒေါ်လေးတို့ စသော မြန်မာဆန်သည့် အသုံးအနှုန်းတွေကို သတိထားမိသည်။

"ကဲ ... ကဲ ... ထိုင်ဦးလေ။ မတ်တတ်ကြီး ဖြစ်နေတယ်။ ခဏထိုင်ပါဦး"

"ဟုတ်ကဲ့"

သူက ကျွန်းရောင်ပြောင်ချောနေသော သစ်သားတန်လျားကြီး တစ်ခုပေါ်မှာ ဝင်ထိုင်လိုက်သည်။ အညာဒေသဘက်တွေမှာသာ အများဆုံး တွေ့ရသည့် ထိုင်ခုံမျိုးဖြစ်သည်။ နယ်ဘက်တွေမှာ ဆက်တီတွေအစား ရှေးမြန်မာတွေကတော့ စားပွဲအမြင့်နှင့် တန်းလျားတွေကိုသာ အသုံးပြုကြပါသည်။

ဒီတန်းလျားကြီးကတော့ အိမ်ထဲမှာရှိတာ မဟုတ်ဘဲ ခြံဝင်းထဲမှာ မန်ကျီးပင်ရိပ်ကြီး တစ်ခုအောက်မှာ ရှိတာဖြစ်သည်။ မျက်နှာချင်းဆိုင်တန်းလျားကြီးနှစ်လုံး၊ ထန်းပက်လက်ကုလားထိုင်များ၊ ရေနံချေးဝနေသော ရှေးစားပွဲကြီး စသဖြင့် သူ့မျက်လုံးထဲမှာတော့ ဒါတွေကပင် စတင်စိတ်ဝင်စားဖို့ ကောင်းနေပြီဖြစ်သည်။





"သား မိဘတွေရော နေကောင်းကြတယ် မဟုတ်လား"

"ဟုတ်ကဲ့ ... ကောင်းပါတယ် အန်ကယ်။ ဖေဖေက ဂေါ့ဖ်ရိုက်တယ်၊ မေမေက ဖေဖေဂေါ့ဖ်ရိုက်တဲ့အချိန် လမ်းလျှောက်တယ် ဆိုတော့ တော်တန်ရုံတော့ ဘာမှမဖြစ်သေးဘူး"

"အင်း ... ကောင်းတယ် ... ကောင်းတယ်။ ဦးကတော့ လမ်းလျှောက်ပါရဲ့။ ဟောဒီက မင်း ဒေါ်လေးကတော့ မီးဖိုချောင်နဲ့ ဝိုင်းထဲပဲ လမ်းပတ်လျှောက်နေတာ"

"ကိုအောင်တိုးတို့ကတော့ လူရှေ့ကျ သူများမကောင်းကြောင်းဖော်ပြီ ...

ကဲ ... သားရေ၊ ဒီရောက်တုန်းတော့ ဘာမှအားမနာဘဲ လွတ်လွတ်လပ်လပ်သာနေ၊ ကိုယ့်အမျိုးအိမ် ရောက်နေတယ်လို့ သဘောထားပြီး စိတ်ချမ်းချမ်းသာသာနဲ့နေ ဟုတ်ပြီလား ...

လိုအပ်တာမှန်သမျှ ပြော။ ဘာမှအားနာစရာမရှိဘူး"

"ဟုတ်ကဲ့ ... ကျွန်တော်ကလည်းလေ ကျွန်တော့်အတွက်နဲ့ အန်ကယ်နဲ့ အန်တီတို့ အလုပ်ရှုပ်မှာကိုပဲ စိတ်ပူတာပါ ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွက်ကြောင့် ဒီအိမ်သားတွေ ဝန်ထုပ် ဝန်ပိုးဖြစ်မှာ မလိုလားဘူးလေ”

“အမယ်လေး ... ဘာဝန်ထုပ်ဝန်ပိုးမှ မဖြစ်ဘူး။ ဒေါ်လေး တို့အိမ်မှာက အလုပ်သမားတွေမှ အများကြီး။ ဆွေမျိုးတွေ လည်း တောင့်ပါ့ ...

ဒါကြောင့် ဒေါ်လေးတို့က သားကို ဒီမှာပဲ တည်းစေ ချင်တာ။ သားအမေကလည်း ပြောပါတယ်။ သားက ဟိုကယ်မှာပဲ တည်းချင်တဲ့အကြောင်း။ ဒါပေမဲ့ ပုဂံရောက် လာမှတော့ ဒေါ်လေးတို့ဆီမှာပဲ တည်းစေချင်တာပေါ့ကွယ်”

“ကဲ ... သူလည်း ခရီးဝေးကြီး ကားမောင်းလာရတာ တော့ ညောင်းညာနေမှာပေါ့။ ခြေဆန့် လက်ဆန့် လု ချင်ရော့မယ် ...

နားခိုင်းလိုက်ဦး။ ခဏနားလိုက် မောင်မိုးသုရေ”

“ဟုတ်ကဲ့”

“အေး ... ချစ်ရင်ထူးရေ။ မင်း အစ်ကို့ကို ခေါ်သွားလိုက် ဟော့ ... ကလေးမတွေ ပစ္စည်း လိုက်သယ်ပေးမယ်ဟော့”

ဦးအောင်တိုးရဲ့ အသံဝါဝါကြီး အဆုံးတွင် ကော လေးတစ်ယောက်နှင့် ကောင်မလေးနှစ်ယောက်က ရောက်လာ





သူ့ပစ္စည်းတွေသယ်ကာ သူနေရမည့်နေရာသို့ လျှောက်သွားကြ သည်။ သူက ဒေါ်မြမြရွှေကို သူ့အမေ ထည့်ပေးလိုက်သည့် လက်ဆောင်ပစ္စည်းများ ကမ်းပေးရင်းမှ ...

“မေမေက ထည့်ပေးလိုက်တာပါ။ အန်တီတို့ အတွက်တဲ့။ ရွှေနယားမုန့်တွေက လတ်လတ်ဆတ်ဆတ်မို့ အိတ်စ်ပိုင် ယာ မကျော်ခင် ကောင်းကောင်းစားပေးပါတဲ့ အန်တီ ...

ကျန်တာတွေကတော့ အထားခံတဲ့ ဟာတွေပါ”

“အမယ်လေး ... ပုစွန်ခြောက်ကောင်ကြီးတွေက နည်းတာ တွေ မဟုတ်ပါလား။ ဘာတွေလဲ တခြားဟာတွေကလည်း အများကြီး။ ဩော် ... အားနာစရာ ...

မမပုလဲတို့ကတော့လေ တကူးတကတွေ ထည့်မပေး ပါနဲ့ ဆိုတာကို”

“တကူးတက မဟုတ်ပါဘူး အန်တီ။ မေမေကလည်း စားစေချင်လို့ပါ”

“အေးကွယ် ... ကျေးဇူးပါပဲ။ ပြီးမှပဲ မမပုလဲဆီ ဖုန်း ဆက်ပြောရဦးမယ်။ ကဲ ... ကဲ ... သား နားလိုက်တော့ နော် ...

ညနေမှ ထမင်းစားရင်း တွေ့ကြမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အန်တီ။ ခွင့်ပြုပါဦး"

ချစ်ရင်ထူး ဆိုသော ကောင်လေးက သူ့ကို တစ်ထပ်တိုက်လေးရှေ့က စောင့်ကြိုပြီးပြနေသည်။ ဆင်ဝင်လေးပါရှိသော တစ်ထပ်တိုက်ပြားပြားလေးမှာ အခန်းနှစ်ခန်းတွဲဖြစ်ပြီး ကြည့်ရတာ ဧည့်သည်တွေအတွက် တည်းဖို့ခိုဖို့ သီးသန့်ဆောက်လုပ်ထားတာ ဖြစ်နိုင်ပါသည်။

ခြံဝင်းကြီးမှာ မနည်းမနော ကျယ်ဝန်းလျက် သူတို့မိသားစုနေသောတိုက်၊ ယွန်းထည်လုပ်သော နှစ်ထပ်ကျွန်းအိမ်၊ တစ်ထပ်တိုက် ဘန်ဂလိုလေးရှေ့မှာ ယွန်းပစ္စည်းတွေရောင်းသော အရောင်းပြခန်းဆိုင် စသဖြင့် စနစ်တကျထားရှိတာကို တွေ့ရသည်။ ကောင်လေးက အခန်းတခါးကို ဖွင့်ပေးရင်း သူ့ကိုပြုံးရွှင်စွာ ပြောသည်။

"အထဲမှာ ရေချိုးခန်း ဘိုထိုင်အိမ်သာ အကုန်ပါတယ် အစ်ကိုလေး။ ရေပူ ရေအေးလည်း ရတယ် ...

ဦးကြီးတို့က အနယ်နယ် အရပ်ရပ်က သူ့မိတ်ဆွေသူငွေးတွေကို ပုဂံလာရင် သူ့ဆီမှာပဲ တည်းစေချင်တာလေ။ ဒါကြောင့် အဆင်ပြေအောင် ဟိုတယ်မှာ နေရသလို ဖြစ်အောင် လုပ်ပေးထားတာ"





"ကောင်းတာပေါ့ကွာ"

"အစ်ကိုလေးက ဓာတ်ပုံဆရာလား"

"ဆိုပါတော့"

"ကဲ ... အစ်ကိုလေး အေးအေးဆေးဆေး နားတော့နော်။ တစ်ခုခုလိုတာရှိရင် ဘဲလ်တီးလိုက်။ တစ်ယောက်ယောက် ရောက်လာလိမ့်မယ် ...

ခိုင်းချင်တာ ခိုင်းလို့ရတယ်"

"အေးပါကွာ၊ တာဝန်ကျေပါတယ်"

"ဟုတ်ကဲ့ ... ခွင့်ပြုဦး အစ်ကိုလေး"

ကောင်လေးက ရိုရိုကျိုးကျိုး နှုတ်ဆက်ကာ ထွက်ခွာသွားသည်။ တံခါးပိတ်ပြီး နောက်သို့လှည့်လိုက်လျှင် သန့်ပြန့်သပ်ရပ်နေသော အိပ်ရာကိုတွေ့လိုက်ရသည်။ သိပ်မစဉ်းစားတော့ဘဲ အဝတ်အစားကို ခပ်မြန်မြန်လဲကာ အိပ်ရာပေါ် ပစ်လှဲချလိုက်သည်။

နောက်တော့ အိပ်ပျော်သွားခဲ့ပါသည်။

❋ ❤ ❋



www.burmeseclassic.com

www.burmeseclassic.com



၅

ဘယ်လောက်တောင် အိပ်ပျော်သွားသလဲတော့ မသိချေ။ သူ နိုးလာသောအခါ ညနေ ငါးနာရီတောင် ထိုးနေခဲ့ပြီဖြစ်သည်။ ဝါးခနဲ သမ်းဝေရင်း ရေတစ်ခွက်သောက်ကာ ရေချိုးသည်။ ရေကိုခေါင်းမှလောင်းကာ တစ်ဝကြီးချိုးလိုက်ရသည့်အတွက် လန်းဆန်းသွားပြီးနောက် သူက ပေါ့ပေါ့ပါးပါး ဖြစ်မည့်အဝတ်အစားမျိုး လဲဝတ်အပြီးမှာပဲ တံခါးခေါက်သံကြား၍ ဖွင့်ပေးလိုက်သည်။

“အစ်ကိုလေး ... ဒေါ်လေးက ညနေစာ စားရအောင်တဲ့။ ရေချိုးပြီးပြီလား အစ်ကိုလေး”

“အေး ... ချိုးပြီးပြီကွ။ ဟုတ်ပြီ ... လာခဲ့မယ်”





ကောင်လေးက ရှေ့ကထွက်သွားလျှင် သူက ဖုန်းကို Silent လုပ်ကာ ဘောင်းဘီအိတ်ကပ်ထဲထည့်ကာ ထွက်လာခဲ့သည်။ နှစ်ထပ်တိုက်ရှေ့တွင် ဒေါ်မြမြရွှေက သူ့ကို ပြုံးရွှင်စွာဆီးကြိုနေသည်။ အင်း ... ဖေဖေပြောသလိုပဲ။ သူ့ကို အရေးတယူကိုရှိတာ ပြုံးချိုပြီး ပျာပျာသလဲ ဂရုစိုက်ပုံထောက်ရင် သူတို့မိသားစုအပေါ်မှာ ဘယ်လောက် အလေးအနက်ထားသလဲဆိုတာ သိသာစေပါသည်။

“ခရီးဝေးက လာရတာ ပင်ပန်းတော့ တရေးတမော အိပ်ပျော်သွားတယ် ထင်တယ်”

“ဟုတ်ကဲ့ အန်တီ”

“အေးပေါ့။ အိပ်လိုက်တော့ အားပြည့်ပြီး လန်းသွားတာပေါ့။ အိပ်ရာထတော့ ဝမ်းဟာနေမှာပေါ့ ...

ထမင်း စားကြစို့လေ”

“ဟုတ်ကဲ့ အန်တီ။ ဒီနေ့တော့ ကျွန်တော် စားပါ့မယ်။ နောက်ရက်တွေ ကျရင်တော့ ကျွန်တော် ညဘက်လောက်မှ စားဖြစ်ပါမယ် အန်တီ ...

ကျွန်တော်က ညစာကို စောစောမစားတတ်လို့ပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အေး ... အေး။ ရပါတယ် အဲလိုပြောထားတော့ အဆင်ပြေတာပေါ့။ အသားကျတော့ရော ဘာတွေမစားလဲ"

"ကျွန်တော် အကုန်စားပါတယ် ခင်ဗျ"

"ဟုတ်လား ... အေး ... အေး။ လာ ... သား၊ ချက်ထားတာတော့အစုံပဲ။ အညာစာလေးတွေလည်း ရှိတယ်။ ပါးစပ်နဲ့ တွေ့ရင်တော့ များများသစား ...

ဒါက နွားနို့ခဲဟင်းလေ။ စားတတ်လား မသိဘူး"

သူက အန်တီပြသော ဟင်းပန်းကန်ထဲသို့ ငုံ့ကြည့်လိုက်လျှင် ခရမ်းချဉ်သီးအနှစ်ဖြင့် ချက်ထားသော ဖြူပြူခဲခဲ အတုံးလေးများကို တွေ့လိုက်ရသည်။ တစ်ခါမှတော့ မစားဖူးပေမယ့် နွားနို့ခဲချက် ဆိုတာကို မြည်းစမ်းပြီးတော့ စားဖူးချင်ပါသည်။

"မစားဖူးပေမယ့် စားမယ် အန်တီ။ ကျွန်တော်က ခရီးထွက်ရင် ဒေသထွက် အစားအသောက်တွေကို စားရတာ ဝါသနာပါတယ်"

"ဟုတ်လား ... ကောင်းတာပေါ့။ ဒါဆိုရင်တော့ မင်း ဒေါ်လေးက အညာစာတွေ လက်စွမ်းပြပါလိမ့်မယ် ... ဟား ... ဟား ... ဟား"





သူက ဦးအောင်တိုးရဲ့အကြောင်းကို အသာပြုံးပြလိုက်မိသည်။ ထမင်းစားပွဲသို့ ဝင်ထိုင်လျှင် သူ့အား ဟင်းတွေခပ်ထည့်ပေးကာ စားစေသည်။ နွားနို့ခဲချက်ဟူသော ဟင်းကို သူက စားကြည့်လိုက်သည်။ ဆိမ့်သောအရသာနှင့် ခရမ်းချဉ်သီးအနှစ်လေးတွေက စားလို့ကောင်းပါသည်။ စားဖူးစားထ မရှိ၍ ပါးစပ်ထဲမှာ တစ်မျိုးဖြစ်နေသော်လည်း စိတ်ဝင်စားစရာကောင်းသော ဟင်း ဖြစ်သည်ဟု သတ်မှတ်ရသည်။

"ဒါနဲ့ ... မိယွန်းရောဟ။ ဘယ်ပျောက်နေသတုံး။ ဒီကောင်မလေးနဲ့ မောင်မိုးသုနဲ့ ခုထိကို မတွေ့ရသေးဘူးနဲ့တူတယ်"

"တော်သမီးအကြောင်းလည်း သိရဲ့သားနဲ့။ ဖမ်းလို့ကို မမိနိုင်တာလေ၊ ဒေါ်ကြက်တော ... ယွန်းရော"

"ပြောထားတယ် မမြရွှေရဲ့။ ခဏနေ ရောက်လာလိမ့်မယ်၊ ဟော ... ပြောရင်းဆိုရင်း လာပါပြီ"

သူက ထမင်းတစ်လုတ် စားနေရာမှ အမှတ်တမဲ့ မော့ကြည့်မိလိုက်လျှင် ခပ်တည်တည်မျက်နှာပေးနှင့် ရောက်လာသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်၊ ကုပ်ဝဲဆံပင်



www.burmeseclassic.com

www.burmeseclassic.com



တို့ကို ထိပ်မှာ ကြက်တောင်စည်း ယူစည်းထားပြီး တီရှပ်တစ်ထည် ချည်သားဘောင်းဘီပွတစ်ထည်ဖြင့် ဝတ်ဆင်ထားသော မိန်းကလေးမှာ အညာသူပီပီ အသားညိုသော်လည်း အံ့သြစရာကောင်းတာက ညိုစိမ့်ပြီး ဝင်းဝါစိုပြည်နေခြင်းပဲ ဖြစ်တော့သည်။

အသားဖြူဖြူတွေကိုပဲ အများအပြား တွေ့မြင်ခဲ့ရသောကြောင့်လား မသိ။ အသားညိုညိုစိုစိုသည် သူ့မျက်လုံးထဲမှာတော့ ဆန်းကြယ်နေသည်။

"မောင်မိုးသုရေ ... ဒါ ဦး သမီးလေ။ မြယွန်းရွှေ ... တဲ့"

"ဟုတ်ကဲ့"

"သမီး ...။ ဒါ အဖေတို့ကျေးဇူးရှင်ရဲ့သား မင်းမိုးသုတဲ့။ အဖေတို့ဆီမှာ တည်းမယ်။ ဒီမှာ ဓာတ်ပုံပြိုင်ပွဲအတွက် ရောက်လာတာ။ သမီးက လိုအပ်တာတွေ ကူညီလိုက်ဦးနော်"

"သူ့ကို ပုဂံရောက်ကတည်းက ကူညီခဲ့ပြီးသား"

ခပ်ပြတ်ပြတ်ပြောရင်း နွားနို့ခဲချက် ဟူသော ဟင်းပန်းကန်ထဲက ဟင်းတစ်ဖတ်ကို ဇွန်းနဲ့ ဖျတ်ခနဲ ကောက်စားလိုက်



လျှင် ဒေါ်မြမြရွှေက ဟဲ့ခနဲ ဟန့်သည်။ သူမကတော့ ဂရုစိုက်ပုံတောင် မပေါ်ဘဲ အရသာခံပြီး မြုံ့နေသည်။ သို့သော် အားလုံးက ဟင်းနှိုက်စားတာထက် ပြောလိုက်သော စကားကိုပဲ ပိုစိတ်ဝင်စားပုံ ပေါက်နေသည်။

ဒေါ်မြမြရွှေထက် သမီးကိုပိုချစ်ပုံရသော ဦးအောင်တိုးက နူးညံ့စွာမေးသည်။

"သမီးက ဘယ်တုန်းကတွေ့လို့ ကူညီခဲ့ဖူးတာလဲ။ ဒီနေ့ နေ့လယ်ကမှ ရောက်တာလေ"

"ဩော် ... ဒီအိမ်မရောက်ခင်တည်းက ကူညီခဲ့တာပေါ့။ နေ့ခင်းက မြင်းလှည်းနဲ့ထွက်သွားတော့ သူ့ကိုတွေ့တာ ...

ကားက ဆီပြတ်နေလို့ ဆီဆိုင်လိုက်ပို့ပေးခဲ့တာ။ ဒီအိမ်ကိုလာတဲ့ ဧည့်သည်မှန်းလည်း မသိပါဘူး"

အဲဒီတော့မှ သူလည်းပဲ ဩော်ခနဲ ဖြစ်သွားသည်။ မြက်ဦးထုပ်ကိုဆောင်း၊ မျက်မှန်လည်း တပ်ထားသေးသော ဒီမိန်းကလေးကို သူ မမှတ်မိပါ။

"ကြည့်စမ်း ... ညည်းက မြင်းလှည်းဆွဲစားလိုက်သေးတယ်ပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... အမေတို့က အဲဒါပဲ။ အမြဲတမ်း လူကိုမျက်မှန်းစိမ်းတပ်ကြည့်တယ်"

"မဟုတ်ပါဘူး အန်တီ။ သူက ကျွန်တော့်ကို ဒီအတိုင်း ကူညီခဲ့တာပါ။ ပိုက်ဆံမယူလို့တောင် ကျွန်တော်က အံ့ဩနေသေးတယ် ...

ပုဂံက မြင်းလှည်းဆရာတွေ တော်တော်သဘောကောင်းပါလားလို့။ ဧည့်သည်ကို ဆွဲဆောင်တဲ့ အစီအစဉ်လို့တောင် ထင်မိသေးတယ်"

သူ့စကားကို ဦးအောင်တိုးက အသံဝါဝါကြီးနှင့် ရယ်သော်လည်း ဒေါ်မြမြရွှေကတော့ သမီးဖြစ်သူကိုကြည့်ကာ နှုတ်ခမ်းကို မဲ့ပြသည်။

"အဲဒါ ပြောတာပေါ့ မောင်မိုးသူရယ်။ မိန်းကလေးဖြစ်ပြီး မြင်းလှည်းတက်မောင်းလိုမောင်း၊ ဘာတွေလုပ်မှန်းမသိဘူး။ မိဘလုပ်ငန်းကိုကျတော့လည်း ဖိဖိစီးစီး ကူတာမဟုတ်ဘူး ...

ယောက်ျားလေးနဲ့ မိန်းကလေး မှားပြီးမွေးလာသလားမှတ်ရတယ်"





"အမေ ... သူက ဘယ်နှရက်နေမှာလဲ"

ကောင်မလေးက ရုတ်တရက် ဖြတ်မေးလိုက်သောကြောင့် သူပင် ကြောင်အမ်းသွားရသည်။

သူ့အဖေကတောင် သမီးလုပ်သူရဲ့ စကားကြောင့် အိုးတိုးအမ်းတမ်း ဖြစ်သွားပုံပေါ်သည်။

"ဟဲ့ ... ညည်း ဘယ်လိုမေးလိုက်တာလဲ။ ဒီကောင်မလေး ဟာလေ အနေအထိုင် မတတ်ရုံတင် မကဘူး။ အပြောအဆိုပါ မတတ်ဘူး"

"ဘာလဲ အမေရဲ့။ သမီးက အကောင်းမေးနေတာ။ ခုမှရောက်လာတဲ့သူကို သမီးမကောင်းကြောင်းတွေ တစ်ထိုင်တည်း ပြောနေမိမှာစိုးလို့။ သူ နေသလောက် ရက်အတိုင်း ခွဲ့ခွဲပြီးပြောလို့ ပြောမလို့။ နော် ... အမေက သမီးကို အပုပ်ချချင်တာပဲ ကြည့်မနေနဲ့ ...

Side Effect က အမေတို့ဧည့်သည် ရောက်ရောက်ချင်း ပြန်ပြေးနေဦးမယ်။ နော် ... သတိပေးတာ"

သူမက စကားဆုံးတာနှင့် ထိုင်ရာမှ ဖျတ်ခနဲထ၊ သွားလျှင် သူက ပါးစပ်အဟောင်းသားပွင့်ပြီး ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပါလိမ့်နော်။ တစ်မျိုးထူးဆန်းလိုက်တာ။ တကယ်ကို သူ့ဘဝမှာ တစ်ခါမှ မမြင်ဘူးသော မိန်းမပျိုပေပါပဲ။

သူ ပါးစပ်အဟောင်းသားနှင့် ငေးကျန်နေခဲ့ပုံကို ကြည့်ပြီး ဒေါ်မြမြချွေက ပိုစိတ်တိုသွားဟန်ရှိသည်။

"တွေ့လား ... တွေ့လား ... ကိုအောင်တိုး။ ရှင့်သမီးလုပ်ပုံတွေက နည်းနည်းမှ အချိုးမပြေဘူးနော် ...

ညှော်သည်ရှေ့မှာ ကျုပ်ကို ပြောသွားတာများ ... ဟင်း"

"ရပါတယ် အန်တီ။ ပြဿနာမရှိပါဘူး"

သူက ထမင်းဆက်စားလျှင် ထိုအန်တီက သူ့ကို အားနာသလို စကားဆိုသည်။

"သူနဲ့ ပတ်သက်ပြီး စိတ်တိုင်းမကျတာရှိရင် ပြောနော် သား။ ဒီကောင်မလေးက တကယ်အချိုးမပြေတာ ...

ဒါနဲ့ သား မနက်ဖြန် ဘာအစီအစဉ် ရှိလဲဟင်။ ဘာလုပ်ပေးရမလဲ"

"ရတယ် အန်တီ။ ကျွန်တော် ဒီလိုပဲ လျှောက်ကြည့်ဦးမှာပါပဲ"





သူ ထမင်းဆက်စားနေသဖြင့် သူတို့ကလည်း အလိုက်သိစွာ ဘာမှထပ်မပြောကြတော့ချေ။ သူသည် အညာစာ နွားနို့ခဲချက်ကို စားရင်း စားရင်း ကြိုက်လာသလို ခံစားလာမိသည်။ ပြီးတော့ မြင်းလှည်းကိုလည်း ထပ်၍စီးချင်လာပါသည်။

❋ ❤ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၆

ညက ဘာမှလဲ သိပ်မလုပ်ဖြစ်ဘဲ Sky Net ကလာနေသော ရာရာဗိုဟာရဲ့ တင်းနစ်ပွဲကိုကြည့်ကာ စောစောအိပ်ဖြစ်ခဲ့သည်။ စောစောဆိုတာလည်း ပုဂံကလူတွေအဖို့တော့ တော်တော်ကြီး နောက်ကျနေလောက်ပြီထင်သည်။ ညဆယ်နာရီလောက်ဖြစ်ပါသည်။ သူ့အဖို့မှာတော့ အဲလောက်က စောလှပြီ။ ရန်ကုန်မှာဆိုလျှင်တော့ လုပ်စရာတွေက များသည်။ အင်တာနက် သုံးမလား။ သူငယ်ချင်းတွေနဲ့ အပြင်သွားမလား။ အချိန်တောင်သိပ်မလောက်ချေ။

ပုဂံကိုရောက်တော့ သူ့အတွက် အေးအေးဆေးဆေးလည်း ရှိသွားသည်ဟု ထင်ပါသည်။ သူသည် သူ မဟုတ်တော့





သလို ဖြစ်သွားသည်။ အသစ်ဖြစ်သွားသည်။ ဒါကြောင့် ခရီးသွားခြင်းကို သူ နှစ်သက်တာ ဖြစ်ပါသည်။ စောစောအိပ်လို့ စောစောနိုး (ခုနစ်နာရီခွဲလောက်ပေါ့)လာသော သူဟာ ပြတင်းပေါက်ကတစ်ဆင့် ဝင်လာသော ရနံ့လေးကို ရှူရှိုက်မိ၏။ ဒါ ဘာအနံ့လေးပါလိမ့်။ မိုးနံ့လား။ မိုးနံ့ကိုတော့ ရန်ကုန်မှာ သူ ရဖူးသည်။

ဒါက မိုးနံ့တော့လည်းမဟုတ်။ သူက စဉ်းစားနေတုန်းမှာပဲ ပြတင်းပေါက်ကနေ၍ ချစ်ရင်ထူးကို လှမ်းတွေ့လိုက်ရသည်။ သူက "ဟေး"ခနဲ လက်ပြလိုက်သောအခါ ချစ်ရင်ထူးက သူ့ဆီသို့ ပြုံးပြုံးရွှင်ရွှင်ဖြင့် ရောက်လာသည်။

"မောနင်းကွာ"

"ဟုတ်ကဲ့ … အဟီး … နိုးပြီလား အစ်ကိုလေး"

"အေး … မျက်နှာတော့ မသစ်ရသေးဘူး။ ဒါနဲ့ ငါ မေးချင်လို့ကွ။ ဒီအနံ့ဟာ ဘာအနံ့လဲ"

"ဒီအနံ့ !"

သူ့စကားကို ချစ်ရင်ထူးက သံယောင်လိုက်ကာ နှာခေါင်းကို အပေါ်မော့လျက် ရှုံ့ချည် နဲ့ချည် လုပ်လျှင် သူက ဟက်ခနဲ တစ်ချက်ရယ်မိသည်။ ဒီကလူတွေက ပုံစံတစ်မျိုးစီတွေနဲ့ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့် နှာခေါင်းထဲမှာတော့ ဘာအနံ့မှ မရပါဘူး အစ်ကိုလေးရဲ့"

"ရပါတယ်ကွာ။ မင်းက ရိုးနေလို့ နေမှာပါ။ ငါပြောတာ မွှေးရနံ့ မဟုတ်ဘူး ...

သဘာဝရဲ့ရနံ့ကို ပြောတာ"

"မောင်ရင်ပြောတာ မြေသင်းနံ့"

အဲဒီစကားသံက သစ်ပင်ကွယ်က ထွက်လာတာ ဖြစ်ပြီး သူရော ချစ်ရင်ထူးရောက အသံလာရာဆီသို့ ပြိုင်တူကြည့် မိကြသည်။

သစ်ပင်ကိုမှီပြီး သူတို့ကို စပ်တည်တည် ကြည့်နေသော မြယွန်းရွှေကို တွေ့လိုက်ရသည်။ ဒီကောင်မလေးကို မြင်လိုက်တိုင်း ချည်ထည်လေးတွေကို ဝတ်ဆင်ထားတာ တွေ့ရတာကလည်း တစ်မျိုးစိတ်ဝင်စားစရာ ကောင်းပါသည်။

"ချစ်ရင်ထူး ... နင် တော်တော်ညံ့သေးတာပဲ။ ကိုယ့်ဒေသရဲ့ ထူးခြားမှုကိုတောင် ဒက်ခနဲ မပြောနိုင်ဘူး ဝတုံး"

သူမက ပျစ်ပျစ်နှစ်နှစ်ပြောလျှင် ချစ်ရင်ထူးက ရှုံ့မဲ့သွားသည်။ သူကတော့ ပြုံးမိတော့မလို ဖြစ်သွားပါသည်။



"မမယွန်းကလည်းဗျာ။ ရုတ်တရက်ဆိုတော့ ဘာမှန်းမသိလို့ပေါ့။ အစ်ကိုလေး ပြီးရင် နံနက်စာစားဖို့ လာခဲ့နော်။ ဒေါ်လေးမြက ပြောခိုင်းလိုက်လို့"

"ကောင်းပြီ"

ချစ်ရင်ထူးက ခေါင်းကုတ်ပြီး ထွက်ခွာသွားသော်လည်း သူမကတော့ သစ်ပင်မှာ မှီဆဲပေါ့။ သူက မြေသင်းနံ့ အကြောင်း ထပ်၍စပ်စုလိုက်သည်။

"မြေသင်းနံ့ ဟုတ်လား။ ကိုယ် ဒီအနံ့ကို သိပ်ကြိုက်တာပဲ။ ဒီအနံ့က ဘယ်လိုဖြစ်လာတာလဲ။ ရန်ကုန်မှာ မရဖူးဘူး"

"မောင်ရင်တို့ ရန်ကုန်မှာရတဲ့အနံ့က မိုးနံ့ လေနံ့ပဲ ဖြစ်မှာပေါ့။ ဒါက မြေကြီးပေါ်ကို မိုးကျတဲ့အခါ ထွက်လာတဲ့အနံ့ပဲ။ မိုးရေနဲ့ မြေ ရောစပ်ပြီး ထွက်လာတဲ့အနံ့ကို မြေသင်းနံ့လို့ ခေါ်တယ်"

သူမအပြောကို သူ လက်ခံနိုင်သော်လည်း သူ့ကို ခေါ်ဝေါ်သည့် အခေါ်အဝေါ်ကိုတော့ သူ လက်ခံနိုင်ဖို့ နည်းနည်း ခက်ခဲနေခဲ့ပါသည်။

"နေပါဦး ... မင်း ကိုယ့်ကို ဘယ်လိုခေါ်လိုက်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကြားရဲ့သားနဲ့ ဘာလို့ ပြန်မေးနေတာလဲ"

အာဂ ကောင်မလေးပါလား။ ဒါကြောင့်လည်း သူမအဇ်မနဲ့ မတည့်တာ ဖြစ်နိုင်သည်။

"အတည်ပြန်ပြောတာပါ"

"မောင်ရင် ... လို့ ခေါ်တာလေ။ မကြားဖူးဘူးလား"

"ဘာမောင်ရင်လဲ။ ကိုယ့်နာမည်က မောင်ရင်မှ မဟုတ်တာ"

"သိတယ်လေ ... ဒါဆိုလည်း မောင်မိုးသုလို့ ခေါ်ရမှာလား"

သူက အံ့ဩလွန်းသောကြောင့် ကိုရီးယားမင်းသားတွေလို မျက်လုံးလေးကို မိုးကောင်းကင်ကို မော့ကြည့်ကာ သွားကြားထဲမှ ချိခနဲ လေထွက်ရုံ ရယ်မိသည်။

"နေပါဦး ... မင်းအသက်က ဘယ်လောက်လဲ"

"မောင်ရင်နဲ့ တူတူပဲ"

"ဟား ... ဘာလဲကွာ။ တူတော့ရော အဲဒီ မောင်ရင်လို့ ခေါ်စရာလား။ ဘာနာမည်ကြီးမှန်းလဲ မသိဘူး"

သူက ခေါင်းကုတ်ပြီး ပြောလိုက်လျှင် သူမက စူးစူးစိုက်စိုက် စိုက်ကြည့်ရင်းမှ နှုတ်ခမ်းထောင့်လေးတွန့်ရုံ ပြုံး





သည်။ ပြီးတော့ ချာခနဲ လှည့်ထွက်လို့သွားလျှင် သူကလည်း မကျေမနပ်ဖြင့် ရေရွတ်မိသည်။

"ဟွန်း ... တောနာမည်တွေ လာခေါ်နေတယ်"

"ဘာရယ်"

မကြားလောက်ဖူးထင်ပြီး သူက ပြောလိုက်သော်လည်း သူမက ကြားဖြစ်အောင်ကြားပြီး လှည့်လာသည်။ ပြီးတော့ သူ့ကို ပြုံးထေ့ထေ့စိုက်ကြည့်ရင်းမှ လက်ညှိုးထိုးကာပြောသည်။

"ပုဂံက တော ... ဟုတ်လား။ ဒီမှာ မှတ်ထားလိုက်။ ရန်ကုန်ဆိုတာ ပေါ်မလာခင်ကတည်းက ပုဂံက ရှိနေခဲ့ပြီးသား။ ကမ္ဘာသိတဲ့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ...

ပထမမြန်မာနိုင်ငံတော် ... နော်။ သဘောပေါက်ထားဦး။ အိမ်စာမလုပ်ဘဲ ကျောင်းလာမတက်နဲ့ မောင်ရင်ဟင်း"

အံမယ် ... အံမယ်။ သူမ ဘာပြောသွားတာလဲ။ ပြောပြီးပြီးချင်းပဲ ချာခနဲ လှည့်ထွက်သွားသဖြင့် သူ့မှာ ဘာမှ ပြန်မပြောသာလိုက်ချေ။ ကြည့်စမ်း ... တကယ့်စွာတဲ့ ကောင်မလေးပဲ။ မိဘတွေက သူ့ကို ဖူးဖူးမှုတ်အရေးပေးသလောက် သူမကတော့ ပြောချင်ရာပြော၊ ခေါ်ချင်သလို ခေါ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းတစ်ချက်ယမ်းကာ မျက်နှာသစ်ဖို့ ထွက်လာခဲ့သည်။ မြေသင်းနံ့သင်းပျံ့နေသော ပုဂံမြေသည် သူ့စိတ်ကို တိမ်းမူးအောင် ဖမ်းစားထားသည်။ နေရောင်ခြည် ခပ်ဖျော့ဖျော့ရလျက် မှိုင်းအုံ့နေသော ပုဂံမြေဟာ အပေါ်စီးကကြည့်လျှင် ဘယ်လောက်များ လွမ်းစရာကောင်းနေလိမ့်မလဲ။

သူ ချက်ချင်းဖဲ့ အပြင်ထွက်ချင်လာသည်။ ပုဂံမြေသည် သူ့ကို ညှို့ယူဖမ်းစား ခေါ်ငင်နေသည်ဟု ထင်ပါသည်။

*❤*





## ၇

"ဟာဗျာ ... မလိုက်ချင်ပါဘူးဗျာ။ အမေတို့ကလည်း။ သူ့ဟာသူ သွားပစေပေါ့လို့"

အနည်းငယ် ကျယ်လောင်သွားသော ယွန်းရဲ့ပါးစပ်ကို အမေက လက်ဖြင့်လိုက်အုပ်ကာ မာန်မဲသည်။ အပြင်ဘက်သို့ ကြားသွားမှာ စိုးသည့်ပုံနှင့် စောင်းငဲ့ကြည့်ကာ ...

"ဟဲ့ ... နင့်အသံကို တိုးစမ်း။ ဘာလို့ မလိုက်ရမှာလဲ။ ကိုယ့်အိမ်ကိုလာတဲ့ ဧည့်သည်၊ ကိုယ့်ဒေသကို လာလည်တဲ့ ဧည့်သည်လေ ...

ဧည့်ဝတ်မကျေလို့ ဖြစ်မလား။ သူ့မိဘတွေရဲ့ကျေးဇူးတွေ ငါတို့အပေါ်မှာ အများကြီးရှိတယ်ဆိုတာ နင်မသိဘူးလား ... ဟမ်"



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူးဗျာ။ အဲဒါ အမေတို့အပေါ်ရှိတာ။ သမီးအပေါ်ရှိတာမှ မဟုတ်တာ"

"ဟဲ့ ... ညည်း ဘယ်လိုပြောလိုက်တာလဲ (ဒေါက်)"

ပြောရင်း ဆိုရင်း လက်ပါ,ပါလာသော အမေက ခေါင်းကို ဒေါက်ခနဲမြည်အောင် ခေါက်ချလိုက်လျှင် ယွန်းက အားခနဲ အော်မိသည်။ အကျယ်ကြီးပဲမို့ အဖေလည်း ကြားသွားကာ ရောက်လာသည်။

"ဟဲ့ ... ဒီသားအမိတွေ ဘာဖြစ်နေကြတာတုံး။ အပြင်မှာ ညဲ့သည်ရောက်နေတယ်လေ"

"ဘာဖြစ်ရမှာလဲ ... တော့်သမီးပေါ့။ ဟိုကောင်လေးကို အပြင်လိုက်ပို့ပေးလိုက်ပါ၊ လိုတာ လိုက်ကူညီပေးလိုက်ပါဆိုတာကို ကပ်ဖိုးကပ်ဖဲ့ လုပ်နေတယ်လေ ...

နားမလည်ဘူး"

"အမေက နားမလည်တာ။ ကိုယ့်သမီး အပျိုလေးကို တစ်ရွာသားနဲ့ နှစ်ယောက်တည်း လွှတ်ချင်တာ သင့်တော်၏ မသင့်တော်၏ မစဉ်းစားဘူး"

ဦးအောင်တိုးမှာ သမီးဖြစ်သူ၏ ကြီးကြီးကျယ်ကျယ် စကားကြောင့် ရယ်ချင်သွားရသည်။ သူ့သမီးလေးမှာ အဲဒီလို





ကြီးကြီးကျယ်ကျယ် စကားများကို အခုမှ ပြောတာမဟုတ်ချေ။ ငယ်ငယ်လေးတည်းက အရွယ်နှင့်မလိုက်အောင် ပြောခဲ့တာဖြစ်ပြီး သူကတော့ သဘောကျရသည်။

မိန်းမ,မဆန်ဘဲ နေရာတကာမှာ သတ္တိရှိရှိ မကြောက်မရွံ့ ပြောရဲဆိုရဲသော သမီးလေး၏သတ္တိကို သူကတော့ ကြိုက်သည်။ မွေးထားတာက တစ်ယောက်တည်းဆိုတော့ မိန်းမဖြစ်စေချင်သလို နူးနူးညံ့ညံ့မိန်းကလေး မပီသတာပဲ သူကတော့ သဘောကျနေတာ ဖြစ်လေသည်။

ဦးအောင်တိုး သဘောကျနေသလောက် ဒေါ်မြမြရွှေကတော့ ယွန်းရဲ့စကားကို ဒေါပွသွားသည်။ အမေထက် သမီးက တစ်လကြီးနေသည် မဟုတ်ပါလား။

"အောင်မာ ... ငါမွေးတဲ့မျောက်ကများ ငါ့ကိုပြန်ခြောက်လို့။ ဒါမျိုးကျ သမီးမိန်းကလေး အပျိုလေး ဘာလေးနဲ့ တော်တော်မိန်းမပီသနေ၊ ညည်းကို ငါက မိန်းမလို့မသတ်မှတ်ခဲ့တာ ကြာပြီ မိယွန်းရဲ့ ...

နော် ... ညည်းကိုရော ဟိုက ဘာလုပ်မှာမို့လို့လဲ။ ဒီအဆင်နဲ့ ဒီအဆင် ဘယ်သူမှ ဘာမှမထင်ဘူးဟဲ့ ... သိလား"



www.burmeseclassic.com

www.burmeseclassic.com



အမေ့ အပြောကြောင့် ယွန်းက ဒေါ်ပွသွားသည်။ အဲဒီအမေဟာ မွေးထားတဲ့ သမီးမိန်းကလေးကို ဘာကြောင့်နှိမ်ချင်ရတာလဲ။ အကောင်းမပြောချင်ရတာလဲဆိုတာ စဉ်းစားလို့တောင် မရပါချေ။

"ကဲပါ ... ရှင်မရာ့။ ကလေးကို အဲလိုတွေ မပြောဘဲ နားလည်အောင် ပြောပါလားကွာ ...

ဒီမှာ သမီးရေ။ မောင်မိုးသုရဲ့အဖေဟာ အရင်ဒီဘက်နယ်တွေကို အစိုးရခဲ့တုန်းက စိတ်ကောင်း စေတနာကောင်း အင်မတန်ရှိပြီး အဖေတို့ကိုလည်း လုပ်ငန်းပိုင်းဆိုင်ရာမှာ အများကြီး အကူအညီပေးခဲ့တဲ့သူပါကွယ်။ အခု သူ့သားလေး ဒီကိုရောက်တဲ့အခိုက်မှာ အစစအရာရာ ကူညီတာမျိုး ဖြစ်စေချင်လို့ပါ ...

သူ မသိတာလေးတွေ ပြောပြ ရှင်းပြ။ သွားချင်တဲ့ နေရာလေးတွေ လမ်းညွှန်ပေးပေါ့ သမီးရယ်၊ ဟုတ်ပလား"

"ပုဂံလမ်းညွှန် ရှိတာပဲ အဖေရာ"

"ကြည့်ပါလား။ ကိုအောင်တိုး ... ရှင် ဘာမှထပ်ကွန့်မနေနဲ့။ ဒီဟာမလေးက ကောင်းကောင်းပြောလို့ကို မရတာ။ အလကား နားကပ်ကြားမ"





မှတ်ချက်။ နကပ်ကြား = နွားကပ် (ပြောဆိုမရ ခိုင်းမကောင်းသော နွားပေါက်စလေး ဖြစ်ပါသည်)

"သြော် ... သမီးရယ်။ ပုဂံလမ်းညွှန်က လူမှမဟုတ်တာကွယ်။ ကဲပါ ... သမီး နားလည်ရုံသားနဲ့ အဖေတို့ကို သက်သက်ဆိုးနေတယ် ဆိုတာ အဖေ သိပါတယ် ...

အပြင်မှာ မောင်မိုးသု စောင့်နေတယ်။ အဝတ်အစား လဲပြီး ထွက်ခဲ့တော့နော်။ ကဲ ... ရှင်မ၊ မင်းလည်းပြောမနေနဲ့တော့။ သူ့ဟာသူ လာလိမ့်မယ်၊ လာ ... လာ"

အဖေက အမေ့ကို ဆွဲခေါ်သွားလျှင် ယွန်းက စိတ်ပျက်လက်ပျက်နှင့် ခေါင်းကို ကုတ်ဖွပစ်ကာ ခုတင်ပေါ်သို့ ဝုန်းခနဲ ပစ်လှဲမိသည်။ တကယ်ပါပဲကွာ။ ကိုယ်နဲ့မခင်တဲ့ လူတစ်ယောက်နဲ့ အတူတွဲသွား တွဲလာ မလုပ်ချင်ပါဘူးဆိုမှပဲ။

ယွန်းက စိတ်ပျက်လက်ပျက်ဖြင့် ကျစ်ခနဲ စုတ်သပ်ကာ အဝတ်အစား လဲရသည်။ အပြင်ဘက်မှာ မိုးရိပ်မိုးငွေ့ရှိကာ မိုးသက်လေလေးလည်း တိုက်ခတ်နေသည်မို့ ချည်သားအင်္ကျီ ကာလာစုံအစင်းကြား ရှပ်အင်္ကျီလက်ရှည်ကို လက်ခေါက်ဝတ်ကာ ဂျင်းစတော်ကင်နှင့် တွဲဖက်ဝတ်ဆင်လိုက်သည်။ ကုပ်ဝဲရှဲ ယွန်းရဲ့ ဆံပင်တွေကရော ခေါင်းလျှော်ထားသည်မို့ မခြောက်တခြောက်



www.burmeseclassic.com

www.burmeseclassic.com

ဖွာရရာကြဲနေပုံမှာ ဖိုဘီကိတ် လေယာဉ်ပေါ်က ဆင်းလာသည့် အလားပင်။

အဟား ... အဲလို တွေးလိုက်တော့လည်း ရင်ထဲမှာ နည်းနည်းပျော်သွားသည်။ ယွန်းသည် ဖုန်းထည့်သည့် ရွှေခြည်ထိုး အိတ်လေးကို စလွယ်သိုင်းလွယ်ပြီးနောက် မသုံးမဖြစ် CK Beauty ရေမွှေးကိုဆွတ်ကာ အပြင်ဘက်သို့ ထွက်လာခဲ့သည်။ ဧည့်ခန်းထဲမှာက ကျေးဇူးရှင်မိဘနှစ်ပါးနှင့်အတူ ဟိုကျေးဇူးရှင် ပါ ထိုင်နေသည်။ အဖေက ယွန်း ဝင်လာတာ မြင်သောအခါ ကျေနပ်အားရသော ပုံစံဖြင့် ...

"ဟော ... သမီးတောင် လာပြီ။ ကဲ ... မောင်မိုးသုရေ ပုဂံမှာ ဘာတွေရှိလဲ၊ ဘာဖြစ်နေလဲ What's up Bagan? ပေါ့ကွာ၊ သိချင်တာ သွားချင်တာ မှန်သမျှ သမီးကကောင်း ကောင်း အကူအညီပေးပါလိမ့်မယ်၊ ဟုတ်ပလား"

"ဟုတ်ကဲ့ ... သင့်ခ်ယူပါ အန်ကယ်"

ဟွန့်ခနဲပဲ စိတ်ထဲမှာ ပြောမိကာ ယွန်းက မျက်နှာ ကို သူတို့မမြင်အောင် အသာမဲ့မိသည်။ ရန်ကုန်သားက အဖေနဲ့ အမေကို မတ်တတ်ရပ်ပြီး ဦးညွှတ်နှုတ်ဆက်သည်။ အင်း ... ရန်ကုန်သားတွေများ ဝတ်တတ် စားတတ်တယ် ဆိုတာကတော့





တကယ်မှန်သည်။ ကြည့်ပေဦး ... ပန်းနုရောင်တီရှပ်နှင့် ဂျင်း(န်) မှိုတက်အနက်ဘောင်းဘီကို ဝတ်ဆင်ထားသည်မှာ သူ့ကိုယ်သူ ရုပ်ရှင်ရိုက်တော့မည့်အတိုင်း။ လည်ပင်းမှာ Ray-Ban မျက်မှန် က ချိတ်ထားသေးသည်။ လက်မှာပတ်ထားသော ဒိုင်ခွက်ကြီးကြီး ဖန်စီနာရီ၊ လည်ပင်းမှာဆွဲထားသော ဖန်စီကြိုး စသဖြင့် သူ့ကိုယ် သူတော့ ကြော့နေအောင် ပြင်ဆင်ထားတာ တွေ့ရလေသည်။

"သွားကြစို့ ယွန်းမြရွှေ"

သူ့ကားနား အရောက်တွင် အဲဒီလို ပြောလိုက်သော ကြောင့် ယွန်းက ဟက်ခနဲပဲ အသံထွက်အောင် ရယ်မိသည်။ ပြီးတော့ ခါးထောက်လိုက်မိကာ ...

"ဘာရယ် ... ယွန်းမြရွှေ ဟုတ်လား။ မောင်ရှင့်ကို Guide လုပ်မယ့် ... အဲ FOC Guide ရဲ့ နာမည်ကိုတော့ မှန်အောင် ခေါ်သင့်တယ်လို့ မထင်ဘူးလားဗျာ"

ယွန်းရဲ့ ချက်ကျ လက်ကျ အပြောကို သူကသဘော ကျသွားသလို ပြုံးစိစိ ဖြစ်သွားသည်။ ပြီးတော့မှ လက်တစ်ဖက် ထောင်ပြပြီး ခေါင်းတစ်ချက်ညိတ်ကာ ...

"ဆောရီး ... ကိုယ် မှားသွားတာပါ။ ရွှေယွန်းမြ ဟုတ် တယ်မလား"


www.burmeseclassic.com

www.burmeseclassic.com



သူက လက်ညှိုးတစ်ချောင်းထောင်ကာ ဟန်ကျပန်ကျ ပြောသော်လည်း ယွန်းက စိတ်ပျက်လက်ပျက်ပုံစံဖြင့် ကျစ်ခနဲ စုတ်သပ်မိသည်။ ပြီးတော့မှ မြန်မြန်သွား နားအေးတယ် ဆိုသော ပုံစံဖြင့် လက်ခါပြကာ ...

"ကဲ ... မောင်ရင်၊ ဘယ်သွားမှာလဲ ပြော"

"မသိဘူးလေ"

"ဟင် ... ဘာမသိဘူးလဲ။ မောင်ရင်က အခု ဘာလုပ်မှာလဲ။ ခတ်ပုံရိုက်မှာလား"

"ရိုက်မလားလို့ပဲလေ"

"ဟား ... ကြိုက်တောင် ကြိုက်နေပြီကွာ"

ယွန်းက ခါးထောက်ရင်း မိုးကောင်းကင်ကို မော့ကြည့်ကာ ပြောမိသည်။

"ဟာ ... ဘာကြိုက်တာလဲ။ မင်းတို့ အညာသူတွေ တော်တော်ပွင့်လင်းတာပဲနော်"

"ဖွတ် ... ထင်ရက်လိုက်တာဗျာ၊ မောင်ရင့်ရဲ့အချိုးမကျတဲ့ ပြောပုံ ဆိုပုံတွေကို ရွဲ့မြောနေတာ သိပလား ...

ကဲ ... သွားမယ်။ ကားသော့ပေး"

"ဘာလဲ ? ၊ မင်း မောင်းမလို့လား"





"ဟုတ်တယ်လေ"

"အို ... No ... No ... I don't let you drive"

"ဘာပြောတယ်"

"ဒီလောက်တော့ မင်း နားလည်မယ်ထင်လို့ ပြောလိုက်တာပါ။ ဘာလဲ ? ။ နားမလည်ဘူးလား။ ကိုယ် မြန်မာလို ပြန်ပြောရမလား"

ယွန်းက ချဉ်လွန်းအားကြီးသဖြင့် ဘာမှပြောချင်စိတ် မရှိတော့ဘဲ ခါးကိုသာ ထောက်နေလိုက်သည်။ သူကပဲ ဆက်ပြောပါသည်။

"ကိုယ့်ကားကို ကိုယ်ကလွဲပြီး တခြားဘယ်သူမောင်းတာမှ မကြိုက်ဘူးကွ။ ဒီကားလေးကို ကိုယ့်ရဲ့အသက်နှစ်ဆယ့်တစ် မွေးနေ့မှာ ဖေဖေဆီက လက်ဆောင်ရထားတာလေ။ အဲဒါ ..."

"ဘယ်သူက မေးနေလို့လဲ"

ယွန်းက ဖြတ်ပြောလိုက်လျှင် သူက အဲ့ခနဲ ဖြစ်သွားသည်။ ပြီးတော့မှ ပြုံးစေ့စေ့ဖြင့် စိုက်ကြည့်ကာ ...

"မင်း သိအောင် ပြောပြတာပါ။ ကိုယ်က ဘလိုင်းကြီး တိုထွာနေတာ မဟုတ်တဲ့အကြောင်းကို။ ပြီးတော့ မိန်းက



www.burmeseclassic.com

www.burmeseclassic.com



လေးမောင်းတဲ့ ကားကိုလည်း မစီးချင်ဘူး။ အဲ ... ခြင်းချက်တစ်ခုတော့ ရှိတာပေါ့”

“တော်စမ်းပါ မောင်ရင့် လေလုံးတွေ ဆက်နားမထောင်ချင်တော့ဘူး။ ဘယ်လိုလုပ်မှာလဲ ပြော။ သွားမှာလား ... မသွားဘူးလား”

“အင်း ... သွားမှာပါ။ ကဲ ... ကိုယ်မောင်းမယ်။ မင်းက ဘေးကနေ လမ်းညွှန်။ ကိုယ် အခု ပုဂံဘုရားတွေကို အမြင့်တစ်နေရာကနေ ကြည့်ချင်တယ်”

“ဒါများ ... နန်းမြင့်မျှော်စင်ကိုသွား”

“No ... No ... နန်းမြင့်မျှော်စင် ဆိုတာ ဘယ်ဘုရင်တည်ဆောက်ခဲ့တာလဲ”

“ဘာပြောတယ်”

သူက နှာခေါင်းကို တစ်ချက်ပွတ်ပြီးမှ ယွန်းကို ပြုံးထေ့ထေ့နှင့် စိုက်ကြည့်သည်။ အဲဒီအကြည့်ကို ယွန်း မကြိုက်ချေ။ အဲသလို ပြုံးထေ့ထေ့ပုံစံကို သိပ်မုန်းပါသည်။

“ခြော် ... နန်းမြင့်မျှော်စင်ကို ဘယ်ဘုရင် တည်ခဲ့တာလဲလို့ မေးတာပါ”

“ဘယ်ဘုရင်မှ မတည်ဘူး။ အသစ် ... အသစ် ! ”





“အဲဒါကြောင့် စိတ်မဝင်စားတာလေ။ နန်းမြင့်မျှော်စင်က နေကြည့်ရင် ပုဂံတစ်မြို့လုံးကို မြင်ရတယ်ဆိုတာ သိတယ် ... ဒါပေမဲ့ အသစ်ကို စိတ်မဝင်စားဘူး။ ကိုယ်က အဟောင်းတွေကိုပဲ စိတ်ဝင်စားတာ။ နှစ်ပေါင်းထောင်ချီကဟာတွေကိုပဲ စိတ်ဝင်စားတာ”

ယွန်းက ဘာမှမပြောတော့ဘဲ ကားမောင်းသူရဲ့ဘေးခုံမှာ ဝင်ထိုင်လိုက်တော့သည်။ အဲဒီနောက် သူက တက်ထိုင်ကာ စက်နှိုးမောင်းနှင်သည်။ သူက ဘယ်သွားမှာလဲ မေးသော်လည်း ယွန်းက မပြောချေ။ လမ်းကိုသာ ညွှန်းသည်။ သူကလည်း သီချင်းလေး တညည်းညည်း လမ်းဘေးဝဲယာရှုခင်းများ တကြည့်ကြည့်ဖြင့် ကားကို ဖိမ်ဆွဲမောင်းနှင်လေသည်။

တောက် ... လိပ်ဂ အဖေခေါ်ရမယ့် ကား။

✱❤✱



www.burmeseclassic.com

www.burmeseclassic.com



၁

မမ္ဘရာဇကဘုရားတဲ့။ ဒီဘုရားက ပုဂံမှာရှိသော ဘုရားတွေထဲမှ အပေါ်သို့တက်ခွင့်ပေးထားသော ဘုရားဖြစ်သည်။ ဓမ္မရာဇကမင်း တည်ထားခဲ့သောဘုရားဟု သိရပြီး အေးမြသာယာသော ရေကန်တစ်ကန်လည်း အနားမှာ ရှိသေးသည်။ နွားနို့စစ်စစ်ရောင်းသောဆိုင်၊ အဆာပြေစားဖို့ မုန့်ဆိုင်လေးများ စသဖြင့် ကျန်ဘုရင်များနှင့် အတန်ငယ်ဝေးသော်လည်း စိတ်ဝင်စားစရာကောင်းသော ဘုရားတစ်ဆူမို့ ရောက်လာသူ များပါသည်။

မိုးအုံ့မှိုင်းညို့နေသော ပုဂံရဲ့မြင်ကွင်းကို ကြည့်ကာ သူ့ရင်ထဲမှာ လွမ်းဆွတ်လာသည်။ ဘာကို လွမ်းဆွတ်မှန်းတော့ မသိပေ။ ဒီကြားထဲမှာ ဖောက်လာတာက သူမ ... ပုဂံသူမ။





"ကျုပ် ကားပေါ်ကပဲ စောင့်မယ်"

ဘုရားရှေ့မှာ ကားရပ်ပြီး ယာခင်းမှာပဲ သူမက လက်ပိုက်ပြီးပြောတာဖြစ်သည်။ သူက ခေါင်းကို အသာယမ်းပြကာ ...

"မဖြစ်ဘူး"

"ဘာလို့ မဖြစ်ရမှာလဲ"

"ဟာ ... မင်းကို ငါ့ရဲ့ Guide အဖြစ် ထည့်ပေးလိုက်တာလေ။ Guide က ကားပေါ်မှာ အခန့်သား ထိုင်စောင့်နေတယ်လို့ ဘယ်တုန်းက မင်း ကြားဖူးလို့လဲ"

"အေး ... မြယွန်းရွှေ လက်ထက်မှာ ကြားဖူးပြီ မဟုတ်လားကွာ"

သူမရဲ့တိုက်ပွဲခေါ်သံလို အပြောနှင့် အထိုင်ကို သူက တအံ့တသြနှင့် စိုက်ကြည့်ရင်း ဟက်ခနဲ သဘောကျစွာ ရယ်မိသည်။ ကြည့်ဦးလေ ပြောပုံကလည်း ရိုက်ပေါက်၊ ထိုင်နေတဲ့ပုံစံကလည်း ခါးနဲ့ထိုင်တဲ့ ပုံစံလို့ ပြောရမလား ခပ်လျှောလျှောမှီထိုင်နေတာဖြစ်ပြီး ဖိနပ်တစ်ဖက်ချွတ်ကာ ဒူးတစ်ဖက်ကို ထောင်ထားလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com

တား ... တကယ် သဘောကျတယ်ကွာ။ လုံးဝ ပုဂံသူ အပေအတေပဲ။ သူ့အတွက် ဒီပုဂံသူက အတော်စိတ်လှုပ်ရှားမှုတွေကို ပေးစွမ်းနိုင်သည်ဟု ထင်ပါသည်။

"မင်း တော်တော်ရယ်ရတာပဲ မြယွန်းရွှေ"

"ရယ်ပေါ့ဗျာ။ မောင်ရင့် ပါးစပ်နဲ့ မောင်ရင် ရယ်တာပဲ"

"အေးပါ။ ဒါပေမဲ့ မင်း အဲလိုလုပ်လို့ မရဘူး။ ငါ တစ်ယောက်တည်း ဘုရားပေါ်ကို ပစ္စည်းတွေနဲ့ တက်လို့မနိုင်ဘူး။ မင်း ကူညီမှ ရမယ် မြယွန်းရွှေ"

"ဘာလဲ ... ကျုပ်က မောင်ရင့်ဟာကို ကိုင်ပေးရဦးမယ်ပေါ့"

"အမယ်လေး ... အမယ်လေး။ ဘာကို ပြောတာလဲ။ ခွဲခွဲခြားခြားပြောပါ ပုဂံသူရယ်"

"မောင်ရင့်ဟာတွေလေ။ မောင်ရင့်ပစ္စည်းတွေကို ပြောနေတာ"

"အင်းလေ ... ဒီမှာ ဓာတ်ပုံရိုက်ဖို့ ပစ္စည်းတွေက ပါသေးတာပဲ။ ထရိုင်ပေါ့တွေ ဘာတွေ မင်း သယ်ရမယ်လေ"

"ဘာ"





အဲဒီ အော်သံကျယ်ကြီးက ဆောင့်ထွက်လာသောကြောင့် သူက နားကိုတောင် ကမန်းကတန်း ပိတ်လိုက်ရသည်။

"ဟာ ... ဘာလို့ နင်းကန်အော်နေရတာလဲ။ ကျုပ် ... သေတော့မှာပဲကွာ၊ နားတွေတော့ လေးကုန်တော့မှာပဲ"

ယွန်းက သူ့ကို စူပုပ်နေသော မျက်နှာဖြင့်ကြည့်ကာ နှုတ်ခမ်းကို တင်းတင်းစေ့ထားမိသည်။

"ကဲ ... သွားမယ်၊ ကြာတယ်ကွာ ... လာ"

သူက လောခော်ပြီး ကားထဲကထွက်ကာ နောက်ခန်းတံခါးကို ဖွင့်သည်။ နောက်ခန်းထဲမှာ ထည့်ထားသော ကင်မရာထည့်သည့်အိတ်၊ ထရိုင်ပေါ့၊ သူ့ကျောပိုးအိတ် စသဖြင့် တစ်ခုချင်း ထုတ်ယူကာ သယ်ဖို့ပြင်သည်။ သူမက သူ့အနားသို့ ခပ်တည်တည်ဖြင့် ရောက်လာကာ ...

"ကျုပ် အိတ်ပဲကိုင်မှာနော်"

သူက သူမ မမြင်အောင် အသာပြုံးလိုက်ပြီးနောက် ကင်မရာထည့်သည့်အိတ်ကို ကမ်းပေးလိုက်လျှင် သူမက စေတနာမရှိဟန်ဖြင့် ယူသည်။ အဲဒီနောက် သူတို့နှစ်ဦးသားမှာ ဓမ္မရာဇက ဘုရားပေါ်သို့ တက်လာခဲ့ကြပါသည်။ အပေါ်ဆုံးသို့ ထပ်၍တက်


www.burmeseclassic.com

www.burmeseclassic.com



လို့ မရနိုင်တော့တဲ့ နေရာအထိ တက်လာခဲ့ပြီးနောက် သူက လှေကားထောင့်စွန်း တစ်နေရာမှာ ထိုင်သည်။

အိုး ... ကြည့်ပေဦး။ ဘယ်လောက်လှပလိုက်တဲ့ ရှုခင်းလည်းကွာ။ မှိုင်းညို့နေတဲ့ တန့်ကြည်တောင်တန်းနောက်ခံနဲ့အတူ အညိုရောင်တိမ်တိုက်တွေ စိမ်းစိုသစ်ပင်တွေကြားမှာ လွှန်ခဲ့တဲ့ နှစ်ပေါင်းထောင်ချီက စေတီပုထိုးတွေ။ ဘုရားစေတီအဆူဆူက တည်ငြိမ်ရင့်ကျက်စွာ ငြိမ်သက်နေကြသည်။ အံ့မခန်းဖြစ်စေတဲ့ ဗိသုကာလက်ရာတွေနဲ့ စေတီတစ်ဆူနဲ့တစ်ဆူ ဗိသုကာလက်ရာတွေ မထပ်စေရ။ မြန်မာတွေ ဘယ်တုန်းကမှ မညံ့ခဲ့ချေ။ သူ့ရင်ခွင်တစ်ခုလုံး လှိုင်းထန်လာလောက်အောင် ပတ်ပတ်လည် မြင်နေရသော မှိုင်းညို့ရင်ခွင် ပုဂံရှုခင်းသဘင်က ဖမ်းစားထားသည်။

"အဟမ်း ... အဟမ်း"

သာသနာဖျက် ချောင်းဟန့်သံကြီးကြောင့် သူက အာရုံဖျက်စွာဖြင့် လှည့်ကြည့်လိုက်လျှင် သူမက ရှုတည်တည်ဖြင့် စိုက်ကြည့်နေတာ တွေ့ရသည်။

"ရိုက်မှာဖြင့် ရိုက်လေ။ ဘာလုပ်နေတာလဲ"





"ဘာရိုက်ရမှာလဲ"

"ဟာ ... ဘာကြောင်နေတာလဲ။ မောင်ရင်ပဲ ဓာတ်ပုံရိုက်မှာဆို။ ဓာတ်ပုံ မရိုက်ဘဲ ပါးစပ်အဟောင်းသားဖွင့်ပြီး နတ်ကရာ ကျိုးမော့်နေတာ ဘာသဘောလဲ"

သူက ပုဂံသူမရဲ့အပြောကို သဘောကျလွန်းတာကြောင့် ဟက်ခနဲပင် ရယ်မိသည်။ ဒီကောင်မလေးဟာ သူနားမလည်သော စကားတွေ အတော်ပြောပါသည်။ အင်း ... နားမလည်ဘူး ဆိုတာထက် သူ သိပ်မကြားဖူးသော စကားလုံးများဆိုလျှင် ပိုမှန်မည်။

"ဘာလဲကွာ ... နတ်ကရာ ကျိုးမော့် ဆိုတာ"

သူ့စကားကို သူမက သရော်တော်တော် ပြုံးသည်။ အဲဒီနောက် ဘာမှပြန်မဖြေဘဲ တစ်ဖက်သို့ မျက်နှာလှည့်သွားလေသည်။ အင်း ... အညာသူ ပုဂံသူ ဆိုတော့လည်း စကားလုံးဝေါဟာရတွေက မြန်မာဆန်လောက်သည်။ ဗန်းစကားမဟုတ်ပေမယ့် သူ မသိသော မြန်မာစကားတွေလည်း အများကြီးပဲ ရှိဦးမည် ထင်ပါသည်။

"မင်းကလည်း နည်းနည်းပါးပါး စိတ်ရှည်ဦးမှပေါ့။ ကိုယ်က မနေ့တစ်နေ့ကမှ ပုဂံကို ရောက်တဲ့သူလေ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်လှပတဲ့ မြင်ကွင်းကို မှင်သက်ငေးမောနေမိတာ လွန်လား။ မင်းတောင် ဂုဏ်ယူရဦးမယ်"

"ဒီမှာ ... ကျုပ် တစ်ယောက်တည်း ထူးပြီးဂုဏ်ယူရမယ့် ကိစ္စ မဟုတ်ဘူး၊ သဘောပေါက်လား။ ပုဂံဆိုတာ မြန်မာ တစ်မျိုးသားလုံးနဲ့ ဆိုင်တယ် ...

ဒီနယ်မြေကို ကျုပ်တို့ပဲ ထိန်းသိမ်းစောင့်ရှောက်ရမှာ မဟုတ်ဘူး။ မြန်မာတစ်မျိုးသားလုံး ထိန်းသိမ်းစောင့်ရှောက်ရမှာ"

"ဩော် ... ဟုတ်ကဲ့။ မှတ်သားထားပါ့မယ် ခင်ဗျ"

"ကဲ ... မောင်ရင် လုပ်စရာရှိတာ လုပ်တော့။ နားငြီးတယ်။ ကျုပ်လည်း FM Bagan နဲ့ ငြိမ်ပြီ ... ဒါပဲ"

သူမက ခပ်ပြတ်ပြတ်ပြောရင်း နားထဲကို နားကြပ် ထိုးသွင်းကာ ထောင့်တစ်နေရာမှာ ငုတ်တုတ်သွားထိုင်ပြီး ကျောမှီနေလျှင် သူက စိတ်ပျက်လက်ပျက်နှင့်ပဲ ပြုံးရပါသည်။ ဘယ်လို ကောင်မလေးမျိုးမှန်းလည်း မသိပါ။ ကိုယ့်ကိုယ်ကိုယ်လည်း ပြောတာမဟုတ်။ သူနဲ့တွေ့တဲ့ ကောင်မလေးတိုင်းဟာ သူ့ကို ဆိုလျှင် ခင်မင်ရင်းနှီး နှစ်သက်ကြစမြဲဖြစ်ပြီး အားလုံးနဲ့လည်း မိတ်ဆွေသူငယ်ချင်း ဖြစ်သွားကြတာချည်းပင်။ ဒီပုဂံသူ့နဲ့ကျမှ





အဘယ်ကြောင့် ဒိုးဒိုးဒေါက်ဒေါက် ဘုနဲ့ဘောက် ဖြစ်နေရပါသနည်း။

တော်ပြီ။ အဖြေမရှာတော့ပါ။ သူက အိတ်ထဲမှ ကင်မရာကို ထုတ်ဆင်ပြီးနောက် မြင်ကွင်းထဲမှာ ပေါ်လာသော ပုံရိပ်တွေကို လွတ်လပ်စွာ ရိုက်ကူးမိသည်။ ဒီအချိန်မှာ အလင်းတွေ အမှောင်တွေ သူ မသိ။ သင်ထားတဲ့ ပညာရပ်တွေ သူ မသုံး။ ဓာတ်ပုံပညာအကြောင်း ဘာမှနားမလည်တဲ့သူတစ်ယောက်လို လွတ်လွတ်လပ်လပ် ရိုက်ချင်သလို ရိုက်ပစ်လိုက်သည်။

နဂိုရှိသော ပုဂံသည် နဂိုင်း ဘယ်လောက်ထွက်မလဲ ဆိုတာ ရင်ခုန်စွာနဲ့ သိချင်၍ဖြစ်၏။

* ❤ *



www.burmeseclassic.com

www.burmeseclassic.com



## ၉

"ဟဲ့ ... အမယ်လေး။ ဖြည်းဖြည်းလုပ်ပါ မိုယွန်းရယ်။ ဒီမှာ စုတ်က လက်ကိုထိုးမိတော့မယ်"

ယွန်းက စုတ်ဖြင့် ယွန်းထိုးနေသော သင်းဝါရဲ့ဘေးမှာ ဝုန်းခနဲပစ်တိုက်ပြီး ဝင်ထိုင်လိုက်လျှင် သင်းဝါက အလန့်တကြားပြောလိုက်တာဖြစ်သည်။ စုတ် ခေါ် သံချွန်ကညစ်လေးဖြင့် ယွန်းထည်ပေါ်မှာ ပန်းပွင့်ကနုတ်တွေ ရေးဆွဲနေသော သင်းဝါမှာ Mood အောက်တာက အရေးမကြီး။ သူ အောက်တာထက် ယွန်းက အဆတစ်ရာလောက် ဆိုးဝါးနေလေသည်။

"Mood အောက်သွားသလား"

"အေး"





ဘုမသိ ဘမသိဖြင့် အေးခနဲပြောပြီးတော့မှ ဘာလဲ ဟင်ဟု ပြန်မေးသည်။ တစ်လောကလုံးကို စိတ်ကုန် စိတ်ပျက်နေသော ယွန်းက ဂျွတ်ခနဲစုတ်သပ်မိသည်။ ဖြစ်နိုင်လျှင် သင်းဝါရဲ့လက်ထဲမှ စုတ်ကိုယူကာ ရန်ကုန်သားရဲ့ နှာခေါင်းပေါက်ထဲသို့ ထိုးသွင်းစိုက်ပစ်ချင်လှသည်။

"ဟဲ့ ... နင်က ဘာဖြစ်နေတာလဲ။ ဟို ... ညှိသည်ရော"

"မျိုဆို့နေတယ်"

"ဘာ ... ဟဲ့။ ဘယ်လိုပြောလိုက်တာလဲ"

"ပြောမှာပဲ။ ဘာလဲကွာ ... ငါက သင်းရဲ့ကူဖော်လောင်ဖက်လား၊ နိုင်းဖော်နိုင်းဖက်လား။ ပြောတာလား ... ဟင် ... တောက်"

ကိုယ့်ဟာကိုယ် ပြန်မေးပြီး ဒူးတစ်ဖက်ထောင်ကာ ထိုင်နေသော ယွန်းကိုကြည့်ကာ သင်းဝါက ရယ်ချင်စိတ်ကို ထိန်းချုပ်ထားရသည်။ ယွန်းဆိုတဲ့ ကလေးမဟာ သူ့ကိုသာ သူ့များက လုပ်ပေးရင်ပေး၊ သူမကတော့ ဘယ်သူ့အတွက်နဲ့မှ အသက်မရှင်ဟု ခံယူထားသူဖြစ်သည်။ ဒါကြောင့်လည်း အခုလို ညှိသည်တစ်ယောက်ကို လိုအပ်တာ ကူညီပေးဖို့ တာဝန်ပေးထားသောအခါ ဂျွတ်နေခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယွန်းရဲ့သဘောမှာ သူများကို တာဝန်ယူချင်စိတ်လည်းမရှိ၊ တစ်နေရာမှာ ဖင်မြဲမြဲထိုင်ချင်စိတ်လည်းမရှိဘဲ ဟိုဟိုဒီဒီ ပြေးလွှားနေရတာမျိုးကိုမှ ဝါသနာပါသူဖြစ်သည်။ ဒါကြောင့် သင်းဝါတို့ ဝါသနာပါသလို ယွန်းထည်ဖန်တီးသည့် ပညာကိုလည်း ဝါသနာမပါ။ ဝါသနာသာ မပါပေမယ့်လည်း ငယ်စဉ်တည်းက ဒီလုပ်ငန်းထဲမှာ ကြီးပြင်းလာသူပီပီ ယွန်းထည်ဖန်တီးရာကို ယွန်းလည်း ကျွမ်းကျင်ပါသည်။

"နင်ကလည်းဟယ် ... ခဏလာတဲ့ဧည့်သည်ပဲ၊ ဦးလေးတို့ ဒေါ်လေးတို့ အပေါ်မှာလည်း သူ့မိဘတွေရဲ့ကျေးဇူးက ရှိသေးရဲ့ဆို ...

စိတ်ကောင်းလေးထားပြီး ကူညီလိုက်စမ်းပါဟယ်။ မဟုတ်လည်း လိုက်ကူညီနေရတဲ့ အတူတူ စိတ်မပါဘဲ လုပ်နေရတော့ နင်လည်း စိတ်ပင်ပန်းတာပေါ့"

"ပင်ပန်းပစေအေ။ တကတဲမှပဲ ဘာ ခဏလာတဲ့ဧည့်သည်လဲ။ သင်း ကြည့်ရတာ တစ်ပတ် ဆယ်ရက်နဲ့တောင် ပြန်မယ့်ပုံ မပေါ်ဘူး ...

မပျော်ခြောက်လ ပျော်တစ်သက် လုပ်မလို့များလား မသိဘူး"





ယွန်းရဲ့စကားကြောင့် သင်းဝါက တခစ်ခစ် ရယ်မောမိသည်။ သင်းဝါနှင့် ယွန်းက ငယ်ငယ်တည်းက သူငယ်ချင်းများ ဖြစ်ကြပြီး မိသားစုက သိပ်မပြေလည်သော သင်းဝါမှာ ဆယ်တန်းအောင်ကတည်းက အဝေးသင်ပဲတက်ကာ ယွန်းတို့ရဲ့ Myanmar's Poem House မှာ ယွန်းထည်ဖန်တီးသည့်နေရာ၌ အလုပ်ဝင်လုပ်ခဲ့ခြင်း ဖြစ်သည်။

ရှာရိုးကိုးပေါက် လျှောက်သွားတတ်သော ယွန်းမှာ နေ့လယ်နေ့ခင်း နေပူသည့် အချိန်ဆိုလျှင်တော့ သင်းဝါ အလုပ်လုပ်နေသည့် နေရာအနား ရောက်လာပြီး ကမ္ဘာ့အရေး မြန်မာ့အရေးတွေကို ကြီးကြီးကျယ်ကျယ် ဆွေးနွေးတတ်သူဖြစ်သည်။

"ရန်ကုန်သား ဆိုပေမယ့် ဒီရန်ကုန်သားက ပဲမများဘဲ ကြည့်လို့ကောင်းတယ်နော်"

သင်းဝါရဲ့စကားကြောင့် ယွန်းက နှုတ်ခမ်းကို အရုပ်ဆိုးအောင် မဲ့ရွဲ့မိသည်။ အင်းလေ ... စိတ်ထဲကနေ၍ အပြုသဘောဆောင်ကာ ဝေဖန်ရမည် ဆိုလျှင်တော့ ဒီမောင်ရင်ဟာ များ ပဲများထားတာ မဟုတ်ဘဲနှင့် သူ့ပင်ကိုပုံစံကကို စတိုင်လ်ခစ်ခုထဲမှာ ဝင်နေသည်။ အဲဒီလိုပုံစံမျိုးကို ယွန်း ကြိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တမင် ပဲများထားသောပုံစံ မဟုတ်ဘဲ နဂိုရှိသော နဂိုင်းထွက်ပုံစံမျိုးကို ယွန်း ချီးကျူးပါသည်။ ဒါကြောင့် ယွန်း ကိုယ်တိုင်လည်း မဖြူတဲ့အသားကို ဖြူအောင် ဖွတ်မလုပ်ချေ။ ညိုသောအသားကို ထပ်ပြီးမည်းမသွားအောင် ဂရုစိုက်ကာ ညိုတဲ့ အသားကို ဘယ်လိုစိုအောင် လုပ်မလဲ ဆိုတာပဲ စဉ်းစားသည်။ အသားဖြူ လက်တစ်ကမ်း၊ အသားညို မြင်းတစ်ပြေး ဟူသော စကားတောင် ရှိသေးတယ် မဟုတ်လား။

"သူက ဓာတ်ပုံဆရာလား"

"သိပါဘူး"

"ဟင် ... နင်က သူ့နောက်လိုက်နေတာ မဟုတ်ဘူးလား"

"လိုက်တာနဲ့ ဘာဆိုင်လဲ။ သင်းဝါနော် ... ဘာ သူ့နောက် လိုက်နေတာလဲ၊ ငါက ဘယ်သူ့နောက်လိုက်မှ မဟုတ်ဘူး။ မကောင်းတတ်လို့ ... ဟင်း"

"အေးပါ ... မကောင်းတတ်လို့ဖြစ်ဖြစ် ဘယ်လိုပဲဖြစ်ဖြစ် စိတ်ကြည်ကြည်လေးနဲ့ ကူညီပေါ့ဟာ။ မဟုတ်လည်း လိုက်ပို့နေရတာပဲဟာ ...

ဒီနေ့ရော ဘယ်မှမသွားဘူးလား"





"မနက်ခင်း အစောကြီးကတော့ ငါ မနိုးခင် ထွက်သွားတာပဲ။ Sun Sat ဆိုလား၊ အဲ ... ဟုတ်ပါဘူး Sun Rise ကို ဗီဒီယိုရိုက်ဖို့ဆိုလား ...

မသိပါဘူး။ အဲဒါ ခုနကမှ ပြန်ရောက်လာပြီး အမေက ထမင်းကျွေးနေတယ်"

"ဩော် ... ဒါဆို Stand by ထိုင်စောင့်နေရတယ်ပေါ့ ... ဟို"

"ဘာစကားပြောတာလဲ ... သေမယ်နော်"

ယွန်းက လက်သီးဖြင့် ချိန်ရွယ်လိုက်လျှင် သင်းဝါက တခိခိဖြင့် ရယ်သည်။ ထိုစဉ်မှာပဲ ယွန်းတို့အိမ်ရဲ့ တောက်တိုမယ်ရ ချစ်ရင်ထူးက လိမ်ဖယ် လိမ်ဖယ်ဖြင့် ရောက်ရှိလာသည်။

"မမလေး ... ဟိုအစ်ကိုလေးက သွားမယ်တဲ့"

"အောင်မာ ... ဘယ်သွားမှာလဲ"

ချစ်ရင်ထူးက အူကြောင်ကြောင်ပုံစံဖြင့် ခေါင်းကုတ်ပြီးနောက် ...

"နေဦး ... ကျွန်တော် မေးကြည့်လိုက်ဦးမယ်"

ဟု ဆိုကာ လှည့်ထွက်သွားသည်။ သူထင်ရာ သူလုပ်တတ်သော အူကြောင်ကြောင်ကောင်မို့ ယွန်းက ဘာမှမပြောတော့ဘဲ ကျိတ်ခနဲသာ စုတ်သပ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ဦး ... ချစ်ရင်ထူးကလည်း ကြောင်လိုက်တာ"

သင်းဝါက မနေနိုင်ဘဲ ပြောသည်။ ခဏနေတော့ ချစ်ရင်ထူးက သုတ်သီးသုတ်ပျာဖြင့် ပြန်ရောက်လာသည်။

"မမလေး ... ဟို အစ်ကိုလေးကတော့ ဘာမှမပြောတော့ဘူး။ ပြုံးစိစိပဲ လုပ်နေတယ်။ ဒေါ်လေးမြကတော့ မြန်မြန်လာခဲ့လို့ ထပ်မှာလိုက်တယ် ..."

ကျွန်တော့်ကိုလည်းလေ မျက်ရိပ်မျက်ခြည်နဲ့ ပြသေးတယ်။ နင် အလိုက်မသိဘူးလားဆိုတဲ့ ပုံစံနဲ့"

"မသိဘူးလို့ ပြန်ပြောလိုက် ... ဟင်း။ ဒါပဲကွာ ... တောက်"

ယွန်းက စိတ်မရှည်စွာ တက်ခေါက်ရင်း ထထွက်လာခဲ့သည်။ ယွန်းထည့်ရုံဘက်က ထွက်လာတော့ ဝင်းထဲက မန်ကျီးပင်ရိပ်အောက်မှာ ရန်ကုန်သားနှင့် အမေ့ကို တွေ့ရသည်။ အမေက ယွန်းကိုမြင်လျှင်မြင်ချင်း မျက်လုံးဖြင့် သတိထားနေဖို့ အချက်ပေးနေသည်။ ယွန်းက မသိချင်ယောင်ဆောင်ကာ ရန်ကုန်သားကို ရှုတည်တည်ဖြင့် ကြည့်လိုက်သည်။

"အပြင်သွားကြစို့။ အန့်တီ ... ကျွန်တော်တို့ အပြင်သွားလိုက်ပါဦးမယ်"





"အေး ... အေး။ ဂရုစိုက်သွား၊ ဟဲ့ ... ယွန်း။ ညီ့သည်ကို သေချာဂရုစိုက်လိုက်ဦးနော်"

ယွန်းက ဘာမှပြန်မပြောဘဲ အဓိပ္ပာယ်ပါသော မျက်လုံးများဖြင့် ကြည့်ပြီးနောက် သူမောင်းသော ကားပေါ်သို့ တက်လိုက်လာခဲ့သည်။ ဟင်း ... ရပါပြီ။ ကားပေါ်တက်တာနဲ့ ဒီရေမွှေးနံ့ကို။ ယောကျ်ားတန်မဲ့ အမွှေးနံ့သာ ကြိုက်တတ်တာကလည်း သူများနဲ့မတူ ထူးတော့သည်။

"မင်း ပုဂံဘုရားတွေအကြောင်း ဘယ်လောက်သိသလဲ"

"ဘယ်လောက်မှ မသိဘူး"

"စကားကို အဲဒီလို လက်လွှတ်စပါယ် မပြောနဲ့လေ။ အကောင်းမေးနေတာပါ"

"မောင်ရင်က ပုဂံကိုတောင် Documentary ရိုက်ဖို့ ရောက်လာတာပဲ။ ပုဂံအကြောင်း မသိဘဲနဲ့ နေပါ့မလား"

ယွန်းရဲ့စကားကို သူက သဘောကျဟန်ဖြင့် နှုတ်ခမ်းကိုစုပြီးပြုံးကာ ပခုံးတစ်ချက်တွန့်သည်။

"ကိုယ် ဒီကိုရောက်လာတာ Documentary ရိုက်ဖို့ကွ။ ဒါပေမဲ့ ခုချိန်ထိ ဘာကိုရိုက်ရမလဲဆိုတာ မသိသေးဘူး..."



www.burmeseclassic.com

www.burmeseclassic.com



ယွန်းထည်လုပ်တာတွေပဲ ရိုက်ရမလား၊ ရွာတွေမှာပဲ သွားရိုက်ရမလား ဘာအကြောင်းအရာကို ရိုက်ရမလဲဆိုတာ မစဉ်းစားတတ်ဘူး ဖြစ်နေတယ် ...

မင်း အကြံလေ ဘာလေး မပေးချင်ဘူးလား"

ဘုကန့်လန့် ပြောတတ်သည့် ထုံးစံအတိုင်း ပေးချင်ပါဘူးဟု ပြောမည်ပြင်လိုက်သော နှုတ်ခမ်းများသည် သူ ကြည့်လာသော အတည်အတံ့မျက်လုံးတွေကြောင့် နှုတ်ပိတ်သွားရသည်။

"မင်းသာဆို ဘာကို ရိုက်ချင်လဲ"

ယွန်းက မဖြေမိဘဲ ရှေ့တည့်တည့်ကိုသာ စိုက်ကြည့်နေမိသည်။ ပြီးတော့မှ သူ့ကို မေးခွန်းပြန်ထုတ်မိသည်။

"မောင်ရင် အခု ဘယ်ကိုမောင်းနေတာလဲ"

"ကားဦးတည့်ရာပေါ့"

ယွန်းက ဟင့်,ခနဲ ရှုံ့မဲ့မိသည်။ ယွန်း မျက်လုံးထဲတွင် အမြဲတမ်း အိပ်မက်,မက်ဖူးသော ဘုရားတစ်ဆူကို ပြေးမြင်ယောင်လာသည်။ အိပ်မက်ထဲတွင် ထိုဘုရားကို ပုံစံအမျိုးမျိုးနဲ့ မြင်တွေ့ခဲ့ရဖူးသည်။ လပြည့်ညအောက်က ဘုရားပုံရိပ်၊ လျှပ်နှောင်အလင်း၊ မိုးမြိမ်းသံများကြားမှ ထိုဘုရားရဲ့ပုံရိပ်၊ ပြီးတော့ ဘာမှန်းမသိသော နာကျင်ခံစားမှုများ။ အဲဒီဘုရားသို့ ရောက်သွာ





လျှင် ဘာနဲ့မှမတူသည့် ခံစားမှုတစ်ခုနှင့်အတူ ရင်းရင်းနှီးနှီးဖြစ်ပျက်နေသည့် အဖြစ်အပျက်များ။ အသက်ဝင်လာဆလိုရှိသည့် ပုဂံခေတ်က ပုံရိပ်များ စသဖြင့် ... စသဖြင့် ...

ဒါတွေကို နည်းနည်းအမြင်ကတ်နေမိသော ဒီလူကို ပြောပြဖို့ သင့်ပါ့မလား။

"ကျုပ်ပြောတဲ့ လမ်းအတိုင်း မောင်း"

"ဟုတ်ကဲ့"

ရွဲ့သလိုပြောသော်လည်း ယွန်းက စိတ်လျှော့ထားလိုက်ကာ ဘယ်ကွေ့ ညာကွေ့ မောင်းခိုင်းရင် နောက်ဆုံးတော့ သူ့မြင်ကွင်းရှေ့မှာ ဘွားခနဲပေါ်လာတာက ခမ့်ရုံကြီးဘုရားဖြစ်သည်။ သူက ယွန်းကို အသာငဲ့ကြည့်နေတုန်းမှာပဲ ယွန်းက ကားပေါ်မှ ဆင်းလိုက်သည်။ ပြီးတော့ နှစ်ဦးသား ဘာစကားမှ မပြောဖြစ်ကြဘဲ တိတ်ဆိတ်စွာပင် ဘုရားတွင်းသို့ လျှောက်လှမ်းလာခဲ့ကြသည်။

ဘုရားတွင်းသို့ ခြေတစ်လှမ်းလောက် ချလိုက်ရာနှင့် ယွန်းရင်ထဲမှာ တဒိတ်ဒိတ်နှင့် ခုန်လာသည်။ မျက်လုံးထဲမှာ ရက်စက်ခက်ထန်နေသော မျက်နှာတစ်ခုက ဘွားခနဲ ပေါ်လာသလိုပင်။ ယွန်းက မျက်လုံးကို စုံမှိတ်ကာ ခါထုတ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဘုရားက ပုဂံမှာ ကျုပ်ကို အလွှမ်းမိုးဆုံး ဘုရားပဲ။ ဒီဘုရားကို အရမ်းလည်း စွဲလမ်းနှစ်ခြိုက်မိသလို ဒီဘုရားထဲကို ရောက်လာရင်လည်း မနှစ်မြို့တဲ့ ခံစားမှုတစ်ခုခုကိုလည်း ခံစားရတတ်တယ်"

သူက ယွန်းကို အနည်းငယ်အံ့ဩလို ငဲ့ကြည့်ကာ ဘုရားကို ငေးမောကြည့်ရှုနေသည်။ သူနဲ့ ယွန်းမှာ ဘုရားရဲ့အပြင်ဘက် ရင်ပြင်မှနေ၍ ရပ်ကြည့်နေကြခြင်းဖြစ်သည်။ အံ့ဩစရာ ထုထည်ကြီးနှင့်အတူ တစ်စုံတစ်ယောက်၏ ရာဇသံအာဏာတွေ အခုချိန်ထိ တည်နေသလား မှတ်ရသော ဓမ္မရံကြီးဘုရားကို သူက စိတ်ဝင်စားစွာ ငေးမောနေတာနှင့် ကြုံရသည်။

"မောင်ရင် ကြားဖူးရင်လည်း ကြားဖူးမယ်။ ဒါပေမဲ့ ထပ်ပြောကြည့်မယ်။ ပုဂံမှာ စာဆိုတစ်ခုရှိတယ်။ ထုမှာ ဓမ္မရံ၊ အနမှာ အာနန္ဒာ၊ ဉာဏ်မှာ သဗ္ဗညု၊ တန်ခိုးမှာ ရွှေစည်းခုံဆိုတာလေ"

"အင်း ... ကိုယ် ကြားဖူးတယ်။ ပုဂံဘုရားတွေရဲ့ အထူးခြားဆုံး အရည်အချင်းတွေကို ပြောထားတာ မဟုတ်လား"

"ဟုတ်တယ် ... မောင်ရင် ရှိသမျှဘုရားတွေကို လိုက်ကြည့်ကြည့်။ ပုဂံမှာ ဓမ္မာရံကြီးလောက် ထုထည်ကြီးမား





တဲ့ဘုရား မရှိဘူး။ အရမ်းကြီးကျယ်ခမ်းနားအောင် ဆောက်လုပ်ထားခဲ့တာ ...

နှစ်ပေါင်းထောင်ချီ ကြာခဲ့ပြီဖြစ်တဲ့ ဒီအချိန်မှာတောင် ဒီလောက် ထိရှိန်ပြင်းနေရင် ပုဂံခေတ်ကသာ ဆိုရင်တော့ ဘယ်လောက်များ သစ်လွင် မာန်ရှိန်ဝင့်နေမလဲ ဆိုတာ စဉ်းစားသာ ကြည့်ပေတော့"

သူက ခေါင်းတဆတ်ဆတ်ညိတ်သည်။ သူ့ကိုမသိမသာ အကဲခတ်ကြည့်လိုက်လျှင် မျက်လုံးတွေက တဖျပ်ဖျပ်တောက်ပလင်းလက်နေကာ စိတ်ဝင်စားရိပ်တို့ ပြည့်နှက်နေလျှင် ယွန်းက ကျေနပ်သွားရသည်။

ဒါဆိုရင်တော့ ဒီလူ့ကို အကြံဉာဏ် ကောင်းပေးဖို့ တန်ပြီထင်ပါရဲ့။

"ဟုတ်တယ်နော်၊ ကိုယ် အရင်ကတော့ ဒီလောက်သတိမထားမိခဲ့ဘူး။ အခုမှပဲ သေချာသတိထားကြည့်မိတယ်။ အင်း ... ဘုရားတိုင်းမှာ ထူးခြားမှုတွေ ရှိတာပဲနော်"

"ဟုတ်တယ်။ မောင်ရင် ကြည့်ကြည့်လိုက်၊ သဗ္ဗညုဘုရားဆို ပုဂံမှာ ဉာဏ်တော်အမြင့်ဆုံးပဲ။ အရင်ကတော့ သဗ္ဗညုဘုရားပေါ်ကို တက်ခွင့်ပေးခဲ့တယ် ...



www.burmeseclassic.com

www.burmeseclassic.com



အခုနောက်ပိုင်းတော့ ဘုရားရဲ့ကြံ့ခိုင်ရေးအတွက် တက်ခွင့်မပေးတော့ဘူး။ ဒီပေါ်က ဓာတ်ပုံရိုက်ရင် အရမ်းလှတယ်လေ။ နောက် အာနန္ဒာ။ အာနန္ဒာဘုရားကတော့ ပုဂံမှာရှိတဲ့ဘုရားတွေရဲ့ ဗိသုကာထဲမှာ အာနန္ဒာဘုရားကတော့ အနုစိတ် အဖြစ်ဆုံး။ လက်ရာအနုစိတ် အသေးစိတ်အဖြစ်ဆုံးလို့ ဆိုလိုတာ ...

ရွှေစည်းခုံကဘုရားကတော့ ဆုတောင်းပြည့်တယ်။ တန်ခိုးအကြီးဆုံးလို့ ဆိုကြတယ်။ နောက် လိုက်မမိတဲ့ ဆန်းကြယ်မှုတွေ ရှိတယ်၊ ကျန်စစ်သားမင်းရဲ့ လှံရာရှိတာတို့၊ ဘုရားရဲ့အရိပ်က တံတိုင်းအပြင်ကို မထွက်တာတို့ အများကြီး ရှိတယ်"

သူက သဘောကျဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ကာပြုံးသည်။ ပြုံးရာမှတစ်ဆင့် သူ့ပါးစပ်က တဖြည်းဖြည်း ပြလာကာ ရယ်လာလေသည်။ ယွန်းကို နစ်လိုသော မျက်လုံးများဖြင့် ကြည့်လာတာမို့ ယွန်းက ဘာလဲဟုဆိုကာ ဘုတောမိသည်။

"ဒီလိုတော့လည်း မင်းက Guide ကောင်း ပီသသားပဲလို့ စဉ်းစားမိလို့ပါ"





ယွန်းက အသံမပြည်အောင် ဟင်းခနဲ မာန်မဲပြီးမှ ဘုရားထံသို့ အာရုံပြန်ဝင်စားလိုက်သည်။ ရင်ထဲမှာ တဒိတ်ဒိတ် ခုန်လာပြန်သည်။

ဘုရားကြီးသည် ဝေးသွားလိုက်၊ နီးသွားလိုက် ဖြစ်သော ကင်မရာရိုက်ချက်တွေလို ပြောင်းဆန်လာသဖြင့် ခေါင်းကို အတင်းပဲ ခါယမ်းပစ်ရသည်။

"လူတွေက ရာဇဝင်မှာ အဖေကိုသတ်တဲ့သားဆိုရင် အဇာတသတ်မင်းကိုပဲ ပြေးမြင်တတ်ကြတယ် ...

တကယ်တော့ ဒီဘုရားကို တည်ခဲ့တဲ့ နရသူမင်းကလည်း ဖခင် အလောင်းစည်သူမင်းကြီးကို သတ်ခဲ့တာပဲလေ"

ဒါကျတော့ သူက မျက်ခုံးကို အလန့်တကြားပင့်ကာ အံ့သြသလို ကြည့်လာသည်။

"ဟုတ်လား ... ကိုယ် အဲဒါကို မသိဘူး"

"တော်တော်များများ မသိကြဘူး။ နရသူမင်းက အရမ်း အမျက်ဒေါသကြီးတယ်။ ဒီဘက်ခေတ်မှာ ဆိုရင်တော့ နှလုံးတို့ သွေးတိုးတို့ မြန်မြန်ရနိုင်တဲ့ ဒေါသမျိုးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးတာနှင့် ယွန်းရဲ့ဦးခေါင်းထဲမှာ စူးခနဲ ထိုးကိုက်လာသည်မှာ အားခနဲအော်ပြီး ခေါင်းကိုဖိထားရလေသည်။ သူက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ယွန်းကို အလန့်တကြား ငဲ့ကြည့်ကာ ...

"ဘ ... ဘာဖြစ်တာလဲ မြယွန်းရွှေ။ ဟင် ... ? ဘာဖြစ်တာလဲ"

"အား ... ကျွတ် ကျွတ်။ ဘာမှမဟုတ်ဘူး။ ရတယ် ဒီလိုပဲ ဖြစ်တတ်တယ်။ ဒီဘုရားရောက်လို့ တစ်ခုခုပြောရင်ပဲဖြစ်ဖြစ် အဲလို ခေါင်းထဲက ထိုးကိုက်လာတတ်တယ်"

သူက ယွန်းကို နောက်နေတာလား ဟူသောပုံစံဖြင့် မျက်လုံးပြူးကြည့်သည်။ သို့သော် မသက်မသာဖြစ်နေသော ယွန်းရဲ့ပုံစံကိုကြည့်ကာ ယုံကြည်သွားဟန်တူသည်။ လိုက်လို့မမီသော မျက်လုံးများဖြင့် ကြည့်လာသည်။ ယွန်း သူ့ကို နည်းနည်းရှင်းပြမှ ရတော့မည်။

"ကျုပ် ငယ်ငယ်လေးတည်းက ဒီဘုရားကိုလာရင် အရမ်းငိုတယ်၊ ဆောက်တည်ရာမရ ဖြစ်တယ်လို့ အမေတို့က ပြောဖူးတယ် ...





ဒီဘုရားကိုရောက်တိုင်း စိတ်ထဲမှာ အရမ်းပြင်းထန်တဲ့ ခံစားချက်တစ်ခုကို ခံစားရတယ်။ အားလုံးကို သိနေသလိုပဲ ...

မျက်လုံးထဲမှာ တစ်ခါတလေ ကွက်ကွက်ကွင်းကွင်း ပေါ်လာတယ် ...

အိပ်မက်တွေလည်း ခဏ ခဏ မက်တယ်။ သေချာတာကတော့ ကျုပ်က နရသူမင်း ကိုယ်တိုင် ကွပ်မျက်ခဲ့တဲ့ သူ့ကျွန်တစ်ယောက် ဖြစ်တာပဲ"

သူ ပါးစပ်အဟောင်းသား ပွင့်သွားသည်။ ယွန်းကို အံ့သြတကြီး စိုက်ကြည့်နေသည်မှာ အတော်ကြာလေသည်။ ဒီအချိန်တွင် ယွန်းသည်လည်း ခေါင်းကိုက်ဝေဒနာမှာ သက်သာသွားပြီး ယူပစ်လိုက်သလို ပျောက်ကင်းသွားပြီဖြစ်သည်။ ဒီလိုပဲ သူတို့က ကျီစားတတ်သည် ထင်ပါရဲ့။

"နရသူမင်းက အရမ်းရက်စက် ခက်ထန်တယ်။ ဒီဘုရားကို တည်တုန်းကလည်း ထုထည်ကြီးမားခြင်းနဲ့ သူ့ပါဝါကို ပြချင်တယ်။ အုတ်နှစ်ချပ်ကြားမှာ အပ်ထိုးလို့မရအောင် ကျစ်လစ်သိပ်သည်းမှုကို လိုချင်တယ် ...



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် အပ်ထိုးလို့ရတာနဲ့ အဲဒီပန်းရန်ဆရာကို သတ်တယ်"

"ဩော်"

သူက ခေါင်းတဆတ်ဆတ် ညိတ်သည်။ ယွန်းတို့ တတွေသည် ဘုရားတွင်းသို့ ဝင်ခဲ့ကြသည်။ ယွန်းက လေ့လာထားတာမဟုတ်ဘဲ အလိုလိုသိနေသော အကြောင်းအရာများအား သူ့ကို ပြောပြမိသည်။

"ဒီဘုရားမှာ အုပ်စီ အုတ်နှင်း အရှမ်းကောင်းတယ်။ အမိုးခုံးတွေမှာ သဲကျောက်တွေ ညှပ်စီထားတဲ့ပုံကိုကြည့်။ အဲဒီခေတ်က ပန်းရန်တွေရဲ့ Brain ကို မှန်းဆလို့ရတယ်။ မြန်မာတွေ လုံးဝမညံ့ဘူး ...

ဘုရားရဲ့နံရံထောင့်တွေကို ကြည့်လိုက်။ ကျင်တွယ်ပုံ ထောင့်ချုပ် ကျောက်တုံးတွေကို နံရံနှစ်ခု တွဲဆက်နေဖို့ ထောင့်ချုပ် ပေါင်းကူးတွေ လုပ်ထားတာ ...

အဲလိုတွေ အခိုင်အခန့် စီမံထားလို့လည်း ငလျင်ဒဏ် ခဏ ခဏ ခံရတာတောင် ထိခိုက်ပျက်စီးမှု အနည်းဆုံး ဖြစ်ခဲ့တာပေါ့"





"မင်း တော်တော်သိတာပဲ။ တကယ် ချီးကျူးပါတယ်။ တခြားသိတာတွေ ရှိရင်လည်း ပြောပြပါဦး"

"ဓမ္မရံကြီးက အာနန္ဒာဘုရားနဲ့ သွားတူတာ တစ်နေရာရှိတယ်။ ပန္နက်တော်ပေါ့။ ဒီဘုရားက အုတ်စီပုံ အရှမ်းကောင်းတယ်လို့ ပညာရှင်တွေက သုံးသပ်ကြတယ် ...

ပုဂံကဘုရားတွေထဲမှာ ဒီဘုရားကို ကျုပ် ဖေးဗရိတ်အဖြစ်ဆုံးပဲ။ ရက်စက်တဲ့ဘုရင်ကိုလည်း သိပ်ချစ်တယ်၊ အရှမ်းမှန်းတယ် ဆိုသလိုပဲ"

သူက ယွန်း ပြောသမျှကို မျက်ခုံတပင့်ပင့် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်သည်။ ဘုရားကို ဦးချပြီးနောက် ယွန်း ရင်ထဲမှာ တလှပ်လှပ် တုန်လာပြန်သည်။ ပြေးလွှားနေသော ပုံရိပ်များ၊ မျက်နှာများ အသံများ ခက်ထန်သောအကြည့်များ အားလုံး အားလုံး။ ယွန်းက မျက်စိကို စုံမှိတ်ကာ ခေါင်းကို ခါယမ်းပစ်လိုက်သည်။

မျက်လုံးပြန်အဖွင့်တွင် သူက ယွန်းကို အခိပ္ပာယ်များစွာ ရစ်သိုင်းနေသည့် အကြည့်များဖြင့် စိုက်ကြည့်နေတာ တွေ့ရသည်။

"မင်းက လူဝင်စားလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုပြောရင်လည်း ရတာပဲ။ အဲဒီလို ပြောစတမ်းဆိုရင် တော့ မောင်ရင်တို့ တစ်တွေလည်း လူဝင်စားတွေပဲပေါ့။ သံသရာမှာ ဘဝမျိုးစုံ ကျင်လည်ခဲ့ဖူးကြတာပဲ ...

ခွေးဝင်စား၊ ဝက်ဝင်စား၊ သရဲဝင်စား အများကြီး ရှိမှာပဲ။ ကျုပ်က ဘယ်သူဆိုတာတော့ အတပ်မပြောနိုင်ဘူး။ ဒါပေမဲ့ ဒီဘုရားနဲ့အရမ်းပတ်သက်မှုရှိတယ်၊ အရင်တုန်းက မြင်ကွင်းတွေကိုလည်း အိပ်မက်ထဲမှာရော အပြင်မှာရော အမြဲမြင်ရတယ်"

"အင်း ... အံ့သြစရာ ကောင်းလိုက်တာ။ အိုခေ ... ကိုယ် သိချင်တာ တစ်ခုရှိသေးတယ်။ ဒီဘုရားကို နရသူမင်းက တည်ပြီး ဘာလို့ ဓမ္မရံကြီးလို့ နာမည်ပေးထားတာလဲ"

"ပုဂံခေတ်က ဒီဘုရားရဲ့ ဘုရားတံတိုင်း အနောက်ဘက် ထောင့်မှာ အုတ်ကျောင်းလေး တစ်ကျောင်းရှိတယ်။ အဲဒီ အုတ်ကျောင်းမှာ သီတင်းသုံးတဲ့ ကိုယ်တော်က အရှင် ဓမ္မရံသီတဲ့၊ ဒါကြောင့် အဲဒီ ကိုယ်တော်ကြီးကို အစွဲပြုပြီး ဓမ္မရံသီဘုရားလို့ပဲ ပုဂံခေတ်က ခေါ်ခဲ့ကြတယ် ...

နောက်ပိုင်းမှ ဓမ္မရံကြီးဆိုပြီး ပြောင်းလဲလာတာ"





"ဩော်"

မိုးသုက ခေါင်းတဆတ်ဆတ်ညိတ်ကာ ဘုရားတွင်းသို့ လှည့်လည်ကြည့်ရှုမိသည်။ ဟုတ်ပါရဲ့။ ဘုရားရဲ့ထုထည်ကြီးက အံ့သြစရာကောင်းလောက်အောင် ကြီးကျယ်ပြီး ဆောက်လုပ်ထားသော အုတ်တွေရဲ့ ကျစ်လျစ်သိပ်သည်းမှုက ဒီဘက်ခေတ်က နည်းပညာတွေတောင် လိုက်မမီပါ။ ပြီးတော့ သူမထံက စာတ်ကူး သွားတာလားတော့ မပြောတတ်။

သူ့ရင်ထဲမှာ တစ်မျိုးသော အာရုံအငွေ့အသက်တို့ကို ခံစားလာရသည်။

တကယ်ပဲ ပုဂံခေတ်က လူတွေရဲ့ ဂမ္ဘီရအငွေ့အသက် တွေက ခုချိန်ထိကို သက်ရောက်နေတုန်းပဲလား။ သူ လိုက်လို့ မမီတော့ပါ။ သေချာတာကတော့ ဓမ္မရံကြီးဘုရားသည် သူ့စိတ် အာရုံကို ဖမ်းစားလိုက်ပြီဖြစ်သည်။ နရသူမင်းရဲ့ ခက်ထန်မှု၊ ဒေါသမာန်ကြီးမှုတွေဟာ ဘုရားမှာလာပြီး ထင်ဟပ်နေသည်ဟု မြင်မိသည်။

"ကိုယ် ဒီဘုရားကို Documentary ရိုက်မှန်တူတယ်။ အရမ်းသဘောကျသွားပြီ မြယွန်းရွှေ"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို နှုတ်ခမ်းလေးတွန့်ရုံ ပြုံးပြသည်။ သဘောကတော့ နင် ပေါက်လွယ်သားပဲ ဟူသော အပြုံးမျိုး။ ဒါမှ မရိုက်ရင် ဘာကိုရိုက်မှာလဲ ဟူသော အပြုံးမျိုးမို့ သူက နှစ်နှစ်ခြိုက်ခြိုက် ရယ်လိုက်မိသည်။

လူတစ်ယောက်ဟာ အမြဲတမ်း ဆိုးမနေပါဘူးဆိုတဲ့ စကားက တကယ်မှန်ပါလား။

❋ ❤ ❋





## ၁၀

ချက်ချင်းဆိုသလို တက်လာသော Like တွေ၊ Comment တွေကို ဖတ်ရင်းမှ သူ့နှုတ်ခမ်းတွေက ပြုံးလာသည်။ သူ Facebook သုံးနေခြင်းဖြစ်ပါသည်။ Facebook က သူ့ Wall ပေါ်မှာ ပုဂံက သူ့ဓာတ်ပုံ၊ ဓမ္မရံကြီးဘုရားဓာတ်ပုံနှင့် သူသိခဲ့သော ဘုရားသမိုင်း အနည်းငယ်ကို Notes အနေနှင့် တင်လိုက်သောအခါ သူ့ရဲ့ Friends တွေက နှစ်သက်သဘောကျစွာ Like တွေ၊ Comment တွေ ပေးနေကြတာဖြစ်သည်။

ခဏနေတော့ Facebook ရဲ့ Chat Box ကတစ်ဆင့် ရှင်မင်းရဲ့စာတစ်စောင် ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပုဂံမှာ အဆင်ပြေလား။ နေရာတွေ တော်တော်စုံနေပြီလား"

သူက တစ်ချက်ပြုံးပြီးနောက် မြန်မာလိုပဲ စာကို ခပ်သွက်သွက် ရိုက်ပို့လိုက်သည်။

"ပြေပါတယ်။ ထင်ထားတာထက်ကို အများကြီးပြေတယ်။ နေရာတွေကတော့ သိပ်အစုံကြီး မဟုတ်သေးဘူးပေါ့။ အေးအေးဆေးဆေးပဲမို့ ဖြည်းဖြည်းပဲ လေ့လာနေတာ"

"ဪ ... ဒါဖြင့်ရင် တော်တော်နဲ့ ပြန်လာဦးမှာ မဟုတ်ဘူးပေါ့"

"May be ။ ရှင်မင်းလည်း လာလည်လေ။ အခု ဒီမှာ ရာသီဥတု အရမ်းကောင်းတယ်။ ရန်ကုန်မှာ မိုးများနေမှာပေါ့ ...

ဒီမှာကျတော့ မိုးတွင်းဆိုတော့ မိုးမများဘဲ မပူဘူး။ အေးစိမ့်စိမ့်လေးပဲ။ လာမလား"

"လောလောဆယ်တော့ မလာသေးပါဘူး။ Documentary က မန္တရုံကြီးဘုရားအကြောင်း ရိုက်မှာလား"

"ဟုတ်တယ်။ အဲဒါက အရမ်းစိတ်ဝင်စားဖို့ ကောင်းတယ်။ လောလောဆယ်တော့ အဲဒါကို ရိုက်မလားလို့ပဲ"





"အင်း ... မိုးသုက ပုဂံကို တစ်ယောက်တည်း သွားတာဆိုတော့ အဆင်ရော ပြေရဲ့လား"

"ပြေပါတယ်။ ဒီမှာ ကိုယ့်မိဘတွေရဲ့ မိတ်ဆွေတွေရှိတယ်။ သူတို့က အစစအရာရာ ဂရုစိုက်ကြတယ် ...

Guied တစ်ယောက်လည်း ရှိတာမို့ ဘာမှကို လိုလေသေးမရှိအောင်ပါပဲ"

သူက စာသားတွေကို ခပ်သွက်သွက် ရိုက်ရင်း ရွှင်လန်းနေသည့် သင်္ကေတဖြင့် အပြုံးရုပ်ပုံလေးပါ ရိုက်နှိပ်ပေးလိုက်သည်။ ရှင်မင်းဘက်ကတော့ တော်တော်နှင့် စာမတက်လာပါ။ ခဏနေတော့မှ ရောက်လာသည်။

"မိုးသု ကြည့်ရတာ ပုဂံမှာ တော်တော်ပျော်နေပုံပဲ"

"That's Right :0 ။ ကိုယ် ဒီမှာနေရတာ အရမ်းစိတ်ချမ်းသာတယ်။ ပျော်တယ်"

"အိုခေ ... နောက်မှ တွေ့ကြတာပေါ့"

ရှင်မင်းက ကောက်ကာငင်ကာ နှုတ်ဆက်ပြီး ပျောက်သွားလျှင် သူက နားမလည်နိုင်စွာပဲ ကျန်ရစ်ခဲ့ရသည်။ သို့သော် ကြာကြာ နားမလည်လိုက်ရပါ။ သူ့သူငယ်ချင်းတွေနဲ့ အပြန်အလှန်ပြောနေတုန်းမှာပဲ သူ့ဟန်းဒ်ဖုန်းက မြည်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"အေး ... မောင်မိုးသူ။ ဦး ပါကွ"

ဦးအောင်တိုး ဆက်တာဖြစ်သည်။ သူက နာရီကို တစ်ချက်ကြည့်မိသည်။ ညစာစားချိန်လည်း မလွန်သေးပါ။ ဘာ အကြောင်းကြောင့်ပါလိမ့်။

"ဟုတ်ကဲ့ ဦး။ ပြောပါခင်ဗျာ"

"အေး ... ဘယ်ရောက်နေလဲကွ။ ဒီမှာ မင်းဒေါ်လေးက မွှေတောင်ခေါက်ဆွဲ လုပ်ထားလို့တဲ့လေ။ အဲဒါ မင်းကို ကျွေးချင်လို့တဲ့။ ခုနကမှ ကျက်တာကွာ။ ဒါကြောင့် လက်ဆုံလေး တူတူစားရအောင်လို့"

"ဩော် ... ဟုတ်။ ခဏနေ ကျွန်တော် ပြန်လာခဲ့ပါ့မယ်"

"အိမ်မှာတောင် မိယွန်းကို တွေ့သွားပဲ။ ဘာလို့ခေါ်မသွား တာလဲ"

"ဩော် ... ကျွန်တော် တခြားနေရာတွေ သွားတာမဟုတ် ပါဘူး။ အင်တာနက် လာသုံးနေတာပါ"

"ဟော ... အင်တာနက်။ အိမ်မှာ ဘာလို့မသုံးသလဲ မောင်ရင်ရာ"





လာပြန်ပြီ။ သူ့အဖေကပါ သူ့သမီး ခေါ်တဲ့အတိုင်း မောင်ရင်။ သူက ခေါင်းတစ်ချက် ယမ်းမိသည်။ အင်း ... အိမ် မှာ ဘာလို့မသုံးသလဲတဲ့။ အင်တာနက်ဆိုတာ အိမ်မှာ ထမင်းစား သလိုမျိုး စားလို့ရတယ်များ ထင်နေသလားတော့ မသိချေ။

"အိမ်မှာ သုံးလို့မရလို့ပါ ဦး။ သူက အပြင်မှာပဲ သုံးလို့ ရတာပါ။ ဟို Lap top ကွန်ပျူတာ ရှိပေမယ့် သူက လိုင်း ချိတ်ရသေးတာလေ"

"ဟ ... မောင်မိုးသူရ။ ဂလောက်တော့ (ဒီလောက်တော့) ငါလည်း သိပါတယ်ကွ။ မင့်လိုင်းကိုက ငါ့အိမ်မှာ ချိတ် ပြီးသားလကွာ"

"ဗျာ"

"တို့ရဲ့ Myanmar's Poem House ကိုတောင် website တင်ထားပေးမင့်ဟာပဲကို။ မင့်ကို မိယွန်း မပြောဘူးလားကွ"

"သူ့ကို ကျွန်တော် မမေးမိပါဘူး"

"ဩော် ... ဖြစ်ရမယ်။ မသိရင်မေး မစင်ရင်ဆေးတဲ့ကွ မောင်မိုးသူရ။ ပါးစပ်ပါ ရွာရောက်တယ် မှတ်ထား။ မေး သာမေးကွ"

"ဟုတ်ကဲ့ပါ ဦး။ နောက်ကျရင် မေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ လာသင်ပေးနေသော ဘိုးတော်ကြောင့် သူက ခေါင်းကုတ်မိသည်။ အဲဒီနောက် ဖုန်းချပြီးလျှင် မြန်မြန်ပဲ Sing Out လုပ်ကာ ပြန်လာရသည်။ သူ အိမ်ရောက်သောအခါ မိသားစုစုံညီစွာနှင့် ကြိုဆိုနေသည်။ ဦးအောင်တိုး ပြောပြထားသဖြင့် ဒေါ်မြမြရွှေကလည်း သိပြီးလောက်ပြီ။

"မောင်မိုးသူရယ် ... မေးများ မေးစမ်းပါတော့။ အပြင်မှာသွားသုံးရတော့ ဘယ်သက်သောင့်သက်သာ ရှိမလဲကွယ်။ မောင်မိုးသူရဲ့အခန်းထဲမှာတင် သုံးလို့ရတယ်လေ ...

ဒီကောင်မလေးက မိန်းကလေးပီသတဲ့ အလုပ်တွေကိုသာ ဝါသနာမပါတာ ကျုန်တာတွေကတော့ လာထားပဲ။ သူ့ပဲ ပိုက်ဆံတွေ အကုန်ခံပြီး လျှောက်လုပ်ထားတာ ...

တို့ဖြင့် မိရိုးဖလာ ဒီလိုပဲ ယွန်းထည်ရောင်းလာတာ။ သူ့ကျမှပဲ ကမ္ဘာကို ကြော်ငြာရတာနဲ့။ Website တင်ရတာနဲ့ ရှုပ်နေတာပဲ"

"အံမယ် ... အဲဒါကြောင့် အမေ့လုပ်ငန်းတွေ ပိုတိုးတက်လာတာလည်း ပြောဦးလေ။ ဟင်း ... ဟို ဂျာမန်အဘိုးကြီးဆို နိုင်ငံခြားကနေပဲ လှမ်းလှမ်းမှာနေတာ မဟုတ်ဘူးလား"





"ကဲ ... တော်ပါတော့။ မင်းတို့သားအမိ စကားနိုင်လုနေတာနဲ့ပဲ ဒီမှာ ဧည့်သည်က စောင့်နေရပြီ ...

ကဲ ... ကဲ ... စားမယ်ဟေ့ ... လာကြ"

ဒေါ်မြမြရွှေ၏ ရွှေတောင်ခေါက်ဆွဲမှာ ပြင်တာနဲ့တင် စားချင်စရာ ဖြစ်ပါသည်။

"အဝသာစား မောင်မိုးသူရေ။ ဒေါ်လေးက ထမင်းလွတ်စီစဉ်ထားတာ။ ထမင်းချည်းပဲဆိုရင် ရိုးနေမှာစိုးလို့။ ခေါက်မတင်းတိမ်ဘူးဆိုရင် ထမင်းလည်း ချက်ထားတယ်နော်"

"ရပါတယ်။ ကျွန်တော့် ရွှေတောင်ခေါက်ဆွဲ ကြိုက်ပါတယ်။ အန်တီ ချက်ထားတာလည်း အရမ်းကောင်းပါတယ်"

"အေး ... ကောင်းရင် များများသာ စားကွယ့်။ ဒါနဲ့ ဒီညရော ဘယ်သွားဦးမလဲ"

"ကျွန်တော် ညဘက်ကျရင် အလိုတော်ပြည့်ဘုရားမှာ ပုတီးသွားစိပ်မလို့ပါ"

"အေး ... ကောင်းတာပေါ့။ ကိုးပတ် စိတ်မှာမလား။ မိယွန်းကို ခေါ်သွားနော် ကလေး။ မိယွန်း ... နင်လည်း ပုတီးလေး ဘာလေးစိပ်ခဲ့ ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



သူမက စကားပြန်တောင် မရဘဲ ရွှေတောင်ခေါက်ဆွဲကိုသာ သဲကြီးမဲကြီး စားနေသည်။ သူမရဲ့မိဘနှစ်ပါးကတော့ စားလည်းစား ပြောလည်းပြော ဆိုတာမျိုးပဲ ဖြစ်တော့သည်။

"မောင်မိုးသု အခု နိုင်ငံခြားမှာပြိုင်မယ့် ဗီဒီယိုဆိုတာ ရိုက်တော့မှာလား"

"ဟုတ်ကဲ့ ... တစ်ရက် နှစ်ရက် နေရင် ရိုက်ပါမယ် အန်ကယ်။ အဲဒါကလည်း မြယွန်းရွှေကို ကျေးဇူးတင်ရမှာပါ ...

သူ့ကြောင့် ကျွန်တော် အိုက်ဒီယာ ရခဲ့တာလေ"

"ဟုတ်လား။ အေး ... သမီးက သူ စိတ်ကောင်းဝင်နေရင်တော့ ကောင်းပါတယ် မောင်ရင်ရေ။ ခက်တာက သူ့စိတ်ကောင်းကလည်း တစ်ပတ်မှာ တစ်ရက်၊ တစ်ရက်မှာ တစ်နာရီလောက်ပဲ ဝင်တာက ဆိုးတယ် ...

ဟား ဟား ဟား"

"ဗီဒီယို ရိုက်တော့မယ်ဆိုရင် အကူတွေ ဘာတွေ လိုမှာပေါ့၊ အဲဒီကျ လူများများစားစား လိုရင်လည်းပြော ...

ကူဖို့ လူခေါ်ဖို့ကတော့ အားမနာနဲ့ သိလား"





"ဟုတ်ကဲ့ပါ၊ အရေးကြီးတာက ကျွန်တော် ဘုရားမှာ ရိုက်ခွင့်ရဖို့ပါ။ အဲဒီ ပါမစ်က အရေးကြီးတာပါ"

"အဲဒါတော့ မပူနဲ့။ ဦးလေး ကူညီမယ်။ ဟုတ်ပြီလား"

"ကျေးဇူးအများကြီး တင်ပါတယ် အန်ကယ်။ အန်ကယ်တို့ကြောင့်သာ ကျွန်တော် အဆင်ပြေတာပါ။ မြယွန်းရွှေကိုလည်း ကျေးဇူးတင်ပါတယ်"

သူမက မအီမလည် ပုံစံနှင့်ပင် နှုတ်ခမ်းကို တွန့်ပြသည်။ အဲဒီနောက် အလိုတော်ပြည့်ဘုရားသို့ ဘုရားဖူးသွားသောအခါလည်း သူမက ပါလာသည်။ သူက ဘုရားမှာ ပန်းကပ်ပြီး ပုတီးထိုင်စိပ်သည်။ သူမကတော့ စိပ်,မစိပ် မသိချေ။ သူ ပုတီးစိပ်ပြီးသွားသောအခါ သူမကို ဘုရားအပြင်ဘက် ရင်ပြင်တစ်နေရာက အုတ်ခုံလေးတွင် ငြိမ်သက်စွာ ထိုင်နေတာကို တွေ့လိုက်ရသည်။

ရှပ်အင်္ကျီလို အကွက်ကျဲကျဲ ချည်သားအင်္ကျီကို ဒူးတစ်ဝက် ဂျင်းစတော်ကင်နှင့် တွဲဖက်ဝတ်ဆင်ထားသော သူမသည် နီယွန်မီးရောင်အောက်တွင် တစ်မျိုးလေး တောက်ပနေသည်ဟု ထင်မိသည်။ ပုဂံသူပီပီ ညိုပေမယ့်လည်း သူမအသားအရေက စိုလက်နေတာကိုလည်း သူက သတိထားမိသည်။ အင်း ...



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေ သူ နယ်တွေသွားတဲ့အခါ နယ်ကလူတွေနဲ့ ရန်ကုန်ကလူတွေ အထူးသဖြင့် မိန်းကလေးတွေရဲ့ ဝတ်စားဆင်ယင်မှုက သိသာစေသော ကွဲပြားမှုမျိုး ဖြစ်သော်လည်း သူမကတော့ ဂလိုဘယ်လိုက်ဇေးရှင်းလေဒီ ပီသစွာ ခေတ်နောက်မကျန်ရစ်ပါ။

"ပျင်းနေပြီလား မြယွန်းရွှေ"

"ပျင်းပါဘူး… ဟိုဘုရားကလည်း အပေါ်တက်လို့ ရတယ်သိလား"

သူမက မလှမ်းမကမ်းမှာ မြင်နေရသော ဘုရားစေတီတစ်ဆူကို လက်ညှိုးညွှန်ပြသည်။ လေပြည်တချို့က တိုက်ခတ်သွားသဖြင့် ဆည်းလည်းသံလေးတွေက လွင့်ပျံ့သွားသောအခါ သူ့စိတ်ထဲမှာ အများကြီး ကြည်နူးချမ်းမြေ့သွားပါသည်။ ညရှစ်နာရီကျော်မို့လည်း ဘုရားမှာ လူအတန်ငယ်ရှင်းပြီး အေးအေးလူလူ ထိုင်လို့ကောင်းနေသည်။ ထို့အတူ ပုဂံသူလေးရဲ့မျက်နှာမှာလည်း ခါတိုင်းလို မျက်မှောင်ကြုတ် ရှုပ်ဒီနိုင်း မဟုတ်တော့ဘဲ အေးအေးသာသာ ရှိနေသည်မှာလည်း ရှားသီဥတုကောင်း တစ်ခုပဲဖြစ်တော့သည်။

သူက သူမကို စိတ်လိုလက်ရ ပြုံးကြည့်ကာ …

"မင်း Facebook တွေ ဘာတွေ သုံးလား"





"သုံးပါ"

အဲဒီအဖြေက သိပ်လည်း ရယ်စရာမကောင်းပါဘဲနှင့် သူက ဟက်ခနဲရယ်မိသည်။ အင်း … ပုဂံသူ၊ အညာသူတွေဆိုတော့လည်း စကားပြောတာက ရန်ကုန်က တချို့ကောင်မလေးတွေလို တိုးတိုးညှင်းညှင်း အိညက်ညက် မဟုတ်ဘဲ ခပ်ဖွင်းဖွင်း ခပ်ရှင်းရှင်း ဖြစ်နေတတ်တာမျိုးပါ။

"ဟုတ်လား … ကိုယ့်မှာလဲ Account ရှိတယ်။ အပ်ထားလေ"

"အပ်ပါဘူး။ ဘာလို့ အပ်ရမှာလဲ။ Friend ဖြစ်ချင်တဲ့သူက အပ်ပေါ့"

"ဟား ဟား … ဟုတ်ပါပြီကွာ။ ကိုယ်ပဲ အပ်မယ်။ မင်းက ဘာနာမည်နဲ့ သုံးတာလဲ"

"Belle Bagan"

"ဟ … တယ်ဟုတ်ပါလား။ မိုက်သားပဲ … အဲ့မယ် မင်းက Myanmar's Pome House website တွေ ဘာတွေလဲ တင်သေးတယ်ပေါ့၊ ကြည့်ဦးမယ် …

ဒါနဲ့ မင်းတို့အိမ်မှာ Wi-Fi သုံးလို့ရအောင် လုပ်ထားတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ ... ယွန်းသမားတွေ သုံးလို့ရအောင်လို့"

"တယ်ဟုတ်ပါလား။ ယွန်းသမားတွေက အင်တာနက် သုံးတယ်ပေါ့"

"အစကတော့ မသုံးပါဘူး။ ကျုပ်က မြှောက်ပေးထားတာ။ ဒါပေမဲ့ လမ်းက နည်းနည်းလွဲသွားတယ်"

"ဘာလို့လဲ"

"ဒီကောင်တွေက အွန်လိုင်းဂိမ်းကို ပိုအာရုံကျသွားကြတာလေ။ ကျုပ် ဖြစ်စေချင်တာက သတင်းတွေ ဘာတွေပတ်၊ တခြားဗဟုသုတတွေရှာမှီး အဲလို ဖြစ်စေချင်တာ။ ခုတော့ ခုတ်ရာတခြား၊ ရှရာတလွဲ။ မယောင်ရာ ဆီလူးနေကြတယ် ဟင်း"

မကျေမနပ် ပြောနေသော စကားသံများကို နားထောင်ကာ သူက အသာရယ်မောမိလေသည်။ မြန်မာစကားကို တော်တော် ဝေါဟာရကြွယ်ဝအောင် ပြောတတ်သူပေပဲ။ သူ အဲဒီလို မြန်မာစကားကို သိုင်းသိုင်းဝိုင်းဝိုင်း ပြောတတ်ချင်ပါသည်။

"ဘာတွေလဲဟင် ... ခုတ်ရာတခြား ရှရာတလွဲ ဆိုတာ ဘာလဲ။ မယောင်ရာ ဆီလူး ဆိုတာကရော"





"ဟာက် ... ခက်နေပြီ။ မြန်မာစကားကို ဘာသာပြန်ရဦးမယ်လား။ ရန်ကုန်က လူတွေက မြန်မာစကားပုံတွေနဲ့ ထည့်ပြောရင် သိပ်နားမလည်ကြဘူးနော်"

"ဟုတ်တယ်၊ အဲဒါမျိုးတွေကို အထက်အညာက လူတွေက ပိုပြောကြတယ်"

"ဒီဘက်က မြန်မာမှု မြန်မာ့ဟန်တွေကို ပိုသုံးတယ်လေဗျာ။ တံငါနားနီး တံငါပေါ့။ လူကြီးမိဘတွေက ပြောတဲ့အခါ ကိုယ်ပါ အလိုလို သိနားလည်လာတာပေါ့ ...

ခုတ်ရာတခြား ရှရာတလွဲ ဆိုတာတော့ ရှင်းရှင်းလေးပါ။ ကိုယ်ခုတ်တဲ့နေရာက တစ်ခု ဒီနေရာ၊ ပြတ်သွား ရှသွားတာက တစ်နေရာပေါ့။ လွဲနေတာကို ပြောတာပေါ့ဗျာ"

"ဒါဆိုလည်း လွဲနေရင် လွဲနေတယ်လို့ ရှင်းရှင်းပြောပေါ့ကွာ"

"ဩော် ... စကားလုံး ဝေါဟာရကြွယ်ဝပါတယ်လို့ ပြောပြီးသားပဲဗျာ။ လွဲနေတယ်လို့ ပြောလည်း ရတာပဲ။ ဒီ့ထက်တတ်ကြောင်း ပြောချင်လို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟူး ... ဟုတ်ပါပြီ။ ဒါဆိုရင် မယောင်ရာဆီလူး ဆိုတာ ကရော ဘာလဲ"

"မောင်ရင် ယောင်ဘူးလား"

"ဒါတော့ ဘယ်သိမလဲ။ အိပ်နေတဲ့အချိန် ယောင်တာက တော့ ကိုယ်လည်း ဘယ်လိုလုပ် သိနိုင်မလဲကွ"

"ကျွတ် ... အဲဒါကို ပြောတာမဟုတ်ဘူး။ ယောင်တယ် ဆိုတာ ခြေတွေ လက်တွေ ခိုက်မိလို့ ခဏနေ ယောင်လာ နာလာတာကို ပြောတာ"

"သြော် ... အင်း"

"မယောင်ရာ ဆီလူးဆိုတာ အဲဒီလို ထိမိခိုက်မိတဲ့ နေရာကိုတော့ ဆေးမလိမ်း ဆေးမလူးဘဲ ဘာမှမဖြစ်တဲ့ နေရာကို သွားလိမ်းနေတယ်လို့ ပြောတာ ...

သဘောကတော့ မဟုတ်တဲ့နေရာမှာ သွားလုပ်ချင် နေတယ်လို့ ဆိုလိုတာ"

"သြော် ... အိုင်ဆီး"

သူ့အပြောကို သူမက နှုတ်ခမ်းတစ်ချက် မဲ့ပြသည်။ အဲဒီနောက် ဘာစိတ်ကူးပေါက်သည် မသိဘဲ ထူးထူးဆန်းဆန်း မေးပါသည်။





"ဒါနဲ့ ... ခုနက မောင်ရင် အမိဠာန်ပုတီး စိပ်တယ်ဆို တော့ ဘာဆုတောင်းလဲ"

"စိတ်ဝင်စားလို့လား"

"စိတ်မဝင်စားပါဘူး။ ဒီလိုပဲ တွေ့လို့ မေးကြည့်တာ"

သူမက နှုတ်ခမ်းကိုထော်ကာ တစ်ဖက်သို့လှည့်ရင်း ဖြေသည်။ သူက မြယွန်းရွှေကို ကြည့်ရင်း ပြုံးမိသည်။ ဒီကောင် မလေးဟာ စကားပြောရင် နားဝင်ချိုအောင် စကားလှအောင် တန်ဆာတွေဆင်ပြီး မပြောတတ်တာကလွဲလို့ စိတ်ထားလေးက တော့ မဆိုးဘူးဟု သတ်မှတ်မိသည်။

"မင်း သိချင်ရင်တော့ ပြောပြမှာပါ။ ကိုယ် ဒီမှာလုပ်တဲ့ အလုပ်အကိုင်တွေ အဆင်ပြေစေကြောင်း ဆုတောင်းတာ"

"ဟင် ... မောင်ရင်က Documentary ပြိုင်မှာဆို။ First ရဖို့ ဆုမတောင်းဘူးလား"

"အဲဒါက နောက်တစ်ဆင့်လေကွာ။ အခုဟာက ဘာမှမလုပ် ထားရသေးတော့ အားလုံးအဆင်ပြေဖို့ အရင်ဆုတောင်းရ တာပေါ့ ...

ကိုယ် ကြားဖူးတာက ဒီဘုရားက သူ့ပူဇော်နည်းတွေ သပ်သပ်ရှိသေးတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပဲ ... ဆီမီးကိုးခွက်၊ ပန်းကိုးမျိုး၊ သစ်သီးကိုးမျိုး အဲလိုတွေ သေချာပူဇော်ပြီး အဓိဋ္ဌာန်နိုင်ရင် တကယ်ပြည့်တယ် ...

ဪ ... နောက်ထပ် တကယ်ဆုတောင်းပြည့်တာ ရှိသေးတယ်"

"ဟုတ်လား ... ဘာလဲ"

"စွယ်တော်လေးဆူကို နေ့ချင်းဖူးတာလေ။ ဘုရားလေးဆူလုံးမှာ ဆုကို တစ်ခုတည်းတောင်းပြီး တစ်နေ့တည်းဖူးနိုင်ရင် ဆုတောင်းပြည့်သတဲ့"

"အင်း ... ပုဂံမှာပဲ မဟုတ်လား"

"ဟုတ်တယ်လေ ... ဒါပေမဲ့ တန့်ကြည့်တောင်ကတော့ ရေဝတီမြစ် တစ်ဖက်ကမ်းပေါ့။ တုရင်တောင်ကလည်း ပုဂံနဲ့ နည်းနည်းလှမ်းတယ်လေ။ နီးတာဆိုလို့ ရွှေစည်းခုံနဲ့ လောကနန္ဒာပဲရှိတာ"

"အင်းပေါ့လေ ... အဲဒီခေတ်ကတော့ စွယ်တော်လေးဆူကို နေ့ချင်းပြီးအောင် ဖူးနိုင်ဖို့ဆိုတာ ခက်ခဲတဲ့အလုပ် ဖြစ်ခဲ့မှာပေါ့ ...





တန့်ကြည့်တောင်ကလည်း ရေဝတီမြစ် တစ်ဖက်ကမ်း၊ အဲဒီခေတ်က ဒီလို ကားတင်ပြီးကူးတဲ့ ဇက်တွေ ဘာတွေလဲ ရှိခဲ့မှာ မဟုတ်တော့ သွားလာရ ခက်ခဲမှာပေါ့ ...

တုရင်တောင်ကလည်း ဝေး၊ အင်း ... အဲဒီခေတ်က ဆိုင်ကယ်တွေ ကားတွေ မပေါ်သေးဘူးဆိုတော့ ဒါကို နေ့ချင်းပြီးအောင် ဖူးနိုင်ရင် ဆုတောင်းပြည့်ဖို့ အဓိဋ္ဌာန်ခဲ့တာ နေမှာပါ"

"အင်း ..."

"ကဲ ... မင်းလည်း နားချင်ရောပေါ့၊ ပြန်ကြစို့လေ"

သူမက မျက်လုံးတစ်ချက် လှန်ကြည့်ရင်း ခေါင်းညိတ်ပြသည်။ မီးရှန်နဲ့လေး သင်းပျံ့နေသော ပုဂံရဲ့ညသည် လှပလွန်းအားကြီးရှာသည်။ ဘာပဲဖြစ်ဖြစ် အိမ်ရှင်ပုဂံသူလေးနှင့် အဆင်ပြေစ ပြုလာသည့်အတွက် သူ စိတ်ချမ်းမြေ့ရပါသည်။

✱ ❤ ✱



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

"ဟင်း ... ဆုတော့ ရ,မရမသိဘူး။ ငါတို့ကတော့ ကျွန်ဝယ်ရာ အဆစ်ပါပဲ"

ရိုက်ကူးရေးအတွက် လိုအပ်သော ပစ္စည်းပစ္စများကို ကူညီသယ်ဆောင်လာပေးရသော ယွန်းနှင့် ချစ်ရင်ထူးက ဓမ္မရံကြီးဘုရားရဲ့ ထောင့်တစ်နေရာမှာချရင်း ယွန်း ပြောလိုက်တာဖြစ်သည်။ မိုးသုက ဘုရားကို ကင်မရာနှင့် ဟိုချိန် ဒီချိန်လုပ်နေရင်းမှ အသာလှည့်ကာ ပြုံးပြသည်။ ဒါကိုမြင်ရသော ယွန်းက မျက်နှာကို တစ်ချက်ရှုံ့မဲ့မိသည်။ ဒီပုဂ္ဂိုလ်ဟာ အဝတ်အစားဝတ်တာတော့ မင်းသားအလား မှတ်ရသည်။





G 2000 တံဆိပ် စပို့ရှပ်အဖြူ၊ လက်မောင်းပတ်အကွက်ကြားလေးမှာ ဂျင်း(န်)အပြာလေး တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ထားသူမှာ Documentary ရိုက်မည့် ဒါရိုက်တာပေါက်စနှင့် မတူဘဲ ကြော်ငြာရိုက်မည့် မော်ဒယ်လ်နှင့် တူနေသည်။ သူ့ပုံစံကိုကြည့်ကာ ဘာရယ်မဟုတ်ဘဲ လွန်ခဲ့သောနှစ်များစွာ ယွန်းတို့ငယ်စဉ်က ပုဂံမှာ တခမ်းတနားရိုက်ခဲ့ဖူးသော ကြော်ငြာများကို သတိသွားရမိသည်။

"ဩော် ... ကျွန်ဝယ်ရာအဆစ်ပါ ... ဆိုတာလား စကားပုံပဲလား"

သူ့စကားကြောင့် ယွန်းက နှုတ်ခမ်းကို တစ်ချက်တွန့်မိပြန်သည်။ ချစ်ရင်ထူးက ဘုမသိ ဘမသိဘဲ ဝင်ပြောသည်။

"အစ်ကိုလေးကလည်းဗျာ၊ ကျွန်ဝယ်ရာ အဆစ်ပါ ဆိုတာ ဝယ်တာက ကျွန်တစ်ယောက်တည်း၊ ကျွန်တဲ့တစ်ယောက်ကပါ အဆစ်ထည့်ပေးခံလိုက်ရတာကို ပြောတာလေ ...

အဆစ်ထည့်ပေးခံရတဲ့ လူ့ဘဝက ဘယ်လောက်ရင်နာဖို့ ကောင်းလဲဗျာ"

"ဒါပေါ့"

www.burmeseclassic.com



သူက ပြုံးစစဖြင့် ပြောသည်။ ယွန်းကတော့ လက်ပိုက်ကာ ရှုတည်တည်ဖြင့် ကြည့်နေလိုက်သည်။ သူက ယွန်းကို တစ်ချက်လှမ်းကြည့်ကာ ...

"မြယွန်းရွှေ ... ဘယ်နေရာကနေရိုက်ရင် အလှဆုံးဖြစ်မလဲ။ အကြံပေးပါဦး"

"မပေးတတ်ဘူး"

ယွန်းက ခပ်ပြတ်ပြတ်ပြောရင်း ဟိုဒီ မျက်နှာလွှဲနေလျှင် သူက ခပ်သော့သော့ ရယ်မောသည်။ ပြီးတော့ ယွန်းကို စောင်းငဲ့ကြည့်လာကာ ပြောသေးသည်မှာ ...

"မင်းမှာ စိတ်ကောင်းလေး ရှိရဲ့သားနဲ့ ဆက်မွေးစမ်းပါကွာ"

"ဘာ ... ဘာပြောတယ်"

"ခွီး ခွီး ... ဘာမွေးရမှာလဲ အစ်ကိုလေး"

ချစ်ရင်ထူးကပါ ခပ်ကြောင်ကြောင် ထမေးလျှင် ယွန်းက ချစ်ရင်ထူးကိုလှည့်ပြီး မာန်မဲရသေးသည်။

"ဟဲ့ ... နင့်ပါးစပ်ကို ပိတ်ထားစမ်း"

"အမယ် ... မမလေးကလည်း"



သူက ယွန်းရဲ့အနားသို့ ပြန်လျှောက်လာကာ ပြောသည်။

"ကိုယ် စရောက်တုန်းကနဲ့စာရင် မင်းက အများကြီးပြောင်းလဲလာတယ်လေ။ သိသင့်သိထိုက်တာတွေ ပြောပြပေးတယ်။ ဒါကြောင့် စိတ်ကောင်းလေး ဆက်မွေးပါလို့ ပြောတာ"

ယွန်းက ဟင်းခနဲ ရှုံ့မဲ့မိစဉ်မှာပဲ ဖြစ်ဖူးသော ခံစားချက်တစ်မျိုးက ပြန်ပြီးဖြစ်လာသည်။ မျက်လုံးထဲတွင် လျှပ်ရောင်ပြိုးပြိုးပြက်ပြက်များ၊ ဘုရားပုထိုးတော်ကြီးက နီးလာလိုက် ဝေးသွားလိုက်ဖြင့် ကင်မရာရိုက်ချက်လို ဖြစ်စဉ်များ စသဖြင့် မြင်ကွင်းထဲမှာ တန်းစီပြီး ပေါ်လာသည်။ ဒီလို ဖြစ်လာလျှင် ဖျောက်ဖျက်နေကြ ထုံးစံအတိုင်း ယွန်းက ခေါင်းကို ခပ်သွက်သွက် ခါယမ်းပစ်လိုက်သည်။ ပြီးတော့ ပါးစပ်က လွှတ်ခနဲထွက်သွားသည်မှာ ...

"အနီး အဝေး နီးလာလိုက် ဝေးလာလိုက် ရိုက်ချက်ကြမ်းကြမ်းတွေက ဒီဘုရားနဲ့ အသင့်တော်ဆုံးပဲ"

"အိုခေနော် ... ဟုတ်တယ်။ Soft လေးတွေ ရိုက်လို့သိပ်မလိုက်ဘူး။ သင့်ခ်ယူကွာ။ Lighting လည်း အတော်ပဲ ... ကိုယ် ရိုက်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် လပြည့်နေ့"

ယွန်းရဲ့ပါးစပ်ကနေ၍ လွတ်ခနဲ ထွက်သွားပြန်သည်။ သူက ထွက်သွားတော့မည့်ဟန် ပြင်ပြီးမှ ယွန်းကို ပြန်ငဲ့ကြည့်လာကာ ...

"အဲ ... ဒီ ... တော့"

"လပြည့်နောက်ခံနဲ့ ရိုက်တာလည်း လှတာပဲလေ။ ထိန်နေအောင်သာနေတဲ့ လမင်းနဲ့ ဘုရားနဲ့ ဘယ်လိုရသမြောက်အောင် ရိုက်မလဲ၊ မောင်ရင် စဉ်းစားပေါ့"

သူက တစ်ချက်တွေးသလိုဖြင့် ငြိမ်သွားသည်။ အဲဒီနောက်တော့ လှစ်ခနဲပြုံးလာကာ လက်ဖျောက်တစ်ချက်တီးလိုက်ရင်း ...

"ဟုတ်တယ် ... လပြည့်ညနဲ့ ပုဂံဘုရားနဲ့ အမိုက်စားပဲ။ ဒီဘုရားကြီးက လပြည့်ညအောက်မှာ ဘယ်လောက်များ သက်ဝင်ခမ်းနားနေမှာပါလိမ့် ...

ကျေးဇူးပဲကွာ။ ကဲ ... ကိုယ် ရိုက်လိုက်ဦးမယ်နော်"

ယွန်းက သူ့ကို ဘာမှပြန်မပြောမိဘဲ အသာယာပဲ ငေးကြည့်နေခဲ့မိသည်။ အဲဒီနောက် သူက ကင်မရာကို ယူကာ





ဘုရားကို ကိုယ်တိုင်ရိုက်ကူးနေတော့သည်။ ခဏနေတော့ ပိတ်ပြီး ပြန်ရောက်လာသည်။

"အထဲကို ရိုက်ရဦးမယ်ကွ၊ မင်းပြောတဲ့ ဗိသုကာလက်ရာတွေ သေချာရိုက်ရအောင် ထပ်ပြောပေးဦးလေ။ ဘယ်နေရာကို ရိုက်သင့်တယ် ဆိုတာကို"

ယွန်းက သူ့ကို ရှုတည်တည်ဖြင့် တစ်ချက်ကြည့်ကာ ...

"မောင်ရင်တို့ မြန်မာလူမျိုးတွေ သိပ်ဦးနှောက်ဖောက်စားတာပဲ"

ယွန်းရဲ့စကားကြောင့် သူက ဟက်ခနဲ ရယ်သည်။

"ဟား ... မင်းက တစ်ချက် တစ်ချက်ကျရင် ဟာသတွေ ထ,ထပြောတတ်တယ်"

"ဘာဟာသလဲ၊ ဒါ နောက်နေတာ မဟုတ်ဘူး"

ယွန်းက အတည်ပေါက်နှင့် ပြောတာကို သူက ရယ်ပြန်သည်။ ရော် ... ခက်တော့ နေချေပြီ။

"ဦးနှောက်ဖောက်စားတယ်လို့ ပြောတာ နောက်နေတာ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အတည် ... အတည်"

ယွန်း ပြောတာကို သူက နှစ်နှစ်ခြိုက်ခြိုက် ပြုံးကြည့်နေလျှင် ယွန်းစိတ်ထဲမှာ ဘယ်လိုကြီးမှန်းမသိ ဖြစ်သွားသည်။ ဘာလို့ ကြည့်နေတာလဲ။ အဲဒီလို အကြည့်တွေကို ယွန်း မကြိုက်ပါ။ မရိုးမသားကြည့်တာမျိုး မဟုတ်ဘဲ ယွန်းရဲ့ပုံစံကို ပြောသမျှ ဆိုသမျှကို သူ နှစ်သက်သဘောကျနေပါသည်ဟူသော အချိုးအချိတ်ကို ယွန်းက မကြိုက်တာရယ်ပါ။

ဘယ်လိုပြောရမလဲ။ ဝင်းသန့် ရှင်းခန့်နေတဲ့ သင်းရဲ့ပုံစံနှင့် အဲဒီလို ကြည့်စင်စင် အပြုံးတွေကို မကြိုက်ဘူးဆိုတာကလည်း ယွန်းပဲ ဂေါက်နေ၍ဖြစ်ပါမည်။

"ဦးနှောက်ဖောက်စားတယ် ဆိုတာ သူများရဲ့အတွေး၊ စိတ်ကူး၊ အိုက်ဒီယာကို ယူသုံးတာကို ပြောတာမဟုတ်လား"

"ဟုတ်တယ်လေ။ မောင်ရင်က ကျုပ်ပြောတဲ့ မွှာရုံကြီးဘုရားကိုရိုက်တယ်။ ကင်မရာရိုက်ချက်ကအစ ကျုပ်ပြောသလို ယူတယ် ...

အခုလည်း ကျုပ်ပြောဖူးတဲ့ မိသုကာပုံစံတွေအတိုင်း ထည့်ရိုက်ဦးမယ်။ မောင်ရင့် အိုင်ဒီယာ ဘာရှိလဲ"





သူက မျက်မှောင်တစ်ချက် ကြုတ်သွားကာ "အင်းနော် အဲလိုများ ဖြစ်နေပြီလား" ဟု သူ့ဟာသူ ပြောသည်။ ဘေးနားမှာ ရပ်နေသော ချစ်ရင်ထူးကတော့ ဘာမှမသိဘဲ မျက်လုံးလေးကလယ်ကလယ်ဖြင့် ဖြစ်နေသည်။

"ဒါပေမဲ့ကွာ ကိုယ်ကလည်း အဲဒါတွေကိုပဲ အရမ်းရိုက်ပြချင်နေတော့ ဘယ်လိုလုပ်မလဲ"

ယွန်းက ဘာမှပြန်မပြောဘဲ သူ့ကိုသာ စိုက်ကြည့်နေလိုက်သည်၊ သူက ခဏနေတော့ ယွန်းကို ချော့သလို ပြုံးကြည့်ကာ ...

"ကိုယ့် အိုက်ဒီယာလည်း ရှိပါတယ်"

"ဘာတုံး"

"လပြည့်ညရိုက်ရင် မင်းကိုပါ ပုဂံသူတစ်ယောက်ပုံစံနဲ့ ထည့်ရိုက်မလို့လေ"

"ဘာအေ ... ဘာပြောတယ်"

"ဟုတ်တယ်လေ ... အဲဒါမှ မင်း ပြောသလို perfect ဖြစ်မှာပေါ့။ မဟုတ်ရင် ဒီအတိုင်း ရိုက်ပြနေသလို ဖြစ်နေမယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ် ... အဲဒီ အိုက်ဒီယာ အမိုက်ဆုံးပဲ။ ပုဂံသူတစ်ယောက် လရောင်အောက်မှာ၊ နရသူဘုရင်ရဲ့ ထုထည်အကြီးဆုံးဘုရား၊ ရိုက်ချက်တွေ ဘယ်လောက်လှမလဲ။ မင်းက အသုံးမကျလို့ ကွပ်မျက်ခံလိုက်ရတဲ့ ပန်းရန်ဆရာရဲ့ မိန်းမပေါ့ကွာ ...

တမ်းတနေတဲ့ ဟန်လေးပေါ့"

"သေလိုက်ပါလား"

"တကယ်ပြောနေတာ။ ပုဂံဝတ်စုံ ငှားလို့ရတယ် မဟုတ်လား။ ကိုယ့်ကို ကူညီပါကွာ ... နော်"

"လုံးဝမကူညီနိုင်ဘူး"

ယွန်းက ခပ်ပြတ်ပြတ်ပဲပြောကာ လှည့်ထွက်လိုက်သည်။ သူက နောက်မှလိုက်ကာ တစ်ခုခုပြောဖို့ ကြိုးစားစဉ်မှာပဲ ယွန်းက သူ့ကို လက်ညှိုးတစ်ချောင်းထိုးကာ တစ်ခါတည်း ပိတ်ပြောလိုက်သည်။

"ဒီမှာ ခွေးလေးအရောဝင် ပါးလျက်နားလျက် လာမလုပ်နဲ့။ ရှိပြီးသား စေတနာလေးတောင် ပျက်သွားမယ် ...

ကျုပ်ပြတဲ့ ပုံစံတွေကိုပဲ လာရိုက်၊ ဒါပဲ"

"အေးပါကွာ ... အေးပါ၊ စိတ်ကြီးပဲ ... ဟင်း"



သူက ယွန်းကို မျက်လုံးပြူးပြူ နှုတ်ခမ်းကို တင်းတင်းစေ့ပြီးလျှင် အဲဒီအပြုအမူမှာ ယွန်းတစ်ယောက် ငိုက်ခနဲဖြစ်သွားသည်။ ဒါပေမဲ့ အသိနဲ့သတိတဲ့။ ဟင် ... သတိကပ်ထားသော ယွန်းဟာ ချက်ချင်းပဲ စိတ်ထဲကနေ၍ ဖယ်ထုတ်လိုက်ပြီးနောက် ရှေ့ကထွက်လာခဲ့သည်။ အဲဒီနောက် ထူးခြားဆန်းပြားသော ဗိသုကာပုံစံများကို ဘယ်လိုရိုက် ဘယ်လိုရိုက်ဖြင့် ရန်ကုန်သားကို ညွှန်ကြားနေခဲ့သည်။

✻ ❤ ✻

www.burmeseclassic.com

www.burmeseclassic.com



## ၁၂

လူတစ်ယောက်ရဲ့ အရည်အသွေးဆိုတာ အဲဒီလူ့ရဲ့ ပင်ကို Talent နဲ့သာ ဆိုင်ပြီး နေရာဒေသနဲ့ မဆိုင်ဘူးဆိုတာ ယွန်းနဲ့တွေ့တော့မှပဲ မိုးသုသည် လက်ခံခဲ့ရတော့တာဖြစ်သည်။ ဒီကလေးမဟာ ပုဂံမှာမွေး၊ ပုဂံမှာကြီးပြင်းတယ် ဆိုပေမယ့်လည်း တွေးခေါ်ပုံ၊ ဝတ်စားဆင်ယင်ပုံ၊ အနေအထိုင် စတာတွေက International နှင့် ဘာမှမခြားပါ။ စကားပြောတာလေးတစ်ခုပဲ သူမတို့ဒေသရဲ့ Flow အတိုင်း ဖြစ်နေတော့တာပါ။

အဲဒါကလည်း သူလို အရပ်ဒေသများစွာကို ရောက်ဖူးလို့ သိရတာဖြစ်သည်။ ရှမ်းလူမျိုးတစ်ယောက် စကားဝဲပုံနှင့် မော်လမြိုင်က မွန်လူမျိုးတစ်ယောက် စကားဝဲပုံကလည်း ဘယ်



နည်းနဲ့မှ တူမှာမဟုတ်ချေ။ ဒီလိုပဲ မြန်မာလူမျိုးဖြစ်ပေမယ့်လည်း အောက်အကြေသားနှင့် အထက်အညာသား စကားပြောပုံကလည်း မတူတာကို သူက သတိထားမိသည်။ အထက်အညာဘက်က လူတွေဟာ စကားပြောရင် အားပါးတရနဲ့ ပွင့်ပွင့်လင်းလင်းပြောတတ်ကြတာ၊ ဥပမေ ဥပမာတွေနှင့် ခိုင်းနှိုင်းပြီး ပြောတတ်ကြတာ ဒါတွေက ရန်ကုန်သူ ရန်ကုန်သားတွေနှင့် ခြားနားကွာခြားချက်တွေဟု သူ ထင်သည်။

ဘာပဲပြောပြော သူကတော့ အင်မတန် နှစ်သက်သဘောကျသည်။ ဦးအောင်တိုးက အာပေါင်အာရင်းသန်သန်ဖြင့် အားပါးတရ စကားပြောတာကိုလည်း သူ သဘောကျသည်။ သူ၏သမီး မြယွန်းရွှေ တစ်ယောက် အင်တာနေရှယ်နယ်စတိုင်လ်အညာလေသံဖြင့် စကားပြောတာကိုလည်း သူ နှစ်ခြိုက်ရပါသည်။

အခုလည်း မြယွန်းရွှေ၏ အိုက်ဒီယာဖြင့် သူ့ရဲ့ ပထမဦးဆုံး Documentory ကို မွေ့ရုံကြီးဘုရားမှာ စတင်အကောင်အထည်ဖော်ဖြစ်သည်။ လပြည့်ညမှာ ပုဂံသူတစ်ယောက်ရဲ့ လရောင်အောက်က ဝိုးတဝါးပုံရိပ်ရဖို့ကိုတော့ သူမက မကူညီချေ။ အဲဒီအတွက်လည်း သူမနှင့် အခြေအတင် ဖြစ်နေရခြင်း ဖြစ်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ကူညီပါကွာ။ မျက်နှာကို သေချာရိုက်မပြပါဘူး။ မင်းမှ မကူညီရင် ကိုယ့်ကို ဘယ်သူကူညီမှာလဲ"

"ဒီမှာ တစ်ခါတည်း အပြတ်ပြောမယ်။ လုံးဝမကူညီနိုင်ဘူး ... ရှင်းလား"

"ဟာ ... ဒါဆို ကိုယ်က ဘယ်လိုလုပ်ရမှာလဲ"

"ဒါကတော့ မောင်ရင့် အကန့်ပဲလေ"

တင်ပျဉ်ခွေကာ ဘိုးဘိုးအောင် ထိုင်သနည်းထိုင်ပြီး ပြောသော ပုံစံက ခပ်မိုက်မိုက်ပဲပေမို့ သူက သဘောတကျဖြစ်ရသည်။

"ဒီလိုလုပ်မယ်ကွာ"

"ဘယ်လိုမှ မလုပ်ဘူး"

"ဟာကွာ ... ပြောတာတောင် နားမထောင်ရသေးဘဲနဲ့"

"ဘယ်လိုမှ ထောင်စရာအကြောင်း မရှိဘူးလေ။ ဒီမှာ မောင်ရင် ... ကျုပ် ရှင်းရှင်းပဲပြောမယ်"

"အင်း ... ပြောပါဦး"

"ကျုပ်ကို အဲလို ပုဂံသူအဝတ်အစားတွေဝတ်ပြီး ရိုက်ခိုင်းဖို့ လုံးဝစိတ်မကူးနဲ့။ ကျုပ် အဲဒါမျိုးတွေလည်းဝတ်ဖို့ ဝါသနာလည်း မပါဘူး ...





စိတ်ကို မဝင်စားတာ သိလား"

"ကိုယ်ကလည်း မင်းကိုမှ ရိုက်ချင်နေတာ။ တစ်နေ့ကမှ အင်တာနက်မှာ ကြော်ငြာတွေ့လို့။ အာဆီယံဓာတ်ပုံချစ်သူများ ဓာတ်ပုံပြိုင်ပွဲရှိတယ်တဲ့ ...

လရောင်နဲ့အတူ ပုဂံသူတစ်ယောက်ရဲ့ ဓာတ်ပုံကို ကိုယ် ရိုက်ပြီး ပြိုင်ပွဲဝင်ချင်တယ်"

"ဝင်ပေါ့။ အဲဒါ ကျုပ်ဆီလာပြီး ခွင့်တောင်းနေစရာ လိုလား"

ပေစောင်းစောင်း ရိုက်ပေါက်အပြောကို သူက စိတ်မနာနိုင်ချေ။ အင်း ... လူ့စိတ်ဆိုတာလည်း ခက်သားပဲ။ သူမကိုမှ သူက ဘာကြောင့် ရိုက်ချင်နေရသလဲတော့ မပြောတတ်ပေ။ အင်း ... ပြောတော့ ပြောတတ်ပါသည်။ ပုဂံသူတစ်ယောက်ရဲ့ Face က သူမထံမှာ အပြည့်အဝရှိသည်၊ ပြီးတော့ Mood ရှိ၊ မရယ်မပြုံးဘဲ တည်နေသော မျက်နှာထားဖြင့် ပုဂံသူတစ်ယောက်ရဲ့မျက်နှာပေးကို သူ အမိအရပဲ ဖမ်းဆုပ်ချင်ပါသည်။

"ဒီလိုတော့ ... လုပ်ပါ"

ဖွဲ့မလျှော့သေးသော သူ့အပြောကြောင့် သူမက ဘာဖြစ်ရပြန်ပြီလဲ ဟူသော ပုံစံနှင့် စောင်းငဲ့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ကိုယ်နဲ့ အပေးအယူတစ်ခုလောက် လုပ်ကြရအောင်"

"မောင်ရင် တော်တော်ဖွဲ့ခတ်တာပဲ"

"ဘာရယ် ... ဘာခတ်တာ"

အရေးထဲမှာ သူမရဲ့ မြန်မာစကား ဝေါဟာရကြွယ်ဝမှုကို လိုက်မမီချေ။

"ဖွဲ့ခတ်တာ ... ဖွဲ့ခတ်တာ။ ဖွဲ့ကောင်းတာကို ပြောတာဟေ့"

"ဪ ... ဒါဆိုလည်း ဖွဲ့ကောင်းရင် ကောင်းတယ်။ ရိုးရိုးပြောပေါ့ကွာ။ ဘာမှန်းမသိဘူး။ သိပ်ကြွားချင်တယ်...

ကိုယ့်ကို ကူညီစေချင်တယ် မြယွန်းရွှေ။ အဲ ... အဲဒီအတွက်လည်း မင်း တောင်းဆိုတာ တစ်ခုခု ကိုယ် ပြန်လုပ်ပေးပါ့မယ်"

သူမရဲ့မျက်လုံးတွေက ဖျတ်ခနဲ တောက်ပသွားတာ သူ တွေ့လိုက်ရသည်။ Bob-Hair ခပ်စိုက်စိုက်လေး ညှပ်ထားသော ဆံပင်တိုလေးနှင့် လိုက်ဖက်ညီစွာ ရှပ်အင်္ကျီကွက် လက်ပြတ်လေးကို ခါးမှာစုချည်ထားပြီး ဂျင်း(န်)နက်ပြာစိုရင့်ရင့်ဖြင့် တွဲဖက်ဝတ်ဆင်ထားသော သူမသည် ညိုစိမ့်သော အသားအရေနှင့် အင်မတန် ကြည့်ကောင်းသည်ဟု ထင်လာမိသည်မှာ ဖင်မင်ရင်းနှီးလာသော စိတ်ခံကြောင့်လားတော့ မပြောတတ်ချေ။





"ဘာလုပ်ပေးမှာလဲ"

"မပြောတတ်ဘူးလေ။ မင်း ဖြစ်စေချင်တာ Something ပေါ့"

သူမက စဉ်းစားသလိုဖြင့် တစ်ခဏမျှ ငြိမ်သက်သွားလျှင် သူက Push လုပ်လိုက်သည်။

"ကိုယ်က မင်းကို တန်ဖိုးထားလို့ပါ မြယွန်းရွှေ။ မင်းအမေကို ပြောလိုက်ရင်တောင် ဘယ်လိုပဲဖြစ်ဖြစ် မင်း ငြင်းဆန်လို့ရမှာ မဟုတ်ဘူးမှလား"

"အောင်မာ ... မောင်ရင် ဘာစကားပြောတာလဲ။ ကျုပ်ကို အဲလို အာဏာနဲ့လာခိုင်းလို့ ရမယ်များထင်လား။ ဒီမှာ လောကမှာ ကျုပ်အမုန်းဆုံးက ဘာလဲ သိလား။ အာဏာရှင်စနစ်ပဲ ...

ကျုပ်ကို အဲလို ပါဝါတွေ အာဏာတွေ လာပြလို့ကတော့ အသက်ချင်းတောင် လဲပစ်လိုက်ဦးမယ်"

"အမယ်လေး ကြောက်ပါတယ် အစ်မရာ။ အဲလောက်တွေလည်း မလုပ်စမ်းပါနဲ့၊ အိုခေ ... ကိုယ်ကလည်း အဲဒီလို ဖိအားပေးတာမျိုးကို မကြိုက်ပါဘူး ...

ကဲ ... ပြော။ မင်းအတွက် တစ်ခုခု ကိုယ် ဘာ ပြန်လုပ်ပေးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို မချိုမချဉ် ပြုံးကြည့်ပြီးနောက် ခေါင်းတဆတ်ဆတ်ညိတ်သည်။

"မောင်ရင် စက်ဘီးစီးတတ်လား"

"စက်ဘီး ! စီးတတ်ပါတယ်"

"ဆိုင်ကယ်ရော"

"အင်း ... ဆိုင်ကယ်ကတော့ ရန်ကုန်သားပီပီ စီးနေကြ မဟုတ်တော့ သိပ်အကျွမ်းကျင်ကြီးတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ ဘီးလည်အောင်တော့ စီးတတ်တယ်ပေါ့ကွာ ... ကားကတော့ Expect ပေါ့။ ဘာဖြစ်လို့လဲ"

"မောင်ရင်နဲ့ ကျုပ် စက်ဘီးပြိုင်စီးမယ်"

"ဘာရယ်"

"ဩော် ... မြန်မာစကားကို ရှင်းရှင်းလေး ပြောနေတာ။ စက်ဘီးပြိုင်စီးမယ်။ အဲ ... မောင်ရင် နိုင်ရင် မောင်ရင် အကူအညီတောင်းတာကို ကျုပ် လုပ်ပေးမယ်၊ ဘယ်လိုလဲ"

သူ နည်းနည်းတော့ တွန့်သွားလေသည်။ သူမ မျက်နှာကိုကြည့်လိုက်သောအခါ ယုံကြည်ချက်တို့ဖြင့် တောက်ပ ရွှန်းလက်နေတာကို တွေ့ရသည်။ ပြီးတော့ သူ့ကို မပြိုင်ရဲတော့ဘူးမလား ဟူသော စိန်ခေါ်နေသည့် မျက်လုံးများကို သူ ခံပြင်းသွားသည်။





"အိုခေ ... မင်းသာ ကတိတည်ပါစေ"

"ဘာလဲ ... ပြိုင်နင်းမယ်ပေါ့လေ ဟုတ်လား"

"ဒါပေါ့။ မနင်းရဲစရာ ဘာအကြောင်းရှိလို့လဲ။ အဲ ... တစ်ခုတော့ ရှိတယ်"

သူမက ပြောပါ ပြောပါ ဟူသော အဓိပ္ပာယ်ဖြင့် လက်ညှိုးနှင့် လက်ခလယ်ကိုထောင်ကာ Come on ဒီဇိုင်းမျိုး လုပ်ပြသည်။ တကယ်ပါပဲကွာ အိုက်တင်တွေကိုတော့ လက်များ ခါပါတယ်။

"ကိုယ် စီးရမယ့် စက်ဘီးကိုတော့ ကိုယ် Check in လုပ်ရလိမ့်မယ်"

"ဟက် ... အတွေးခေါက်ခေါက် သနားချက်ကတော့။ ဘာလဲ မောင်ရင့်ကို ကျုပ်က ဘရိတ်ဖြုတ်ထားမယ်၊ စပုတ်တံ ချိုးထားမယ် ထင်နေတာလား"

"အဲလိုတော့ မဟုတ်ဘူးလေကွာ။ ဒါပေမဲ့ သတိဆိုတာ ပိုတယ်မရှိဘူးပေါ့။ လောကမှာ ကိုယ်ကကျူးရင် ကိုယ့်ဒူးတောင် ကိုယ်မယုံရဘူးဆိုတဲ့ စကားလည်း ရှိတယ် မဟုတ်လား"

"ဟက် ... ဟက်။ မောင်ရင်တောင် ကစားပုံတွေ ဘာတွေ တတ်လို့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ ... ပုဂံသူနားနီး ပုဂံသူပေါ့"

"ကြားဖူးပါဘူးအေ။ အဲဒီစကားပုံကို"

သူမရဲ့စကားကြောင့် သူက ဟက်ဟက်ပက်ပက် ရယ်မောမိလေသည်။ ဒီကလေးမဟာ စကားပြောတာ အဲဒါမျိုးလေးတွေ ချစ်ဖို့ကောင်းတာပဲ။

"ကိုယ် ထွင်ထားတာလေ။ ကဲ ... ပြော ဘယ်တော့စက်ဘီးစီးပြိုင်မလဲ။ ကိုယ်ကတော့ ရယ်ဒီပဲ"

"ဒီနေ့ညနေ နေစောင်းတာနဲ့ ပြိုင်မယ်။ နေရာက ပုဂံလမ်းဆုံအဝိုင်းကနေပြီး လေယာဉ်ကွင်းနားထိ ဘယ်လိုလဲ"

"အိုခေ ... Let's Start ! "

သူ့ရဲ့တက်တက်ကြွကြွ အဖြေကို သူမက မျက်လုံးကြီးစွေ၍ကြည့်သည်။ ပြီးတော့ ကောင်းပြီလေဟူသော ပုံစံဖြင့် ညစ်ကျယ်ကျယ် ပြုံးလေသည်။ ကိစ္စတော့ မရှိပါချေ။ သူ ငယ်ငယ်က ဖေဖေ တာဝန်ထမ်းဆောင်ရာ တောင်ကြီးမြို့မှာ တောင်တက် တောင်ဆင်းလမ်းတွေ၌ ကျင်လည်စွာ စက်ဘီးစီးခဲ့တာကို သတိရနေသေးသည်။

သူမကို သူ အောင်နိုင်ဖို့ မျှော်လင့်ပါသည်။

❋ ❤ ❋



## ၁၃

ခြေဖျားထောက်ကာ ကတ္တရာလမ်းပေါ်သို့ ထိထားရင်း ကျန်တဲ့ခြေထောက်တစ်ဖက်ကတော့ စက်ဘီးခြေနင်းခုံပေါ်တင်ထားသော သူဟာ ဘေးနားမှာ ရပ်နေသော မြယွန်းရွှေကို စောင်းငဲ့ကြည့်မိသည်။ သူမကလည်း သူ့ကို ဘယ်လိုလဲဟူသော အကြည့်မျိုးဖြင့် မထိတရိ ပြန်ကြည့်လေသည်။ Hang Ten တီရှပ်အကျပ်အဖြူ၊ ကာကီရောင် ဘောင်းဘီတိုတို့ဖြင့် သူမက စက်ဘီးစီးပြိုင်ပွဲဝင်ရန် အသင့်အနေထား ဖြစ်နေသည်။

ချစ်ရင်ထူးက ဝိစီကိုင်ကာ အဆင်သင့် စောင့်နေသည်က ဆိုင်ကယ်ပေါ်မှာ။ ပြီးရင် လေယာဉ်ကွင်းနားသို့သွားကာ အလံကိုင်ပြီး စောင့်နေဦးမည်။ ပန်းဝင်မည့်လူက ချစ်ရင်ထူးကိုင်ထားသော အလံကိုယူကာ ပန်းဝင်ရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ပြိုင်ပွဲဝင်များ ရယ်ဒီပဲလား ခင်ဗျာ"

ချစ်ရင်ထူးက ဟန်ပါပါမေးသောအခါ သူမက ...

"နင့်လက်ထဲက စက္ကန့်တံကိုကြည့်။ တစ်မိနစ်ပြည့်တာနဲ့ ဝီစီစ,မှုတ်မယ်"

"Yes Sir"

ချစ်ရင်ထူးက နာရီစ,မှတ်နေချိန်ဝယ် သူမက သူ့ကိုကြည့်ကာ ပြောလာသည်။

"ရယ်ဒီ လုပ်ထားနော်"

"ဟက် ... စိတ်ချပါ။ မင်းသာ အသက်ကိုဝဝရှူထား"

သူက ကပ်ပ်ဦးထုပ်ကို တစ်ချက်ပြုပြင်လိုက်ရင်း သူမကို ပြန်ပြောလိုက်သည်။ သူကတော့ အားသွန်ခွန်စိုက် နင်းဖို့ရာအတွက် စွပ်ကျယ်အနက်၊ ဘောင်းဘီတိုအနက်ကွက်ကိုတောင် တွဲဖက်ဝတ်ဆင်လာလိုက်သေးသည်။ သူတို့နင်းမည့် စက်ဘီးများမှာ လက်ကိုင်အတန်းနှင့် ပေါ့ပေါ့ပါးပါးရှိသော တရုတ်စက်ဘီးများ ဖြစ်ကြလေသည်။

"1 ... 2 ... 3 ... ရွှီ"

ချစ်ရင်ထူးက ဝီစီမှုတ်လိုက်ပြီ ဆိုတာနဲ့ သူက လေးညှို့မှ ပစ်လိုက်သော မြားတစ်စင်းပမာ ဝှီးခနဲ နင်းထွက်လာခဲ့သည်။ သူမကလည်း မခေပါ။ သူ့ဘေးမှ တရိပ်ရိပ် ကပ်ပါလာသည်။ ချစ်ရင်ထူးရဲ့ ဆိုင်ကယ်ကတော့ သူတို့ကို ဖြတ်ကျော်တက်သွားသည်။ ပဝါနီကိုင်ကာ လေယာဉ်ကွင်းနားမှာ သွားစောင့်နေတော့မည်။

သူက စက်ဘီးကို မြန်မြန်နင်းရာတွင် ခြေနင်းတုံးမြောက်လာသောအခါမှ ဖိနင်းချလိုက်သော အကွက်ကိုသုံးသည်။ နင်းတိုင်း အားထည့်နည်းသောအကွက်ကို မသုံးချေ။ ထို့ကြောင့် သိပ်မမောပါ။ သူမထက်သာအောင် နင်းနိုင်သော်လည်း တမင်ပဲ ကျော်သွားအောင် မနင်းချေ။ သူမနှင့် လယ်ဗယ်အနေအထား လောက်မှာ ထားပြီးနင်းသည်။ ဒါကြောင့် သူမက မာန်တွေတက်ကာ သူ့ကိုကျော်သွားအောင် ဖိနင်းသည်။

အဲ ... နည်းနည်းလေးလည်း ကျော်သွားသည်။ ဒါပေမဲ့ ချက်ချင်းပဲ သူက သူမနှင့် အမီပြန်ဖြစ်လာသည်။ သူမက သူ့ကို တစ်ချက်ကြည့်ကာ အံကြိတ်ပြီးနင်းသည်။ ဒီလမ်းမကြီးမှာ မိုးသက်လေလေး တဖြူးဖြူးဖြင့် အင်မတန် စက်ဘီးစီးလို့ ကောင်းပါသည်။ ကတ္တရာလမ်းမကြီးမှာလည်း ချောမွေ့တောက်ပြောင်နေသည်။ ပြိုင်ပွဲမဟုတ်ဘဲ ဒီအတိုင်း သက်သောင့်သက်သာ စီးရလျှင် ဘယ်လောက်များကောင်းလိုက်မည်နည်း။







www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သေရေးရှင်ရေး စက်ဘီးနင်းနေရသည်။ လမ်းက One way ဖြစ်တာကြောင့် သူတို့ကို ကျော်တက်သွားသော ကားများ ဆိုင်ကယ်များသာ ရှိသည်။ သူတို့နှစ်ယောက်ကတော့ အားသွန်ခွန်စိုက် နင်းဆဲ။ တဖြည်းဖြည်းနှင့် သူမက မောလာဟန်ရှိသည်။ အရှိန်က နည်းနည်းကျချင်လာသည်။ အဲဒီအချိန်မှာ သူက အားထည့်ပြီး နည်းနည်းပိုဖိနင်းလိုက်သောအခါ သူမထက် ကျော်သွားတော့သည်။

တဖြည်းဖြည်းနဲ့လည်း ရှေ့မှာမြင်လာရတာက ပုဂံညောင်ဦးလေဆိပ်သို့ ရောက်တော့မယ် ဆိုတာပဲဖြစ်သည်။ ဇော့ယမ်းပြနေသော ချစ်ရင်ထူး၏ ပဝါအနီလေးကိုလည်း မြင်နေရပြီ။ သူ့ရင်ထဲမှာ အနိုင်ရတော့မည်ဟူသောစိတ်ဖြင့် ဒိန်းတပ်တပ်ဖြစ်လာသည်။ သူမကိုလှည့်ပြီး ကြည့်လိုက်သောအခါ အံကြိတ်ပြီး ချွေးဒီးဒီးကျအောင် နင်းနေတာကို တွေ့လိုက်ရသည်။ သေချာပြီ၊ ဒီပွဲမှာ သူ နိုင်ပြီ။ သူမက သူ့နောက်၌ ကျန်ခဲ့ကာ ဘယ်လိုမှ လိုက်လာနိုင်မည် မဟုတ်တော့ ဆိုတာကို သိလိုက်ရသဖြင့် ပြုံးပြုံးနဲ့ပဲ အရှိန်လျှော့ကာ နင်းလိုက်သည်။

သို့သော် အံ့သြစရာကောင်းတာက သူမသည် တစ်မဟုတ်ခြင်းပဲ သူ့အနားသို့ ဖြုန်းခနဲ ပြန်ရောက်လာတာဖြစ်သည်။





လေကိုဆန်ကာ နင်းလာသောကြောင့် ဆံပင်တွေက နောက်သို့လွင့်လျက် ချွေးဒီးဒီးကျနေသော မျက်နှာကြီးက ဝင်းပဲစွာဖြင့် သွားဖြဲပြနေသည်။ သဘောကတော့ ငါ အသက်ပြင်းတယ်ဟ ဟူသော ပုံစံမျိုးမို့ သူက ရယ်လည်းရယ်ချင်သွားသည်။ သူက ရုတ်တရက်ပေါ်လာသော ရှင်မြူးစိတ်ဖြင့် သူမကိုတောင် လျှာထုတ်ပြောင်ပြပြီးနောက် ဒီတစ်ခါတော့ ရှိသမျှ အားကုန်ထည့်ကာ နင်းပစ်လိုက်တော့သည်။

အဲဒီအချိန်တွင် သူ့စက်ဘီးက ရှေ့သို့လျှောခနဲ ချွန်ပြီးထွက်သွားသည်။ သူမက မျက်လုံးဝိုင်းပြီး ကြည့်စဉ်မှာပဲ သူက ချစ်ရင်ထူးရဲ့လက်ထဲမှ ပဝါနီလေးကို ဖျတ်ခနဲ ဆွဲယူလိုက်ပြီးသား ဖြစ်ပါသည်။

"ဟေး ... I'm Winner ဟား ... ဟား ... ဟား"

သူ့ရဲ့အော်သံကျယ်ကြီးက ပုဂံပတ်ဝန်းကျင်တစ်ဝိုက် ပျံ့နှံ့ကျယ်လောင်သွားသည်ဟု ထင်ပါသည်။ ရှေ့သို့ အားပါးတရတောင် ဆင်နင်းသွားလျက် ပြန်ကွေ့လာလျှင် သူမက စက်ဘီးကို ရပ်ပြီး သူ့ကို မခံချိမခံသာပုံစံနှင့် ကြည့်နေတာကို ကြုံရသည်။ သူက သူမအနားသို့ရောက်အောင် စက်ဘီးကို စီးသွားလျက် ပြုံးစစဖြင့် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒေါ်မြယွန်းရွှေ၊ ကိုယ် နိုင်ခဲ့ပြီ၊ ဟုတ်တယ်နော်"

သူမက သူ့ကို အခဲမကျေသော မျက်ဝန်းများဖြင့် ကြည့်ကာ ဟင်းခနဲ ဆောင့်ကြီးအောင့်ကြီး ရေရွတ်သည်။ အနားသို့ရောက်လာသော ချစ်ရင်ထူးက သူ့ကို အံ့သြချီးကျူးသော မျက်လုံးများဖြင့် ပြောလေသည်။

"အစ်ကိုလေး စက်ဘီးစီးတာ အရမ်းတော်တာပဲဗျာ။ မိုက်တယ် ... ခြေထောက်မှာ မော်တာတပ်ထားသလား မှတ်ရတယ်"

"ဟား ဟား ဟား ဟား"

သူက သဘောတကျနှင့် ရယ်မောနေလျှင် သူမက ဂရုမစိုက်ပါဘူးဆိုသော အချိုးဖြင့် ချစ်ရင်ထူး လက်ထဲမှ ရေဘူးကို တဂွတ်ဂွတ်နှင့် မော့်သောက်နေသည်။

"ကျွန်တော်က အစ်ကိုလေး ရှုံးလိမ့်မယ်လို့ ထင်ထားတာဗျ။ ဘာလို့လဲဆိုတော့ မမလေးက စက်ဘီးစီးတာ အရမ်းကျွမ်းတာ ...

ငယ်ငယ်လေးတည်းက ကျွန်တော်တို့နဲ့ပြိုင်စီးရင် ကျွန်တော်တို့ပဲ ရှုံးနေတာလေ။ အခုတော့ အစ်ကိုလေးက ဘယ်လိုလုပ် နိုင်သွားလဲ မသိဘူး ... ဟီး ဟီး"





"ဟဲ့ ... နင့်ပါးစပ်ကို ပိတ်ထားစမ်း"

သူမက ချစ်ရင်ထူးကို ငယ်နိုင်ပီပီ ဟောက်လျှင် ချစ်ရင်ထူးက လျှာတစ်လစ်ဖြင့် ငြိမ်သက်သွားရသည်။

"အမှန်တရားကိုပြောတာ ပြောပါစေ။ ဒီမှာ ချစ်ရင်ထူးရဲ့။ မင်းတို့ မသိလိုက်တဲ့အချက်က ကိုယ်က ငယ်ငယ်က စက်ဘီးစီးချန်ပီယံ ဆိုတာပဲ ...

ကိုယ် ငယ်ငယ်က တောင်ကြီးမှာ နေခဲ့တာလေ။ တောင်ကြီးမြို့ထွက်က လမ်းတွေဆိုတာက အနိမ့်အမြင့်လေးတွေနဲ့ စက်ဘီးစီးလို့ အရမ်းကောင်းတာလေ။ ငယ်ငယ်က BMX စက်ဘီးနဲ့ သူငယ်ချင်းတွေ ပြိုင်စီးခဲ့တာပေါ့"

"ဟာ ... မိုက်တယ်ကွာ၊ အစ်ကိုလေးက"

"ပြီးတော့ ငါ့ဦးလေးက စက်ဘီးစီး ချန်ပီယံကွ။ သူက စက်ဘီးပြိုင်စီးရာမှ ဘယ်လိုပုံစံမျိုးနဲ့ နင်းရမယ်ဆိုတာ ငါ့ကို သင်ပေးခဲ့တယ်။ ဘယ်နေရာမဆို သဘောတရားလေးတွေက အရေးကြီးတယ်လေ ...

သဘောတရားမပါပဲ အလုပ်,လုပ်တဲ့သူက ပင်ပန်းပြီး သိပ်တော့ အရာမထင်ဘူးပေါ့ကွာ"

"ခွီး ... ဟုတ်သလိုလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားပြောပြီးတာနဲ့ ဘုန်းခနဲ ရိုက်သံနှင့်အတူ ချစ်ရင်ထူးရဲ့ခေါင်းက ရှေ့ဘက်သို့ ငိုက်ခနဲ ကျသွားသည်။ ချစ်ရင်ထူးတစ်ယောက် ကြယ်တွေ လတွေ မြင်သွားသလား မှတ်ရသည်။ သူ မြင်လိုက်ရတာက Angry Bird မျက်နှာဖြင့် ချစ်ရင်ထူးကို ခါးထောက်ကြည့်နေသော ပုဂံသူ ဖြစ်သည်။

"ကလေးကို မနှိပ်စက်ပါနဲ့ကွာ။ လူလူချင်း အဲဒီလို နိုင်ထက်စီးနင်း လုပ်မိတာမျိုးကို ကိုယ် မကြိုက်ပါဘူး"

"မကြိုက်လည်း သေလိုက်ကြ ... ဟင်း"

**သူမက** သူနှင့် ချစ်ရင်ထူး နှစ်ယောက်လုံးကို မျက်စောင်းထိုးပြီးနောက် စက်ဘီးကို ဆောင့်**ကြီးအောင့်**ကြီး ဆွဲကွေ့ကာ တစ်ဟုန်ထိုး နင်းထွက်သွားတော့**သည်**။ ချစ်ရင်ထူးက ခေါင်းကိုပွတ်ကာ ရှုံ့မဲ့ရင်း ကျန်ခဲ့သည်။ **သူကတော့** ခပ်ပြုံးပြုံးပဲ။ နားထဲမှာ ပုဂံတီးလုံးသံတွေ ကြားယောင်လာသလို ပုဂံဝတ်စုံနှင့် တစ်စုံတစ်ယောက်ကိုလည်း ပုဂံ,က ကနေသည်ဟု မြင်ယောင်လာလေသည်။

❋ ❤ ❋



## ၁၄

"ဘာရယ်တာလဲ မသင်းဝါ၊ သေမယ်နော်"

"ခိ ... မဟုတ်ပါဘူးဟ။ နင်ကလည်း ... ငါက သဘောကျလို့ ရယ်တာပါ။ နင့်ကို ပုဂံဝတ်စုံမပြောနဲ့ မြန်မာဝတ်စုံနဲ့တောင် မမြင်ဘူးတဲ့ဟာ။ အခုလို မြင်ရတော့ အရမ်းထူးဆန်းပြီး သဘောကျလို့ပါဟယ်။ နင်ကလည်း"

"ဟွန်း ... တော်စမ်းပါ"

ယွန်းက မဲ့ခွက်ခွက်နှင့် ပြန်ပြောလိုက်ပြီး ကိုယ့်ပုံကိုယ် မှန်ထဲကြည့်ကာ ကျွတ်ခနဲ စုတ်သပ်မိသည်။ ဒီလိုသာ ဖြူးမယ်မှန်းသိရင် ဟိုင်နဲ့နဲ့ အလောင်းအစား မလုပ်ခဲ့ပါဘူး။ ဒီတော့ တစ်နေရာကနေ ပုဂံဝတ်စုံဌားကာ ပုဂံခေတ်ဒီဇိုင်း ဖြစ်နေရသည်။ မိတ်ကပ်ကိုတော့ ကျေးဇူးရှင်က သဘာဝကျကျ

www.burmeseclassic.com

www.burmeseclassic.com



လိုချင်သည် ဆိုသဖြင့် ပြုံးတူးပြတဲတွေ လုပ်မထားဘဲ ပြေပြေလေးပဲ လိမ်းထားရသည်။

အဓိက,က ဆံပင်ပဲ မဟုတ်လား။ ဆံပင်ကတော့ ပုဂံခေတ်ရဲ့ ဆင်ယင်ထုံးဖွဲ့မှုမျိုး ရမှဖြစ်မှာမို့ မိတ်ကပ်သမား၏ အကူအညီကို ယူရသည်။ ဒီလိုနှင့် လပြည့်ည လထွက်လာသော အချိန်တွင် ယွန်းတို့အဖွဲ့မှာ ဓမ္မရံကြီးဘုရားသို့ ရောက်လေသည်။ သူက Location ကြည့်ဖို့ Lighting ချိန်ဖို့အတွက် ဘုရားသို့ ကြိုရောက်နေခဲ့ပြီး သူက ယွန်းကို မြင်သောအခါ Warr: ခနဲ အော်သည်။

"ဟား ... တယ်မိုက်ပါလား"

ယွန်းက သူ့ကို မျက်စောင်းတစ်ချက် စွေကြည့်ပြီးနောက် ခပ်တည်တည်ပဲ ပြောလိုက်သည်။

"ရိုက်မယ်"

"ဟား ... ပုံစံကတော့ တကယ်ကို မင်းသမီးအထာနဲ့ပါလား။ ပုဂံခေတ်မှာ အင်း ... အေဒီ(၁၁)ရာစုမှာ တိုယိုတာမတ်ခ်တူးကို ပုဂံသူတွေ မောင်းနိုင်နေပြီပေါ့ ... ဟုတ်လား"

"စကားရှည်လိုက်တာ ရိုက်မှာဖြင့် မရိုက်ဘူး။ ဒီမှာ ဒါကြီးကို ဝတ်ထားရတာ စိတ်အိုက်တယ်"





"အေးပါကွာ၊ ဒါကြောင့် မင်းကို ညဘက်ရိုက်ဖို့ ပြောတာပေါ့။ နေ့ခင်းဘက်ဆို ပိုဆိုးမှာ ...

တော်ကြာ ပုဂံကလူတွေက မြပွန်းရွှေ မင်းသမီး လုပ်နေပြီ ထင်နေဦးမယ်"

"ထင်စရာလား၊ ကဲ ... ဘယ်နားမှာ ရိုက်မှာလဲ ပြော"

"ကိုယ် ဓာတ်ပုံကို အရင်ရိုက်မယ်။ လာ ... ဒီနားမှာနေ၊ အင်း ... မျက်လုံးက အခု ဒီနေရာ ... ကိုယ် လက်ညှိုး ထောင်ထားတဲ့ နေရာကို မျက်လုံးအကြည့်ပို့မယ် ... အိုခေ ... ဟုတ်ပြီနော်"

အခုလိုကျတော့လည်း သူက တကယ့်ဝါရင့်ဓာတ်ပုံဆရာတစ်ယောက်လို ဖြစ်သွားသည်။ သူ့မျက်နှာမှာ ခါတိုင်းလို ပြုံးစိစိပုံစံတောင် မရှိတော့ဘဲ တည်တည်ကြည့်ကြည့် ဖြစ်သွားသည်။ ဓာတ်ပုံကောင်းတစ်ပုံ ရဖို့အတွက် မော်ဒယ်ကို စနစ်တကျ ညွှန်ကြားပြသဖို့သာ အာရုံထဲတွင် ရှိတော့ဟန် ဖြစ်လေသည်။ လူကို အဓိကထားရိုက်သော အလှဓာတ်ပုံ မဟုတ်တာကြောင့် ယွန်းမှာ အိုက်တင်တော့ သိပ်ထုတ်စရာ မလိုချေ။

"ဓာတ်ပုံတွေ ပြန်ကြည့်မလား"



www.burmeseclassic.com

www.burmeseclassic.com



သူက ယွန်းကို အခုမှပဲ ခပ်ပြုံးပြုံး မေးဖော်ရတော့သည်။ မင်းသားက ညဘက်ကျတော့ နက်ပြာရောင်ဖစ်တင်ရှပ်အင်္ကျီကို လက်ခေါက်ဝတ်ဆင်ကာ နက်ပြာရောင် Skinny ဂျင်း(န်)နဲ့ပဲမို့ နက်ရှိုင်းသိပ်သည်းနေသည်။ အနားမှာလာကပ်ပြီး အိုက်တင်သင်ပေးစဉ် သူ့အနားကရသော မွှေးရနံ့ခပ်ဖျော့ဖျော့ဟာလည်း တစ်မျိုးစိတ်ဝင်စားစရာ ကောင်းပါသည်။

ကျွတ် ... သွားစမ်းပါ၊ ငါ ဘာတွေလျှောက်တွေးနေတာလဲ။ သူ မေးတာကို ယွန်းက မျက်လုံးနဲ့ပဲ အဖြေပေးလိုက်သည်။ သူက အနားတိုးကပ်လာကာ ဓာတ်ပုံတွေ ပြန်ပြပုံမှာ ဂျာနယ်တွေထဲ ပါတတ်သော Photo Malking ဓာတ်ပုံတွေအတိုင်းပဲ ဖြစ်နေမလားလို့ပင်။ ဟော ... ရပြန်ပြီ၊ တောင်လေက တစ်ချက်အဝှေ့မှာ သူ့ထံက ချိုချိုအီအီ ရေမွှေးနံ့တစ်မျိုးကို ရပြန်ပြီ။

ဒီအနံ့က တစ်နေ့ကအနံ့ မဟုတ်ပါလား။ ဟိုနေ့က သစ်သီးနံ့လိုလို ဘာလိုလို၊ အခု ယ်လေး ... ခရီးထွက်လာတာတောင် ရေမွှေးတွေ ဘယ်နှပုလင်းတောင် သယ်လာပါလိမ့်။

"ဒီပုံဆို တော်တော်အဆင်ပြေတာပဲ၊ တွေ့လား"

"ဘယ်နပုလင်းတောင် သယ်လာမှန်းမှ မသိတာ"

"ဘာရယ်"





ဒီတော့မှပဲ ယွန်းက ကိုယ့်စကားကိုယ် မှားသွားပြီဆိုတာ သိလိုက်ရသည်။ သို့သော် ချက်ချင်းပဲ ချော်လဲရောထိုင် လုပ်လိုက်နိုင်ပါသည်။

"ဩော် ... ပါရမီဆယ်ပါး အပြားသုံးဆယ်ဆိုတာ မကြားဖူးဘူးလား။ ကျုပ်က ပါရမီကို ပုလင်းပြားနဲ့ ဘယ်နှလုံးတောင် ပါလာမှန်းမသိလို့ ...

တစ်ခါမှ ဓာတ်ပုံမရိုက်ဖူးဘဲနဲ့တောင် ဒီလောက်အဆင်ပြေနေတာလေ။ ဓာတ်ပုံဆရာလည်း စိတ်မညစ်ရဘူး မှုလား"

"ဟက် ... ဟုတ်ပါပြီဗျာ။ မော်လ်ဒယ်လက်သစ်လေး သိပ်တော်ပါတယ်၊ ကဲ ... ဟိုဘက်မှာ ဘုရားနောက်ခံနဲ့ နည်းနည်းလောက် ထပ်ရိုက်ကြရအောင် ...

Let's Start"

"မိတ်ကပ်ထပ်ဖို့ပေးဖို့ လိုသေးလား အစ်ကိုလေး"

သင်းဝါရဲ့အမေးကို သူက လက်ခါယမ်းပြကာ ယွန်းကို ပြုံးပြီးကြည့်လာသည်။

"နိုး ... နိုး ... ။ ဒီမျက်နှာက အေဒီ(၁၁)ရာစုက ပုဂံသူ မျက်နှာပဲ။ ပုဂံသူတွေက မိတ်ကပ်သိမ်မဖွေးကြဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဓာတ်ပုံက International ပြိုင်ပွဲဝင်မှာဆိုတော့ သဘာဝ ကျဖို့က နံပါတ်တစ် အရေးကြီးဆုံးပဲ"

"ဟုတ်ပါပြီ၊ ကဲ ... ရိုက်မှာသာ ရိုက်ပါ။ တကတဲ ဘယ် ဘဝတည်းက ပြောချင်နေမှန်း မသိဘူး"

သူက ယွန်းကို မနိုင်တော့ဘူးဟူသော ပုံစံဖြင့် လက်ဝါးဖြန့်ပြသည်။ အဲဒီနောက် ဘုရားရဲ့ထောင့်တစ်နေရာမှာ ဓာတ်ပုံတချို့ ထပ်ရိုက်ပါသည်။ သူ ရိုက်နေတဲ့ပုံစံက တကယ့်ကို ဓာတ်ပုံဆရာတစ်ယောက်ရဲ့ အချိုးအချိတ်အတိုင်း ပြီးတော့ အခုနက သူ ရိုက်ထားခဲ့သော ပုံတွေကို ပြတဲ့အခါမှာလည်း တကယ့်ကို အံ့ဩဘနန်းလက်ရာတွေမို့ ယွန်းဟာ ကိုယ့်ကိုယ်ကိုယ် တောင် ဖိုတိုမော်ဒယ်အလား ထင်မှတ်မှားလာရသည်။

ဒီတော့ တကယ့်ကို စိတ်ပါလက်ပါနဲ့ Mood တွေ အပြည့်နှင့် Post ပေးဖြစ်သည်။ စိတ်မှာ ကိုယ့်ကိုယ်ကိုယ် Photo Model တစ်ယောက်လို ထင်လာမိလေသည်။ ကင်မရာရိုက်ချက် သံ တဖြောက်ဖြောက်ကြားမှာ အချိန်တွေ ဘယ်လိုကုန်သွားမှန်း တောင် မသိတော့ချေ။

သူက လက်ကာပြတော့မှပဲ ပြီးပြီဆိုတာ သဘော ပေါက်တော့သည်။





"အိုခေ ... အရမ်းကောင်းတယ်၊ နားလိုက်ပါဦး။ တာဝန် ကျေတယ် မြယွန်းရွှေ"

"ပုံတွေ ပြဦးလေ အစ်ကိုလေး"

သင်းဝါက ဝင်ပြီးပြောတာဖြစ်သည်။ သူက ခပ်ပြုံး ပြုံးဖြင့် ကင်မရာထဲမှ ရိုက်ပြီးသားပုံများကို ပြန်ပြသည်။ ယွန်း တောင် ဘာမှမပြောရသေးဘဲ သင်းဝါက ထပြီးအော်သည်။

"ဟယ် ... မိုက်တယ်တော့။ ကြည့်စမ်း ... အယွန်း၊ နင်နဲ့ တောင် မတူတော့ဘူးနော်။ တခြားတစ်ယောက်လိုပဲ၊ မဂ္ဂဇင်းထဲက မင်းသမီးတွေနဲ့ တူတယ်ဟယ်"

ယွန်းသည် ခါတိုင်းလို အလကားပါ၊ အဲလောက် လည်း မဟုတ်ပါဘူးတွေ ဘာတွေ အပျက်စကားတွေ သိပ်မဆို နိုင်ဘဲ ဒစ်ဂျစ်တယ်ကင်မရာထဲမှ ဓာတ်ပုံများကို အံ့ဩမင်သက် စွာ ကြည့်နေမိသည်။ လရောင်အောက်မှာ တွေဝေငေးမော ဆွေးလျပုံစံရှိသည့် မိန်းကလေးဟာ ယွန်းတဲ့လား။ ယွန်းသည် ကိုယ့်ကိုယ်ကိုယ် ယွန်းဟု မမြင်မိဘဲ မွေ့ရုံကြီးဘုရားရဲ့ အဆက် အနွယ် ပုဂံသူတစ်ယောက်ဟု မြင်ယောင်လာသည်။

"ဘယ်လိုလဲ ? ။ သဘောကျရဲ့လား မြယွန်းရွှေ"



www.burmeseclassic.com

www.burmeseclassic.com



သူက ယွန်းကို ငဲ့ကြည့်ကာ ပြုံးပြီးမေးသည်။ အဲဒီလို ပြုံးပြီးမေးလိုက်ပုံလေးက ယွန်းကို ဘယ်လိုဖြစ်သွားစေလဲ တော့ မသိပါ။ ညို့ယူခံပြီး အမေးခံလိုက်ရသူလို ဆတ်ခနဲ ခေါင်းညိတ်ပြမိလျက်သား ဖြစ်သွားသည်။ သူက ယွန်း ခေါင်းညိတ် ပြတဲ့ပုံစံကို ပြန်လည်သဘောကျတဲ့ပုံစံနှင့် ဟက်ခနဲရယ်သည်။

"အင်း ... ဒီလို လွယ်လွယ်ခေါင်းညိတ်တဲ့ပုံထောက်ရင် တော်တော်ကြိုက်နေလို့ပဲ ဖြစ်ရမယ်။ Right ? "

မှန်နေသောကြောင့် ယွန်းက ထုံးစံအတိုင်း နှာခေါင်း ရှုံ့လိုက်မိသည်။

"ကဲ ... ခဏနားပြီးမှ Documentary ဆက်ရိုက်ကြတာ ပေါ့။ လောလောဆယ် ဒီမော်ဒယ်လေး နားဖို့လိုတယ်။ ကဲ ... ချစ်ရင်ထူးရေ အစ်ကို့ကားပေါ်ကပစ္စည်းတွေ ယူ ခဲ့ပေးပါကွာ၊ ဟုတ်ပြီလား"

"ဟုတ် ... ဆရာ"

ချစ်ရင်ထူးက ဖင်ပေါ့စွာဖြင့် ပြေးသွားသည်။ ခဏ ကြာသောအခါ ခြင်းတောင်းတစ်လုံးနှင့်အဘူ ခေါက်ခုံလေးတစ်ခု ကိုပါ သယ်ရင်း အပြေးအလွှား ပြန်ဝင်လာသည်။ ခြင်းတောင်း





ကိုချ ခုံကိုဖြန့်ခင်းလေသည်။ ခုံက ဖြန့်ခင်းလိုက်သောအခါ ရှုတင်တွေမှာ မင်းသား မင်းသမီးတွေ ထိုင်တတ်သော ရှုတင်ခုံ ဖြစ်သွားသည်။

သူက ယွန်းကို ထိုင်ပါဟုသော ပုံစံမျိုးဖြင့် လက် ဆန့်တန်းပြကာ ...

"ကဲ ... ဒါက Main Person ထိုင်ဖို့ပါ၊ ထိုင်"

"မောင်ရင်တို့က မတ်တတ်ရပ်နေကြမှာပေါ့"

"ဒါပေါ့။ ကိုယ်တို့က မြသနာမရှိဘူးလေ။ မင်းက အဲဒီ ဝတ်စုံကို ဝတ်ထားရတာဆိုတော့ သက်သောင့်သက်သာ ထိုင်နိုင်ဖို့ အရေးကြီးတယ်လေ"

ဒီလိုကျတော့လည်း အကွက်စီသားပဲဟု ယွန်းက စိတ်ထဲမှ အမှတ်ပေးမိသည်။ နောက်ထပ် အမှတ်ပေးစရာကလည်း ထပ်ပေါ်လာပြန်သည်။ ချစ်ရင်ထူးက ယူလာသော ခြင်းထဲမှ ဓာတ်ဘူးကိုထုတ်ကာ တစ်ခါသုံး ဖော့ခွက်လေးထဲသို့ ကော်ဖီ ထည့်ပေးသောကြောင့်ဖြစ်သည်။

"အစ်ကိုလေးက အကျအန စီစဉ်လာတာပဲနော်။ အကွက် ကို စိနေတာပဲ ... ဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



သင်းဝါက ချီးကျူးသော်လည်း ယွန်းကတော့ နှုတ်ဆိတ်နေကာ ကော်ဖီကို တစ်ကျိုက်မြို့ရင်း မင်းမိုးသုကို အကဲခတ်မိသည်။ သူက ကော်ဖီကိုမော့ရင်းမှ ချစ်ရင်ထူးရဲ့လက်ထဲ SONY ကင်မရာအသေးလေးကိုယူကာ ယွန်းကိုပြသည်။

"ဒီမှာလေ ဒီလိုလည်း မှတ်တမ်းတင်ထားသေးတယ်။ ပိတ်ဂိုရပ်ဖာနဲ့ သူ၏ မော်ဒယ်လ်ကို ... ဟင်း ဟင်း ဟင်း"

သူပြသော ကင်မရာထဲတွင် သူနှင့် ယွန်းတို့ ရိုက်ပြီးသားဓာတ်ပုံကို ပြန်ကြည့်နေသောပုံတွေ ပါဝင်သည်။ တစ်ချိတွင်တော့ သူ့ကို ယွန်းက ငေးကြည့်နေတာနှင့် ကြုံရသည်။ ဓာတ်ပုံဆရာ တောင့်တောင့်ဖြောင့်ဖြောင့်ကို ငေးကြည့်နေသော ပုဂံသူကလေး။ တောက် ... တစ်မိနစ်တောင် မကြာလိုက်တဲ့ အဲဒီအကြည့်ကို ချစ်ရင်ထူး ကောင်စုတ်က ဘယ်လိုများ မှတ်တမ်းတင်လိုက်ပါလိမ့်။

"အဲဒါတွေက ဘာလုပ်ဖို့ ရိုက်ခိုင်းရတာလဲ"

"ဟာ ... လိုတယ်လေ။ photo Making ဆိုတာ မကြားဖူးဘူးလား။ တော်ကြာ ဒီလိုရိုက်မပြရင် တာကယ့်ဉစ္စာစောင့်ကို ရိုက်ပြတယ် ထင်နေမှာပေါ့"

"ဟွန့် ... အပိုတွေ"





အဲဒီလို ပြောလိုက်မိသော်လည်း ထိုဓာတ်ပုံတွေကို ယွန်းကိုယ်တိုင်လည်း လိုချင်နေမိတယ်ဆိုတာ ကိုယ့်ဟာကိုယ်ပဲ သိလေသည်။ သူ ရိုက်ပေးထားသော ယွန်းရဲ့ဓာတ်ပုံများမှာ ကိုယ့်ကိုယ်ကိုယ်ဟု မထင်ရလောက်အောင် တမူထူးခြား ပြောင်းလဲနေပါသည်။ ဓာတ်ပုံအယူအဆတွေ အလင်းအမှောင်သဘောတရားတွေ နားမလည်တဲ့သူတောင်မှပဲ ဒီလို လရိပ်အောက်က ဓာတ်ပုံလေးဟာ ဤမျှ တောက်ပအသက်ဝင်နေသည် ဆိုတာကို မယုံနိုင်တာပါ။

"ဒီမှာ ... ဒီဓာတ်ပုံတွေက ကျုပ်နဲ့လည်း ဆိုင်တယ်နော်။ ကျုပ်ကိုလည်း ကူးပေးရမှာ"

"ဟား ဟား ... စိတ်ချ။ သေချာဘောင်သွင်းပြီး ပုံကြီးချဲ့ပြီးပေးမှာ သိလား၊ အဲ ... ဆုရရင်လည်း ဂျပန်ကို ခေါ်သွားဦးမယ်"

"အောင်မာ ... ဘာလို့ လိုက်ရမှာလဲ"

"ဟာ ... မလိုက်ဘူးလား။ မလိုက်ရင် ဆုပေးတဲ့ကုမ္ပဏီက ပိုတောင်ကြိုက်သေး။ ဆုရရင် ကုမ္ပဏီက ဂျပန်ကို တစ်ပတ် အလည်ခေါ်မှာလေ"



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ယွန်းက အွန်ခနဲ ဖြစ်သွားသည်။ အမယ်လေး ... သူနဲ့အတူတူ ဂျပန်ကိုသွားရမယ်။ ရေစက်က အဲဒီလောက်ထိများ ပါလာခဲ့ရင်တော့ ...။ ယွန်းရဲ့အတွေးမဆုံးခင်မှာပဲ သူက ကော်ဖီကို လက်စသတ် ကောက်မော့လိုက်ပြီးနောက် ...

"ကဲ ... ရိုက်ကွင်းပြန်စကြစို့။ အိုခေ ... ရယ်ဒီ"

ဒီတစ်ခါတော့ သူက Documentary အတွက် ရိုက်ကူးတာ ဖြစ်ပါသည်။ သူ နေခိုင်းသည့် ပုံစံအတိုင်းနေ၊ သူ ကြည့်ခိုင်းသည့် အကြည့်အတိုင်းကြည့်၊ အပြုံးအရယ် တစ်စက်မှမပါဘဲ ရိုက်ကူးသွားတာမို့ ယွန်းအတွက် အခက်အခဲ ကြီးကြီးမားမား မရှိခဲ့ပါ။ စကားလည်း ပြောစရာမလိုသဖြင့် အဆင်ပြေလွန်းလှသည်။

ယွန်းကို ရိုက်ကူးထားသော ပုံများကိုကြည့်ပြီး အားပါးတရ သူ ပြုံးလေတိုင်း အဲဒါကိုမြင်ပြီး မျက်မှောင်ကြုတ်မိတာက ယွန်း။ စိတ်ထဲမှာ ကြိုက်တာလည်းမဟုတ် မကြိုက်တာလည်း မဟုတ်ဘဲ ယွန်း ကိုယ်တိုင်တောင် ဘာဖြစ်နေမှန်း မသိတော့ပါ။

✱❤✱





၁၅

ရှင်မင်းသည် Facebook ရဲ့ page တစ်ခုမှာ တက်လာသော Photographer & belle Bagan ဟူသော Album ကို မြင်သောအခါ မျက်မှောင်ကြုတ်သွားမိသည်။ မင်းမိုးသုရဲ့ ဓာတ်ပုံရိုက်ကွင်းတစ်ခုပေါ့လေ။ ဓာတ်ပုံရိုက်ကွင်းက နေ့ခင်းမဟုတ်ဘဲ ညဘက်ဖြစ်နေတာတော့ တစ်မျိုးပဲ။ ရှင်မင်းက Belle Bagan ကို သေချာကြည့်မိသည်။ အဲဒီ Album ကို သူ့ Wall ပေါ်မှာပဲ တင်ထားတာ မဟုတ်ဘဲ Belle Bagan ကိုပါ Tagged လုပ်ထားသေးသည်။

အဲဒီ Belle Bagan ဆိုတာ ဘယ်သူလဲ။ ရှင်မင်းက သိချင်စိတ်ဖြင့် Belle Bagan ရဲ့ Wall သို့ စပ်စုရန် သွားလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် Belle Bagan ရဲ့ မူရင်းဓာတ်ပုံ၊ အသုံးပြုသူရဲ့ လူဓာတ်ပုံကို မတွေ့ရဘဲ ပုဂံညောင်ဦး၊ ပုပ္ပား စသဖြင့် ဒေသက စိတ်ဝင်စားဖွယ်ရာ ဓာတ်ပုံတွေ၊ ပုဂံအကြောင်း Notes တွေ၊ ပုဂံနဲ့ပတ်သက်တဲ့ Status တွေသာ တွေ့ရသည်။

Belle Bagan နှင့် မိုးသုဟာ Friend တွေဖြစ်ကာ အရင်က Belle Bagan ဆိုတာကို မိုးသုရဲ့ Friend list မှာ မတွေ့ခဲ့ဖူးချေ။ အခုတော့ ... ... ... ? ... ? ။ ရှင်မင်းက တွေဝေစဉ်းစားနေတုန်းမှာပဲ ရှင်မင်းရဲ့သူငယ်ချင်း ချောစုက Chat Box မှ Hi ခနဲ တက်လာသည်။ ရှင်မင်းကလည်း ပြန် Hi လိုက်သည်။

"မိုးသုရဲ့ Update တစ်ခုတက်တယ် တွေ့လား"

"တွေ့သားပဲ"

ရှင်မင်းက စာသားတချို့ကို ခပ်သွက်သွက်ပဲ ရိုက်နှိပ်လိုက်သည်။ ချောစုထံမှ စာသားကလည်း ချက်ချင်းပြန်တက်လာသည်။

"Belle Bagan တဲ့။ ဘာလဲဟ"

"ဘယ်သိမလဲ"

"ဘယ်က မော်ဒယ်လ်လဲ မသိဘူးနော်"





ချောစုရဲ့စာသားကို ရှင်မင်းလည်း ဘာပြန်ပြောရမှန်း မသိချေ။ ကီးဘုတ်ပေါ်တွင် လက်ချောင်းများက ရပ်တန့်နေပြီး ဘာပြန်ပြောရမှန်းမသိ။ သူ ဒီက မော်ဒယ်တွေကို ခေါ်သွားမယ်လည်း မကြားမိပါဘူး။ အေးလေ ... မကြားမိဆို သူနဲ့ ရှင်မင်းကလည်း သူ့အလုပ်အကြောင်းကို ဘယ်တုန်းကများ သေချာဆွေးနွေးဖူးလို့လဲ။

ရှင်မင်းက သက်ပြင်းတစ်ချက်ကို မသိမသာ ရှိုက်မိသည်။ ဘာကြောင့်မှန်းမသိဘဲ ရှင်မင်းရဲ့စိတ်ထဲတွင် တစ်ခုခုကို လက်လွှတ်ရတော့မလို ခံစားနေရသည်။ အဲဒီအတွက်လည်း စိုးထိတ်မှုမျိုးတစ်ခုက ဝင်ရောက်လာသည်။

"ဟေး ... ဘာလုပ်နေတာလဲ"

ရှင်မင်းကငြိမ်နေသဖြင့် ချောစုထံက စာတစ်ကြောင်းထပ်တက်လာသည်။

"ဘာမှ မလုပ်ပါဘူး"

"နင် စဉ်းစားနေတာ မှလား"

"ငါက ဘာကိုစဉ်းစားရမှာလဲ"

"ရှင်မင်းရယ် ... နင် တခြားသူကို သွားညာရင် ညာစမ်းပါ။ ငါ့ကိုတော့ လာပြီး ပြန်အကြောင်းရိုက်မနေနဲ့။ နင် မိုးသုကို သတိရနေတယ် မဟုတ်လား ...



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း Belle Bagan ကိုမြင်ပြီး နင့်စိတ်ထဲမှာ ကျလိ ကျလိ ဖြစ်နေတယ် မဟုတ်လား”

“နင်ကလည်း”

ဟုတ်မှန်သောကြောင့် ရှင်မင်းမှာ “နင်ကလည်း” ဟု ခပ်ပျော့ပျော့သာ တုံ့ပြန်နိုင်သည်။

“နင့်ဆီကို သူ ဖုန်းမဆက်ဘူးလား”

ပထမတော့ မဆက်ဘူးဟု ခပ်သွက်သွက်ရိုက်မည့် လက်များမှာ ရုတ်ခြည်း တုံ့နှေးသွားကြပြီး အခုရက်ပိုင်းတော့ မဆက်လာသေးဘူးဟု ဖြေဖြေလျော့လျော့ ရိုက်မိသွားသည်၊

“Belle Bagan နဲ့ သာယာနေလို့ နေမှာပေါ့”

ရှင်မင်းက ချောစုကို စိတ်ထဲမှ ခပ်တိုးတိုး ကျိန်ဆဲမိသည်။

“နင့်စိတ်ထဲမှာ သူ့ကို သဘောကျတယ်။ တစ်ဖက်ကလည်း နင် ဖြစ်စေချင်တဲ့ ပုံစံအတိုင်း ဖြစ်ရမှ ဆိုတာကတော့ သိပ်သဘာဝ မကျသေးဘူး ထင်တာပဲလေ ...

လူတစ်ယောက်မှာ သူ့အကြိုက်၊ သူ့ဝါသနာ၊ သူ့ရပ်တည်မှု ဆိုတာတော့ ရှိရမှာပေါ့။ သူ့မိဘကတောင် နင့်ထက် အများကြီး အမြော်အမြင်ကြီးတဲ့သူပဲလေ။ သူ





တို့တောင် သူတို့သားကို ဖြစ်စေချင်တဲ့ဆန္ဒအတိုင်း လွတ်လွတ်လပ်လပ် ပံ့ပိုးပေးထားတာပဲ”

ချောစုရဲ့ တရှည်တလျား စာသားကို ဖတ်ကာ ရှင်မင်းမှာ ဘာမှပြန်မပြောနိုင်ပါ။ ကွန်ပျူတာကိုသာ လက်ထောက်ပြီး ငေးစိုက်နေမိသည်။

“သူကလည်း နင့်ကို Push မလုပ်ဘူးလား”

ရှင်မင်း ဘာမှမဖြေနိုင်ပါ။ ငိုင်တွေလျက်သား ရှိနေသည်။ ဘာသဘောပါလိမ့်နော်။ ခါတိုင်းဆို သူ ဒီလိုမဟုတ်ပါ။ ရန်ကုန်မှာ ရှိစဉ်တုန်းက ဖုန်းဆက်ရတာ၊ မက်ဆေ့ချ်ပို့ရတာ၊ မုန့်စားဖို့ ချိန်းရတာ စသဖြင့် အဆက်အသွယ်လေးတွေ မပြတ်မတောက် ရှိခဲ့ပေမယ့် ခုတော့ နေနိုင်လိုက်တာ ဘာသဘောလဲ။ ယောကျ်ားတွေရဲ့ အချစ်ဆိုတာ ဒီလိုမျိုးကြီးလား။

ရှင်မင်း ရင်ထဲတွင် တနုံ့နုံ့ ဖြစ်လာသည်။ ဒီဘက်မှာ ချောစုနှင့် ချက်နေသော်လည်း မျက်လုံးအကြည့်တွေက Facebook Wall ပေါ်သို့သာ ရောက်နေသည်။ သူ့ရဲ့ Friends တွေက Like တွေ၊ Comment တွေ အမျိုးမျိုး တက်နေသည်။ အထူးသဖြင့်တော့ စိတ်ဝင်စားနေကြသည်မှာ Belle Bagan ပါပဲ။ Belle Bagan ရဲ့ တစ်ယောက်တည်း ဓာတ်ပုံတစ်ပုံပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှုတင်တွေမှာ သုံးတတ်သော ခေါက်ခုံတစ်လုံးဝယ် ခြေထောက်ကို အကျအနချိတ်ထိုင်ပြီး ကော်ဖီသောက်နေသော ပုံစံက ခပ်မိုက်မိုက် ရှိလှသည်။ မျက်နှာကို သဲသဲကွဲကွဲ မမြင်ရဘဲနဲ့ကို စိတ်ဝင်စားစရာ ကောင်းသည်ဟု ခန့်မှန်းရသည်။ ဒါကြောင့်လည်း Belle Bagan ရဲ့ဓာတ်ပုံမှာ Like တွေ အများကြီးပဲ တက်လေသည်။

ရှင်မင်းမှာ နှုတ်ခမ်းကို အသာကိုက်ထားမိသည်။

"ဟဲ့ ... နင် ရှိသေးရဲ့လား"

ရှင်မင်းထံမှ ဘာစကားပြန်မှ မရတော့သဖြင့် ချောစုက ထပ်မေးသည်။ ရှင်မင်းက ဇာတချို့ကို ခပ်သွက်သွက်ပဲ ကောက်နှိပ်လိုက်ပါသည်။

"ဆောရီး ... ငါ ထွက်တော့မယ်။ တာ့တာ"

ရှင်မင်းက g.talk ကနေ၍ Sign out လုပ်ပြီးနောက် Facebook ထံသို့ အာရုံအပြည့် ပြန်ပို့လွှတ်လိုက်သည်။ Belle Bagan ကတော့ အွန်လိုင်းမှာ ရှိပုံမပေါ်ချေ။ မိုးသုနှင့် သူ၏ Friend များ အပြန်အလှန် စကားတွေ ဝေဆာနေချိန်ဝယ် သည်းမခံနိုင်တော့သည့် အဆုံးမှာ မိုးသုရဲ့ဖုန်းကို ကောက်နှိပ်မိလေသည်။





ပြီးတော့ မတတ်ထရပ်ရင်း လမ်းလျှောက်နေမိသည်။ သူက ဖုန်းမကိုင်သေးပါ။ သူ့ကိုယ်စား ဖွင့်ပြထားသော သီချင်းသံကိုသာ အရင်နားဆင်နေရသည်။

"အမြဲလိုပင် xxx သနပ်ခါးလေး ပါးပါးညီညီ လိမ်းခြယ်ရင် xxx မြင်သူတကာ xxx ငေး ... ငေးရက်နိုင်လွန်းတယ် xxx ကဗျာဆန်သူရယ် xxx မယ်ယဉ်ကျေးရေ xxx ဘယ်သူတွေ ဘယ်လောက်ချောချော xxx ချောပါစေ"

အံမယ် ... အရင်က ဒီသီချင်းမဟုတ်ပါ။ Rဇာနည်ရဲ့ မျှော်လင့်နေမယ်သီချင်းကို ရှင်းမင်းအား ရည်ရွယ်ဟန်ဖြင့် ထည့်ထားတာပါ။ အခုမှ ဘယ်က သနပ်ခါးချစ်သူတွေ ရောက်လာပါလိမ့်။ အညာဒေသမှာ သနပ်ခါးလိမ်းတဲ့ မိန်းကလေးကိုတွေ့ပြီး၊ ဒီသီချင်းကိုထည့်ဖို့ စိတ်ကူးရသွားတာလား မသိပါ။

"ဟယ်လို"

"သနပ်ခါးချစ်သူပေါ့လေ"

ရှင်မင်းရဲ့ပါးစပ်က လွတ်ခနဲ ထွက်သွားပြီးလျှင် သူက ကြောင်သွားဟန်ရှိသည်။ ပြီးတော့မှ တဟားဟားဖြင့် ရယ်သည်။

"ရှင်မင်း"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ခေါ်သံလေးကတော့ လှိုက်လှိုက်လှဲလှဲရှိသဖြင့် ရှင်မင်းက ကျေနပ်သွားသည်။ Facebook သုံးနေလို့ မှန်းလာသဖြင့် အာရုံပျက် စိတ်အနှောင့်အယှက် ဖြစ်သွားဟန်တော့ မတွေ့ပါ။

"မှတ်မိသားပဲနော်"

ရှင်မင်းရဲ့ ခနဲ့သံကို သူက ရိုးသားစွာဖြင့် သတိမထားမိတာလား၊ ဘာလားတော့ မပြောတတ်ပေ။ ခပ်အေးအေးပဲ ပြန်ပြောသည်။

"မမှတ်မိစရာ ဘာအကြောင်းရှိလို့လဲ၊ ရှင်မင်းရဲ့နံမည်နဲ့ ဖုန်းနံပါတ် ပေါ်နေတဲ့ဟာပဲလေ"

"အင်း ... ပုဂံမှာ တော်တော်ပျော်နေတယ် ထင်တယ်"

"ပျော်တယ် ... အင်းပေါ့၊ အဲလို ပျော်လည်း ရပါတယ်"

အဲဒီစကားကြောင့် ရှင်မင်းရင်ထဲတွင် ဆစ်ခနဲဖြစ်သွားသည်။ ဘာဖြစ်လို့များ အဲဒီလို ဖြစ်ရတာပါလိမ့်နော်။ တကယ်တမ်း ကြားချင်နေတာက ရှင်းမင်း မရှိတဲ့အရပ်မှာ သိပ်တော့မပျော်ပါဘူး၊ ကိုယ်က ရန်ကုန်ကိုပဲ လွမ်းနေတာ၊ ရန်ကုန်ကို ပြန်လာချင်နေပြီ ရှင်မင်းဟု စသဖြင့် အဲဒီစကားသံတွေ ကြားချင်နေတာလား။





ရှင်မင်းကို ချစ်ပါတယ် အဖြေလိုချင်ပါတယ်ဆိုတဲ့ ယောကျ်ားတစ်ယောက်က အခုတော့ အေးစက်နိုင်သွားပြီလား။ သူချစ်တာ မချစ်တာ လွမ်းတာ မလွမ်းတာထက် အဲဒီလိုလုပ်သွားတာကို ရှင်မင်းက ပိုမခံနိုင်တာဖြစ်လိမ့်မည်။ ရှင်မင်းတစ်ယောက် နှုတ်ခမ်းကိုက်ကာ စဉ်းစားနေတုန်းမှာပဲ သူ့ထံက၍ စကားသံထွက်လာသည်။

"ပျော်တယ်ဆိုတာထက် ဘယ်လိုပြောမလဲကွာ၊ စိတ်ကြည်နူးကျေနပ်မှုတစ်ခုကို ရတာ။ ကိုယ်စိတ်တိုင်းအရမ်းကျတဲ့ ဓာတ်ပုံနဲ့ Documentary တစ်ခုကို ရလိုက်တယ်လေ"

"အဲဒါကြောင့်ပဲလား"

"ဟား ဟား ... အဲဒါအပြင် ဘာရှိရဦးမှာလဲကွာ"

သူက Belle Bagan အကြောင်းကို စကားထဲထည့်မပြောပေ။ အဲဒါကိုက ရိုးသားတာလား မရိုးသားတာလား မခွဲခြားတတ်တော့ပါ။ သူ မပြောရင် ရှင်မင်းကပဲ ဟိုရောက်ဒီရောက်ပုံစံမျိုးနဲ့ မေးလိုက်ရမလား။ မေးဖို့ရော လိုလို့လား။ ကျွတ် ... စိတ်နှောက်လိုက်တာကွာ။

ရှင်မင်းရဲ့စိတ်ထဲမှာ Belle Bagan ကို သိချင်စိတ်ပြင်းပြနေတာကလည်း ထူးတော့ထူးဆန်းသားပင်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်မင်း ဘာတွေလုပ်နေလဲ"

ဘာမှတောင် ပြန်မဖြေရသေးခင် သူ့ဟာသူပဲ ဆက်ပြောလာသည်။

"ရှင်မင်းကို Facebook ပေါ်မှာလည်း သိပ်မတွေ့ရဘူးလေ"

တွေ့သာ မတွေ့ရတာ ရှင့်ကိုတော့ အမြဲတက် Check ဖြစ်နေတယ်ဟု ပြန်မပြောဖြစ်ပါချေ။

"အင်း ... ဒီလိုပါပဲ၊ ခုတလော BC မှာ စာမေးပွဲသွားဖြေနေရတယ်လေ၊ ဒါကြောင့် ..."

သူက တစ်ခုခုပြောမည် ပြင်နေတုန်းမှာပဲ ရှင်မင်းရဲ့ပါးစပ်က စကားတစ်ခွန်း လွတ်ခနဲထွက်သွားသည်။

"ရှင်မင်းလည်း စာတွေလုပ်ရတာ ခေါင်းနောက်နေပြီ၊ ဒါကြောင့် ဒီတစ်ခါစာမေးပွဲပြီးသွားရင် ပုဂံဘက် ခရီးလေးဘာလေး ထွက်ရင်ကောင်းမလားလို့"

"ဟာ ... ကောင်းတာပေါ့၊ ဒီအချိန်က ပုဂံကို ခရီးထွက်ဖို့ အကောင်းဆုံးပဲ၊ ရာသီဥတုလည်း အရမ်းသာယာတယ် ...

ရန်ကုန်မှာ မိုးများနေတယ်မဟုတ်လား၊ ဒီမှာတော့ အဲလိုမဟုတ်ဘဲ မိုးမများဘဲ မိုးလေအေးအေးနဲ့ နေလို့အရမ်းကောင်းတယ် ...





ကိုယ် ရှိတုန်း လာခဲ့လေ"

အဲဒီစကားကြောင့် ရှင်မင်းက နည်းနည်းကျေနပ်သွားသည်။ အင်း ... ဒါပေမဲ့လည်း သိပ်တော့ မကျေနပ်သေးသလိုပါပဲ။ ဘာဖြစ်လို့ လွမ်းကြောင်း၊ သတိရကြောင်းတွေ ပါမလာတော့တာလဲ ဆိုတာတော့ စုံစမ်းနေသေးသည်။

"အင်း ... မိုးသုက ဘယ်အချိန်ထိရှိမှာလဲ"

"ကိုယ်လား ... အင်း"

သူက စဉ်းစားနေသလိုဖြင့် ချက်ချင်းမဖြေသေးပါ။ ပြီးတော့မှ "မပြောတတ်သေးပါဘူး"ဟူသော အသံထွက်လာသည်။

"ကြည့်ရတာ ပုဂံမှာ တော်တော်အဆင်ပြေနေတယ်ထင်တယ်"

"အင်း ... ပြေတယ်၊ ကိုယ် ထင်ထားတာထက် အများကြီးအဆင်ပြေတော့ အေးအေးဆေးဆေးပဲ ဖြစ်နေတာ ...

Documentary လေးတွေလည်း နောက်ထပ် နှစ်ခုသုံးခုလောက် ထပ်ရိုက်ဖို့ စဉ်းစားနေတာလေ"

Documentary အတွက်လား Belle Bagan အတွက်လားဆိုတာတော့ ရှင်မင်းရဲ့နှုတ်က ဖွင့်မမေးချင်ပေ။ အဲဒီလိုမေးရမှာကိုလည်း အောက်သည်ဟုထင်သည်။ ဘယ်လိုလုပ်ရမှာ



www.burmeseclassic.com

www.burmeseclassic.com



မလဲ ... ကျွတ် ... ရှင်မင်းစုရယ် ... နင်ကလည်း စကားကို လှည့်ပတ်မပြောတတ်တာနဲ့တော့ ဟုတ်နေပါပြီ။

"ရှင်မင်း ဘယ်တော့လောက် လာမလဲ"

"မပြောတတ်သေးဘူး၊ တစ်ပတ်ဆယ်ရက်အတွင်းပေါ့"

"အိုခေ ... ကိုယ် မျှော်နေမယ်၊ ဘယ်ဟိုတယ်တည်းချင်လဲ"

"မိုးသုက ဘယ်မှာတည်းတာလဲ"

"ကိုယ်က Myamar's Poem House မှာ"

"ဟုတ်လား ... ကောင်းလား။ ဧရာဝတီမြစ်ကမ်းနားမှာ လား"

သူက တဟက်ဟက်နှင့် ရယ်မောလေသည်။ အဲဒီ ရယ်မောသံဟာ ရှင်မင်းကို ကလိနေတာလားဟု ခွဲခြားစိတ်ဖြာနေ မိသည်။ အင်း ... သူနဲ့ပတ်သက်လာရင် ရှင်မင်းရဲ့စိတ်တွေက ဘာကြောင့် အဲဒီလို ဖြစ်နေတာပါလိမ့်။ ဘာဖြစ်လို့များ ရိုးရိုး ဖြောင့်ဖြောင့် မတွေးနိုင်ရတာလဲနော်။

"ဟင့်အင်း။ မဟုတ်ပါဘူး။ ဧရာဝတီမြစ်ကမ်းဘေးမှာ တည်းချင်ရင်တော့ ဧရာ Rivber View Hotel ရှိတယ် ... စိတ်ဝင်စားလား"

"မိုးသုကရော ဘယ်မှာတည်းတာလဲ"





"သြော် ... ကိုယ် ခုပဲ ပြောတယ်လေ၊ Myamar's Poem House ပါလို့ ... ဟင်း ဟင်း"

ဟုတ်သားပဲ။ ကြည့်စမ်း ခုပဲပြောပြီး ခုပဲမေ့သည်။ ရှင်မင်းက စိတ်ရှုပ်ရှုပ်နှင့် နှုတ်ခမ်းကို ကိုက်မိကာ ...

"အဲဒါ ဘာလဲ၊ တည်းခိုခန်းလား"

"မဟုတ်ဘူး၊ ယွန်းထည်နဲ့ ကခြားလက်မှုပစ္စည်းတွေ ရောင်းတဲ့ဆိုင်ပေါ့၊ ကိုယ့်မိဘတွေရဲ့ မိတ်ဆွေတွေပေါ့၊ ဖေဖေ့အစီအစဉ်နဲ့ အဲဒီမှာ တည်းဖြစ်တာပါ"

ဒါဖြင့်ရင် Belle Bagan ဆိုတာကရောဟု ရှင်မင်းရဲ့ နှုတ်ကမထွက်ချေ။ သူကလည်း မပြောသဖြင့် ပိုစိတ်တိုရသည်။

"မသိပါဘူး၊ ပုဂံရောက်တော့မှ ရှင်မင်းကို သိပ်တောင် အဆက်သွယ်မလုပ်တော့လို့ ပုဂံမှာပဲ အပြီးဓာတ်မြုပ်တော့ မှာလားလို့"

ရှင်မင်းရဲ့စကားကြောင့် သူက ဟက်ဟက်ပက်ပက် ရယ်မောသည်။

"ဓာတ်တော့မမြုပ်ပါဘူးကွာ၊ ဓာတ်မြုပ်စရာအကြောင်းမှ မရှိတာ၊ ဟုတ်တယ်ဟုတ်"

"ဘယ်သိမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်းရဲ့ ခပ်ဆတ်ဆတ်လေသံကို သူက သတိတောင် ထားမိဟန်မတူပါ။ သူ့ဟာသူပဲ တဟင်းဟင်းရယ်မောနေသည်။ တခြားအဖြေတောင်းတဲ့စကားမျိုး သတိရ လွှမ်းဆွတ်ကြောင်း ပြောတဲ့စကားမျိုးလည်း မပါ မပြောသေး။ ဘယ်လိုလဲ ခုချိန်မှာ သူ့ကို အဖြေပေးချင်ရင်တောင် ဟိုဟာလေ ရှင်တောင်းထားတဲ့အဖြေလေး သတိရသေးလားမသိဘူး။ ဟုတ်ကဲ့ အခု ကျွန်မပေးချင်လို့ပါဆိုပြီးများ ပေးရလေမလား မသိပါ။ ယောကျ်ားတွေများ ... ယောကျ်ားတွေများ ဟူသော စကားကို တွင်တွင်ရေရွတ်ပြီး စိတ်တွေတိုလျက်ရှိရသည်။

သေချာပါပြီ။ Belle Bagan ဆိုတာ သူနဲ့ပတ်သက်မှု တစ်ခုခုရှိရမည်ဟု လုံးဝစွဲထင်လိုက်လေသည်။

"ရှင်မင်း ရန်ကုန်မှာ အေးဆေးပဲမှလား"

"အေးဆေးမဟုတ်လို့ ဘာဖြစ်နေရမှာလဲ"

"ဟား ... ရှင်မင်းက ဘုတယ်ကွာ၊ ကိုယ့်ကို ဘာတွေ ဖုနေတာလဲ ပြောပါဦး"

ဘယ်လိုပြောရမလဲ မေသန်းနုပြောသလို ဖဲရိုးဂွတ်ပေါ့နော်လို့ပြောရမှာလား။ ဘယ်နေရာမှတော့ ဖဲရိုးမဂွတ်ပြီ။ ဒါပေမဲ့ သူ့ကို ဖုတယ် ဖောင်းတယ် ဆိုတာတော့ သူသိနေတာ မဆိုးဟု သတိမှတ်ရမှာလား။ မပြောတတ်တော့ပါ။





"ဘာမှ မဖြစ်ပါဘူး၊ ဒါပေမဲ့ မိုးသု အသံကြားတာနဲ့ ဘုတောချင်နေတာတော့ အမှန်ပဲ"

"ဟာ ... ဟား ဟား ဟား"

အံ့သြသလိုဖြစ်သွားပြီးမှ သူက နှစ်သက်သဘောကျစွာ ရယ်သည်။

ပြီးတော့ အပိုင်သေချာသော လေသံဖြင့် ပြောလေသည်။

"သေချာပြီ ... ကိုယ့်ကို ရှင်မင်း စိတ်ကောက်နေတယ်"

"အောင်မယ် ... ဘာဆိုင်လို့ ကောက်ရမှာလဲ"

"ဟင် ... ဒါဆို ဘာလို့ ဘုနေ ဖုနေလဲ"

"အဲလိုထင်လည်း ကိုယ့်ဟာကိုယ် အဖြေရှာကြည့်ပေါ့"

ရှင်မင်းရဲ့ စူကောက်ကောက်အပြောကို သူက လေသံမျှဉ်းမျှဉ်းနှင့် ရယ်နေသည်။

"သေချာတာတော့ ကိုယ်ဒီရက်ပိုင်းတွေ ဖုန်းမဆက်ဖြစ်လို့ နေမှာပဲ"

ဟုတ်နေသောကြောင့်လည်း မဟုတ်ပါဘူးဟု မငြင်းနိုင်ပါ။ သူကပဲ ဆက်ပြောပါသည်။

"ကိုယ်က ရှင်မင်းကို အမြဲသတိရပါတယ်၊ ဖုန်းဆက်ဖို့လည်း မမေ့လျော့ခဲ့ဘူး၊ ဒါပေမဲ့ ကိုယ် ဖုန်းဆက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တိုင်း ရှင်မင်းက စာပဲလုပ်နေတယ်၊ နောက်ပြီးတော့ ကိုယ်ပြောတာတွေလည်း၊ ကိုယ်လုပ်နေတဲ့အလုပ်တွေလည်း သိပ်စိတ်မဝင်စားဘူးဆိုတော့ ကြာတော့ ကိုယ်က အားနာလာတယ်လေ ...

ဒါကြောင့် တော်တန်ရုံ မဆက်ဖြစ်တော့တာပါ"

ဒါဖြင့်ရင် I miss u ဆိုတဲ့ Message လေးကရော ဘာလို့ မပို့နိုင်တော့တာလဲဟု ပြန်မပေးနိုင်တော့ပါ။ ရှင်မင်းတွေဝေနှုတ်ဆိတ်နေလေသည်။

"ကိုယ် မဆက်တော့လည်း ရှင်မင်း ဆက်ပေါ့"

"အောင်မာ ... ဘာလို့ ဆက်ရမှာလဲ"

"ဆက်ပါကွာ၊ သတိရရင် ဆက်လို့ရတာပဲ"

ရှင်မင်းက ဟွန့်ခနဲ ရေရွတ်မိကာ အဖြေတောင်းတဲ့စကားကို သူ ဘာကြောင့် မပြောတာလဲဟု စဉ်းစားနေမိသည်။ သူ့ပုံစံက အသစ်တွေ့နေသော လူတစ်ယောက်နဲ့လည်း မတူချေ။ ပုံမှန်အတိုင်းတော့ ပုံမှန်အတိုင်းပဲ။ ဒါပေမဲ့ ပုံမှန်နဲ့လည်း သိပ်မတူဟု ထင်နေမိသည်။

"ရှင်မင်း နေကောင်းတယ် မဟုတ်လား"

"ဘာလဲ ... ရှင့်ကို နေမကောင်းလို့ ရူးကြောင်မူးကြောင်ဖြစ်ပြီး ဆက်တယ်ထင်လို့လား"





"ဟား ... အရမ်းကို လွတ်နေတော့တာပဲ ရှင်မင်းရယ်၊ ရှင်မင်းရင်ထဲမှာ ကိုယ့်ကို မကျေနပ်တာတွေ အရမ်းများနေတယ်နဲ့တူတယ် ...

ဘယ်အချိန်ထဲက မျိုသိပ်ထားခဲ့တာလဲ ရှင်မင်းရယ် ..."

"အောင်မယ် ... ဘယ်အချိန်ကမှ မမျိုသိပ်ဘူး၊ ယောကျ်ားတွေရဲ့ အတိမ်အနက်ကို သဘောပေါက်လို့ ပြောနေတာ၊ ဒါပဲ ... ဟွန်း"

ရှင်မင်းက ဆက်မပြောတတ်တော့သည့်အဆုံး အနိုင်နဲ့ ပိုင်းကာ ဖုန်းချပစ်လိုက်သည်။ ဖုန်းချလိုက်တာနှင့် ဖုန်းများပြန်ခေါ်ပြီး ချော့လေဦးမလားဟူသော မျှော်လင့်ချက်ဖြင့် မရဲတရဲမျှော်လင့်မိသော်လည်း သူ့ထံက ဖုန်းပြန်ခေါ်မလာတော့ပါ။

ရှင်မင်းသည် သူသုံးနေသော Facebook wall ပေါ်သို့ မျက်လုံးတွေစိုက်နေရင်း လက်ချောင်းလေးတွေကတော့ စားပွဲခုံကို တဒေါက်ဒေါက်နှင့် ခေါက်နေမိလေသည်။

❋ ❤ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

မိုးတွေ တဖေါဖေါရွာနေသော မြင်ကွင်းကို ကြည့်ကာ သူ့ရင်ထဲသို့ အေးချမ်းမှုအပေါင်းက စိမ့်ပြီး စီးဝင်နေသည်ဟု ခံစားနေရသည်။ အညာဒေသ မိုးဆိုတာဟာ ရန်ကုန်မှာလို အောက်ပြည်အောက်ရွာ ကမ်းရိုးတန်းဒေသမှာလို မုန်တိုင်းကြောင့် မစဲစတမ်း တအီအီရွာစွေနေတာမျိုး မဟုတ်ဘဲ သဲကြီးမဲကြီးရွာကာ တိတ်ရင်လည်း ချက်ချင်းတိတ်သွားသော မိုးမို့ အဆင်ပြေလှသည်။

အခုလည်း အရင်က အုံနဲ့ကျင်းနဲ့ ရွာခဲ့သောမိုးဟာ စဲတာနှင့် ပတ်ဝန်းကျင်တစ်ခုလုံးက လင်းလက်လာသည်။ မိုးရွာပြီးစ ပုဂံဘုရားတွေဟာ စွတ်စိုအေးမြပြီး မှိုင်းစိမ့်နေမှာပဲ။ ဘယ်လောက်တောင်များ လှပနေမလဲ။ သူက အတွေးနဲ့အတူ ကြည်နူး





သွားပြီး အလှပဆုံးမြင်ကွင်းတွေကို ခံစားဖို့ သတိရလာသည်။ ဒါကြောင့် မြယွန်းရွှေကို အာရုံရသွားသည်။ ဒီအချိန်ဆို မြယွန်းရွှေ တစ်ယောက် ဘာများလုပ်နေမှာပါလိမ့်။

သူက မိုးဖွဲဖွဲအောက်မှာပဲ သူမရှိရာ အိမ်ဘက်သို့ ကူးလာခဲ့သည်။

သူမရဲ့အမေ ဒေါ်မြမြရွှေနဲ့ တွေ့ပါသည်။

"ဟယ် ... ကလေး၊ ထီးလည်းမပါ ဘာမပါနဲ့ ဖျားနာတော့မှာပဲ၊ ဘာလိုချင်လို့လဲ ... မုန့်ဆက်လိုက်ပြီးရောဟား၊ ကော်ဖီသောက်ချင်လို့လား"

အညာဒေသက လူတွေသာ မိုးကြောက်တတ်ပြီး ရန်ကုန်သူ ရန်ကုန်သားတွေကတော့ ဒီမိုးဖွဲလောက်ကို စကားထဲထည့်မပြောတာ သူတို့ သိပုံမပေါ်ပါ။

"မြယွန်းရွှေနဲ့ တွေ့ချင်လို့ပါ အန်တီ"

"သြော် ... မိယွန်းလား ... မိယွန်းရေ ..."

ဒေါ်မြမြရွှေက အော်ခေါ်သော်လည်း မြယွန်းရွှေရဲ့ အရိပ်မပြောနှင့် ...။ အသံတောင် ပြန်မကြားရချေ။ ခဏကြာမှ မီးဖိုဘက်မှ အဒေါ်ကြီးတစ်ဦးက ထွက်လာကာ ...

"အပုက အပြင်ထွက်သွားတယ်လေကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မိုးတွေရွာနေတဲ့ဟာကို၊ ဘယ်တုန်းက ထွက်သွားတာလဲ၊ ဒီကောင်မလေးဟာလေ၊ တွေ့လား ... အဲဒါတွေကို မကြိုက်တာ ...

ပြောလည်းမသွားဘူး"

"ကျုပ်ကို ပြောသွားပါတယ်၊ တော် အပေါ်မှာ ဖုန်းပြောနေလို့ မပြောတော့တာတဲ့"

"ဟင်း ... ဒီလိုပဲ၊ သွားချင်ရာရာကို ကောက်ကောက်ထွက်ထွက်သွားတာ၊ ကလေးက သူ့ကို ဘာခိုင်းချင်လို့လဲ"

"ဗျာ ... ဪ ... ခိုင်းချင်တာမဟုတ်ပါဘူး၊ အပြင်သွားမလို့ပါ"

"ဪ ... ဖုန်းဆက်လိုက်လေ၊ ဘယ်သွားမယ်ပြောသွားလဲ ဒေါ်ကြက်တော"

"ပန်းချီသွားဆွဲမယ် ပြောတာပဲ၊ ပန်းချီပစ္စည်းတွေလည်း ယူသွားပါ့"

"ဟုတ်လား ... အင်း ... ဒါဆိုရင်တော့ ဖုန်းယူသွားပါ့မလား မသိဘူး၊ ဒီကောင်မလေးက ပန်းချီဆွဲရင် ဖုန်းမယူတတ်ဘူး"

"အစစ်ပေါ့တော်၊ ဟိုမှာ သူ့ဖုန်းမဟုတ်ဘူးလား"





ဒေါ်ကြက်တောဟူသော အဒေါ်ကြီးက ရှိုးကေ့စ်ပေါ်မှာ တင်ထားခဲ့သော သူမရဲ့ဖုန်းကို မေးငေါ့ပြသည်။ သူ စိတ်ဓာတ်နည်းနည်းကျသွားပါသည်။ သူမကတော့ ပန်းချီကားတစ်ချပ်နှင့် လောကကြီးကို မေ့နေချိန်ဝယ် သူက ဘာလုပ်နေရမည်နည်း။ သူမ ပန်းချီဆွဲတတ်တယ် ဆိုတာကိုလည်း သူက အံ့သြရသေးသည်။ တယ်လျှိုတဲ့ မြယွန်းရွှေပဲ။ ပန်းချီလို အနုပညာမျိုးကို သူက အင်မတန်မှ လေးစားအထင်ကြီးရသည်မို့ သူမကို ချက်ချင်းပဲ တွေ့ချင်လာသည်။

သူမ ပန်းချီဆွဲနေပုံလေးကို ချောင်းကြည့်ချင်လာလေသည်။

"အရေးကြီးလို့လား ကလေး၊ ချစ်ရင်ထူးကို လိုက်ရှာခိုင်းလိုက်မယ်လေ"

"ရပါတယ် အန်တီ၊ အရေးကြီးပါဘူး၊ ကျွန်တော်လည်း အပြင်သွားမလို့ပါ၊ ဒါကြောင့် သူ့ကို ခေါ်သွားမလို့ မေးကြည့်တာပါ"

"ဪ ... အေး ... အေး၊ ဒါဖြင့်ရင်လည်း ချစ်ရင်ထူးကို ခေါ်သွားမလား"

"ရတယ် အန်တီ၊ မခေါ်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက နှုတ်ဆက်ပြီးနောက် အိမ်မကြီးထဲမှ ပြန်ထွက်လာခဲ့သည်။ အပြင်မှာ မိုးဖွဲလေးတွေ စဲသွားပြီဖြစ်သည်။ လင်းလင်းချင်းချင်းဖြင့် အေးမြစွတ်စိုနေသော ပုဂံရာသီဥတုက သူ့ကို အပြင်ထွက်ဖို့ နှိုးဆော်နေသည်။ ပြီးတော့ ပန်းချီဆွဲနေတယ်ဆိုသော မြယွန်းရွှေကိုလည်း အထူးတလည်တွေ့ချင်နေမိသည်။

ချစ်ရင်ထူးကတော့ သိမှာပဲ။ သူက ချစ်ရင်ထူးကို ရှာဖွေကာ မေးလိုက်သည်။

"ချစ်ရင်ထူး မြယွန်းရွှေ ပန်းချီသွားဆွဲတတ်တဲ့ နေရာကို သိလား"

"မသိဘူးဗျ"

အဲဒီလို စဉ်းစဉ်းစားစားနှင့် ခပ်ပြတ်ပြတ်ပဲဖြေသည်။ နည်းနည်းလေးမှတောင် တွေးကြည့်လိုက်တာမျိုး မရှိသဖြင့် သူက ရှုံ့မဲ့သွားရသည်။

"မင်းကလည်းကွာ နည်းနည်းလေးများ မစဉ်းစားတော့ဘူးလား၊ မသိဘူး မရှိဘူးနဲ့ ဂျီအီးစီက စာရေးမတွေကျနေတာပဲ"

"ဪ ... သေချာနေတဲ့အဖြေမို့ ချက်ချင်းပြောတာပါ အစ်ကိုလေးရာ၊ မမယွန်းက သူ စိတ်ကျတဲ့နေရာမှာ ပန်းချီဆွဲတာလေ ..."





တစ်နေရာနဲ့တစ်နေရာ မတူဘူး၊ အရင်ရက်ကဆို ဗူးဘုရားမှာ ပန်းချီသွားဆွဲတာ"

"ဟော့ကောင်ရာ ပန်းချီဆွဲတယ်ဆိုတာ ဓာတ်ပုံရိုက်တာမှ မဟုတ်တာ"

"ကျွန်တော် သိတယ်လေ အစ်ကိုလေးရဲ့၊ ကျွန်တော် ကြက်ပစ်သားပေမယ့် ဒီလောက်မအ,ပါဘူးဗျ"

အရေးထဲ ကော်လာထောင်ပြီး လာကြွားနေသော ချစ်ရင်ထူးကို သူက စိတ်ပျက်လက်ပျက်ဖြင့် ရယ်ရသေးသည်။ မျက်နှာမှာ သနပ်ခါးအဖွေးသား၊ ခေါင်းလိမ်းဆီ ကြော့ကြော့မော့မော့ဖြင့် ဟုတ်တော့ဟုတ်နေသည်။ အညာဒေသဘက်မှာ ယောက်ျားအစစ်များက ခလေ့ထုံးစံလို လိမ်းတတ်တာဖြစ်သည်။ အင်း ... နိုင်ငံတကာက အမျိုးသားတွေလိုပဲ အသားအရေတော့ ထိန်းသိမ်းဟန်တူသည်။

"ကြက်ပစ်သားဆိုတာ ဘာလဲကွ"

"ဪ ... ကျွန်တော်တို့ရွာလေ အစ်ကိုလေးရာ၊ ရွာနာမည်က ကြက်ပစ်တဲ့"

"အေး ... ထားပါတော့ ကြက်ပစ်သားရယ်၊ ပန်းချီဆွဲတယ်ဆိုတာ ဓာတ်ပုံရိုက်သလို ချက်ချင်းမရတော့ တစ်နေ့က



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေရာဆို နောက်နေ့လည်း အဲဒီနေရာမှာပဲ ရှိတတ်တာမျိုးလေကွာ ...

ခါတိုင်းက ဗူးဘုရားမှာ ဟုတ်လား"

"ဟုတ်တယ် အစ်ကိုလေး"

"အေး ... ကောင်းပြီ ... ကောင်းပြီ"

သူက တည်းခိုရာ ဘန်ဂလိုသို့ ပြန်လာခဲ့ရင်း ပိုက်ဆံအိတ်နဲ့ဖုန်း၊ ကားသော့တို့ကိုယူသည်။ မီးခိုးရောင် Hang Ten တီရှပ်ကို ဒူးဖုံးရှော့ပန်အတိုဖြင့် ဝတ်ဆင်ထားမိကာ လဲမည်ပြင်ပြီးမှ မလဲဖြစ်တော့ချေ။ ညှပ်ဖိနပ်ကိုပဲ ကောက်စွပ်ပြီးနောက် ကားပေါ်တက်ကာ မောင်းထွက်လာခဲ့သည်။ သူ ဦးတည်ရာသည် ဗူးဘုရားသို့ဖြစ်ပြီး ကားမောင်းလာစဉ် လမ်းတစ်လျှောက်က ပုဂံဘုရားရှင်းများမှာ သူ့ကို တသသ စွဲလမ်းနှစ်ခြိုက်စေပါသည်။

မိုးက လုံး၀ ကိုက်ဆိတ်စင်သွားပြီဖြစ်ပြီး ခပ်လင်းလင်းရှိလာသော ကောင်းကင်အောက်က ဘုရားပုထိုးများမှာ အဟောင်းအတိုင်း သစ်နေကြသည်။ ရွှေရောင်ဝင်းဝါ ပုထိုးများ မဟုတ်သောကြောင့် အိုဟောင်းနွမ်းမှုက လွမ်းစရာခံစားရသလို ပေးစွမ်းသည်။ ရန်ကုန်ဆိုတာကို သတိမရတော့ဘဲ ပုဂံမှာပဲ





ပျော်မွေ့နေသည်မှာ ပုဂံရဲ့ ရှုခင်းသက်သက် ဆွဲဆောင်မှုကြောင့်လား။ ဒါမှမဟုတ် ... ? ... ? ... ။

သူ့အတွေးတွင် ပုဂံသူတစ်ယောက်ရဲ့ပုံရိပ်ကို ဖျတ်ခနဲမြင်ယောင်လာသည်။ အဲဒီတစ်ယောက်ကို အခုလည်း မြင်ချင်တွေ့ချင်နေသည်မှာ ရိုးသားသောဆန္ဒရောဟုတ်ရဲ့လား။ ဒါဆိုရင် ရှင်မင်းက ဘာလဲ ...။ အဲဒီမေးခွန်းတွေက ခုတလောမှာ ကိုယ့်ကိုယ်ကိုယ် ပြန်မေးနေမိသော မေးခွန်းတွေပဲဖြစ်ပါသည်။ ခက်တာက အဲဒီမေးခွန်းတွေကို သူ ပြန်မဖြေနိုင်ခြင်းပဲဖြစ်သည်။

သေချာတာကတော့ မြယွန်းရွှေ၏ ရိုးရှင်းပွင့်လင်းသော Life Styleကိုကြိုက်သည်။ စကားပြောလျှင် တဲ့တိုးပြောကာ စိတ်ရင်းအတိုင်း ဆက်ဆံတတ်သော အညာသူစရိုက်လက္ခဏာကို သဘောကျသည်။ အလုပ်တွေပေါ်တွင် အကြံပေးနိုင်သော အိုက်ဒီယာကို လေးစားသည်။ ပြောရလျှင် သူနဲ့ သူမမှာ Closeဖြစ်လေသည်။ စိတ်ဝင်စားသော ဘာသာရပ်တွေ သွားပြီးတူနေသဖြင့် ရှင်မင်းကို မှတ်မှတ်ထင်ထင် သိပ်မရှိတော့သည်မှာ သူ တကယ်မချစ်လို့များလားဟု ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်နေရချိန်လည်းဖြစ်ပါသည်။

အတွေးနဲ့အတူ ကားမောင်းလာသော သူဟာ ဗူးဘုရားသို့ ဘယ်လိုတောင်ရောက်လာမှန်း မသိလိုက်ချေ။ ကားပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကဆင်းပြီး ဟိုဟိုဒီဒီ ဝေ့ဝဲရှာဖွေသော်လည်း မတွေ့သေး။ ထိုစဉ် ခဏမှာ သူ့ဆီသို့ ဘုရားဓာတ်ပုံတွေလာရောင်းသော ကလေးတစ်ယောက်ကိုမြင်ပြီး အကြံရသွားသည်။

"ညီလေး ... ဒီနားမှာ ပန်းချီဆွဲတဲ့ အစ်မတစ်ယောက်ကို မတွေ့မိဘူးလား"

"ဟာ ... တွေ့တယ် ... တွေ့တယ်"

"ဟင် ... ဟုတ်လား၊ ဘယ်နားမှာလဲ ပြောပါဦး"

"အစ်ကိုလေး ... အစ်ကိုလေး ပုံဝယ်ပါဦး၊ ဒီနေ့ ဈေးဦးမပေါက်သေးလို့ သုံးပုံတစ်ထောင်ရောင်းတာ၊ လေးပုံနဲ့ ပေးလိုက်ပါ့မယ်နော်၊ ယူပါဦး"

"အာ ... အေး ... အေးပါကွာ၊ ယူပါ့မယ်၊ ပြောစမ်းပါဦး ဘယ်နားမှာတွေ့တာလဲ"

"ပုံယူပါဦး အစ်ကိုလေး၊ အားပေးပါဦး"

"အေး ... အားပေးပါ့မယ်ကွာ၊ ပန်းချီဆွဲတဲ့ကောင်မလေးကိုသာ ငါ့ကိုအရင်ပြပါ"

ကောင်လေးက သူ့လက်ကို ဆွဲခေါ်သွားသည်။ ဗူးဘုရားရဲ့အောက်ဘက် မြစ်ကမ်းဘက်ကို ဆင်းသွားသောနေရာဖြစ်သည်။ လှေကားထစ်များမှတစ်ဆင့် ဆင်းလာလျှင် ဧရာဝတီ





ကမ်းစပ်နားသို့ ရောက်မည်ဖြစ်သည်။ တစ်နေရာအရောက်တွင် ကောင်လေးက သူ့ကို ညွှန်ပြသည်။

"ဟော့ အစ်မကို ပြောတာလား"

"အေး ... ဟုတ်ပါ့"

အဟုတ်ကိုပင် သူမက သူ့ကို ကျောခိုင်းကာ မတ်တတ်ရပ်ပြီး ပန်းချီဆွဲနေတာဖြစ်သည်။ ရှပ်အင်္ကျီအဖြူရောင်က လေမှာ တဖျပ်ဖျပ်လွင့်၊ ဂျင်း(န်)တစ်ထည်ဖြင့် ပုံစံကတော့ တကယ့်ပန်းချီဆရာမအတိုင်းပါပဲ။ သူမရဲ့ဆံပင်တွေက လေမှာ တဖျပ်ဖျပ်ခတ်နေကြသည်။ ဆံပင်တိုတိုဆိုတော့ လေမှာတော့ လွင့်မနေချေ။ သူက ပြုံးပြီး ငေးစိုက်ကြည့်မိနေတုန်းမှာပဲ သူ့လက်ကို လာတို့သောအာရုံကို ရသည်။

"အစ်ကိုလေး ပုံဝယ်မယ်ဆို"

"ဟေ ... အေး၊ ငါက ဓာတ်ပုံဆရာကွ၊ ဒီလိုပုံမျိုးတွေ အများကြီးရှိတယ်၊ ပုံတော့ မဝယ်ပါရစေနဲ့၊ မုန့်ဖိုးလေးပဲ ယူလိုက်ပါကွာ ... နော်"

သူက ပိုက်ဆံအိတ်ထဲမှ ငါးရာတန်တစ်ရွက်ကို ထုတ်ကာ ပေးလိုက်လျှင် ကောင်လေးရဲ့မျက်နှာက ဝင်းပသွားပြီး အနားမှနေ၍ လှစ်ခနဲ ပြေးထွက်သွားသည်။ သူက ရိုးသားလွန်း



www.burmeseclassic.com

www.burmeseclassic.com



သော ကောင်လေးကို သဘောတကျဖြင့် ပြုံးငေးကြည့်ပြီးနောက် သူမထံသို့ လှမ်းကြည့်လိုက်သည်။ သူမက Mood အပြည့်နှင့် ပန်းချီဆွဲဆဲပင်။

သူက သူမရဲ့နောက်နား ခပ်လှမ်းလှမ်းကနေ၍ လက်ပိုက်ကာ ငေးကြည့်နေမိသည်။ သူမက ဧရာဝတီမြစ်နဲ့ တန့်ကြည်တောင်ကို အဓိကထားဆွဲနေတာဖြစ်ပြီး ပန်းချီကားထဲမှာ အာရုံဝင်စားနေဟန်ဖြင့် ပတ်ဝန်းကျင်ကိုလည်း သတိထားမိပုံမပေါ်ပါ။ မိုးရွာပြီးစမို့ ဘုရားမှာလည်း လူအတန်ငယ်ရှင်းလျက် သူမက အေးအေးလူလူ ပန်းချီဆွဲခွင့်ရနေသည်။

သူက နောက်နားရှိ သစ်မြစ်တစ်ခုပေါ်မှာ ထိုင်ချရင်း ဧရာဝတီမြစ်ကြီးကို ငေးကြည့်နေမိသည်။ ဟိုးအဝေးကြီး ကချင်ပြည်နယ်ကနေ၍ မြစ်နှစ်စင်းပေါင်းဆုံကာ ဧရာဝတီလို့ ဖြစ်ပေါ်လာခဲ့တာ။ ရာဇဝင်အဆက်ဆက် တော်ကောက်ခြင်းခံခဲ့ရသော သတို့သမီးဟာ ခုတော့လည်း လန်းဆန်းတက်ကြွစွာဖြင့် အားမာန်အပြည့်ဖြင့် စီးဆင်းနေသည်။ မိုးတွင်းဆိုတော့ ခန်းခြောက်တာတွေ မရှိဘဲ ဧရာဝတီမြစ်ပြင်က ခမ်းနားနေပါသည်။

ဒီ ဧရာဝတီ အမြဲတမ်း ဒီလိုပဲ လှပနိုင်ပါစေ။ ဘယ်သူ့ကိုမှ အလုပ်ကျွေးပြုရသော ဧရာဝတီ မဖြစ်စေချင်ပါ။





ဧရာဝတီထံက ဘယ်သူကမှ အမြတ်ထုတ်တာကို မလိုချင်ပါ။ ဒါဟာ သူ့ဆန္ဒတင်မဟုတ်ဘဲ မြန်မာနိုင်ငံသားအားလုံးရဲ့ဆန္ဒလည်း ဖြစ်ပါမည်။

သူ ငေးနေတာ ဘယ်လောက် ကြာသွားလဲတော့ မသိချေ။ ပန်းဆွဲနေတဲ့သူတောင် အာရုံအပြောင်းအလဲဖြစ်ကာ နောက်ဘက်သို့ လှည့်ကြည့်လာလျှင် သူ့ကို မြင်တွေ့သွားသည်။ ဖျတ်ခနဲ ကြွေးတော့မလိုဖြစ်သွားသည့် မျက်နှာများမှာ သူရောက်နေတာကို အံ့သြသွားသလိုရှိသည်။ ပြီးတော့ မသိတဲ့လူတွေလိုပဲ ခပ်တည်တည်ပင် ပြန်လှည့်သွားလေသည်။ သူက သဘောကျစွာဖြင့် ဟက်ခနဲ ရယ်မိကာ ထိုင်ရာမှ ဖုတ်ဖုတ်ခါထပြီး သူမအနားသို့ လျှောက်လာခဲ့သည်။ သူမကတော့ ဝါရင့်ပန်းချီဆရာမကြီးအလား မေးထောက်ကာ ပန်းချီကားကို ဘယ်နေရာ ဘာလိုလဲဟု ဟန်ပါပါ ကြည့်ရှုနေသည်။

"မင်းကလဲကွာ ဒီကိုလာတာ ကိုယ့်ကိုတောင် မခေါ်ဘူး"

"ကိုယ့်ဟာကိုယ် ပန်းချီလာဆွဲတာ ဘာခေါ်စရာရှိလဲ"

"ကိုယ်လည်း လိုက်ချင်တာပေါ့ကွ၊ ကိုယ် မင်းကို ရှာနေတာ"



www.burmeseclassic.com

www.burmeseclassic.com



သူမက လက်ပိုက်လျက် အနေအထားမှ သူ့ကို မျက်ခုံးပင့်ကာ စောင်းငဲ့ကြည့်သည်။ ဘာကြောင့်များ လိုက်ရှာနေရတာလဲဟူသော မေးခွန်းပါသည့် အကြည့်မျိုးဖြင့် မေးလည်း မေးတတ်ပေသူတည်း။ ပုဂံသူကို သူ အမြဲသတိထားမိသည်။ တစ်ဖက်သားကို မေးချင်သော မေးခွန်းများကို ဘယ်တော့မှ နှုတ်ကဖွင့်မေးတာမျိုး မရှိဘဲ မျက်လုံးနဲ့ အဓိပ္ပာယ်ပေါ်အောင် မေးတတ်တာ သူမတစ်ယောက်တည်းကိုပဲ မြင်ဖူးပါသည်။

"အိမ်ထဲမှာ နေရတာ ပျင်းစရာကြီးကွာ၊ ဒီလို ရာသီဥတုမျိုးမှာ အပြင်ကရှုခင်းတွေကို ကြည့်ချင်တာပေါ့"

သူက စကားရော ဖော်ရောဖြင့် ပြောရင်း သူမဆွဲထားသော ပန်းချီကားကို မသိမသာ အကဲခတ်ပြီး ကြည့်ရှုလိုက်သည်။ မှိုင်းညို့နေသော ရာသီဥတုမှာ ပန်းချီကားထဲ၌ အတော်အသက်ဝင်နေသည်။ သူသည်လည်း ပန်းချီကားတော်တော်များများကို လေ့လာထားဖူးသည်။ ဘယ်လက်ရာက ဘယ်လောက်ဆိုတာ သိနေသဖြင့် သူမ၏ပန်းချီလက်ရာမှာ အထက်တန်းစားဟု ပြော၍ မရသော်လည်း ဝါသနာရှင်တစ်ယောက်အနေနဲ့ ဆိုလျှင်တော့ ထူးချွန်သည်ဟု ပြော၍ရပါသည်။

"ပန်းချီဆွဲတတ်သားပဲ၊ ဘယ်တုန်းက စဆွဲတတ်တာလဲ"





သူမက စကားနှင့်ပြန်မဖြေဘဲ သူ့ကို အဓိပ္ပာယ်ပါပါ ကြည့်သည်။ အကြည့်တွေက ရှင်က ပန်းချီအကြောင်း ဘယ်လောက်နားလည်နေလို့လဲ ဟူသော အဓိပ္ပာယ်မျိုးမို့ သူကပဲ ဖြေရှင်းချက်ပေးလိုက်ရပြန်ပါသည်။

"ကိုယ်လည်း ပန်းချီကို ဝါသနာပါတယ်၊ ရန်ကုန်မှာဆို ပြပွဲတွေကို အမြဲသွားကြည့်ဖြစ်တယ်လေ၊ မင်းရဲ့ပန်းချီလက်ရာက အဆင့်တစ်ခုတော့ ရှိပါတယ်"

သူ့စကားကို သူမက ဟာသတစ်ခုကြားသည့်အလား ဟက်ခနဲရယ်သွမ်းသွေးသည်။ ပြီးတော့မှ ပန်းချီကားကို ငေးကြည့်သည်။ တစ်လုံးချင်း အေးအေးဆေးဆေး ပြန်ဖြေလေသည်။

"ပန်းချီဆွဲတာကို ငယ်ငယ်ကတည်းက ဝါသနာပါတာ၊ သင်မယ့်ဆရာလည်း မရှိဘူး၊ ဒါကြောင့် ပန်းချီစာအုပ်တွေ ဝယ်ပြီး ကိုယ့်ဟာကိုယ် လေ့လာ ဖတ်မှတ်ပြီး ဆွဲတာပဲ ...

ပန်းချီစာအုပ်ထုတ်တဲ့ ဆရာတွေက ကျုပ် ဆရာတွေပဲပေါ့"

"ဒါဆို မင်းက တော်တော် တော်တာပေါ့၊ ကိုယ့်ဟာကိုယ် လေ့လာပြီး ဆွဲရတာဆိုတော့"

သူ့စကားကို သူမက ဘာမှ ပြန်ပြောခြင်းမရှိဘဲ ပန်းချီကားကို ဖြုတ်သိမ်းဖို့ပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်တော့မလို့လား"

"ပြန်မယ် ထမင်းဆာပြီ"

အဲဒီစကားကြောင့် သူက ဟက်ခနဲ ရယ်မိလျှင် သူမက ဘာရယ်တာလဲ ဟူသော ပုံစံဖြင့် မျက်မှောင်ကြုတ်ပြီး လှည့်ကြည့်သည်။ သူကလည်း သူမ စကားပြောလိုက်ရင်ဖြင့် ဘာကြောင့်များ သဘောတကျနှင့် ရယ်ချင်စိတ်တွေ ဖြစ်နေသလဲ တော့ မပြောတတ်ပေ။ အညာသူရဲ့ လေသံပြတ်၊ ဘွင်းဘွင်းရှင်း ရှင်းကို သဘောကျတာပဲဖြစ်တော့မည်။

"ကိုယ်က ဘာလုပ်ရမှာလဲ"

"မောင်ရင့်ဘာသာ လုပ်ချင်ရာလုပ်ပေါ့၊ ကျုပ်တော့ ဗိုက်ဆာလို့ ပြန်တော့မယ်"

"ဒီလိုလုပ်ပါလား၊ အပြင်မှာပဲ တစ်ခုခုစားရအောင်လေ၊ ကိုယ် ဝယ်ကျွေးပါ့မယ်"

သူမက ပထမတော့ ငြင်းမယ့်ပုံစံဖြင့် နှုတ်ခမ်းကို မဲ့သည်။ နောက်တော့ ဘာစိတ်ကူးပြောင်းသွားလဲတော့ မပြောတတ်ချေ။ ဆတ်ခနဲပဲ ခေါင်းကိုညိတ်ကာ "အိုခေ"ဟု ဆိုလျက် ပစ္စည်းတွေကို သိမ်းတော့သည်။ အဲဒီနောက်မှာတော့ သူနဲ့ သူမ က ပုဂံရဲ့အညာဘူဖေးထမင်းဆိုင်သို့ ရောက်သွားကြကာ ဘူဖေးလက်ရာကို မြည်းစမ်းကြည့်မိကြသည်။





သူ မသိသော မစားဖူးသေးသော အညာဟင်းတချို့ ကို ပြောပြရင်း စားရင်း သောက်ရင်းဖြင့် သူတို့ ထမင်းဝိုင်းလေး က စိတ်ဝင်စားဖွယ်ကောင်းခဲ့သည်။ ဒီလိုပဲ မြယွန်းရွှေ ဟူသော မိန်းကလေးဟာလည်း စိတ်ဝင်စားဖို့ တော်တော်ကောင်းတယ်ဆို တာ တစ်စထက်တစ်စ လက်သင့်ခံလာရတာပဲ ဖြစ်တော့သည်။

✻ ❤ ✻



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

ယွန်းသည် အိမ်နောက်ဘက် မြင်းဇောင်းထဲတွင် လက်စွဲတော် မြင်းမလေး ညိုမီကို အမွေးသ,ပေးနေရင်းမှ ဒီမနက် ရန်ကုန်သားကို မတွေ့ပါလားဟု စဉ်းစားနေမိသည်။ ခါတိုင်းဆို ဒီအိမ်ဝိုင်းအကျယ်ကြီးထဲမှာ တစ်နေရာမဟုတ် တစ်နေရာတော့ တွေ့မြင်နေရတာပဲမဟုတ်လား။ ပြီးရင် ယွန်းကို ဟိုသွားမယ် ဒီသွားမယ် ခေါ်မည်။ သူ့ကို Guideလုပ်ပေးရကာ အညာဒေသရဲ့ ဓလေ့စရိုက်တွေကိုလည်း စိတ်ဝင်စားသူမို့ ယွန်း ပြောသမျှကို သူက ခေါင်းတညိတ်ညိတ် တပြုံးပြုံးဖြင့် နားထောင်တတ်တာကို လည်း စိတ်ထဲမှာ စွဲထင်လို့နေပါသည်။





လူတစ်ယောက်ရဲ့ ပြောပုံဆိုပုံ၊ ဝတ်စားဆင်ယင်ပုံနှင့်အတူ သူ ဘာပဲလုပ်လုပ် ဘယ်လိုနေနေ နှစ်သက်သဘောကျနေမိတယ်ဆိုတာ ဘယ်လို ခံစားချက်မျိုးပါလိမ့်ဟု ကိုယ့်ကိုယ်ကိုယ်လည်း မဆန်းစစ်ကြည့်မိချင်ပေ။ နှစ်သက်တာဟာ နှစ်သက်တာပဲပေါ့ ဟူ၍ အလွယ်သာ တွေးထားလိုက်တော့သည်။

အခုလည်း မြင်းမလေးကိုသာ အမွေးသ,နေပေမယ့် စိတ်ကတော့ သူ ကိုယ့်ကို ဘယ်တော့များ လာရှာလိမ့်မလဲဟု တွေးနေမိတာပဲ မဟုတ်လား။ ဟင်း ... ခက်တော့ခက်ပေသည်။

"မမလေး ... မမလေး ... အမယ်လေးဟဲ့ မမလေး"

အမောတကော ပြေးလာသော ချစ်ရင်ထူးဟာ အနားသို့ရောက်လာတဲ့အခါမှာတော့ ဝုန်းခနဲ ပစ်လဲမတတ်ရှိသည်။ ယွန်းက အဲဒီလိုပျာယာခတ်တာတွေကို မကြိုက်သူမို့ သင်းကို မျက်မှောင်ကြုတ်ကြည့်မိသည်။

"မမလေး ဟိုဒင်းလေ ... သတင်းထူးဗျ သိလား"

"ဘာသတင်းထူးတာလဲ"

"ဟိုဟာလေ ... အစ်ကိုမိုးသုရဲ့ ညီသည်တွေ ရောက်နေတယ်၊ အစ်မလေးနှစ်ယောက်ဗျ၊ ချောချောလေးတွေ သိလား အဟီး ..."



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုမိုးသုရန်ကုန်က ညော့်သည်တွေကို လေဆိပ်မှာ သွားကြိုလာတာနဲ့တူတယ်၊ အိမ်ထဲမှာ ဘဘ ကြီးကြီးတို့နဲ့ စကားပြောနေကြတယ်”

ဟင် ... ဟုတ်လား ဟူသော စကားက ယွန်းရဲ့နှုတ်ခမ်းမှ မထွက်ဘဲ ရင်ထဲမှာသာ မြည်ဟည်းသွားသည်။ ခြော် ... ဒါကြောင့် သင်းကို ဒီတစ်မနက်လုံး မတွေ့ရတာကိုး။ ဒါမျိုးကျတော့ ယွန်းကို မခေါ်ဘဲ သင်းက ဒိုင်လျှိုလေးသွားသည်။ စိတ်ထဲမှာ ဖျဉ်းခနဲ ဖြစ်သွားလေသည်။

“သွားချောင်းကြည့်မလား မမလေး”

“အောင်မာ ... ငါက ဘာကိုစွ ချောင်းကြည့်ရမှာလဲ”

“သိဘူးလေ၊ မမလေးများ စိတ်ဝင်စားမလားလို့”

“စိတ်မဝင်စားဘူး၊ ဘာလုပ်ရမှာလဲ အဲဒါတွေ လာတာများ အထူးအဆန်းလုပ်လို့၊ လေဒီဂါဂါ လာတာကျနေတာပဲ”

ယွန်းက တစ်ချက်မဲ့ကာ ပြောလိုက်သော်လည်း စိတ်ထဲကတော့ ဖျင်းခနဲဖြစ်မိသည်။ ဘယ်သူတွေလဲ ...၊ ဘာကိစ္စနှင့် ရောက်လာတာလဲဟု နည်းနည်းလောက်တော့ သိချင်သွားသည်မှာလည်း သူနဲ့ပတ်သက်၍ ဖြစ်ပါလိမ့်မည်။

“နှစ်ယောက်လုံးကတော့ အချောတွေချည်းပဲ၊ အစ်ကိုမိုးသု ရည်းစားတွေလား မသိဘူး”





အဲဒီစကားဆုံးတာနှင့် ယွန်းရဲ့လက်ဆစ်က ချစ်ရင်ထူးရဲ့ခေါင်းပေါ်သို့ ဒေါက်ခနဲကျရောက်သွားသည်။ ချစ်ရင်ထူးက “အား”ခနဲ ရှုံ့မဲ့အော်ရင်း သူ့ခေါင်းသူပွတ်ကာ ယွန်းကို မော့်ကြည့်လေသည်။

“ငတုံးကောင်၊ ရည်းစားက နှစ်ယောက်ဖြစ်မလားဟဲ့၊ နင်ဟာလေ ထမင်းစားထားပြီး စားထားသလောက် ဦးနှောက်ကို မရှိဘူး”

“မမလေးကလည်း ... ကြားထဲက ဘာလို့ ဒီလောက်နာနေရတာလဲ”

“ဒေါက်”

“အား ... သေပါပြီဗျာ၊ မမလေးက အရမ်းရက်စက်တာပဲ”

“စကားပြောတာ ဆင်ခြင်နော်၊ ပုဂံခေတ်ကသာ ဒီလိုအပြောမျိုးနဲ့ဆိုရင် နင် ခေါင်းဖြတ်ပြီး အသတ်ခံနေရလောက်ပြီ သိလား ...

ငါက အဲဒီဟာဘက်က နာလို့ပြောတာမဟုတ်ဘူး၊ နင့်ကို တစ်သက်လုံး ကျွေးမွေးလာတဲ့ စားခဲ့တဲ့ ထမင်းတွေရဲ့တန်ဖိုးကို နှမြောလို့ ပြောနေတာ”

“ဟင်း ... ပြောတာပါပဲဗျာ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်"

"အဲ ... မဟုတ်ပါဘူး၊ ကျွန်တော်က ညွှတ်တာပါလို့ ပြောချင်တာပါ ... ဟဲ ဟဲ"

"အပုလေးရေ ... အပု ... ဟေ့ ... မိပု"

လုပ်ပြီ။ ခေါကြက်တောတို့ကတော့ သူ့ထုံးစံအတိုင်း လှုပ်လှုပ် လှုပ်လှုပ်ဖြင့် ဘယ်သူမှ မခေါ်သောနာမည်ကို ခေါ်ကာ ရောက်လာပြီတည်း။ ပြန်မထူးမချင်းလည်း ခေါ်ပေဦးမည်။

"အပုရေ ... ဟေး ... အပု"

"ကြားတယ် ... ကြားတယ်၊ ခေါ်မနေနဲ့ ပြော"

"အပု ... အဖေက ခေါ်နေတယ်၊ အိမ်ထဲမှာ ဧည့်သည်တွေ ရောက်နေတယ်တဲ့"

"မအားဘူးလို့ ပြောလိုက်ဗျာ၊ ဒီ မာတုဂါမတွေကို ကျုပ်က ဘာလုပ်ရမှာတုံး"

"ဟား ဟား ... မမလေးက တကယ်ရယ်ရတယ်"

(ဖုန်း ...) ပြောလို့မှ မဆုံးသေးဘဲ ဖုန်းခနဲမြည်သံနှင့် အတူ ချစ်ရင်ထူးရဲ့ ဦးခေါင်းက လည်ထွက်သွားပြန်သည်။ ယွန်းရဲ့လက်သံပြောင်ပဲ ဖြစ်ပါသည်။





"မမလေးကလည်းဗျာ"

"နင်ကများ ... ငါ့ကို ဟား ဟား ဟား လုပ်ရဲသေးတယ်၊ သေတော့မယ် ဟင်း ..."

"ကဲ ... လာပါ အပုရယ်၊ ပြီးရင် မမြရွှေက အော်ဦးမယ်၊ အပုက လိမ္မာပါတယ်"

"ကဲ ... သွားနှင့်ပါဗျာ၊ နောက်က လိုက်လာခဲ့ပါ့မယ်၊ ဟင်း ... စိတ်ကုန်ပါ့"

ယွန်းက ခေါကြက်တော ထွက်သွားတော့မှ အနားက အုတ်ကန်မှာ လက်ဆေးပြီးနောက် ထွက်လာခဲ့သည်။ အိမ်ထဲသို့ ဝင်လျှင်ဝင်ချင်းမှာပင် ယွန်းဘက်သို့ အာရုံရောက်လာသော မျက်လုံးများကို တွေ့လိုက်ရသည်။ အထူးသဖြင့် ဧည့်သည်မိန်းကလေးနှစ်ယောက်တို့၏ မျက်လုံးတွေမှာ ယွန်းဆီသို့ သာမန်ထက်ပိုပြီး စူးစူးစမ်းစမ်း ရှိကြသည်ဟု ထင်ရလေသည်။

"ဟော ... လာပါပြီ၊ သမီးရေ ... ဒီမှာ မောင်မိုးသုရဲ့ဧည့်သည်တွေ ရောက်နေတာလေ၊ မောင်မိုးသု ... သမီးနဲ့ မိတ်ဆက်ပေးလိုက်ပါဦး"

သူနဲ့ ယွန်းနဲ့ အကြည့်ချင်းတို့ ဖျတ်ခနဲ ဆုံသွားချိန်ဝယ် သူက ယွန်းကို နှစ်လိုစွာ ပြုံးပြလာသည်။ ယွန်းကတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ် ပြုံးနေမိလား၊ တည်နေမိလား မသိအောင်ပင် သတိမေ့လျော့လျက်ရှိသည်။

"မြယွန်းရွှေ ... ဒါ ရန်ကုန်က ကိုယ့်သူငယ်ချင်းတွေလေ၊ ပုဂံကို လာလည်ကြတာ၊ သူက ရှင်မင်းတဲ့၊ သူကတော့ ချောစုပေါ့ ...

ရှင်မင်း ... ဒါက မြယွန်းရွှေတဲ့"

တွေ့ရတာ ဝမ်းသာပါတယ်ဟု ယွန်းက မပြောသလို သူတို့ကလည်း မပြောပါ။ နှစ်ဖက်စလုံး ခေါင်းပဲညိတ်ပြကြမိသည်ဟု ထင်သည်။

"သမီးတို့တတွေ ဒီမှာပဲ တည်းကြပါလား၊ မိုးသုတောင် ဒီမှာတည်းတာပဲ၊ မိုးသုနေတဲ့ ဘန်ဂလိုလေးက ဘေးမှာ အခန်းတစ်ခန်း ရှိသေးတယ်လေ၊ တည်းလို့ရသေးတာပဲ"

ယွန်းရဲ့အမေက လောကွတ်ချော်သည်။ ယွန်းရဲ့စိတ်ထဲမှာ အလိုလို သိနေတာကတော့ ရန်ကုန်သူမမများက ယွန်းတို့အိမ်မှာ တည်းခိုးလိုသည့်ပုံမရှိဟု။ ပုံစံတွေက ခင်ကြီးကျယ်ဒီဇိုင်းတွေနဲ့ပင် တူသေးတော့သည်။ ရှင်မင်းဆိုသော မိန်းမလှက ဏ္ဍမြွေရှင်အပြုံးမျိုးဖြင့် ချိုချိုသာသာ ပြင်းဆန်သည်။





"ရပါတယ် အန်တီ၊ ခုလို ဖိတ်ခေါ်တာကို ကျေးဇူးအများကြီးတင်ပါတယ် ...

သမီးက River Viewကို ရန်ကုန်မှာတည်းက စိတ်ကူးယဉ်လာခဲ့တာပါ၊ ဒါကြောင့် ရော River View Hotel မှာပဲတည်းဖို့ Booking လုပ်ထားပြီးပြီ"

"သြော် ... ဖြစ်ရလေ သမီးရယ်၊ ဧရာဝတီမြစ်ကြည့်ချင်တာများ ဒီအတိုင်းလည်း သွားကြည့်လို့ရပါတယ်၊ ဟောဒီက မိယွန်းဆို ဧရာဝတီမြစ်ကမ်းနားဘေး အမြဲတမ်း ရောက်နေကြလေ၊ ဟိုတယ်မှာ နှစ်ရက်သုံးရက်လောက် တည်းပြီး ဒီကို ပြောင်းလာခဲ့ပေါ့ ဟုတ်ဖူလား"

အမေက ဖွတ်အတင်းခေါ်နေသလောက် ခင်ကြီးကျယ်ကဖြင့် အပြုံးလေးသာ ဟန်ဆောင်ပြုံးပြထားတာကို ယွန်းက ကြည့်မရချင်တော့။ အမေဟာ ယွန်းကိုသာ အရိပ်သုံးပါး နားမလည်ဘူးလို့ပြောတာ၊ သူကိုယ်တိုင်ကတော့ အရိပ်တစ်ပါးတောင် နားမလည်ဘူးဟု ထင်မိသည်။ ဒီကြားထဲ အဖေကပါ တစ်စခန်းထလာသေးလေသည်။

"ဟုတ်သားပဲ သမီးတို့ရဲ့၊ ဦးလေးတို့ဆီမှာလည်း လွတ်လွတ်လပ်လပ်တည်းလို့ ရပါတယ်၊ မောင်မိုးသုရဲ့ သူငယ်ချင်းတွေဆိုတော့ ဦးလေးတို့လည်း ကူညီချင်တာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



သမီးတို့အခေါ် ပြောသလိုမဲ ဟိုတယ်မှာ တည်းချင်လည်း တစ်ရက် နှစ်ရက် တည်းကြည့်ပေါ့ ...

မကောင်းလား ဒီမှာ မိုးသုလည်း ရှိနေမင့်ဟာ"

ယွန်းက တော်တော်နားကြားမြင်းကတ်လာသည်။ အဲဒီအချိန်တွင် မိုးသုကို တစ်ချက်လှမ်းကြည့်မိသောအခါ သူကလည်း ယွန်းကို ဖျတ်ခနဲ လာကြည့်တာနှင့် ဆုံရလျှင် ယွန်းက ဘာမဆိုင် ညာမဆိုင် မျက်စောင်းထိုးမိတော့မလိုဖြစ်သွားသည်။ သူ့ဟာတွေအကြောင်း သူသိလို့ သူတောင် ဘာမှ ဝင်မပြောတာပဲ နေမှာ။

ကြာလာသောအခါ အမြင်မတော်တာဆိုလျှင် ကြည့်မနေတတ်သော ယွန်းရဲ့ပါးစပ်က ပိတ်မထားနိုင်တော့ချေ။

"အဖေတို့ကလည်းလေ၊ သူများ မနေချင်တဲ့ဟာကို ဘာလို့ ဖွတ်ခေါ်နေရတာလဲ၊ အဲဒါ မကောင်းဘူး သိရဲ့လား၊ ရိုင်းရာကျတယ်"

"ဩော် ... အဲလိုလည်း မဟုတ်ဘူးလေ ငါ့သမီးရယ်၊ ဒီမိန်းကလေးတွေက မိုးသုနဲ့ပတ်သက်ပြီးမှ သိရတာဆိုတော့ သူတို့လည်း အားနာနေမလားလို့ပါ ...

အားနာပြီး မတည်းမှာစိုးလို့"





"အားနာလို့ မဟုတ်ပါဘူးရှင်၊ Hotel မှာပဲ တည်းချင်လို့ပါ"

ကဲ ... မှတ်ပလား။ ရှင်မင်း ဆိုသော မိန်းမက ပြုံးပြုံးလေးနှင့် ဝင်ပြောလိုက်သောအခါ အဖေတို့ အမေတို့ ဘာမှမတတ်နိုင်တော့ချေ။ ယွန်းကတော့ ဘယ်ဘဝက ရေစက်မှန်းမသိဘဲ ဒီမိန်းမကို မြင်လျှင်မြင်ချင်း သဘောမကျတာပဲဖြစ်တော့သည်။

"ဟုတ်ပါတယ် ဦး၊ သူတို့က လွတ်လွတ်လပ်လပ် ဟိုတယ်မှာပဲ တည်းချင်တာပါ၊ ကျွန်တော့်မိတ်ဆွေတွေကို ကျွန်တော့်လို သဘောထားပြီး ကူညီတာကို ကျေးဇူးတင်ပါတယ်"

"အေးပါကွာ ... အေးပါ၊ ဒါဖြင့်ရင်လည်း အိမ်မှာ ထမင်းလေးတော့ လာစားကြဦးပေါ့ ဟုတ်ပလား"

"ဟုတ် ... ကျေးဇူးတင်ပါတယ်ရှင့်"

ဟင်း ... အသံကိုက အီညှောင်ညှက်နဲ့ဟု ယွန်းက မြင်ပြင်းကတ်စွာ တွေးတောမိသည်။ စကားပြောရင် ခပ်တိုးတိုးနဲ့ အီညှောင်ညှက်ပြောတတ်တာမျိုးကို ယွန်းက ဘယ်လိုမှန်းမှန်းကို မသိပါချေ။ ပျော့ပျော့လေးနဲ့ နံတဲ့ကြောင်ချေးဆို တာ ဒါမျိုးကို ခေါ်တာနေမှာပါပဲ။

"ဟုတ် အန်ကယ်၊ ဒါဆိုရင် ကျွန်တော် သူတို့ကို ဟိုတယ်လိုက်ပို့ပေးလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး သွားလေ၊ ညစာကိုတော့ ဒီမှာပဲ လာစားပေါ့၊ ဟုတ်လား သမီးတို့"

အဖေကကမ်းလှမ်းဖိတ်ခေါ်နေသော်လည်း ဟိုအမျိုးသမီးတို့မှာ လိုက်လိုသည့် စိတ်ဆန္ဒမရှိကြချေ။ ပြုံးတုံ့တုံ့ဖြင့် ဘာအဖြေမှ ပြန်မပေးကြပါ။ မိုးသုကတောင် ကြားထဲက အားနာလာဟန်ဖြင့် ...

"ဟုတ်ကဲ့ အန်ကယ်၊ အဆင်ပြေရင် ကျွန်တော် ခေါ်လာခဲ့ပါမယ်၊ ခွင့်ပြုပါဦးခင်ဗျ"

မိုးသုနဲ့အတူ လှုပ်လှုပ်လှုပ်လှဲ ကော်ပတ်ရုပ်နှစ်ရုပ် ထွက်ခွာသွားတာနှင့် ယွန်းက အဖေတို့ အမေတို့ကို စောတက တက်မိသည်။

"အဖေတို့ကလည်းလေ ဟိုက ဒီမှာ မတည်းချင်ဘူးဆိုတာ ဒီလောက်သိသာနေတဲ့ဟာကို ဖွတ်ခေါ်နေတယ် ...

အဖေ့ရှာကအမျိုးတွေ အညာသူ အညာသားတွေလို မျိုး မဟုတ်ဘူး အဖေရဲ့၊ တကယ်ခက်တယ်၊ ထမင်းစားဖိတ်တာတောင် လာစားပါမယ်ပြောတာ မဟုတ်တဲ့ဟာကို၊ အလကား လျှောက်ဖိတ်မနေနဲ့"





"ဟဲ့ ... အိမ်ရှင်ဆိုတာ ကိုယ့်မြို့ ကိုယ့်ရွာ လာတဲ့ဧည့်သည်ကို ဒီလိုပဲ ဖိတ်မန္တကပြုရတာပဲ၊ လာတာ မလာတာ၊ စားတာ မစားတာက သူ့အလုပ်၊ ဖိတ်ရမှာက ကိုယ့်အလုပ်ပဲ"

"ကျွတ်"

ယွန်းက မကျေမနပ်နှင့် ကျွတ်ခနဲ စုတ်သတ်မိလျှင် အမေကပါ ဝင်ပြောသည်။

"ကျွတ် ... လုပ်မနေနဲ့၊ ညည်းကတော့ ရွယ်တူတန်းတူဆိုတော့ သာတယ် နာတယ်စိတ်မျိုး မွေးမှာပေါ့၊ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်က ပုဂံယဉ်ကျေးမှုနယ်မြေဆိုတဲ့ နေရာကလူတွေပဲ၊ ဘယ်သူတွေ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်က ယဉ်ကျေးရမယ်၊ ဧည့်ဝတ်ပျူငှာရမယ်၊ အဲဒါ ကိုယ့်အလုပ်ပဲ၊ နင်တို့တွေ လူလုပ်ဖို့ အများကြီးလိုသေးပါတယ် ... ဟင်း"

ယွန်းက နှာခေါင်းတစ်ချက်သာ ရှုံ့ပြမိပြီး ခါတိုင်းလို ဆယ်ခွန်းလောက် ပြန်မချေနိုင်ပေ။ ယွန်းရဲ့မျက်လုံးထဲတွင် မိုးသုကို ရှင်မင်းဆိုသော မိန်းမအား ဘေးမှာထားလျက် ကားမောင်းသွားတာကိုပဲ မြင်ယောင်နေမိကာ တညင်းသီးနဲ့ဝက်သားကို ရောစားမိသော သွေးတိုးရောဂါသည်လို မရှူမလှဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်သူ ရန်ကုန်သားအချင်းချင်း အဖြူ အဖြူချည်း လိုက်ဖက်တင့်တယ်သလို ရှိပေမယ့် ထိုမိန်းမနှင့် မိုးသုကို ဘယ်နေရာကမှ မတွေ့မတန်ဘူးဟု ထင်နေတာလည်း ရယ်စရာတော့ အကောင်းသားပင်။

ယွန်းသည် အိမ်အပြင်ဘက်သို့ ထွက်လာကာ မန်ကျည်းပင်အောက်က ကွပ်ပျစ်မှာထိုင်ရင်း ဖူးခနဲပဲ လေပူတစ်ချက်ကို မှုတ်ထုတ်မိသည်။

လောကမှာ ကိုယ့်ကိုယ်ကိုယ် သိဖို့အရေးကြီးတယ် မဟုတ်လား။

❋❤❋





၁၈

ရှင်မင်းတို့ကို ရောဟိုတယ်သို့ လိုက်ပို့ပေးပြီး အခန်းတွေ ဘာတွေယူပြီး သူပြန်တော့မည်ဆိုသောအခါ ရှင်မင်းက မြစ်ကမ်းဘက်သို့ ခဏသွားကြည့်ရအောင်ဟု ခေါ်သဖြင့် ရှင်မင်းနှင့်အတူ လမ်းလျှောက်လာခဲ့ကြသည်။ ရန်ကုန်ကနေ၍ ပုဂံသို့ ရောက်လာခြင်းဖြစ်သော်လည်း လေယာဉ်နှင့်လာခဲ့တာ ဖြစ်သောကြောင့် ခရီးပင်ပန်းသည့်ပုံမရှိဘဲ အလှမပျက်ဘဲ ရှိလေသည်။ ကျားသစ်ကွက်အနက်ရောင် ဂါဝန်တိုကို အထာကျစွာ ဝတ်ဆင်ထားပြီး Gucci မျက်မှန်ကို နဖူးပေါ် ပစ်တင်ထားသော ရှင်မင်းဟာ မမြင်ရတဲ့ ရက်တွင်းမှာ ပိုလှလာတယ်ဟု ခံစားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့လည်း လှတာကို လှတယ်ဟုသာ မြင်လျက် သူ့စိတ်တွေက သူငယ်ချင်းတစ်ယောက် ရောက်လာသလို အေးချမ်းပျော်ရွှင်တာလောက်ပဲ ရှိတာကိုလည်း သူ့ဟာသူ သတိထားမိပြန်လေသည်။

"ညနေ ဘယ်အချိန်လောက် လာခေါ်မလဲ"

"အင်း ... ကိုယ်က ဘယ်အချိန်ပဲဖြစ်ဖြစ် အဆင်ပြေပါတယ်။ ရှင်မင်း အဆင်ပြေတဲ့အချိန် ရယ်ဒီဖြစ်တဲ့အချိန် ဖုန်းဆက်လိုက်လေ"

"အင်းပေါ့၊ ဒါနဲ့ ဒင်နာကို တစ်နေရာမှာပဲဖြစ်ဖြစ် စားမယ်နော်။ ဟိုအိမ်မှာတော့ မစားချင်ဘူး"

သူက မသိမသာ ပင့်သက်ရှိုက်ပြီး ခေါင်းညိတ်ပြလိုက်ရသည်။

"အင်းပါ ရှင်မင်းရယ်။ သူတို့က တစ်နယ်တစ်ကျေးက ဧည့်သည်ဆိုရင် စိမ်းစိမ်းကျက်ကျက် အရမ်းဂရုစိုက်ပြီး ဧည့်ဝတ်ကျေတတ်ကြတယ် ...

ဖော်ရွေတဲ့ မြန်မာ့ဓလေ့စစ်စစ်ပါ။ အရမ်းကို Welcome လုပ်တဲ့ သဘောပေါ့"





"အင်း ... ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ရှင်မင်းကျတော့လည်း အဲဒီလိုမျိုး သူများဆီမှာ မတည်းချင်ဘူးလေ။ ကိုယ်နဲ့ သိပ်မရင်းနှီးတဲ့လူတွေနဲ့ သိပ်မဆက်ဆံတတ်လို့ပါ"

"ကိုယ်လည်း ပထမတော့ ဒီရောဟိုတယ်မှာပဲ တည်းဦးမလို့ပဲ၊ ဒါပေမဲ့ ကိုယ့်အဖေက ခဏလောက်တော့ သွားနေလိုက်ပါကွာလို့ ပြောတာကြောင့် သူတို့ဆီမှာ တည်းဖြစ်သွားတာ"

"အဲဒီကနေပြီး ဟိုတယ်မပြောင်းနိုင် ဖြစ်နေရတယ်ပေါ့"

ရှင်မင်းက နှုတ်ခမ်းလေးကို နည်းနည်းထော်ပြီးပြောလျှင် သူက ဟက်ခနဲ ရယ်မောမိသည်။ တစ်လက်စတည်းမှာပဲ သွားသတိရမိတာက မြယွန်းရွှေကိုပါပဲ သူနဲ့ နှစ်ကြိမ် သုံးကြိမ်လောက်ဆုံသည့် မျက်လုံးတွေဟာ သာမန်ထက် စူးရှူးတောက်တောက်တွေ ဖြစ်နေတာကလည်း ထူးခြားမှုတစ်ခုဟု သူ ထင်သည်။

အဲဒီ စူးရှူးတောက်တောက် မျက်လုံးတွေထဲမှာ ညှို့ဓာတ်တစ်မျိုး ရှိသည်ဟုလည်း သူ ထင်ပါသည်။

"မိုးသုရော ... အဲဒီမှာ နေရတာ အဆင်ပြေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပြေပါတယ်။ တော်တော်ကို ပြေပါတယ်။ ကိုယ်က ဘန်ဂလိုနဲ့ သပ်သပ်နေရတာဆိုတော့ ဟိုတယ်မှာ နေတဲ့အတိုင်းပါပဲ ...

ပြီးတော့ အဲဒီအိမ်က ကိုယ့်အလုပ်ကိစ္စအတွက် အများကြီး အကူညီပေးနိုင်တယ်လေ"

"သြော် ... သြော်။ မိုးသုရဲ့ Documentary ကရော ပြီးပြီလား"

"တစ်ပုဒ်တော့ ပြီးသွားပြီ။ နောက်ထပ် နှစ်ပုဒ်လောက် ရိုက်ချင်သေးတယ်။ အိုက်ဒီယာ စဉ်းစားနေတုန်းပဲ"

"ဒါနဲ့ Facebook မှာ တင်တာတွေ့လိုက်ရတယ်။ Belle Bagan ဆိုတာ ဘယ်ကမော်ဒယ်လဲ"

အဲဒီစကားကြောင့် သူက ရုတ်တရက် ကြောင်သွားသော်လည်း ပြီးတော့မှ ဟက်ဟက်ပက်ပက် ရယ်မိလေသည်။ ရှင်မင်းကတော့ သူ့ကို စိတ်ဝင်စားသော မျက်လုံးများဖြင့် ကြည့်နေသည်။

"Belle Bagan ဆိုတာ တော်တော်မိုက်လား ... ဟင် ? ရှင်မင်း"





သူ့ရဲ့ ရယ်ရွှင်မြူးအမေးကို ရှင်မင်းက မျက်မှောင်ကြုတ်ကာ ပြန်ကြည့်နေပြီး မဖြေချေ။ သူက ခေါင်းတဆတ်ဆတ် ညိတ်ပြီးနောက် ...

"Belle Bagan ဆိုတာ မြယွန်းရွှေပဲလေ"

"သြော်"

"အဟင်း ... မထင်ရဘူး မဟုတ်လား"

ရှင်မင်းက မှတ်ချက် တစ်စုံတစ်ရာ ပြန်မပေးပါ။ သို့သော် စိတ်ထဲကတော့ ဘာတွေးနေမယ်ဆိုတာကို သူကသိသည်။ ဒါကြောင့်ပဲ ရှင်မင်း ဘာမှမမေးလဲ သူက အလိုက်သင့်စွာ ထပ်ပြောမိသည်။

"သူ့ကို အဲဒီလို ပုဂံဝတ်စုံဝတ်ပြီး မော်ဒယ်လုပ်ခိုင်းဖို့ လွယ်လွယ်လေးပြောပြီး ရခဲ့တာတော့ မဟုတ်ဘူး ...

အလောင်းအစားတစ်ခုလုပ်ပြီး သူ ရှုံးလို့ အဲဒီလို ဝတ်စားပြီး ဓာတ်ပုံရိုက်ပေးရတာလေ။ ဒါပေမဲ့ မထင်မှတ်ဘဲ အရမ်းကောင်းသွားတယ်"

"အင်း"

ရှင်မင်းက အင်းတစ်လုံးထက် ဘယ်တော့မှမပိုချေ။ ဒါကြောင့် သူကလည်း အလိုက်တသိပဲ စကားလမ်းကြောင်းကို လွှဲလိုက်သည်။ သူတို့ရပ်နေရာ နေရာသည် ရေပဟိုတယ်၏



www.burmeseclassic.com

www.burmeseclassic.com



ဧရာဝတီမြစ်ကမ်းနဖူးနေရာဖြစ်သည်။ ရှုခင်းက သူ့ကိုရော ရှင်မင်းကိုရောကို ဖမ်းစားထားလေသည်။

"သာယာလိုက်တာနော်"

"အင်း ... ဓာတ်ပုံရိုက်မလား ရှင်မင်း"

"ဟင် ... ကင်မရာလည်း မပါဘဲနဲ့"

"ဩော် ... ဖုန်းနဲ့ရိုက်မှာပေါ့။ ဖုန်းက ကင်မရာလည်း ကောင်းတာပဲဟာ။ ဒီဝတ်စုံလေးနဲ့ ရှုခင်းနဲ့ဆို အမိုက်စားပဲ"

"ဟုတ်လား"

အဲဒီစကားကိုတော့ ရှင်မင်းက မျက်လုံးကို ထောင့်ကပ်ကာ တက်ကြွရွှင်လန်းစွာဖြင့် ပြောသည်။ အခုလိုကျတော့လည်း သူတို့နှစ်ယောက်ရဲ့ အခြေနေက ပူနွေးသက်ဝင်လို့ လာသည်ဟု ထင်ရပါသည်။ သူက ဘောင်းဘီအိတ်ထဲမှ iphone ကို ထုတ်ကာ ရှင်မင်းကို ချိန်လိုက်သည်။ ရှင်မင်းက ခပ်သွက်သွက်ပဲ ပို့စ်ပေးသည်။ ဧရာဝတီမြစ်နှင့် လှပသောရှုခင်းကို နောက်ခံထားကာ ခါးလေးတစ်ဖက်ထောက်လျက် ခပ်မိုက်မိုက်လေး နေပေးသောအခါ သူ့ဖုန်းထဲမှာ လှပသောပုံရိပ်တွေ ထင်ဟပ်သွားခဲ့ပါသည်။

"အိုကေ ... မိုက်တယ်"





သူက လက်တစ်ချက် ထောင်ပြလိုက်သောအခါ ရှင်မင်းက ကြည်နူးစွာပြုံးသည်။ ဧရာဝတီမြစ်လေက တဖြူးဖြူး တိုက်ခတ်လာသောအခါ ရန်ကုန်မှာ ခံယ်လို့မှမရနိုင်သော လတ်ဆတ်သန့်ရှင်းလွန်းသည့် မြစ်လေစစ်စစ်ကို ရှူရှိုက်ခွင့်ရလေသည်။ မြစ်လေရဲ့အငွေ့မှာ ရှင်မင်းထံက (သူမ သုံးနေကျ) Miss Dior ရေမွှေးနံ့လေး သင်းပျံ့လာတာကို ခံစားမိသည်။

"ရှင်မင်း"

သူ ခေါ်လိုက်သောအခါ ရှင်မင်းက နှုတ်ခမ်းများနဲ့မထူးဘဲ မျက်လုံးများဖြင့်ထူးသည်။

"ပုဂံကိုလာတာ ပျော်လား"

"အင်း ... ပျော်တာပေါ့။ ရန်ကုန်မှာလို မိုးတွေလည်း အရမ်းမများဘူးနော်၊ လေအေးအေးလေးနဲ့ ရှုခင်းတွေကလည်း အရမ်းလှတယ်"

"အင်း ... ဒါကြောင့် ရှင်မင်းကို ခရီးထွက်ဖို့ ခေါ်နေရတာပေါ့"

"ဒါပေမဲ့ အပြည့်အဝတော့ မပျော်နိုင်သေးဘူး"

"ရှင်းပါဦး"

"မိုးသုသာ ဒီမှာ ရှင်မင်းတို့နဲ့ အတူတူ လာတည်းရင် ပိုပြီး Perfect ဖြစ်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားကြောင့် သူ ဘာပြန်ပြောရမှန်း မသိပေ။ ရှင်မင်းရဲ့မျက်နှာကို ငေးကြည့်မိသောအခါ ရှင်မင်းက သူ့ကို အဓိပ္ပာယ်ပါပါဖြင့် ပြုံးစိုက်ကြည့်နေသည်။ ဘယ်လိုလဲဟူသော မေးခွန်းမျိုးတွေ ပါဝင်နေတာမို့ သူ နည်းနည်းအကြပ်ရိုက်သွားသည်။

"အင်း ... ဟိုမှာလေ အစစအရာရာ အဆင်ပြေနေတော့"

"အင်းပါလေ ... ထားလိုက်ပါတော့။ ညနေကျရင် ဘယ်သွားမလဲ"

"ရှင်မင်း ဘယ်သွားချင်လို့လဲ"

"ဟင် ... ရှင်မင်းက ဘယ်သွားချင်တယ်လို့ မရှိပါဘူး။ ပုဂံမှာ သွားချင်စရာ နေရာတွေချည်းပဲလေ။ မိုးသုပဲ Guide လုပ်ရမှာပေါ့"

"အင်း ... ဟုတ်ပါပြီ။ ညနေဘက်တော့ ရွှေစည်းခုံဘုရားက ဖူးလို့ကောင်းတာပေါ့။ ရွှေစည်းခုံကို အရင်လိုက်ပို့မယ်လေ ...

ကဲ ... ဒါဆိုရင် ရှင်မင်းလည်း နားလိုက်ဦး။ ကိုယ်လည်း ခဏပြန်လိုက်ဦးမယ်။ ညနေမှ ဆုံမယ်။ ငါးနာရီလောက် ရယ်ဒီ ဖြစ်မလား"





"ဖြစ်ပါတယ်။ ရှင်မင်း ဖုန်းဆက်လိုက်မယ်လေ"

"အိုခေ ... ဆီးယူ"

ရှင်မင်းက သူ့ကို ကားနားထိ ပြန်လိုက်ပို့သည်။ ကားပေါ်ရောက်တော့ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် လက်ပြနှုတ်ဆက်ဖြစ်သည်။ သူ ကားမောင်းပြီး ပြန်လာရာတွင် မိုးဖွဲလေးတွေက ခပ်စိပ်စိပ်ကျလာသည်။ မိုးဖွဲအေးမြ သာစွပုဂံမြေတွင် သူ့နှလုံးသားတွေ ငြိမ်းချမ်းချင်ပါသည်။

* ❤ *



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

စိတ်တွေကတော့ တိုနေသည်။ ဘာကို ဒေါသထွက်နေမှန်းလဲ မသိဘဲ ဒေါသထွက်နေကာ တရားခံရှာရမတဲ့ အဖြစ်မျိုးကို တော်တော်များများ ဖြစ်ဖူးကြပါလိမ့်မည်။ ယွန်း တစ်ယောက်လည်း ထိုကဲ့သို့ ဖြစ်နေသည်။ မနေ့က ညနေဘက်က ဟိုကျေးရူးရှင်ကို ရေမိုးချိုး လန်းဆန်းတက်ကြွကာ တောက်ပ သစ်လွင်သော အဝတ်အစားများဖြင့် မွှေးမွှေးကြိုင်ကြိုင် ထွက်သွားတာကို တွေ့လိုက်ရပြီးတည်းက အဲဒီလို စိတ်မျိုးတွေ စ၍ဝင်လာခဲ့တာပဲဖြစ်သည်။

သူ ဘယ်သွားတာလဲ။ ဘယ်သွားတာ ရှိရမလဲ။ ဟို မာတုဂါမနှစ်ယောက်ထံ သွားတာပေါ့ဟု ကိုယ့်ဘာသာကိုယ် ပြန်ဖြေကာ အလကားနေရင်း စိတ်တွေတိုနေမိတော့တာ ဖြစ်သည်။





ဘုန်းကြီးတွေဟောသည့် တရားကို နာရတာ အင်မတန်ဝါသနာပါသော ယွန်းဟာ တရားသဘောကို နိုက်နိုက်ချွတ်ချွတ် မသိဘူးဆိုပေမယ့် သဘောတရားလောက်တော့ သိသည်ပင်။ ထို့ကြောင့် ကိုယ် ဘာကိုစိတ်တိုနေသလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဆန်းစစ်ဖို့လည်း ဝန်မလေးခဲ့ပါ။

ပြန်လည်ဆန်းစစ်ဖို့ ဝန်မလေးခဲ့ပေမယ့် ရလာတဲ့ အဖြေကို လက်ခံဖို့တော့ ဝန်လေးခဲ့သည်ပင်။ မာတုဂါမနှစ်ယောက်ကို ဘယ်ဘဝက ရေစက်ကြောင့်မှန်း မသိဘဲ ကြည့်လို့မရတာ၊ အခုလည်း သူမတို့နဲ့အတူတူ မိုးသုက ထွက်သွားတာကို သိရသဖြင့် စိတ်တွေတိုနေရတာ ဒါတွေကို ယွန်း လက်မခံချင်ပေ။ ဘာကြောင့် ဒီလိုဖြစ်ရသည်ဟူသော အဖြေကိုလည်း ဆက်မတွေးချင်တော့ပါ။ တော်ပါပြီ ဒီလိုဖြစ်ရတာတောင် ကိုယ်အသုံးမကျလို့ပဲဟု သတ်မှတ်သည်။

ကိုယ်က ဘာမှမဟုတ်။ မနေ့တစ်နေ့ကမှ တွေ့ရတဲ့လူ။ သူတို့က ဘယ်ဘဝထဲက ရေစက်ဆုံလာတဲ့လူတွေလဲဆိုတာတောင် မပြောတတ်ချေ။ ဒါကြောင့် ယွန်းမှာ ကိုယ့်စိတ်ကိုယ် ပြန်လျှော့ကာ နေရသည်။ တတ်နိုင်သမျှလည်း သင်းတို့နဲ့မဆုံအောင် နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဒီနေ့မနက်လည်း နံနက်ငါးနာရီထဲက ဒေါ်ကြက်တောနဲ့ အတူထကာ စလေဘက်သို့ တစ်ယောက်တည်း ကားမောင်းပြီး ရောင်ထွက်သွားသည်။ ရော၀တီတံတား(ပခုက္ကူ) ပြီးထားတာ သိပ်မကြာသေးသောကြောင့် စလေ–ပခုက္ကူဘက်သို့ အလွယ်တကူ သွားလို့ရသွားသည်။ စလေဘက်မှာ အဖေ့အမျိုး တွေရှိသလို စလေရုပ်စုံကျောင်းကိုလည်း ပန်းချီဆွဲချင်တာကြောင့် ဘယ်သူမှတောင်မပြောဘဲ ထွက်လာခဲ့တာဖြစ်သည်။ ဒေါ်ကြက် တောကိုတော့ ပြောခဲ့ခြင်းကြောင့် ဘယ်သူမှတော့ စိတ်ပူမှာ မဟုတ်။ ယွန်း ဆိုတာဟာလည်း စိတ်ကူးပေါက်ရင် ပေါက်သလို ထ,ထသွားနေကြမို့ အမေလည်း မနိုင်ချေ။

ဒီနေ့တော့ နောက်ကြောင်းရှင်းအောင် ဖုန်းကိုပါ အိမ်မှာထားခဲ့လိုက်သည်။ မှတ်ကရော ...။ အဲဒီလိုနှင့် တစ်နေကုန် စလေမှာ အချိန်ဖြုန်းခဲ့သော ယွန်းမှာ ညခုနစ်နာရီခွဲတော့မှပဲ အိမ်ပြန်ရောက်တော့သည်။ အိမ်ရောက်သောအခါ အိမ်ရှေ့ရှိ ကွပ်ပျစ်တွင် မိဘနှစ်ပါးနှင့်အတူ မိုးသုကိုပါ တွေ့လိုက်ရသည်။ မျှော်ခနဲ ဆုံစည်းသွားသော အခိုက်အတန့်၌ ယွန်း ရင်ထဲမှာ ဘာ့ကြောင့် ဆစ်ခနဲ ဖြစ်သွားပါလိမ့်။





"ဟဲ့ ... မိယွန်း။ အဲဒါက ဘယ်ကပြန်လာတာလဲ။ တစ် နေကုန်ကို ပျောက်နေတာ တကယ်ပဲ နင်တော့လေ"

အမေက ထုံးစံအတိုင်းပဲ ယွန်းကို မြင်တာနှင့်မာန်မဲ တော့သည်။ ယွန်းကတော့ ခပ်တည်တည်ပဲ အမေ့ကို ပြန်ကြည့် ကာ ...

"ဒေါ်ကြက်တောကို မှာခဲ့တယ်လေ။ အမေတို့မှ အိပ်ရာ မနိုးသေးတာ"

ပြောရင်းနဲ့ ယွန်းက အိမ်ထဲဝင်ဖို့ပြင်သည်။ အဖေ့ ရဲ့အသံက ထပ်၍ထွက်လာသည်။

"ထမင်းစားပြီးပြီလား သမီး"

"မစားရသေးဘူး"

"အေး ... အတော်ပဲပေါ့။ မောင်မိုးသုနဲ့ အတူတူစားလိုက်။ အဖေတို့က တောင်ပိုင်းက ဒေါ်လေးစောဆီ နေမကောင်း ဘူးဆိုလို့ သတင်းသွားမေးတာ။ ထမင်းတွေ အတင်းကျွေး လိုက်လို့ စားခဲ့ပြီးပြီ"

"သူ စားပြီးရောပေါ့ အဖေရဲ့"

"ဟဲ့ ... ဒီကောင်မလေးကလေ။ မစားခဲ့ရသေးလို့ အခု စားဖို့ပြောနေတုန်း ညည်းရောက်လာတာ။ တကယ်ပဲတော့ ဘာမှ အရိပ်အကဲ နားမလည်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါသာကြည့်တော့ မင်းမိုးသုရေ။ ဒီကောင်မလေးဟာ စကားပြောရင် ထောင့်ကိုမကျိုးတာ”

ယွန်းက နှုတ်ခမ်းကို တစ်ချက်မဲ့ကာ အိမ်ထဲသို့ ဝင်လာခဲ့သည်။ ကားမောင်းလာရသဖြင့် ဗိုက်ဆာနေပြီဖြစ်သော်လည်း သူနဲ့အတူ စားရတော့မည်မို့ မစားချင်တော့ပေ။ ဒေါ်ကြက်တောက ယွန်း ဝင်လာတာ မြင်တာနှင့် ထမင်းကျွေးဖို့ ပြင်သည်။

“အပုလေး ထမင်းစားတော့မလား။ ဘူးသီးဟင်းခါးလေး နွှေးထားတယ်”

“စားသေးဘူး။ ရေအရင်ချိုးဦးမယ်”

“ဟဲ့ ... ဘာရေချိုးမှာလဲ။ ထမင်းပဲ အရင်စား။ ဒီမှာ ညှော်သည့်လည်း စားမယ့်ဟာကို”

“ကျွတ်”

ယွန်းက စုတ်သပ်လိုက်ကာ အကျယ် အကျယ် မဖြစ်ချင်သဖြင့် ထမင်းစားပွဲဆီသို့ လျှောက်လာခဲ့သည်။ နောက်မှာက ဟိုကျေးဇူးရှင် ကပ်ပါလာတယ် မဟုတ်လား။ သူ့ရှေ့မှာ အဆူအငေါက် ခံနေရရင် အရှက်က ပိုပြီးကွဲဦးမည်။

“ဒေါ်ကြက်တော ထမင်းခူးလိုက်တော့။ ညှော်သည်ပါ စားမှာ”





“အေး ... ပြင်ထားတယ်ကွယ့်”

ယွန်းက ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်သလို သူကလည်း ယွန်းနံဘေးဘက်ကျသောနေရာမှာ ဝင်ထိုင်သည်။ ဝေ့ခနဲ သင်းပျံ့လာသလိုရှိသည့် မွှေးရနံ့ကို ရှူရှိုက်မိစဉ်မှာ ဒီလောက်တောင် ဆွတ်စရာလိုလို့လားဟု မလိုတမာစွာ တွေးမိသွားသည်။ ကျွတ် ... သွားစမ်းကွာ။ ဘာကိုမှ မတွေးဘဲနေစမ်း။

“ထည့်စားနော် ကလေး။ ဒီနေ့တော့ အညာဟင်း မဟုတ်ဘူး။ ငါးကောင်းကောင်းလေး ရတာနဲ့ ပေါင်းထားတာ။ ဒါက ငါးကြင်းပေါင်း၊ ဝက်သားနဲ့ သရက်သီးခြောက်နဲ့ နှပ်ထားတာ။ အင်း ... ဒါက ဟင်းနုနွယ်ရွက်ကြော်လေ။ သောက် ... သောက် ... ဒါက ဘူးသီးဟင်းခါးပေါ့ ...

အတို့အမြှုပ်ပါမှ စားတတ်ရင် ငံပြာရည်ချက်လေးနဲ့ တို့စရာလေးတွေရော စား”

အမေက Guide လုပ်ရတာ တော်တော်ဝါသနာပါလေသည်။ မြင်နေရသော ဟင်းတွေကိုတောင် ဒါက ဘာ၊ ဒါက ဘာနှင့် Guide line ပေးနေသေးသည်။ ယွန်းက ဘာမှမပြောဘဲ ဝက်သားဟင်းကို ခပ်ထည့်ကာ အေးအေးဆေးဆေးပဲ စားနေသည်။ ပြီးတော့ ဟင်းချိုပူပူကို သောက်သည်။ အမေက မိုးသုထံသို့ ငါး



www.burmeseclassic.com

www.burmeseclassic.com



တစ်တုံး ထည့်ပေးပြီးနောက် ယွန်းကို မျက်စောင်းကဲကြည့်သွားတာကို မျက်လုံးထောင့်က မြင်ဖြစ်အောင်လည်း မြင်လိုက်ရသည်။

ယွန်း ထမင်းတစ်လုတ် မျိုချစဉ်မှာပဲ သူ့ထံကစကားသံထွက်လာ၏။

"တစ်နေကုန် ဘယ်တွေသွားနေတာလဲ"

ယွန်းက ထမင်းတစ်လုတ်ကို ပါးစပ်ထဲ ထိုးသွင်းရင်းမှ ဘယ်သူ့ကိုမေးတာလဲ၊ ငါ့ကိုမေးတာလား ဟူသောပုံစံဖြင့် ကိုယ့်ကိုယ်ကိုယ် လက်ညှိုးပြန်ထိုးပြမိသည်။

"ဟုတ်တယ်လေ။ မင်းကို မမေးလို့ ဘယ်သူ့ကိုမေးရမှာလဲ"

"မကြားဘူးလား။ အခုနက ကျုပ်အမေနဲ့ ပြောနေတာပဲ"

"ကြားတယ်လေ။ ဒါပေမဲ့ အတိအကျမှ မသိတာ"

"အတိအကျသိတော့ ဘာလုပ်မလို့လဲ"

"ဩော် ... သိချင်တာပေါ့ကွာ။ မင်း ဘာလုပ်လုပ် ကိုယ်သိချင်တာ သိပ်မဆန်းပါဘူး"

အဲဒီစကားကြောင့် ယွန်းက သူ့ကို မျက်လုံးလှန်ကြည့်မိသည်။ အဲဒီစကားဟာ ဘာစကားလဲ။ ဘာအဓိပ္ပာယ်လဲ။ ဒီရန်ကုန်သားဟာ နူးညံ့တဲ့အပြုံး၊ နူးညံ့တဲ့အပြောတွေနဲ့ မိန်းကလေးတွေကို ဒီလိုပဲ အိစီကလီလုပ်နေတတ်သူလား။





အဲဒီလို တွေးမိသွားလျှင် ယွန်းက ဘာမှပြန်မပြောမိဘဲ ထမင်းကိုသာ ဆက်စားမိသည်။ သူ့ထံကပဲ စကားသံထပ်ထွက်လာပါသည်။

"စလေကို ဘာသွားလုပ်တာလဲ။ ပန်းချီသွားဆွဲတာလား"

"နေစမ်းပါဦး။ ဒါတွေကို မောင်ရင်က ဘာဆိုင်လို့ စိတ်ဝင်စားနေရတာလဲ"

"စိတ်မဝင်စားရဘူးလားကွာ"

သူ့အသံက စိတ်မရှည်သလို အသံမျိုးမို့ ယွန်းက သူ့ကိုတောင် မျက်လုံးပြန်ပြူးပြီး ကြည့်မိသည်။

"ဟုတ်တယ်လေ။ ဒါလေး မေးတာကို ဘာဖြစ်နေတာလဲ။ ကောင်းကောင်းဖြေမှပေါ့"

ပြုံးက ပြိပြိနေသော သူ့စကားကြောင့် ယွန်းက နှာခေါင်းထဲမှ လေထွက်ရုံ စိတ်ပျက်လက်ပျက်ဖြင့် ရယ်မိသွားရသည်။ နောက်တော့ စိတ်ပျက်လျှင် ဘာမှပြန်မပြောတတ်သည့် ကိုယ့်ထုံးစံအတိုင်း ထမင်းကိုသာ ဆက်စားနေလိုက်သည်။ ငံပြာရည်ချက်ကို ထမင်းပေါ် နည်းနည်းဆမ်းကာ သခွားသီးစိတ် သုံးလေးခုနှင့် ရောနယ်ပြီး ပါးစပ်ထဲ ထိုးသွင်းလိုက်တာကို သူက ငေးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြယွန်းရွှေ"

သူက ခေါ်လိုက်လျှင် ယွန်းက သူ့ကို မျက်လုံးနှင့် ပြန်ထူးမိသည်။ သူက ယွန်းကို စေ့စေ့ကြည့်လာလျှင် အဲဒီအကြည့်တွေကို တန်ပြန်ကြည့်နေတုန်းမှာ ယွန်းရဲ့နှလုံးသားတွေ တဒိတ်ဒိတ်နှင့် ခုန်ပေါက်လာတာကို ကြုံရလေသည်။ ဘာဖြစ်တာလဲ၊ အဲဒါ ဘာဖြစ်တာလဲ ... ? ... ? ။ ဘုရားရေ ... ဖြောင်းဆန်အောင်ကို ခုန်နေတာပါလား။ ကြားတောင် ကြားသွားမလားမသိရချေ။

"မင်း ကိုယ့်ကို တစ်ခုခု မကျေနပ်တာများ ရှိနေလား"

"ဘာတွေ လာပြောနေတာလဲ"

ယွန်းက သူ့ကို စူးစူးစမ်းစမ်းကြည့်လိုက်လျှင် သူက အကျောရသွားပြီမို့ ဝက်သားဟင်းကို ကော်ခပ်ကာ သူ့ဟာသူ ထမင်းထည့်စားရင်းမှ အေးအေးဆေးဆေး ပြောသည်။

"ဟုတ်တယ်လေ။ အစကအကောင်းပဲဥစ္စာ၊ Documentary ရိုက်တုန်းကတောင် မင်း စေတနာအပြည့်အဝနဲ့ ကူညီခဲ့သေးတာပဲ ...

ကိုယ်နဲ့ မင်းနဲ့ အဆင်ပြေခဲ့တာပဲ မဟုတ်လား"

"လောကမှာ ဘယ်အရာမှ မမြဲဘူး။ ဒီနေ့ အဆင်ပြေချင် ပြေပေမယ့် နောက်တစ်နေ့တော့ ပြေချင်မှ ပြေမှာပဲ"





"အေးလေ ... ဒါပေမဲ့ ဘယ်ကိစ္စမဆို အကြောင်းရင်းက ရှိသေးတာပဲ မဟုတ်လား။ ကောင်းနေရာကနေ ဘာကြောင့် ဆိုးသွားတာလဲ ဆိုတာ အဖြေတခုတော့ ရှိရမှာပေါ့ ...

ကိုယ်က အဲဒါကို မေးနေတာ"

"အဲဒါကိုကလည်း မောင်ရင် မှားနေတာ"

"အင်း ... ရှင်းပြပါဦး"

"ကျုပ် ဘာမှမပြောင်းဘူး။ အရင်ပုံစံပဲ။ ကျုပ်ဟာကျုပ် feel လာတဲ့နေရာ သွားတာ ဘာဖြစ်လဲ။ ဘယ်သူ့ကိုအစီရင်ခံနေရဦးမှာလဲ"

"တွေ့လား။ အဲလိုပြောတဲ့ စကားသံထဲမှာကို ဒေါသတွေက သင့်နေသလိုပဲ။ ကဲပါကွာ ဘာတွေပဲဖြစ်ဖြစ် ကိုယ့်ကို စိတ်မကောက်ပါနဲ့လို့ ပြောချင်တယ် ...

မင်း စိတ်ကောက်ပြေအောင် ကိုယ်ချော့မယ်၊ ဟုတ်ပြီလား"

အဲဒီစကားကြောင့် ယွန်းရဲ့ရင်ဘတ်ကြီးထဲတွင် ဒိန်းခနဲ တစ်ချက်ဆောင့်ခုန်သွားပြန်သည်။ အာ ... ဘာကြီးလဲကွာ။ ဘာဖြစ်လို့ ဒီလိုစကားမျိုးတွေ လာပြောနေရတာလဲ။ သူ...



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကြီးပြူးပြီး ပြန်ကြည့်နေသော ယွန်းကို သူက ထမင်းစား ... စား ဟူသော ပုံစံမျိုးဖြင့် လက်ခါပြသည်။ သူ့ပါးစပ်ထဲလည်း တစ်လုတ်ထည့်ဝါးရင်း ...

"စားပြီးရင် ချော့မယ်။ တော်ကြာ အခု ချော့ရင် အစားအသောက်ပျက်သွားမှာစိုးလို့"

အဲဒီလို ပြောလို့ကို ယွန်းက ဆက်မစားနိုင်တော့ပေ။ ဒီလူဟာ ဘာလဲ။ ဟိုတစ်ယောက်ကိုလည်း ဟိုတစ်ယောက်မို့လို့ ဂရုတစိုက် ဆက်ဆံနေလိုက်တာ။ အခု ယွန်းကိုကျတော့ရော ဘာသဘောလဲ။ သူ့ကို ကြည့်လိုက်တော့လည်း အေးအေးဆေးဆေး ပြောနေတဲ့ပုံပေါက်သည်။ ဘာလဲကွာ ... သူတို့ရန်ကုန်သားတွေက ဒီလိုစကားမျိုးလောက်ကို ထမင်းစားရေသောက်ဘော်ဒါကဏ္ဍအနေနဲ့လည်း ပြောတတ်တာမျိုးလား။

ယွန်းက ဆက်မနေချင်တော့တာနှင့် ထမင်းကို မြန်မြန်လက်စသတ်ကာ စားလိုက်သည်။ ရေတစ်ခွက် မော့သောက်နေတုန်းမှာပဲ သူက "ပြီးပြီလား" ဟုမေးသည်။ ဟွန်း ... ထထွက်ဖို့ ပြင်စဥ်မှာပဲ သူကပါ မတ်တတ်ထရပ်၍ ...

"နေပါဦး မြယွန်းရွှေ"





"ဘာလဲ ... ဘာပြောမလို့လဲ"

"ပြောမလို့ မဟုတ်ပါဘူး။ ပေးစရာ ရှိလို့ပါ။ ရော့ ... ဒါကိုယ် မင်းကို ပေးချင်စိတ် ပေါ်လာလို့ ပေးတဲ့လက်ဆောင်ပါ။ ဘာကြောင့်မှ မဟုတ်ဘူး"

ယွန်းက သူ ကမ်းပေးသော အိတ်လေးကို ယောင်ယမ်းပြီး ငုံ့ကြည့်မိသည်။ ဘူးတော့ ဘူးတစ်ဘူးပဲ။ ဘာဘူးမှန်းလဲတော့ မသိပေ။ သူက ယွန်းရဲ့ရှေ့သို့ ထပ်တိုးပြီး ကမ်းပေးသည်။

"လက်ခံပေးပါ မြယွန်းရွှေ"

"ဘာလို့ လက်ခံရမှာလဲ"

"ဩော် ... ကိုယ့်ကို တန်ဖိုးထားပြီးပေးတဲ့ လက်ဆောင်ဆိုတာ ယူရတယ်လေ၊ လက်ခံရတယ်လေ"

"ဟာက် ... အကုန်အကျ များပါတယ်။ ကျုပ်ကိုပေးလို့ ဘာအကျိုးမှ မရှိနိုင်ဘူး၊ ကိုယ့်ရည်းစားကိုယ်သာပေးလိုက်"

ပြောပြီးဘာနဲ့ ယွန်းက လှည့်ထွက်ဖို့ပြင်သည်။ သူက ယွန်းရဲ့ရှေ့မှ အမြန်ပိတ်ရပ်ရင်းမှ ...

"နေပါဦး၊ ကိုယ်က ဘယ်ရည်းစားကို ပေးရမှာလဲ"

"သိဘူးလေ၊ မောင်ရင့်ရည်းစား ရှိမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟက် ... ဘာရည်းစားမှ မရှိဘူး။ လုံးဝ လူပျိုစင်လေး မင်းတစ်ယောက်သာ မေ့အရိုင်းပန်းလို့ ဆိုလို့ရတယ်"

"ဘာ ... ဘာ ...။ ဘာရယ် ... မေ့အရိုင်းပန်း ဟုတ်လား"

"ဟုတ်တယ်လေ။ မင်း ဆိုညည်းနေတာ ကြားဖူးလို့။ စိုင်းစိုင်းရဲ့ ဟောဒတယ်သီချင်းကို အဲဒီထဲကအတိုင်းဆိုရင် စာသားပြောင်းရမှာ မဟုတ်ဘူးလား ...

မင်းအနေနဲ့ ဆိုမယ်ဆိုရင် မင်းတစ်ယောက်သာ မေ့အရိုင်းပန်းလို့ ဆိုရမှာ မှတ်ဖူးလား"

ယွန်းက ဟက်ဟက်ပက်ပက်ပဲ ရယ်မောမိလေသည်။ ဘာကြောင့်မှန်းတော့ မသိပါ။ သူ့မှာ ဘာရည်းစားမှ မရှိဘူး။ ဟို ... မာတုဂါမ နှစ်ယောက်ဟာ သူ့ရည်းစား မဟုတ်ဘူးဆိုတာနှင့် ရင်ထဲမှာ ဘယ်လိုပေါ့ပါးလန်းဆန်းသွားမှန်း မသိတာက ထူးဆန်းလှသည်။ အစာမကြေ လေထိုးလေအောင့်သော ဝေဒနာကို ခံစားနေရသူတစ်ယောက်က ချက်ချင်းပဲ ရောဂါပျောက်သွားသောအခါ နေလို့ထိုင်လို့ အင်မတန်ကောင်းသော ပုံမျိုးပဲဖြစ်လေသည်။

"မောင်ရင် တော်တော်ပေါတာပဲ"

အဲဒီပေါချက်မှာ လူက မျောထွက်နေတာတော့ စကားထဲ ထည့်မပြောတော့ချေ။





"ကဲ ... ဒီလိုဆို ကိုယ်ပေးတဲ့ လက်ဆောင်ကို လက်ခံမယ် မဟုတ်လား"

ယွန်းက ညစ်ကျယ်ကျယ်ပြုံးကာ သူ့လက်ထဲမှ အိတ်ကလေးကို ဆတ်ခနဲဆွဲယူပြီး ချာခနဲ လှည့်ထွက်လာခဲ့သည်။ အခန်းထဲ ရောက်တဲ့အထိ ရင်ခုန်သံတွေ တဒိတ်ဒိတ်မြန်နေတာကိုလည်း ကိုယ့်ကိုယ်ကိုယ် သတိထားမိသေးပင်။ အခန်းထဲရောက်တာနှင့် အိတ်လေးကို ဖွင့်လိုက်လျှင် မထင်မှတ်ထားသော သူ့လက်ဆောင်ကို တွေ့လိုက်ရသည်။

Bictoria's Secret မှ ထုတ်လုပ်ထားသော Love spell အမျိုးအစား Body lotion ပဲ ဖြစ်လေသည်။ ဘာစိတ်ကူးနဲ့များ lotion ပေးတာပါလိမ့်။ ယွန်း မစဉ်းစားတတ်တော့ချေ။ သို့သော် ဘာပဲဖြစ်ဖြစ် တထိတ်ထိတ်နဲ့ ပျော်ရွှင်ကျေနပ်နေရတာတော့အမှန်ပဲဖြစ်သည်။ လိုးရှင်းလေး တစ်စက် နှစ်စက်ကို လက်ဖဝါးထဲထည့်ကာ ပွတ်လိမ်းကြည့်လျှင် အသည်းခိုက်စရာ အနံ့လေးက မွှေးပျံ့သွားသည်။ Victoria's Secret ဆိုတာ ရေမွှေးဖွတ်စရာ မလိုတော့အောင် မွှေးတဲ့အမျိုးအစားလေ။ ဒီအနံ့လေးကိုရတိုင်း တစ်စုံတစ်ယောက်ကို သတိရနေမိမှာတော့ အမှန်ပဲဖြစ်တော့သည်။

❋ ❤ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၂၀

ရှင်မင်းကို ပုဂံရောက်တုန်းမှာ ဘာလုပ်ချင်လဲဟု မေးမိရာမှ နောက်ဆက်တွဲ ဖြစ်လာခြင်းမှာ မိုးလေးတအေးအေး၌ ပုဂံဘုရားများသို့ မြင်းလှည်းစီးကာ သွားချင်တယ်ဟူသော ဆန္ဒကို ရရှိခဲ့ခြင်းဖြစ်သည်။ အဲဒီအတွက် သူက ဦးအောင်တိုးကို ပြောသည်။ ဦးအောင်တိုးက ရှည်ရှည်ဝေးဝေး မစဉ်းစားတော့ဘဲ အလွယ်တကူပဲ ပြောလေသည်။

"ဒါများကွာ ရှည်ရှည်ဝေးဝေး စဉ်းစားလို့။ ဒီအိမ်မှာ မြင်းလှည်းမောင်း အကျွမ်းဆုံးက မိယွန်းပဲ။ သူ မောင်းပို့လိမ့်မယ်"

"ဟာ... အားနာစရာ အန်ကယ်ရာ။ မလုပ်ပါနဲ့။ ချစ်ရင်ထူး ဖြစ်ဖြစ် မောင်းခိုင်းပါ့မယ်"





"ချစ်ရင်ထူးက ဂျပန်လင်မယားကို လိုက်ပို့ရမှာကွ။ မအားဘူး။ မိယွန်းနဲ့က အဆင်ပြေမှာပါ"

သူကတော့ မထင်ပေ။ မြယွန်းရွှေက အဲဒီလို လုပ်ပေးချင်စိတ် ရှိလိမ့်မည်ဟုလည်း မထင်ခဲ့ပါ။ သူမ စိတ်မပါ မလုပ်ချင်သည့် ကိစ္စကိုလည်း သူက မလုပ်စေချင်ပေ။ ဘာကြောင့်မှန်း မသိဘဲ မြယွန်းရွှေ စိတ်မကြည်လင် ဖြစ်မှာမျိုးကို သူ မလိုလားတာမျိုးပဲ ဖြစ်ပေလိမ့်မည်။

သို့သော် မြယွန်းရွှေက ထူးဆန်းအံ့သြစရာ ကောင်းအောင်ပင် သူ့ကို လာပြောလေသည်။

"ဒီမှာ မောင်ရင်။ မောင်ရင်တို့ကို ကျုပ် လိုက်ပို့မယ်"

"ဟင် ... တကယ်ပြောတာလား မြယွန်းရွှေ"

"ဘာလဲ။ အပိုတွေ လာလုပ်နေတယ် ထင်လို့လား။ ကျုပ် အပိုတွေလုပ်တတ်တဲ့ မိန်းမမျိုး မဟုတ်ဘူးနော်"

"အင်းပါကွာ။ ကိုယ်က မင်း အဲဒီလို လုပ်ပေးချင်မယ်လို့ မထင်လို့ပါ"

"အောင်မာ ... ကျုပ်ကို စိတ်ပုပ်လို့ ပြောချင်တာလား"

"ဟာ ... မဟုတ်ရပါဘူးကွာ။ မင်းက မထင်ရဘူးနော်"

"အောင်မာ ... ဘာမထင်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ခါးထောက်ရန်စွာ အငေါ်တူးနေသောမုံကို သူက သဘာတကျနှင့် ရယ်မောမိသည်။ ဘာကြောင့်မှန်း မသိဘဲ သူမနှင့် အဲဒီလို စကားပြောရလေတိုင်း စိတ်ထဲမှာ ပေါ့ပါးလန်းဆန်းနေတာကိုတော့ သူ့ကိုယ်သူပဲ သိလေသည်။

ဒီလိုနှင့် သူမက မြင်းလှည်းကိုမောင်းကာ သူက ဘေးမှာထိုင်လျက် ရှင်မင်းတို့ရှိရာ ဈေးရာဟိုတယ်သို့ ထွက်လာခဲ့ကြသည်။ သူမ မြင်းလှည်းမောင်းသော စတိုင်လ်ကိုလည်း ကြည့်ပေဦး။ မြက်ဦးထုပ်ပိုင်းကြီးကို ခပ်ငိုက်ငိုက်ဆောင်းကာ မျက်မှန်က တပ်ထားသေးသည်။ နဖူးထည်ဟု ဒီဘက်မှာခေါ်သည့် ဖျင်အပါးသား ပိတ်စတစ်မျိုးကို လည်ပိုင်းအဝိုင်း ခပ်မွမွ ဖြင့် ဝတ်ဆင်ထားပြီး အောက်က ဘောင်းဘီက ရှမ်းဘောင်းဘီလို ဖြစ်သည်။ မသိလျှင် ကမ္ဘောဒီးယားသူလိုလို ဗီယက်နမ်သူလိုလို ဖြစ်နေသည်။

သူမ မြင်းလှည်းမောင်းတာကို ကြည့်ရင်း သူက စိတ်ဝင်တစား စပ်စုမိသည်။

"မင်း မြင်းလှည်းမောင်းတာ တကယ် Professional လိုပဲ"

သူမက ထုံးစံအတိုင်း ဘာမှမပြောဘဲ နှုတ်ခမ်းတွန့်ရုံ ပြုံးနေသည်။ အဲဒါကိုက သူမရဲ့စတိုင်လ်လားတော့ မပြောတတ်





ပါ။ ညိုသော်လည်း စိမ့်နေသည့် အသားအရေသည် သူ့မျက်လုံးထဲတွင်တော့ အလှဆုံးဖြစ်နေခဲ့သည်။ အသားဖြူတာကိုမှ လှတယ်ထင်သူများ ညိုသောအသားအရေလှတာကို မမြင်ဖူးသေးလို့ဖြစ်နိုင်ပါသည်။ ညိုညိုညက်ညက်နှင့် စိမ့်ဝင်နေသော ထူးခြားသည့် အသားအရေကို ပိုင်ဆိုင်ထားသူမှာ မြယွန်းရွှေပဲ ဖြစ်လေသည်။

"ဘယ်အရွယ်တည်းက မြင်းလှည်းမောင်းတတ်နေတာလဲ"

"အမေ့ဗိုက်ထဲမှာ မဟုတ်တာတော့ သေချာတယ်ဗျ"

သူမက မျက်နှာကို မြှောက်ပင့်ပင့်လုပ်ရင်းမှ ဖြေလျှင် သူက သဘောကျစွာ ရယ်မိသည်။ အဲဒီလို ခွကျကျအပြောတွေနဲ့ပဲ သူ ယဉ်ပါးနေပြီလားတော့ မပြောတတ်ပေ။

"မင်း လိုးရှင်းသုံးဖြစ်လား"

"ဘယ်လို ထင်လို့လဲ"

"ဘယ်လိုမှ မထင်ပါဘူးကွာ။ မေးရုံသက်သက်ပါ။ မင်းကလည်း ဘယ်လိုမှကို မရပါလား"

သူ့စကားကြောင့် သူမက နှုတ်ခမ်းကို စုချွန်ပြီးမှ ခေါင်းတစ်ချက်ဆတ်ကာ ...

"သုံးဖြစ်တယ်။ အဲ အနံ့လေးကို ကြိုက်လို့။ ချယ်ရီသီးနံ့လေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား။ အနံ့လေးကို ကြိုက်လို့ ဝမ်းသာပါတယ်။ ကိုယ်က ဘာအမျိုးအစား ပေးရမှန်းလဲ မသိဘူး။ တော်ကြာ မင်း အနံ့မကြိုက်မှာစိုးလို့။ love spell ကတော့ သစ်သီးနံ့လေးဆိုတော့ ကြိုက်မယ်ထင်တာပဲ ဆိုပြီး ..."

သူက စကားပြောရင်းမှ တိုးလိုးတန်းလန်း ရပ်လိုက်သည်။ လမ်းဘေးဝဲယာမှာ ကိုရင်လေးတွေကို တွေ့မြင်လိုက်ရ၍ မင်း။ ချက်ချင်းပဲ သူ့စိတ်ကူးထဲမှာ ကိုရင်လေးတစ်ယောက်အကြောင်းကို Documentary ရိုက်ဖို့ အိုက်ဒီယာရသွားလေသည်။ ကိုရင်လေးရဲ့ life ကို ရိုက်ကူးပြလိုက်ရင် စိတ်ဝင်စားအောင် ရိုက်မယ်ဆိုရင် အဲဒီတစ်ခုကလည်း ထူးခြားသော Documentary ဖြစ်လာမှာပဲ။

"မောင်ရင် Documentary ရိုက်ဖို့ စဉ်းစားနေတာလား"

သူက သူမကို အံ့သြစွာနှင့် မော့ကြည့်မိလျှင် သူမက ဘယ့်နှယ်ရှိစဟူသော ပုံစံဖြင့် ပခုံးတွန့်ပြသည်။

"မင်း သိတယ်"

"ဘာမှတော့ မဆန်းပါဘူး"

"ဟာ ... ဆန်းတာပေါ့။ ကိုယ် ဘာတွေးနေတယ် သိနိုင်ဖို့ဆိုတာ ကိုယ့်ကို အာရုံစိုက်မှဖြစ်တာ။ မင်း ကိုယ့်ကို အာရုံစိုက်နေတဲ့ သဘောပေါ့နော်"





"ဟက် ... ကိုယ်လိုရာ ဆွဲတွေးရင်တော့ သွေးနားထင်ရောက်စရာပေါ့ မောင်ရင်ရာ"

"ဟာ ... လိုရာဆွဲတွေးတာ မဟုတ်ပါဘူးကွာ။ ဒါမျိုးဆိုတာ သမီးရည်းစားချင်းတောင် သိတာမှတ်လို့"

"ဟား ဟား ... မဆိုင်လိုက်တာ မောင်ရင်ရာ။ မောင်ရင်ကျုပ်ကို စကားပြောနေတယ်။ စကားစ ပြတ်သွားတယ်။ ကြည့်လိုက်တော့ လမ်းဘေးမှာ ဆွမ်းခံပြန်လာတဲ့ ကိုရင်လေးကို ငေးစိုက်နေတယ် ..."

မောင်ရင်ဟာ Documentary သမား။ အဲဒါကို မြင်လိုက်တဲ့အခါ Documentary ရိုက်ဖို့ ချက်ချင်းအိုင်ဒီယာရမှာပဲ။ ဒါကို ဆိုလိုချင်တာ"

"ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့ကွာ။ မင်း တော်ပါတယ်"

သူမက ဘာမှထပ်မပြောတော့ချေ။ ဒီလိုနှင့် ဟိုတယ်သို့ ရောက်လာသည်။ လှပစွာ ဝတ်စားဆင်ယင်ပြီး ထွက်လာသော ရှင်မင်းမှာ သူမကို ရုတ်တရက် မှတ်မိဟန်မတူပေ။ သူမကလည်း ခပ်တည်တည်ပဲမို့ သူက ဘာမှမပြောဖြစ်ပေ။ ရှင်မင်းတို့ကိုခေါ်လာပြီး ဟိုတယ်က ထွက်လာတာနှင့် ရှင်မင်းက သူ့ကို ခပ်မြူးမြူး မေးဆိုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်မင်းတို့ အခု ဘယ်သွားမလဲဟင်"

"အင်း ... ရှင်မင်း သဗ္ဗညုဘုရားကို မရောက်သေးဘူးမှုလား။ အဲဒီကို သွားမယ်လေ"

"အင်း ... ကောင်းတယ်။ သဗ္ဗညုဘုရားက ရှင်မင်းတို့ ယယ်ယယ်ကတော့ အပေါ်တက်လို့ ရတယ်နော်။ ခုရော"

"ခုတော့ ပေးမတက်တော့ဘူး ရှင်မင်းရဲ့"

"ဟုတ်လား။ ဟင်း ... အပေါ်တက်ကြည့်မှ ပုဂံဘုရားရဲ့ အလှက ပြည့်စုံတဲ့ဟာကို၊ ဘယ်ဘုရားမှ တက်ကြည့်လို့ မရတော့ဘူးလား"

"ရတော့ ရပါတယ်။ နှစ်ဆူ သုံးဆူလောက်တော့ ရှိပါတယ်"

"အိုခေ ... ရှိရင် ပို့ပေးလေ"

"အင်း ... သွားတာပေါ့"

"ပုဂံမှာ မိုးသု ဘယ်လောက်ကြာဦးမလဲ"

"မပြောတတ်သေးဘူး။ ကိုယ်နောက်ထပ် Documentary တစ်ခုရိုက်ဖို့ ရှိသေးတယ်။ ခုချိန်ကတော့ နေလို့ကောင်းပါတယ်။ မိုးနဲ့ဆောင်းကတော့ ပုဂံက နေလို့အကောင်းဆုံး အချိန်ပဲ"





"ကြည့်ရတာ မိုးကုန် ဆောင်းကူးတောင် လုပ်မယ်နဲ့တူတယ် ... ဟာ ဟာ"

"ရှင် ဒီမှာ အိမ်ထောင်တွေ ဘာတွေ ကျသွားဦးမယ် ... ဟင်း ဟင်း"

အဲဒါက ရှင်မင်းရဲ့ သူငယ်ချင်း ချောစုက ပင်ပြောတာဖြစ်သည်။ သူကတော့ အဲဒီစကားတွေကို ဘာမှပြန်မပြောဖြစ်ဘဲ အသာပြုံးနေမိပါသည်။ မြင်းလှည်းမောင်းနေသော မြယွန်းရွှေကလည်း ဘာမှမပြောချေ။ ဒီလိုနှင့် သဗ္ဗညုဘုရားသို့ ရောက်လာကြသည်။ သူတို့အားလုံး မြင်းလှည်းပေါ်က ဆင်းသော်လည်း မြယွန်းရွှေက မဆင်းချေ။

သူက ကိုယ့်အထာနဲ့ကိုယ် မဆင်းဘူးလား ဟူသော ပုံစံကို မေးဆတ်ပြပြီး မေးသလို သူမကလည်း အထာပေါက်စွာဖြင့် ခေါင်းခါပြသည်။ ဒါကို မသိသော ရှင်မင်းကတော့ ...

"မြင်းလှည်းမောင်းတဲ့လူက မလိုက်ဘူးလား"

"အင်း ... မလိုက်ဘူးလေ"

"ဘာလို့လဲ။ ရှင်မင်းတို့ကို ဘယ်သူ ဓာတ်ပုံရိုက်ပေးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ရိုက်ပေးမှာပေါ့ ရှင်မင်းရယ်။ ကိုယ်တစ်ယောက်လုံး ဓာတ်ပုံဆရာ ဆိုတာ မေ့နေပြီလား"

"မေ့ပါဘူး၊ ရှင်မင်းတို့ သုံးယောက်ပုံကျတော့ ဘယ်သူ ရိုက်ပေးမှာလဲ"

"သြော် ... ရှင်မင်းရယ်။ ဘယ်သူရိုက်ခိုင်း ရိုက်ခိုင်း အဆင်ပြေပါတယ်"

ရှင်မင်းက ဘာမှမပြောတော့ဘဲ ဘုရားထံသို့ ဦးတည်ဖို့ပြင်သည်။ သူတို့မြင်းလှည်းလေးက ဘုရားရဲ့ရှေ့ အမှတ်တရ ပစ္စည်းတွေရောင်းသော ဆိုင်ခန်းရဲ့ဘေးဘက်မှာ ရပ်ထားခဲ့တာ ဖြစ်သည်။ ဘုရားနဲ့ဆိုလည်း သိပ်မဝေးလှချေ။ ဒါကြောင့် သူက ရှင်မင်းကို မြင်းလှည်းပေါ်မှာပဲ ဖိနပ်ချွတ်ထားခဲ့ဖို့ ပြောလိုက်သည်။

"ရှင်မင်း ... ဖိနပ်ကို ဒီမှာပဲ ချွတ်ထားခဲ့ပါလား၊ ဘုရားပေါ်မှာ ဖိနပ်အပ်စရာ မရှိဘူးလေ"

"အင်း ... ချွတ်ထားခဲ့မယ်လေ။ သြော် ... မြင်းလှည်းမောင်းတဲ့သူ ဘယ်မှမသွားနဲ့နော်။ ဖိနပ်လေးတွေ ကြည့်ထားပေးဦး။ သိလား ...

တော်ကြာ တစ်ယောက်ယောက် လစ်သွားမှာစိုးလို့"





အဲဒီစကားကြောင့် သူက မြယွန်းရွှေကို အားနာစွာ ကြည့်မိသော်လည်း ဇော်တကာ့ဇော် သူမကတော့ ဘယ်နှယ့်မှ နေဟန်မတူချေ။ ပြန်လည်းမပြော ဘယ်လိုခံစားချက်မှ မရှိတဲ့ မျက်နှာဖြင့် ခပ်မော့မော့ပဲ ရှိနေသည်။ သူနှင့် ရှင်မင်းတို့က ဘုရားထဲ ဝင်လာခဲ့ကြပါသည်။ သဗ္ဗညုဘုရားရဲ့လှပပုံကို ရှင်မင်းက တအံ့တသြ ငေးကြည့်ကာ ဘုရားတွင်းသို့ဝင်၍ ဝတ်ပြုဆုတောင်းကြသည်။ ပြီးတော့ လှပသည့်နေရာလေးတွေမှာ ဓာတ်ပုံရိုက်သည်။ သူတို့နှစ်ယောက်ပုံကို ချောစုက ရိုက်ပေးသည်။ သူတို့သုံးယောက်ကိုကျတော့ တခြားဘုရားဖူးတစ်ယောက်က ရိုက်ပေးလေသည်။ ဘုရားက ပြန်ထွက်လာသောအခါ ဈေးဆိုင်တန်းတွေကို ကြည့်ကာ ရှင်မင်းက ပြောသည်။

"ဟယ် ... ဟိုမှာ အမှတ်တရပစ္စည်းလေးတွေ ရောင်းတာ မဟုတ်လား။ ရှင်မင်း ဈေးဝယ်ချင်တယ်"

"ဝယ်လေ ရှင်မင်းရဲ့၊ ရတာပဲဟာ"

"အိုခေ ... နေဦး။ ဖိနပ်စီးလိုက်ဦးမယ်"

ရှင်မင်းက ပြောပြောဆိုဆို မြင်းလှည်းဆီသို့ လျှောက်သွားသည်။ သူ လှမ်းကြည့်လိုက်သောအခါ မြင်းလှည်းနားမှာ မြယွန်းရွှေကို မတွေ့ရချေ။ ဘယ်ရောက်သွားလဲတော့



www.burmeseclassic.com

www.burmeseclassic.com



မပြောတတ်။ မြင်းလှည်းပေါ်မှာ ထားခဲ့သော ဖိနပ်ကို ယူဖို့သွားသော ရှင်မင်းထံမှတော့ အသံထွက်လာသည်။

"ဟင် ... ဖိနပ်တွေ မရှိတော့ဘူး"

သူ့ကို လှည့်ကြည့်ကာ ရှင်မင်းဓေ ထပ်ပြောသည်။ မျက်စိမျက်နှာ အပျက်ပျက်နှင့် ဖြစ်သည်။

"မိုးသု ... ဖိနပ်တွေ မရှိတော့ဘူး သိလား"

"ဟုတ်လို့လား။ ပျောက်စရာအကြောင်းတော့ မရှိပါဘူး ရှင်မင်းရဲ့"

"ဩော် ... မဟုတ်ဘဲနဲ့ ပြောပါ့မလား မိုးသုကလည်း။ ဒီမှာ တကယ်မရှိတော့လို့ ပြောနေတဲ့ဟာကို"

"ဟုတ်လား။ ဖိနပ်တွေ မရှိတော့ဘူး။ ဟယ် ... ပြဿနာပဲ။ ဘယ်လိုဖြစ်ရတာလဲ။ ဟို ... မြင်းလှည်းမောင်းတဲ့သူရော"

"မသိပါဘူး။ မိုးသု ..."

ရှင်မင်းက သူ့ကို အားကိုးတကြီး ခေါ်သည်။ သူက ဘာပြန်ပြောရမှန်း မသိဘဲ မြယွန်းရွှေကိုသာ ရှာနေမိသည်။ သူမကို မတွေ့ရချေ။ ဖုန်းဆက်ကြည့်ရင် ကောင်းမလား။ ခက်တာက သူမကလည်း ဖုန်းကို ယူလာချင်မှ ယူတတ်သူလည်း ဖြစ်သေးသည်။





"ဟော ... ဟိုမှာ ... ဟိုမှာ။ ဟိုမှာလာနေတာ မြင်းလှည်းသမား မဟုတ်လား"

ချောစုက တစ်နေရာကို ညွှန်ပြလျက် ထ,အော်သည်။ ဟုတ်ပါသည်။ စက်ဘီးနှင့် လိုက်ရောင်းသော အာတာပူစီသည်ထံမှ အာတာပူစီတစ်ခုကိုကိုင်ကာ စားရင်းသောက်ရင်း လျှောက်လှမ်းလာသော မြယွန်းရွှေကို တွေ့လိုက်ရသည်။ စတိုင်လ်ကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသူတွေ၏ ထုံးစံအတိုင်း ခပ်မတ်မတ်ပင်။

သူက အနားရောက်လာသော မြယွန်းရွှေကို တစ်ချက် အရင်ကြည့်မိသည်။ သူမခြေထောက်မှာ ယိုးဒယားညှပ်ဖိနပ်တစ်ရန်ကို စီးထားပါသည်။ သူ မေးဖို့ကြံနေစဉ်မှာပဲ ရှင်မင်းထံက အသံထွက်လာသည်။

"ဒီမှာ ... ငါ့ဖိနပ်တွေ ဘယ်မှာလဲ"

သူမက ဘာလဲဟူသော ပုံစံဖြင့် မျက်ခုံးပင့်ကြည့်ကာ မသိဘူးဟူသော သဘောဖြင့် ခေါင်းယမ်းပြသည်။

"မသိဘူး ... ဟုတ်လား။ ဟင် ... မင်းကို ဖိနပ်ကြည့်ခိုင်းထားတာလေ"



www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်း စကားကြောင့် သူက မြပွန်းရွှေကိုယ်စား မျက်နှာတွေတောင် ဖျင်းခနဲ ပူသွားသည်။ သို့သော် သူမကတော့ ခပ်တည်တည်ပဲဖြစ်သည်။ အာတာပူစီကို ပါးစပ်ထဲ တစ်ဖဲ့ထည့်ကာ ဝါးရင်းမှ ပြန်ပြောသည်။

"ကြည့်ခိုင်းထားတာ ! ဟုတ်လား။ ကြည့်ပေးမယ်လို့လည်း အာမခံရွှေ မခံခဲ့ပါလားနော်"

အဲဒီအပြောက ရှင်မင်းကို ရှုံ့ရှုံ့ရှဲရှဲ ဖြစ်သွားစေသည်။ သူသည်လည်း မျက်လုံးနည်းနည်း ပြူးသွားလေသည်။ လောလောဆယ်တော့ သူမက ဖိနပ်စီးထားလျက် ကျန်တဲ့သူတွေကတော့ ဘာဖိနပ်မှမပါဘဲ ခြေတုံးလုံးဖြစ်နေသည်။

"မင်း ... မင်း ... ဘာစကား ပြောတာလဲ"

"ကြားလိုက်တဲ့ အတိုင်းပဲလေဗျာ"

"တောက် ... မင်း ဘာစကားပြောတာလဲ။ တော်တော် လူပါးဝပါလား။ မင်း ဒါ တမင်လုပ်တာ မဟုတ်လား ... မိုးသူ ဒီကိစ္စ ဘယ်လိုလုပ်မှာလဲပြော။ ရှင်မင်း သူ့ကို သေချာပြောခဲ့ရက်နဲ့ သူ တမင်လုပ်တာ"

ရှင်မင်းရဲ့အသံက ဒေါသကြောင့် ဆတ်ဆတ်တုန်နေသည်။ သူသည် အဲဒီအသံကြောင့် နည်းနည်းတော့ စိတ်ညစ်ညူး





သွားရပါသည်။ အပျော်ခရီးထွက်လာချိန်မှာ အားလုံးကို ညီညီညွတ်ညွတ်နဲ့ စိတ်ချမ်းမြေ့စရာ ကောင်းတာမျိုးပဲ ဖြစ်စေချင်သည်။ တစ်ယောက်နဲ့တစ်ယောက် ရန်များရတာ၊ ဒေါသထွက်ရတာမျိုး မဖြစ်စေချင်ပေ။

သူက မြပွန်းရွှေကို စိတ်ပျက်လက်ပျက်နှင့် ကြည့်မိသည်။ သူမကတော့ ခပ်တည်တည်ပဲ။

"ကဲ ... ဘယ်သွားမလဲ။ သွားရင် တက်"

"ဟယ် ... ဖိနပ်မပါဘဲနဲ့ ဘယ်သွားလို့ ဖြစ်မှာလဲ။ ဒုက္ခပါပဲ မိုးသူရယ်၊ လုပ်ပါဦး"

အဲဒါက ချောစုက စိတ်ညစ်ညူးစွာ ပြောတာဖြစ်သည်။ သူက မြပွန်းရွှေကို တစ်ချက်ကြည့်လိုက်ကာ သက်ပြင်းရှိုက်မိသည်။

"ဘယ်လိုဖြစ်ရတာလဲ မြပွန်းရွှေရာ"

"မသိဘူးလေ။ ကျုပ်က ဖိနပ်တွေ စောင့်ကြည့်နေတာမှ မဟုတ်တာ"

"မဟုတ်ဘူးလေ မြပွန်းရွှေရာ၊ မင်း ..."

သူက ဆက်မပြောဘဲ သူမရဲ့မျက်လုံးတည့်တည့်ဆီသို့ အသေအချာ စိုက်ကြည့်ဖြစ်သည်။ မင်း လုပ်ထားတာဘယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ပြန်ပေးလိုက်ပါ ဟူသော သူ့မျက်လုံး၏ အဓိပ္ပာယ်ကိုလည်း သူမ နားလည်ပါလိမ့်မည်။ သူမကတော့ ခပ်တည်တည် မှင်သေသေ မျက်လုံးများဖြင့်သာ သူ့ကို ပြန်ကြည့်နေသဖြင့် အရိပ်ကဲဖမ်းရ ခက်လှသည်။ သူမ မလုပ်လျှင်ရော မည်သူလုပ်မည်နည်း။

"ကဲ ... ဘာလဲ။ ဘယ်မှမသွားကြဘဲ ဒီတိုင်းကြီးပဲ မတ်တတ်ရပ်နေတော့မှာလား"

"တောက် ... တို့ဖိနပ်တွေကို မင်း ရှာပေးမလား မပေးဘူးလား"

"ဟာ ... ဘယ်သူယူသွားမှန်း မသိတဲ့ဟာကို ကျုပ်က ဘယ်လိုလိုက်ရှာရမှာလဲ"

"မဖြစ်နိုင်ဘူး။ ပုဂံမှာ အဲဒီလောက် ဆိုးသွမ်းတဲ့လူ မရှိနိုင်ဘူး။ ဒါကိုလုပ်တာ မင်းပဲဖြစ်ရမယ်"

မြပွန်းရွှေက ကျွတ်ခနဲ စုတ်သပ်ကာ ပခုံးတွန့်သည်။

အဲဒီနောက် သူ့ကို ဟန်ပါပါလှည့်ကြည့်ကာ ...

"ကဲ ... ဘယ်လိုလဲ။ မောင်ရင်တို့တစ်တွေ ဒီလိုပဲရပ်နေဦးမှာဆိုရင် ကျုပ် သွားတော့မယ်"





သူက ရှင်မင်းကို တစ်ချက်လှည့်ကြည့်မိသည်။ ရှင်မင်း ကြည့်ရတာ အသားတွေ တဆတ်ဆတ်တုန်အောင် ဒေါသဖြစ်ဟန်တူသည်။ သူလည်း ဒီပြဿနာကို ဘယ်လိုကိုင်တွယ်ရမှန်းတောင် မသိတော့ပါ။ မြပွန်းရွှေကတော့ ခပ်တည်တည်ပဲ မြင်းလှည်းပေါ်တက်ကာ မောင်းထွက်ဖို့ပြင်သည်။ သူက ရှင်မင်းကို ချော့မော့သည့် အကြည့်မျိုးဖြင့် ကြည့်မိကာ ပြောမိသည်။

"ရှင်မင်းရယ် ... သွားရအောင်လေ။ ဖိနပ်ပျောက်တယ်ဆိုရင်လည်း ကိုယ် တစ်ခုခု စီစဉ်ပေးပါ့မယ် ...

ဒီတိုင်းကြီး ဒီမှာနေလို့ မရတာ။ ဟိုတယ်ဖြစ်ဖြစ် ပြန်ပြီးတော့"

"အို ... မိုးသူ ဘာသာ ပြန်ချင်လည်းပြန်ပေါ့။ ရှင်မင်းကတော့ သူ့ကို လုံးဝလိုက်မပြန်နိုင်ဘူး"

"ဒါဆို ဘယ်လိုလုပ်မှာလဲ ရှင်မင်းရယ်"

"အို ... မသိဘူး။ တကယ် စိတ်တိုဖို့ကောင်းတယ်။ ဒီပြဿနာကို မိုးသူ ရအောင်ရှင်းပေး"

"အိုခေ ... အိုခေ ... ကိုယ် ရှင်းပေးပါ့မယ်ကွာ။ ဒါဆို ဒီကပဲ ရှင်မင်းတို့ ခဏစောင့်လေ။ ကိုယ် ကားနဲ့ပြန်လာခေါ်လိုက်မယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဈေးဝယ်ချင်တယ်လို့ ခုနက ပြောထားတယ် မဟုတ်လား။ ဝယ်ရင် စောင်နေလိုက်လေ ... နော်"

ရှင်မင်းက ဘာမှမပြောတော့ဘဲ နှုတ်ခမ်းကိုက်ကာ ချာခနဲ လှည့်ထွက်သွားသည်။ သူက လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီးနောက် နောက်သို့ လှည့်ကြည့်လိုက်လျှင် မြင်းလှည်းပေါ်ကနေ၍ ဗိုလ်အောင်ဒင် Style ဖြင့် ကြည့်နေသော သူမကို တွေ့လိုက်ရလေသည်။

"ကဲ ... တက်။ ကိုယ်တော် ဒီနေ့အဖို့ ဒီနေရာက ထွက်ဖြစ်ဦးမှာလား"

သူ တက်ပြီးတာနှင့် သူမက နှင်တံသံ တစ်ချက်ပေးကာ မြင်းကို အသော့နှင်သည်။ တကယ့် ဝါရင့်မြင်းလှည်းသမားဒိုင်းကိုကြည့်ကာ သူက ပြုံးမိရသည်။

"အိမ်ကို ပြန်မယ်နော်"

"ပြန်ပေါ့ဗျာ"

"ဖိနပ်တွေရော ဘယ်လိုလုပ်ပစ်လိုက်လဲ"

သူ့ကို လှည့်ကြည့်လာသော သူမရဲ့မျက်လုံးတွေကိုတော့ မျက်မှန်တပ်ထားသဖြင့် ဘယ်လိုဖြစ်နေလဲဆိုတာ မမြင်ရချေ။ သို့သော် နှုတ်ခမ်းထောင့်စွန်းလေး ပြုံးသွားပုံကတော့ မှန်ရာကို ဝန်ခံလိုက်သလိုပဲဟု ခံစားလိုက်ရသည်။





"ပေးပစ်လိုက်တယ်"

"ဘယ်လို"

"ဟုတ်တယ်။ မောင်ရင့် ဖိနပ်တော့ ကျန်ပါတယ်။ Dapper မဟုတ်လား။ သနားလို့ ချန်ထားပေးတာ"

အဲဒီအပြောသည် သူ ချစ်ခွင့်ပန်ထားသော မိန်းကလေးတစ်ယောက်အတွက် ရိတ်ဆိုးပေးလိုက်ဖို့ ကောင်းသော်လည်း စိတ်မဆိုးဘဲ ရင်ထဲမှာ နွေးခနဲဖြစ်သွားတာကတော့ ထူးဆန်းလှလေသည်။

"မင်းကွာ ... ဘာလို့ အဲဒီလို လုပ်ရတာလဲ"

"အမြင်ကတ်လို့ပေါ့"

သူမက ခပ်အေးအေးပဲ ပြန်ဖြေသည်။ သူက ကျစ်ခနဲ စုတ်သပ်မိသည်။ သူမက လှည့်ကြည့်ကာ ...

"ဘာလဲ ... မောင်ရင်က မကြိုက်တာလား"

"မကြိုက်တာကတော့ မကြိုက်တာပဲပေါ့။ မကောင်းဘူးလေ"

"ဘာလို့မကောင်းရမှာလဲ။ ဒီလို ခင်ကြီးကျယ်မကို ဒီလောက်တော့ ဖုတ်ပေးလိုက်ရမှ ကျုပ် နေသာထိုင်သာရှိမှာ"

"မင်းကတော့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူက အဲဒီလိုပြောပြီး ဘာရယ်မဟုတ်ဘဲ ဟက်ခနဲ ရယ်မိသည်။

သူ ရယ်သောအခါ သူမက လှည့်ကြည့်ပြီးနောက် ခဏကြာတွင် သူမလည်း ရယ်မောလေသည်။ အဲဒီအခိုက်မှာ သူတို့နှစ်ယောက်ရဲ့ နှလုံးသားတွေ နီးကပ်သွားကြသည်ဟု ထင်ရသည်။ အိမ်သို့ ရောက်သောအခါ သူ့ရဲ့ Dapper ဖိနပ်ကို ထုတ်ပေးလာသော သူမကိုကြည့်ပြီး တစ်စုံတစ်ရာက ရင်ထဲကို ဖြတ်စီးဆင်းလာသလို ခံစားခဲ့ရပါသည်။

ဟိုကြော်ငြာထဲကလို ဘယ်လိုပြောရမလဲ ဆိုတာမျိုး ဖြစ်နေသည်။ ဘယ်လိုပြောရမလဲ။ သူမရဲ့ ကလေးဆိုးလို ပုံစံကို နှစ်သက်မြတ်နိုးစိတ် ဖြစ်သွားတာ။ ဘယ်လိုပြောရမလဲ၊ ဘုကျကျ အပြောတွေကို ရင်ထဲမှာ နေရာပေးမိလာတာ။

ဘယ်လိုပြောရမလဲ၊ စိတ်တူကိုယ်တူ ဝါသနာတူလို့ ခံစားမိပြီး တစ်စ တစ်စ ရင်းနှီးနှောင်တွယ်လာတာ။ ဘယ်လိုပြောရမလဲ ? ? ? ။

* ❤ *





## ၂၁

မြယွန်းရွှေရဲ့ ဖိနပ်ပြဿနာ နောက်ဆက်တွဲကား သူ ထင်မထားသော ဖြစ်ရပ်တွေနှင့် ကြုံခဲ့ရလေသည်။ သူက ကားနှင့် ရှင်မင်းတို့ကို သွားခေါ်ခဲ့ပြီး ရှင်မင်းက သူ့ကို ညနေဘက် ဟိုတယ်ပြန်အရောက်မှာတော့ မပြန်စေသေးဘဲ အတည်အတံ့ ပုံစံမျိုးဖြင့် စကားပြောဖို့ ခေါ်လေသည်။ အေးချမ်းသာယာသော swimming pool အနားမှာ ဖြစ်ပေမယ့် မအေးချမ်းနိုင်သော မျက်နှာနှင့် ရှင်မင်းက ရှိနေသည်။

မနက်က ကိစ္စအတွက် ရှင်မင်းက သိပ်အစာကျေသေးဟန် မတူချေ။

"ရှင်မင်း ... ကိုယ့်ကို ပြောစရာရှိတယ်ဆို ပြောလေ။ ဘာပြောချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်းက သူ့မျက်နှာကို စေ့စေ့ကြည့်သည်။ စေ့စေ့ကြည့်တယ် ဆိုတာထက် သူ့မျက်လုံးထဲက အဖြေတစ်ခုကို ရှာနေတာနဲ့ ပိုတူပါသည်။

"မိုးသူ ... ရှင် ရှင်မင်းကို တကယ်ချစ်တာလား"

လုံးဝမျှော်လင့်မထားသော မေးခွန်းကြောင့် သူ ဘာဖြေရမှန်းမသိ ဖြစ်သွားသည်။ ရှင်မင်းကတော့ သူ့ကိုဖြေလေဟူသော ပုံစံမျိုးဖြင့် အသေချာ စိုက်ကြည့်နေသည်။

"ပြောလေ မိုးသူ"

"ကိုယ် ရှင်မင်းကို propose လုပ်ထားတာပဲလေ"

"propose လုပ်ထားတာကို မေးနေတာ မဟုတ်ပါဘူး။ မိုးသူ ရှင်မင်းကို တကယ်ချစ်လား မချစ်ဘူးလား ဆိုတာကိုပဲ မေးနေတာ"

"ခုမှ အထူးတဆန်း ထ,မေးနေလို့ အံ့ဩနေတာပါ။ ကိုယ်က တကယ် မချစ်ဘဲနဲ့ propose လုပ်ခဲ့ပါ့မလား ရှင်မင်းရယ်"

"အိုခေ ... ဒါဆိုရင် မိုးသူနဲ့ ရှင်မင်း အပေးအယူ တစ်ခု လောက် လုပ်ကြရအောင်"

"ဘာအပေးအယူလဲ"





"မိုးသူ ရှင်မင်းကို တကယ်ချစ်တယ်၊ ရှင်မင်းရဲ့အချစ်ကို လိုချင်တယ်ဆိုရင် ရှင်မင်းနဲ့အတူ ရန်ကုန်ပြန်လိုက်ခဲ့ပါ"

သူ စိတ်ရှုပ်သွားသည်။ ရှင်မင်းကို စိတ်ရှုပ်ထွေးစွာ တစ်ချက်ကြည့်လိုက်လျှင် ရှင်မင်းရဲ့နှုတ်ခမ်းတွေက တင်းတင်းစေ့ထားတာနှင့် ကြုံရသည်။ ရှင်မင်းရဲ့မျက်နှာက နိုင်လိုဇောတစ်ခုဖြင့် ပြင်းထန်လို့နေလျှင် မလှတော့သယောင်တောင် ထင်ရပါသည်။

"ဘာဖြစ်လို့လဲ ရှင်မင်းရယ်။ အဲဒါနဲ့ ဘာဆိုင်လို့လဲ။ ကိုယ် ဒီမှာ နောက်ထပ် Documentery တစ်ခု ထပ်ရိုက်ရဦးမယ်လေ ...

လောလောဆယ် ရှင်မင်းနဲ့အတူတူ လိုက်ပြန်လို့ မရသေးဘူး"

"အဲဒီလို အခြေအနေတွေ ရှိချင်လည်း ရှိမှာပေါ့။ ဒါပေမဲ့ ရှင်မင်း ပြောတာ အပေးအယူလို့ ပြောပြီးသားပဲလေ။ နားလည်မှုတွေ မပါဘူး ...

မိုးသူ ရှင်မင်းကို တကယ်ချစ်တယ်ဆိုရင် ရှင်မင်းနဲ့အတူတူ ရန်ကုန်ကို ပြန်လိုက်ခဲ့ပါ။ သန်ဘက်ခါလောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် မိုးသု ပြန်လိုက်မယ်ဆိုရင် မိုးသုကားနဲ့ ရှင်မင်းတို့ ပြန်မယ်။ မလိုက်ဘူးဆိုရင်လည်း ရှင်မင်းတို့ လေယာဉ်နဲ့ပြန်မယ်။ ရှင်မင်းကို မနက်ဖြန်မှာ တိကျတဲ့အဖြေတစ်ခု ပေးပါ”

“မဟုတ်သေးပါဘူး ရှင်မင်းရယ်။ အခြေအနေ အကောင်းကြီးတစ်ခုကနေ ဘာကြောင့် ဒီလိုပြောင်းလဲသွားရတာလဲ... ကိုယ်တော့ ဘာမှ နားမလည်နိုင်အောင်ပဲ”

သူက စိတ်ရှုပ်ထွေးစွာ ပြောမိလျှင် ရှင်မင်းက မဲ့ပြုံးတစ်ချက် ပြုံးသည်။

“တကယ်နားမလည်တာလား၊ နားမလည်ချင်ယောင်ဆောင်နေတာလား ကိုမိုးသု”

“ဘာကို နားမလည်ချင်ယောင်ဆောင်ရမှာလဲ၊ ကိုယ်တော့ တကယ်ကို ဘာမှ နားမလည်တာပဲ”

“ရှင်းရှင်းပဲ ပြောမယ် မိုးသု၊ ဖိနပ်တွေ ပျောက်သွားတယ်ဆိုပြီး ရှင် စီထားတဲ့ ဖိနပ်ကျတော့ ဘယ်ကရလဲ၊ ရှင်မင်းတို့ဖိနပ်တွေ အဲဒီမိန်းမ တမင်သက်သက် ဖျောက်ပစ်တယ်ဆိုတာ ရှင်မင်း သိတယ် ...





ဒီမိန်းမ အဲသလောက် အောက်တန်းကျရသလား၊ ပြီးတော့ ရှင်မင်း Sense တစ်ခုကို အလိုလိုရနေတယ်၊ ရှင်နဲ့ သူနဲ့ကြားမှာ Like တစ်ခုရှိနေတယ် မိုးသု”

အဲဒီစကားကြောင့် သူ့နှလုံးသားဟာ ဒိတ်ခနဲ ခုန်သွားသည်။ ရှင်မင်းရဲ့ မျက်နှာကိုလည်း ရဲရဲမကြည့်ရဲသလို ဖြစ်သွားပါသည်။

“ရှင်မင်း”

ရှင်မင်းက စင်ပေါ်ကလူ အပြုံးမျိုးဖြင့် သူ့ကို လက်ပိုက်ကာကြည့်နေသည်။

“ရှင်မင်း ပြောတာ သေချာစဉ်းစားပါ မိုးသု၊ ရှင်မင်းနဲ့ အတူတူ ပြန်လိုက်ခဲ့ရင် ရန်ကုန်ရောက်တာနဲ့ မိုးသု လိုချင်တဲ့ အဖြေကို ရှင်မင်း ပေးမယ် ... If u won't like that ...”

ရှင်မင်းက ဆက်မပြောတော့ဘဲ ပခုံးတစ်ဖက် တွန့်ပြလိုက်သည်။ သူ့ကို အကျပ်ကိုင်နေတာပါလား အဲဒီအတွေးကြောင့် သူ့ရင်ထဲတွင် တဖျင်းဖျင်းဖြစ်လာသည်။

“ရှင်မင်းရာ ... အဲဒါတော့ ဘာအစီပွာယ်မှ မရှိဘူးလို့ ထင်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"အခိပ္ပာယ်ရှိတာ မရှိတာ ရှင်မင်း ပြောနေတာ မဟုတ်ဘူး လေ၊ ရှင်မင်းရဲ့ စိတ်ခံစားမှုကိုပဲ ပြောနေတာ ...

မိုးသု လုပ်နိုင်လား မလုပ်နိုင်လား ဆိုတာတော့ မိုးသု အပိုင်းပဲ"

သူက သက်ပြင်းတစ်ချက်ကို မောဟိုက်စွာ ချမိသည်။ သူ ဘာလုပ်ရမလဲ တကယ့်ကို ဒေါးကျပ်နံကျပ် ဖြစ်ရသော အခြေအနေပဲဖြစ်သည်။

"ရှင်မင်း စိတ်ထဲမှာ ဘာကို သံသယဖြစ်နေလို့လဲ"

"သံသယလို့ မပြောချင်ပါဘူး၊ Six sense တစ်ခုပါ၊ မိုးသုလည်း ဒါမျိုးကို ခံစားဖူးမှာပေါ့၊ တစ်ခုခုကို ကိုယ့် စိတ်ထဲမှာ အလိုလို သိလာရတာမျိုးလေ ...

ဒီလိုပဲ ရှင်မင်းစိတ်ထဲမှာ မိုးသုနဲ့ အဲဒီမိန်းကလေး ကို အာရုံတစ်ခုရနေတာပါ၊ ဒါကို အဓိပ္ပာယ်မရှိတဲ့ဟာပဲလို့ ပြောရင်လည်း ဘာမှ ပြိုင်ငြင်းစရာမရှိပါဘူး"

"ဟူး ... မောတယ်ကွာ"

သူက နဖူးကို လက်နှင့်ပိတ်ရိုက်ပြီးနောက် စိတ်ပျက် လက်ပျက် ခေါင်းခါယမ်းမိသည်။ ရှင်မင်းက သူ့ကို အဆုံးသတ် စီရင်ချက်ချဖို့ မျက်လုံးများဖြင့် သတိပေးသလိုကြည့်ကာ ...





"ကဲ ... မိုးသုလည်း နားချင်နားတော့လေ၊ ရှင်မင်းလည်း နားတော့မယ်၊ မနက်ဖြန်မနက် ကိုးနာရီမှာ ရှင်မင်း ဖုန်း ဆက်ပါ့မယ် ...

မိုးသုသာ ရှင်မင်းကို အဖြေတစ်ခုခုပေးနိုင်အောင် ကြိုးစားထားပါ"

သူ တစ်ခုခုပြန်ပြောဖို့ စဉ်းစားသော်လည်း ဘာပြန် ပြောရမှန်းမသိချေ။ ရှင်မင်းက ကျောခိုင်းကာ ဟိုတယ်ထဲသို့ လှည့်ဝင်သွားသည်။ သူ ဒီနေ့ညတော့ အိပ်ပျော်မည် မထင်တော့ ချေ။

* ❤ *



www.burmeseclassic.com

www.burmeseclassic.com



## ၂၂

လူတစ်ယောက်ရဲ့ဘဝတွင် ရွေးချယ်စရာ နှစ်ခုရှိသည်ဟု ဆိုပါစို့။ အဲဒီနှစ်ခုထဲကမှ တစ်ခုကို ပြတ်ပြတ်သားသား ရွေးချယ်ရမယ်ဆိုလျှင် နှစ်ခုစလုံးကို မစွန့်လွှတ်နိုင်သော သူအတွက် အတော်လေး ဒုက္ခရောက်ရတယ်ဆိုတာ ကြုံဖူးသူအတွက်တော့ ကိုယ်ချင်းစာပေးနိုင်လိမ့်မည်။ အခုလည်း ဒီလိုပါပဲ။

ပုဂံမှာ အေးအေးဆေးဆေးနေကာ ခတ်ပုံတွေ၊ မှတ်တမ်းကားတွေ ဖန်တီးချင်သေးသည်။ ဒီလိုပဲ ရှင်မင်းထံက အချစ်ဆိုတာကိုလည်း သူ မက်မက်မောမော တောင်းခံခဲ့ရတဲ့ အရာမို့ လိုချင်သလိုလည်း ရှိခဲ့သားပင်။ နှစ်ခုလုံး အဆင်ပြေရင် ဘယ်လောက်ကောင်းလိုက်မလဲ။ ခုတော့ ... သူ ဘာကို ဆုံးဖြတ်ရတော့မလဲ မသိပါ။





ဒီလိုနဲ့ ဝေဝေဝါးဝါး တစ်ညလုံး အိပ်မပျော်ဘဲ မိုးလင်းခဲ့ရသည်။ ကိုးနာရီထိုးမှာကို ကြောက်ရွံ့နေမိလျက် ဖုန်းကိုသာ တကြည့်ကြည့်ဖြင့် အချိန်ကုန်သွားခဲ့သည်။ ဘာဆုံးဖြတ်ချက်မှ ရေရေရာရာမချနိုင်သေးပေ။ တကယ်ဆို ကိုယ့်ကိုယ်ကိုယ် သတိကပ်ပြီး ဆန်းစစ်ကြည့်ရင်တော့ ဝေခွဲကြည့်လို့ရသည်။ သူသာ ရှင်မင်းကို ရူးသွပ်တမ်းတ မက်မက်စက်စက်ဖြစ်နေလျှင် ဒီလောက်ထိ ခေါင်းခဲစရာမလိုပေ။ အဖြေက ဒက်ခနဲ ထွက်ရုံပဲ မဟုတ်လား။

ခုတော့ ...'ပုဂံအပြင် ဘာကိုပါ စိုးရိမ်ကြောင့်ကြနေသေးတာလဲ။ သက်မဲ့ဝန်းကျင်အပြင် သက်ရှိတစ်ယောက်ပါ ပါသေးသလား။ တကယ်တော့ သူဟာ ကိုယ့်ဟာကိုယ် မဖြေနိုင်သော မေးခွန်းတွေဖြင့် ရစ်ပတ်နှောင်တွယ်နေခြင်းသာဖြစ်ရလေသည်။ ရှင်မင်းထံမှာ အဖြေတောင်းပြီးသား ယောကျ်ားလေးတစ်ယောက်အနေနှင့် မိန်းကလေးတစ်ယောက်ရဲ့သိက္ခာကို ထောက်ထားချင်သေးသည်။ စကားမတည် ကတိကတည်သော ယောကျ်ားတစ်ယောက်ဖြစ်မှာကိုလည်း သူ မလိုလားချေ။

ဒါကြောင့် ... ဒါကြောင့် ဒီလိုတွေ အမျိုးမျိုးအဖုံဖုံ ဘက်စုံစဉ်းစားပြီးသောအခါ ကိုးနာရီထိုး ဖုန်းလည်းလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဖွင့်ကိုင်လိုက်ချိန်ခဏ၌ အသက်အောင့်လိုက်မိသည်ဟုတောင် ထင်မိသည်။

"ဟယ် ... လို ..."

"အင်း ... မိုးသု၊ ရှင်မင်းပါ"

ရှင်းမင်း ဆက်မယ်ဆိုတာ သူလည်း သိသိကြီးနှင့် ပြီးတော့ ရှင်မင်းရဲ့ဖုန်းနံပါတ်က သူ့ဆီမှာ လာပေါ်လိမ့်မယ်ဆိုတာကို သိသိကြီးနှင့် ရှင်မင်းပါဟု ပြောမိပြောရာ ပြောပုံထောက် ရှင်မင်းသည်လည်း သူ့ရဲ့အဖြေအတွက် အနည်းငယ်တော့ စိတ်လှုပ်ရှားနေပါလိမ့်မည်။

"အင်း ... ရှင်မင်း"

သူကလည်း ဘာပြန်ပြောလို့ ပြောရမှန်း မသိစွာ။ နှစ်ဦးသား ခေတ္တခဏတော့ တိတ်ဆိတ်သွားကြသေးသည်။ ပြီးတော့မှ ရှင်မင်းထံက စကားသံ စ,ထွက်လာသည်။

"ရှင်မင်း မေးထားတာ ဘယ်လိုလဲ မိုးသု"

"အင်း ... ကိုယ့်ကို နည်းနည်းလောက်တောင် မသနားတော့ဘူးလား ရှင်မင်းရယ်"

"တော်ပြီ။ မိုးသု ... ရှင်မင်းမှာ ထပ်ပြောစရာစကား မရှိတော့ဘူး"





"ကောင်းပါပြီ ရှင်မင်းရယ်၊ ကိုယ် ရှင်မင်းနဲ့ ရန်ကုန်ပြန်လိုက်မှာပါ"

"ဟင် ... မိုးသု၊ တကယ်ပြောတာလား"

"အင်း ... တကယ်ပေါ့"

"ဟား ... ရှင်မင်း အရမ်းဝမ်းသာတာပဲ မိုးသုရယ်၊ မိုးသု တကယ်ပဲ ရှင်မင်းရဲ့ဆန္ဒကို အလေးအနက်ထားတယ်ပေါ့နော်"

အင်း ... ထားတာပေါ့ ရှင်မင်းရယ်။ ကိုယ်က ရှင်မင်းကို သိပ်ချစ်တာပဲဟာကိုတော့ သူ့နှုတ်က ထွက်မလာချေ။ သူ့စိတ်တွေ လေးလံနေသည်ဟု ထင်ပါသည်။ ပေါ့ပါးရွှင်လန်းမှုမရှိတော့ဘဲ တစ်စုံတစ်ရာက ခဲဆွဲထားသလို ခံစားနေရသည်။

"ဒါဆို မနက်ဖြန် ပြန်ရမယ်ပေါ့ ဟုတ်လား မိုးသု"

"အင်း ... ပြန်မယ်လေ"

"အိုခေ ... ဒါဆိုရင် ဒီနေ့ ဝယ်စရာရှိတဲ့ လက်ဆောင်ပစ္စည်းတွေ ဝယ်ရမှာပေါ့၊ နောက်တစ်နာရီလောက်နေရင် မိုးသု လာခေါ်ပေးနိုင်မလား"

"အင်း ... လာခေါ်လိုက်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ ဒါဆိုရင် ရှင်မင်း ရှယ်ဒီ လုပ်ထားလိုက်တော့ မယ်၊ ဆယ်နာရီလောက် မိုးသု အရောက်လာခဲ့ပေး"

"ကောင်းပြီ ရှင်မင်း"

"အိုခေ ... ဆီးယူ"

ရှင်မင်းက ဘာက်ကြွရှင်လန်းစွာဖြင့် ဖုန်းချသွားသလောက် သူကတော့ ကြက်ကြီးလည်လိမ်ထားသလို ခံစားပြီး ကျန်ရစ်ခဲ့သည်။ သူကသာ ပြန်မယ်လို့ ကတိပေးလိုက်ပေမယ့် ဒီအိမ်က လူကြီးတွေကိုလည်း ဘာမှ မပြောရသေး။ သူ ပြန်တော့မယ်ဆိုတာ သိရင်ရော ဘာပြောကြမလဲ မသိချေ။ သူပြောတော့ ပြောမှဖြစ်မည်။ မပြောရင်လည်း ပြီးမှ မဟုတ်တဲ့အတွေ့တူ လာမယ့်ဘေးပြေးတွေ့၊ အခု ချက်ချင်းပဲ ပြောဖို့ ဆုံးဖြတ်လိုက်လေသည်။

သူက အိမ်မကြီးဘက်သို့ ကူးလာခဲ့သည်။ အဲဒီအခိုက်မှာပဲ ဆိုင်ဘက်ကနေ၍ အိမ်ဘက်သို့ ပြန်ကူးလာသော ဦးအောင်တိုးနှင့် ပက်ပင်းဆုံလေသည်။ သူ့ကိုမြင်သောအခါ ဘာအကြောင်းမှ မရှိဘဲ ဝမ်းသာအားရဖြစ်သွားသော ဦးအောင်တိုးရဲ့မျက်နှာကို မြင်ရသောအခါ ရင်ထဲမှာ ကိုယ့်ကိုယ်ကိုယ် အပြစ်မကင်းသော စိတ်က ဝင်ရောက်လာသည်။





"ဟော ... မောင်မိုးသု၊ ဘယ်သွားမလို့လဲကွ ... လာလေ"

ဦးအောင်တိုးက အိမ်ရှေ့က တန်းလျားနှင့် စားပွဲကို ညွှန်ပြရင်း ထိုင်ဖို့ပြင်သည်။ အညာဒေသက ထုံးစံအတိုင်း အိမ်ရှေ့မှာ တန်းလျားနှင့် စားပွဲချကာ ရေနွေးကြမ်းသောက် လက်ဖက်၊ ပဲကြမ်း၊ ကွမ်းအစ်လည်းပါ စသဖြင့် မြန်မာ့ဓလေ့ထုံးစံကတော့ အပြည့်အဝ တွေ့ရလေသည်။

"အဟမ်း ... ဟိုလေ ... အန်ကယ့်ကို ပြောစရာလေးရှိလို့ပါ"

"ဟေ ... ပြောစရာ။ ဘာများလဲကွာ ဘာအကူအညီတောင်းချင်လို့လဲ"

"ဟို ... အကူအညီတောင်းဖို့ မဟုတ်ပါဘူး၊ ဟိုဟာလေ ကျွန်တော် မနက်ဖြန် ပြန်တော့မယ်ဆိုတာ အန်ကယ့်ကို အသိပေးတာပါ"

ဦးအောင်တိုးရဲ့မျက်လုံးကြီးက လင်ကွင်းလောက် ပြူးထွက်လာသည်။

"ဟေ ... ပြန်တော့မယ်၊ မနက်ဖြန် ဟုတ်လား၊ ဘယ်လိုဖြစ်တာတုံးကွာ၊ ကောက်ကာငင်ကာကြီးပါလား ...

ချက်ချင်းကြီး ဘာဖြစ်တာတုံး၊ ဘာကိစ္စရှိလို့လဲ၊ မောင်ရင့်မိဘများ နေမကောင်းဖြစ်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး အန်ကယ်၊ ဟို ... ဒီလိုပါပဲ၊ ကျွန်တော် အလုပ်ကိစ္စလေးတစ်ခု ပေါ်လာလို့ပါ"

"သြော် ... အဲဒီလိုလား၊ အေးကွာ ... အလုပ်ကိစ္စပေါ်လာတယ်ဆိုတော့လည်း ဘယ်တတ်နိုင်မလဲ ...

ဒါဖြင့်ရင် ဒီနေ့ပဲ လက်ဆောင်တွေ စီစဉ်ရမှာပေါ့၊ မနက်ဖြန် ဘယ်အချိန်လောက် ပြန်မလဲ"

"မနက်ခြောက်နာရီလောက်ပါပဲ အန်ကယ်"

"အေး ... ကောင်းပါတယ်၊ အလုပ်ကိစ္စတွေပြီးရင် မောင်ရင့်မိဘတွေပါ ခေါ်ပြီး တစ်ခေါက်ပြန်လာခဲ့ပေါ့ ...

ဒီမှာရော မောင့်ရင့်ကိစ္စဝိစ္စတွေက ပြီးရောပြီးသွားရဲ့လား"

"ဟုတ် ... ပြီးတဲ့ဟာတွေလည်း ပြီးပါတယ်၊ တချို့ဟာလေးတွေကတော့ နောက်တစ်ခါမှ လုပ်လည်းရပါတယ်"

"အေးပေါ့၊ ဟိုက အလုပ်ကိစ္စပြီးတာနဲ့ ပြန်လာခဲ့ဦးပေါ့ကွာ၊ သြော် ... ဒါနဲ့ မောင်ရင့်မိတ်ဆွေ ဟိုကလေးမများကရော ...

သူတို့ရှိသေးတယ်ဆိုရင် ဒီမှာ လာတည်းခိုင်းလို့ရပါတယ်၊ မိန်းကလေးတွေချည်းဆိုတော့ ဟိုတယ်က အဆင်ပြေပါ့မလားကွာ"





"ဟို ... သူတို့ပါ ကျွန်တော်နဲ့အတူတူပြန်မှာပါ၊ တစ်ခါတည်း ကြုံတယ်ဆိုတော့လေ"

"သြော် ... အေးပေါ့၊ ဟုတ်တာပဲဟာ၊ အေးလေ ... အလုပ်ကိစ္စတွေပြီးတဲ့အခါ မောင့်ရင့်မိဘများပါ ခေါ်လာခဲ့ပေါ့၊ ဦးတို့လည်း တွေ့ချင်သားကွာ ...

နှစ်ဖက်လုံးကလည်း အလုပ်ရှုပ်တဲ့လူတွေဆိုတော့"

"ဟုတ် ... အန်ကယ်"

"အေးကွာ ... အေး ... အေး၊ သိပ်ပါဘူး မောင်ရင်က အေးအေးဆေးဆေးဆိုတော့ ဦးက အပုကိုတောင် ပြောနေတာ၊ စလေဘက် လိုက်ပို့ပေးလိုက်ဦးလို့ ...

စလေရုပ်စုံကျောင်းဆိုတာကလည်း နာမည်ကြီးပဲလေ၊ လက်ရာသိပ်ကောင်းတာ၊ မောင်ရင်တို့ မှတ်တမ်းကားတွေ ရိုက်မယ်ဆိုရင် တအားသင့်တော်တာပေါ့"

"ဟုတ် ... အန်ကယ်၊ ကျွန်တော်လည်း စိတ်ဝင်စားပါတယ်၊ နောက်တစ်ခေါက်ပေါ့"

"အေးပါ ... အေး ... အေး၊ ဒါဆို ကားလည်း နည်းနည်းပါးပါးစစ်ဆေးဦး၊ ခရီးဝေးသွားရမှာဆိုတော့ ..."

"ဟုတ် ... အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ ... ဒါဆို ဒီညတော့ ထမင်းလက်ဆုံစားကြတာ ပေါ့၊ ခုနစ်နာရီလောက်တော့ ရောက်အောင်လာခဲ့ပါ၊ ဟို ကလေးမတွေလည်း ခေါ်ခဲ့ပေါ့ ...

အတူတူ ဆုံရအောင်လို့"

"ဟုတ်ကဲ့ အန်ကယ်"

ဟုတ်ကဲ့သာပြောလိုက်ရသော်လည်း သူ့စိတ်ကတော့ တယ်မထင်တော့ချေ။ သူ့ကိုတောင် ပုဂံမြေနဲ့ မပတ်သက်စေချင် တော့သဖြင့် အပါပြန်ခေါ်နေတာ မဟုတ်ပါလား။

"ဟုတ် ... ဒါဆိုရင် ကျွန်တော့်ကို ခွင့်ပြုပါဦး အန်ကယ်"

"အေးကွာ ... အေးပါ ... အေးပါ"

ပြောလိုက်တော့လည်း ပြီးတာပါပဲ။ သူက သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်ရင်း အိမ်အပြင်သို့ ပြန်ထွက်လာခဲ့သည်။ အဲဒီအခိုက်မှာပဲ အိမ်ထဲသို့ ဆိုင်ကယ်ကို ဝေါခနဲ မောင်းဝင်လာသော သူမနှင့် ကြုံသည်။ ဆံပင်တိုတိုထိပ်မှာ ကြက်တောင်စည်း၊ မီးခိုးရောင်တီရှပ်၊ အနက်ရောင်စကန်နီဂျင်းတစ်ထည်ဖြင့် လွတ်လပ်ပေါ့ပါးသော အဆင်းရှိသူ သူမသည် ဘာမှမသိသေးသော အရိုးခံမျက်လုံးများဖြင့် သူ့ကို တစ်ချက်လှမ်းကြည့်သည်။

သူက နှုတ်ဆက်လိုက်ပါသည်။



"ဘယ်က ပြန်လာတာလဲ"

"တောင်ဝိုင်းက"

ဒီဘက်လူတွေက အရပ်လေးမျက်နှာကို အစွဲပြုကာ ခေါ်ဝေါ်သော နာမည်တွေကို အသုံးများပါသည်။ တောင်ဝိုင်း၊ မြောက်ဝိုင်း၊ အရှေ့ဝိုင်း၊ အနောက်တိုက် စသဖြင့် ...။ အခုလည်း တောင်းဝိုင်းဆိုတာ မနီးမဝေးရှိ အိမ်ခြံဝိုင်းကျယ်ကြီးတစ်ခုကို ပြောတာ ဖြစ်ပါလိမ့်မည်။

သူသည် မနက်ဖြန် ပြန်မည့်ကိစ္စကို သူမအား ပြောသင့်မပြောသင့် စဉ်းစားနေမိသည်။ သူက ကြောင်ကြောင်ကြီးရပ်နေသဖြင့် သူမက 'ဘာလဲ' ဟူသော အကြည့်မျိုးဖြင့် ကြည့်ကာ ကျော်လျှောက်သွားတာကို ကြုံရပြီးခဏနေတော့ သူမက ပြန်လှည့်လာကာ ...

"မောင်ရင် ဘယ်သွားစရာရှိသေးလဲ"

"မရှိတော့ပါဘူး"

"မရှိတော့ပါဘူးဆိုတဲ့ စကားရဲ့အဓိပ္ပာယ်က ဘာလဲ၊ တစ်ခုခုကို ဆိုလိုချင်တဲ့ပုံပဲ"

ပါးနပ်သော သူမက မျက်မှောင်ကြုတ်မေးသည်။ သူက သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီးနောက် သူမကို ငေးကြည့်မိသည်။ ဖြူလည်းမဖြူ၊ မည်းလည်းမမည်းဘဲ ညိုညက်ဝင်းနေသော

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသည် ရှင်းလင်းနေကာ အထင်ရှားဆုံးကတော့ တောက်ပလွန်းသည့် မျက်လုံးများပဲဖြစ်သည်။ အဲဒီမျက်လုံးများကို သူ ဘယ်အချိန်ထိ သတိရနေမိဦးမှာပါလိမ့်။

"မြ ... ပွန်း ... ရွှေ"

"အင်း ... ပြော"

သူမက စိတ်မရှည်သလို ခပ်ဆတ်ဆတ် ပြန်ပြောသည်။

သူက မျက်နှာကို တစ်ဖက်သို့ လွှဲပစ်လိုက်ပြီးမှ ...

"ကိုယ် မနက်ဖြန် ပြန်တော့မယ်"

ပြောပြီးတာနှင့် လူမမျက်နှာကို ဖျတ်ခနဲ ပြန်ကြည့်မိသောအခါ သူမ မျက်လုံးတွေဆီက လင်းခနဲ လဲ့သွားသော ရောင်စဉ်တန်းတစ်ခုကို တွေ့လိုက်ရသည်။

"......"

သူမ နှုတ်ခမ်းတွေက အနည်းငယ် လှုပ်လှုပ်ရွရွ ဖြစ်သွားပြီး တစ်ခုခုပြောဖို့ဆိုတာ သိလိုက်ရသော်လည်း ဘာမှ မပြောမိအောင် သူမက ထိန်းချုပ်လိုက်ဟန်တူသည်။ ဘာဖြစ်လို့လဲ ဘာကြောင့် သူမ ဘာမှ မပြောတာလဲ။ သူမက နှုတ်ခမ်းကို တင်းတင်းစေ့ကာ ရှေ့ဆက်သွားဖို့ပြင်သည်။ ဒါပေမဲ့ ဘာစိတ်ကူးပေါက်လဲတော့မသိချေ။ နောက်သို့ ပြန်လှည့်လာသည်။





သူ့ကိုကြည့်လာသော မျက်လုံးတွေက မေးစင်းစိုက်ကြည့်နေသလောက် အင်အားပါလှသည်။

"မြေကြီးကို လက်နဲ့ခတ်ရင်သာလွဲချင်လွဲမယ်၊ မဟုတ်မှလွဲရော့ ဒီလို ကောက်လာငင်ကာပြန်ဖို့အကြောင်းက ဟို ... မာတုဂါမတွေကြောင့် မဟုတ်လား"

မငြင်းနိုင်အောင် ရုတ်တရက် အံ့သြသွားသောစိတ်ကြောင့် သူက သူမကို အံ့သြစွာ ငေးကြည့်နေမိသည်။ သူ ဘာမှ မပြောနိုင်လေလေ သူမက နှုတ်ခမ်းလေး တွန့်တွန့်ရုံ ပြုံးလာလေလေ ဖြစ်သည်။ ပြီးတော့ ဟက်ခနဲရယ်သည်။ သူက ရယ်သံကြောင့် ထပ်ပြီး မော့ကြည့်လိုက်လျှင် ဟက်ခနဲ ဟက်ခနဲ ရယ်သံတွေက ထွက်ရှိလာလေသည်။

"ဟား ဟား ... မင်းမိုးသု၊ မင်းမိုးသု ... တော်တော်ရယ်ရတဲ့ မင်းမိုးသုပါပဲ"

"နေပါဦး ... ကိုယ်က ဘာရယ်ရတာလဲ"

"ရယ်ရတာပေါ့၊ ကြည့်ရတာ မောင်ရင်တို့နှစ်ယောက်မှာ အကန့်တစ်ခုခု ရှိပါလိမ့်မယ် ...

ဒါကြောင့်လည်း သူ့ကြောင့် မောင်ရင် အခေါ တလျှင်ပြန်ဖို့ လုပ်တာပေါ့၊ ဒီမှာ မောင်ရင့်ကိစ္စတွေ ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



မပြီးသေးတာ၊ ဒီလိုအရေးတကြီးပြန်စရာ ဘာအကြောင်းမှ မရှိဘူးလေ"

"ဟုတ်ပါပြီ၊ ဒါပေမဲ့ ဘာလို့ ရယ်စရာကောင်းနေတာလဲ၊ ကိုယ့်အဖြစ်က အဲလောက် ရယ်စရာကောင်းလား"

"ကျုပ်အတွက်တော့ ရယ်စရာပေါ့လေ၊ မိန်းမတစ်ယောက်အတွက် ကိုယ်လုပ်စရာရှိတာတွေကို တန်းလန်းထားပစ်ခဲ့တဲ့ ယောကျ်ားတစ်ယောက်က ရယ်စရာဟာသပေါ့ ...

အမ်း ... ကိစ္စတော့ မရှိပါဘူး၊ ကိုယ်ထင်ရင်ခုတင်လည်း ရှေနန်းပဲပေါ့ ဟုတ်တယ်မှလား၊ အိုခေ ... အိုခေ ... သွားမယ်"

သူမက ပြောပြောဆိုဆို လှည့်ထွက်သွားသည်။ သူက လှမ်းခေါ်မည်ပြင်ပြီး မခေါ်ဖြစ်တော့ချေ။ ခေါ်လိုက်လည်း ဘာစကားမှ ပြောစရာရှိမှာမဟုတ်တော့။ သူက ငြိမ်သက်စွာရပ်ရင်း ကျန်ရစ်ခဲ့သည်။

✻ ❤ ✻





## ၂၃

ညက တစ်ညလုံး ယွန်း အိပ်မပျော်ခဲ့ချေ။ ထမင်းစားပွဲမှာ အဖေတို့နှင့် သူပြောနေသော စကားသံများအရ နံနက်ခြောက်နာရီလောက်မှာ ထပြန်မည်ဟု သိခဲ့ရပြီး ယွန်းကတော့ ဘာမှ ဝင်ပြောတာမျိုး မရှိခဲ့ပါ။ ကိုယ့်အခန်းထဲ ကိုယ်ရောက်ခဲ့တော့လည်း TV ကြည့်သလိုလို၊ စာဖတ်သလိုလို၊ အင်တာနက်သုံးသလိုလို စသဖြင့် ဟိုယောင်ယောင် ဒီယောင်ယောင် လုပ်နေမိသည်။

နောက် ကော်ဖီသွားဖျော်လာကာ ကော်ဖီသောက်ရင်း စိတ်တွေက ဟိုလွင့်ဒီပျံ့နှင့်ဆိုတော့ လူးရင်းလိမ့်ရင်း နာရီကိုကြည့်မိသောအခါ လေးနာရီတောင် ထိုးသွားခဲ့ပြီဖြစ်သော်လည်း အိပ်မရတော့မယ့်အတူတူ ယွန်းသည် ဂိမ်းတစ်ခုကို ဆော့သည်



www.burmeseclassic.com

www.burmeseclassic.com



ဂိမ်းထဲလည်း တကယ် စိတ်မပါသဖြင့် ထပ်ခါ ထပ်ခါ ရှုံးနေသောအခါ မဆော့တော့ချေ။ အတွေးရေယာဉ်လှိုင်းသည် ဟိုဟိုဒီဒီ ပြန့်ကျဲလျက်ရှိပေသည်။

သူ ပြန်တော့မယ်တဲ့။ အဖေတို့ အမေတို့နှင့်ပြောသော စကားများအရတော့ သူ ပြန်ခဲ့ဦးမယ်ဆိုပေမယ့်လည်း ယွန်းကတော့ တယ်မယုံချင်တော့ပါ။ သူ့ချစ်သူ မဟုတ်ပါဘူးဟဲ့ သူ ရှပြခဲ့ဖူးသော မိန်းကလေးတစ်ယောက်နှင့် ဘယ်လို အကန့် တွေရှိတာကြောင့် ရန်ကုန်ကို ချက်ချင်းပြန်ဖို့ စီစဉ်ရတာလဲ။ ယွန်းရဲ့ဦးနှောက်ဉာဏ်နဲ့ကတော့ ဘယ်လိုမှ လိုက်မမီတော့ပါ။

ဒါပေမဲ့လည်း ရင်ထဲမှာ တစ်ခုခု ခံစားနေရသလို ဖြစ်နေတာကိုတော့ ယွန်းလည်း ဘယ်လိုမှ နားမလည်နိုင်တော့ချေ။ သူနဲ့ယွန်းဟာ အိစီကလီထုထားတာလည်းမဟုတ်။ အကြည် ဆိုက်ထားသူတွေလည်းမဟုတ်ကြပါဘဲ ခပ်တည်တည် ခပ်တင်းတင်းနေကြပါလျက်နဲ့ ဘယ်လို Link တစ်ခုရှိသွားမှန်း မသိလိုက်ပါပေ။

ယွန်းက သက်ပြင်းတစ်ချက်ရှိုက်ကာ အိပ်ရာပေါ် လှဲလျောင်းလိုက်သည်။ လူးလွန့်ကာ အိပ်မပျော်ပါချေ။ နောက်တော့ ရေသောက်ဖို့ ထလိုက်ပြီး ပြတင်းပေါက်နားသို့ လျှောက်လာခဲ့သည်။ ရေဘူးကို မော့ပြီး ခန်းဆီးစကို ဆွဲဖယ်လိုက်





လျှင် လင်းကျင်းနေသော မီးရောင်အောက်မှာ ပုံရိပ်တစ်ခုကို တွေ့လိုက်ရသည်။ အိမ်ရှေ့က ကွပ်ပျစ်မှာ ထိုင်နေသော အရိပ်ဟာ ဘယ်သူများပါလိမ့်။ ယွန်းရဲ့ နှလုံးခုန်သံတွေ ဒိတ်ခနဲခုန်သွားပြီး မျက်လုံးကို ပြူးပြဲပြီးကြည့်လိုက်လျှင် သူ ဖြစ်လို့နေပါသည်။

ဘာလုပ်နေတာလဲ ငါးနာရီကြီး။ ငုတ်တုတ်ကြီးထိုင်နေတာ။ ယွန်းက သူ့ကို မမှိတ်မသုန် စိုက်ကြည့်နေမိသည်။ သူထိုင်နေသော ပုံစံက တစ်ခုခုကို အလေးအနက်ထား စဉ်းစားနေပုံမျိုးဖြစ်သည်။ တစ်ချက်တစ်ချက်မှာ ခေါင်းကို အပေါ်မော့ကြည့်လျက် ကြယ်တွေကို ရေတွက်နေဟန်လည်းရှိသည်။ ဘာလုပ်နေတာပါလိမ့်။ သူ့ပုံစံဟာ ခရီးသွားမယ့်လူတစ်ယောက်နဲ့လည်း မတူချေ။ ယွန်းသည် သူ့ကို ငေးကြည့်နေရင်းမှ နှုတ်ခမ်းကို အသာကိုက်ရင်း အောက်သို့ ဆင်းဖို့ မဆင်းဖို့ စဉ်းစားနေမိသည်။

နောက်တော့ ဘာကို့မှ သိပ်ဂရုမစိုက်တတ်သည့် ထုံးစံအတိုင်း ကော်ဖီခွက်ကို ကိုင်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ အိမ်ရှေ့တံခါးကို ဖွင့်ဖို့ပြင်ပြီးမှ စိတ်ကူးပေါက်ကာ မီးဖိုချောင်ထဲသို့ ဝင်လာခဲ့သည်။ ငါးနာရီထိုးလျှင် ထတတ်သော ဒေါ်ကြက်တောတောင် မနိုးသေးချေ။ ယွန်းက ကော်ဖီတစ်ခွက် ဖျော်လိုက်သည်။ ပြီးတော့ ခွက်ကို ယူလာကာ အိမ်ရှေ့သို့ ထွက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့နားသို့ရောက်လာသော်လည်း ဘာတွေစဉ်းစားခန်းဝင်မှန်းမသိ ဝင်နေသော သူက ယွန်းရောက်လာတာကိုတောင် မသိချေ။

ယွန်းက ကော်ဖီခွက်ကို သူ့ရှေ့သို့ ချပေးလိုက်သောအခါ သူက မော့်ကြည့်လာရင်း သူ့မျက်လုံးတွေက အံ့သြမှုကို မဖုံးနိုင်ပါ။

"မြ ... ယွန်း ... ရွှေ"

"အင်း"

"ဘယ် ... လို ... လုပ် ... ပြီး"

"ဒီလိုပဲ နိုးနေတာပါ။ ကော်ဖီသောက်လေ။ ခဏနေရင် မောင်ရင် သွားရတော့မှာ မဟုတ်လား။ ဒေါ်ကြက်တောက ခဏနေတော့ နိုးတော့မှာပါ ...

နိုးလာရင် ထမင်းကြော်ဖြစ်ဖြစ် ခေါက်ဆွဲဖြစ်ဖြစ် ရမယ်"

"ကိုယ် ဘာမှမစားချင်ပါဘူး။ ဒေါ်ကြက်တောက မနိုးသေးဘူးဆိုတော့ ဒီကော်ဖီက မင်း ဖျော်လာတာလား"

ယွန်းက ဒါပေါ့ဟူသော ပုံစံနှင့် မျက်ခုံးတစ်ချက် ပင့်ပြလိုက်သည်။ သူက အံ့သြသလို မယုံနိုင်သလို ပခုံးကျုံ့ပြီးမှ ကော်ဖီခွက်ကို ကောက်ကိုင်ကာ တစ်ငုံမော့လေသည်။





"အားပါး ... မင်းဖျော်တိုက်တဲ့ ကော်ဖီမို့လို့လားတော့ မသိဘူး။ သောက်ဖူးသမျှထဲမှာ အရသာ အရှိဆုံးပဲ"

ခါတိုင်းဆိုလျှင်တော့ အဲဒီစကားမျိုးကို ရင်ခုန်မိကောင်း ခုန်မိမှာဖြစ်ပေမယ့် ခုတော့ ယွန်းက မဲ့ပြုံးလေးသာ ပြုံးမိသည်။ သူက ယွန်းဘက်ကို အသာငဲ့ကြည့်ကာ ...

"ကိုယ် မွန်းကျပ်နေတယ် မြယွန်းရွှေ"

"အင်း"

"ဘာလုပ်ရမှန်း မသိဘူး ဖြစ်နေတယ်"

"အင်း"

"ခုချိန်ထိ ဝေခွဲမရဘူး"

"အင်း"

"ကိုယ် ဘာပြောပြော မင်း အင်း,နေတော့မှာလား"

"မောင်ရင့်အရေးမှာ ကျုပ်က ဘာများပြောပိုင်ခွင့်ရှိမှာမို့လဲ"

"ဒါဆို ကိုယ့်ကို နည်းနည်းလောက် ဝေဖန်ပေးကွာ။ ကိုယ် ဘာလုပ်ရမလဲဆိုတာ"

ယွန်းက သူ့ကို စေ့စေ့ကြည့်ပြီး ထိုင်ရာမှ ထလိုက်သည်။ အဲဒီနောက် သူ့ရှေ့တည့်တည့်သို့ ရပ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မင်းမိုးသု။ မောင်ရင့်ကို ကျုပ် အတည်ပြောမယ်။ တချို့ကိစ္စတွေကို ဆုံးဖြတ်ရခက်နေတဲ့အချိန်မှာ ခဏလောက် ငြိမ်နေပြီး အချိန်တစ်ခုကိုယူပြီးမှ ကိုယ့်စိတ်က ဘာကို အလေးသာနေလဲဆိုတာ စောင့်ကြည့်ဆုံးဖြတ်တာဟာ အမှန်တရားနဲ့ အနီးစပ်ဆုံးပဲ ...

ပြီးတော့လေ တကယ်တမ်းမှာ ခိုင်မာသေချာတဲ့ အရာတစ်ခုမှာ ဒွိယဆိုတာ မရှိပါဘူး။ ကိုယ်က အရာတစ်ခုကို အပြည့်အဝခံစားလို့ ပျော်ရွှင်ရမယ်ဆိုရင် အဲဒီ ပျော်ရွှင်မှုအတွက် သံသယဆိုတာ မရှိပါဘူး ...

တစ်ခုခုအတွက် ကြောင့်ကြစိတ် ဖြစ်နေပြီဆိုရင် ဒါဟာ အစစ်အမှန် မဟုတ်တော့ဘူးလို့ ယူဆရမှာပဲလေ"

ယွန်းက ပြောပြီးတာနဲ့ သူ့ကို နှုတ်ဆက်သလိုကြည့်ကာ အိမ်ထဲသို့ ပြန်ဝင်လာခဲ့သည်။ အခန်းထဲသို့ ပြန်အရောက်တွင် အိပ်ဆေးတစ်လုံးယူကာ လက်ကျန်ကော်ဖီနှင့် တွဲမော့ပစ်လိုက်သည်။ အိပ်ပစ်တာပဲ ကောင်းတယ်။ ဘာမှမစဥ်းစားဘူး။ အိပ်ရာနိုးလာရင် အားလုံး အရင်အတိုင်း ပြန်ဖြစ်သွားမှာပဲ။

✱ ❤ ✱





"ဟဲ့ ... မိယွန်း ထစမ်းပါဦး။ အမယ်လေး အိပ်နေလိုက်တာ ကုလားသေ ကုလားမော။ ဘယ်လောက်တောင်များ အိပ်နေလဲ မသိပါဘူး ...

ဘယ်အချိန် ရှိနေပြီလဲ။ ထစမ်း ... နေ့ခင်းတစ်နာရီ တောင် ထိုးနေပြီ"

အမေရဲ့တွန်းထိုးပုတ်ခတ်သံကြောင့် ယွန်းက အိပ်ချင်မူးတူး လူးလူးလွန့်လွန့် နိုးလာခဲ့သည်။

"ဘာလဲ အမေရာ။ အိပ်နေတာ ဘာဖြစ်လဲ"

"ဘာကိစ္စ ဒီအချိန်ကြီး အိပ်နေရတာလဲ။ ဟိုမှာ ... မောင်မိုးသု စောင့်နေတယ်။ သူ ဗီဒီယိုရိုက်ဖို့ ကိစ္စရှိတယ်ဆိုလား ...

အဲဒါ ... ကိုရင်လေးတွေ ပါတယ်ဆို။ ဦးဇင်းပညာသာရဆီ လိုက်ပို့ပေးလိုက်ဦး။ ထစမ်း ... တကတဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟမ် ... ဘာလဲ။ မိုးသုက ပြန်သွားပြီ မဟုတ်ဘူးလား"

"ဘယ်က ပြန်ရမှာလဲ မပြန်တော့ဘူးတဲ့။ အလုပ်ကိစ္စက ပြီးသွားပြီဆိုလား ... အဲဒါ။ ကဲ ... ကဲ ... ထ"

ယွန်းရဲ့မျက်လုံးတွေက ပြူးကျယ်လာကာ ရင်တွေက တဒိတ်ဒိတ် ခုန်လာသည်။ သူ မပြန်ဖြစ်တော့ဘူးဆိုတဲ့ အသိက ယွန်းကို ဒီလောက်တောင်ပဲ ကြီးကျယ်ပျော်ရွှင်စေသလား။

ယွန်းက မျက်နှာကို ကမန်းကတန်းသစ်ကာ အိမ်အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။ သူ့ကို အိမ်ရှေ့ သူ့ကားနံဘေးမှာ မှီပြီးရပ်နေသော အနေအထားဖြင့် တွေ့ရပါသည်။ စပို့ရှပ်အပြာနုရောင်နှင့် ရှင်းလင်းဝင်းခန့်နေသော သူ့ကိုမြင်ရတော့ ဘယ်လိုစိတ်ကြည်နူး ချမ်းမြေ့သွားမှန်း မသိပါ။

သူနဲ့ယွန်းသည် တစ်ယောက်နဲ့တစ်ယောက် အကြာကြီးပဲ နှစ်ဝင်မတတ် ငေးမောကြည့်နေမိကြသည်။

"မောင်ရင် ... ဘာလို့ မပြန်ထာလဲ"

"မပြန်ချင်လို့ပေါ့ကွာ"

အဲဒီအပြောကို ရွှင်းလဲ့လင်းဖြာသော အကြည့်နှင့် ကြည့်ပြီး ပြောသောအခါ ယွန်း ဘာကြောင့် ရှက်သွေးဖြာသွားလဲတော့ မသိပါ။ ရှူးနှမ်းနှမ်းနှင့် ဟက်ခနဲ တစ်ချက်ရယ်မိသွားသည်။





"ကိုယ် ပုဂံမှာပဲ နေချင်တယ်"

ယွန်းက သူ့ကိုစိုက်ကြည့်မိသည်။ သူက လေးနက်သော အကြည့်များဖြင့် ကြည့်လာကာ ဆက်ပြောပါသည်။

"မင်း ပြောသလိုပဲ တစ်ခုခုအပေါ်မှာ သံသယရှိနေရင်း နောက်ဆုတ်ထားတာ အကောင်းဆုံးပဲလေ ...

ကိုယ် ရှင်မင်းကို တောင်ပန်းလိုက်ပါတယ်။ နောက်များကျရင်တော့ မင်းကို ပြောပြစရာတွေ ရှိသေးတယ်"

"အခုကရော"

"အခုကတော့ မင်း ဘာမှသိချင်ဦးမှာ မဟုတ်ဘူးလို့ ထင်တာပဲလေ။ ဟုတ်တယ်မှလား"

အဲဒီစကားကြောင့် ယွန်းက တဟက်ဟက်ပဲ ရယ်နေမိတော့လေသည်။ တစ်ယောက်နဲ့တစ်ယောက် ချစ်သူရည်းစားလည်းမဟုတ်။ ဘာမှပြောထားကြသော အနေအထားလည်း မဟုတ်ပါဘဲ သာယာရင်ခုန်ဖွယ် ဒီလိုအခိုက်အတန့်လေးများကို ထာဝရပဲ ပိုင်ဆိုင်ချင်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သေချာတာကတော့ သူနဲ့ ယွန်းတို့ဇာတ်လမ်းက အခုမှပဲ စ,မှာဖြစ်သည်။

❋ ❤ ❋

ချစ်ခင်လေးစားစွာဖြင့် ...

ဆုမြတ်မွန်မွန်
12-6-2012
6:00 (P.M)

BURMESE CLASSIC .com

www.burmeseclassic.com